mgyoe.com
SAMPLE BOOK

# ရှာတော်ပုံ
# တော်ကောင်းမင်း

မူရင်း တရုတ်ဘာသာမှ ပြန်ဆိုသည်

WEN CHENG
by
YU HUA

文城
余华

mgyoe.com

designed by tin htoon

mgyoe.com SAMPLE BOOK

文城
余华

ရှာတော်ပုံ

တော်ကောင်းမင်း

မူရင်း တရုတ်ဘာသာမှ ပြန်ဆိုသည်

WEN CHENG
by
YU HUA

ISBN 978-99971-44-73-7
K0461
9 789997 144737 >


mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၂၂ ခုနှစ်၊ ကံ့ကော်ဝတ်ရည်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော် - တင်ထွန်း
တန်ဖိုး - ၁၂၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာပြန်မူပိုင် © တော်ကောင်းမင်း

*Wen Cheng* by Yu Hua

Copyright © Yu Hua, 2021

This edition is published by arrangement with Yilin Press. Ltd

ALL RIGHTS RESERVED

mgyoe.com

mgyoe.com SAMPLE BOOK




ယွီဟွာ(Yu Hua)

၁၉၆၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့၌ မွေးဖွား။ ဟိုင်ယန်မြို့၌ ကြီးပြင်း။ သွားဆရာဝန် ငါးနှစ် လုပ်ဖူး။ ၁၉၈၃ ခုနှစ်တွင် စာ စရေး။ လုံးချင်းအနေဖြင့် ဝတ္ထုရှည် ခြောက်အုပ်၊ ဝတ္ထုတို၊ ဝတ္ထုလတ်ပေါင်းချုပ် နှင့် အက်ဆေး ပေါင်းချုပ် များစွာ ထုတ်ဝေပြီးဖြစ်။ ဝတ္ထုရှည်များ ဖြစ်ကြသော **သက်ရှင်နေ၊ ရွှံ့စန်းကွမ်း သွေးရောင်းမှတ်တမ်း၊ မိုးပွဲထဲမှာဟစ်ကြွေး၊ ညီနောင်၊ သတ္တမနေ့** နှင့် ယခု နောက်ဆုံး ထွက်ရှိထားသည့် **ရှာတော်ပုံ** တို့မှာ အထူး ထင်ရှား။ သူ၏ စာပေလက်ရာများထဲက အတော်များများကို အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ ဆွီဒင်၊ နော်ဝေ၊ ဘူဂေးရီးယား၊ ချက်ကိုစလိုဗက်၊ ရုရှား၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား အစရှိသည့် ဘာသာပေါင်း ၄၀ ကျော်သို့ ပြန်ဆိုပြီးဖြစ်။ အီတလီနိုင်ငံမှ Grinzane Cavour Prize (၁၉၉၈)၊ အိုင်ယာလန်နိုင်ငံမှ James Joyce Award (၂၀၀၂)၊ ပြင်သစ်နိုင်ငံမှ Ordre des Arts et des Lettres of France (၂၀၀၄)၊ တရုတ်နိုင်ငံမှ Special Book Award of China (၂၀၀၅)၊ ပြင်သစ်နိုင်ငံမှ Prix Courrier International (၂၀၀၈) ၊ အီတလီနိုင်ငံ Giuseppe Acerbi International Literary Prize (၂၀၁၄) နှင့် Premio Bottari Lattes Grinzane (၂၀၁၈) အစရှိသော ဆုများ ရရှိ။

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ၏ အမှာ

ရှာတော်ပုံ သည် တရုတ်စာရေးဆရာ ယွီဟွာ၏ ၂၀၂၁ ခုနှစ်တွင် ထွက်ရှိလာသော ဝတ္ထုရှည် ဖြစ်သည်။ ဤဝတ္ထုတွင် အပိုင်းနှစ်ပိုင်း ပါရှိသည်။ ရှေ့အပိုင်းမှာ "ရှာတော်ပုံ" ဖြစ်၍ နောက်အပိုင်းမှာ "ရှာတော်ပုံ အဖြည့်" ဖြစ်သည်။

"ပျောက်သောသူ ရှာလျှင်တွေ့"ဟူသော ဆိုရိုးစကား ရှိပါသည်။ သို့သော် ဤဝတ္ထုကို ဖတ်ပြီးနောက်မှာတော့ ထိုစကား အပြည့်မမှန်သလို ခံစားမိလာပါသည်။ မသေချာမှုတွေ များပြားလှသည့် ဤလောကကြီးတွင် ပျောက်သောသူကို ရှာတိုင်းလည်း တွေ့ချင်မှ တွေ့ပါမည်။ ဖြစ်ချင်ရာဖြစ်နေသည့် လောကဇာတ်ခုံတွင် ဇာတ်ကောင်တို့မှာ ယုတ္တိရှိရှိ မရှိရှိ၊ ကံဇာတ်ဆရာ(ဝတ္ထုရေးဆရာ)အလိုကျ ကပြ၍ ပြီးဆုံးသွားတတ်ကြသည်ကိုလည်း ပို၍ သိမြင်လာခဲ့ပါသည်။ ဇာတ်လမ်းအကြောင်းကိုတော့ ဝတ္ထုထဲမှာသာ ဖတ်ရှုကြပါကုန်။

ဤဝတ္ထုကို ယွီဟွာသည် ၁၉၉၈၊ ၉၉ လောက်ကတည်းက စ ရေးခဲ့၍၊ ကြားတွင် ပြီးအောင် ဆက်မရေးဖြစ်ဘဲ ရပ်နားထားရာ၊ ၂၀၂၀ ကျမှ အပြီးသတ်ခဲ့ခြင်း ဖြစ်သည်ဟု သိရပါသည်။ ၂၀၂၁ ခုနှစ်တွင် တရုတ်ပြည်၌ စတင်ထုတ်ဝေဖို့အတွက် ကနဦး အုပ်ရေငါးသိန်း ရိုက်နှိပ်ခဲ့သော်လည်း ဝယ်ယူအားပေးသူ များလွန်းသဖြင့် ကြိုတင်ရောင်းချမှု စတင်သည့် နောက်တစ်နေ့မှာပင် အုပ်ရေတစ်သိန်း ထပ်တိုး၍ ရိုက်နှိပ်ခဲ့ရလေသည်။ ဤဝတ္ထုကို အခြေခံ၍ ရုပ်သံဇာတ်လမ်းတွဲ ရိုက်တော့မည်ဟုလည်း ကြားသိရပါသည်။

လွန်ခဲ့သော အနှစ်သုံးဆယ်က တရုတ်ပြည်တွင် ထွက်ရှိခဲ့သည့် သက်ရှင်နေ့ ဝတ္ထုမှာ ယွီဟွာ၏ အပြောင်မြောက်ဆုံးလက်ရာ၊ အအောင်မြင်ဆုံး ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အနှစ်သုံးဆယ်ကြာပြီးနောက် "သက်ရှင်နေ ရေးသည့် ယွှီဟွာ ပြန်လာပြီ" ဟု ပြောစမှတ်တွင်အောင် ဖြစ်လာခဲ့သည့် ယွှီဟွာ၏ နောက်ဆုံးထွက် ဝတ္ထုရှည် "ရှာတော်ပုံ" ကို မူရင်းဝတ္ထုထွက်ရှိပြီးသည့် တစ်နှစ်အကြာတွင် မြန်မာဘာသာသို့ ပြန်ဆိုနိုင်ခဲ့ပြီ ဖြစ်သည်။ ဝတ္ထုထဲက ဝေါဟာရအမည်တချို့အကြောင်းကိုလည်း တိုတိုနှင့်လိုရင်း မှတ်စုပြုလုပ်ပေးထားပါသည်။

ဤစာအုပ်ကို ထုတ်ဝေပေးသော ကံ့ကော်ဝတ်ရည်စာပေကို ကျေးဇူးတင်ပါသည်။

တော်ကောင်းမင်း

၂၀၂၂ ခုနှစ်၊ မေလ။

mgyoe.com

mgyoe.com SAMPLE BOOK

# ရှာတော်ပုံ

(၁)

သျှီးကြန့်မှာ လူတစ်ယောက် ရှိတယ်။ သူ့ပိုင်ဆိုင်မှုတွေက ဝမ့်မူတန့်မှာ။ အဲဒါ မူ[၁] တစ်ထောင်ကျော် ရှိတဲ့ မြေဆီသြဇာကြွယ်ဝတဲ့ လယ်ယာမြေတွေပဲ။ သူ့မြေပေါ်မှာ မြစ်ခွဲတွေက စည်ပင်ဝေဆာတဲ့ သစ်ပင်အမြစ်တွေပမာ အပြည့် ဖြန့်ကြက်ထားတယ်။ စပါးနဲ့ ဂျုံ၊ ပြောင်းဖူးနဲ့ ကန်စွန်းဥ၊ ဝါနဲ့ ဆီထွက် မုန်ညင်း၊ ကျူပင်နဲ့ ဝါးပင်၊ နောက်ပြီး မြက်ပင်နဲ့ သစ်ပင်၊ အဲဒါတွေ အားလုံးက သူ့မြေပေါ်မှာ နေဝင်၊ နေထွက်သဖွယ် ဆက်တိုက်မပြတ် ဖြစ်ပေါ်လျက် တစ်နှစ် သုံးရာခြောက်ဆယ့်ငါးရက်ပတ်လုံး အညွန့်တလူလူ ဖွံ့ဖြိုးစည်ပင်လို့ နေတယ်။ သူ ဖွင့်ထားတဲ့ သစ်သားလက်မှု ပစ္စည်းဆိုင်ဟာလည်း ရပ်နီး မှာရော ရပ်ဝေးမှာပါ နာမည်ကျော်ကြား လူသိများတယ်။ ထုတ်လုပ်တဲ့ သစ်သားလက်မှုပစ္စည်းတွေက အမည်စုံ အမျိုးစုံပါပဲ။ ဒီနယ်တစ်ခွင်မှာ အိမ်တိုင်းလိုလို သူ့ဆိုင်က လုပ်တဲ့ ခုတင်၊ စားပွဲ၊ ထိုင်ခုံ၊ ခွေးခြေ၊ အဝတ်ဗီရို၊ သေတ္တာ၊ စားပွဲခုံရှည်၊ ဇလုံ၊ နောက်ဖေးအိုးတို့ကိုပဲ သုံးကြတယ်။ ဒါတင်မက သတို့သမီး စီးတဲ့ မင်္ဂလာဗီရိုဝေါ်တို့၊ အသုဘချတဲ့ ခေါင်းတလားတို့ဟာလည်း နဲ့အဖွဲ့တို့၊ ဇာတ်အဖွဲ့တို့ရဲ့ တီးမှုတ်သံထဲမှာ ထွက်ပေါ်လာလေ့ ရှိတယ်။

၁။ တရုတ်မြေ အကျယ်အဝန်း အတိုင်းအတာယူနစ်။ ယနေ့ခေတ် သတ်မှတ်ချက်အရ တစ်မူသည် ၆၆၆.၇ စတုရန်းမီတာ (၀.၁၆၅ ဧကခန့်) နှင့် ညီသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှန်ဖူလို့ ခေါ်တဲ့ အဲဒီလူကို သျှီးကြန့်ကနေ ရှန်တျန့်ကို သွားတဲ့ ကုန်းလမ်း၊ ရေလမ်းတစ်လျှောက်လုံးမှာ မသိသူ မရှိဘူး။ အားလုံးကတော့ သူ့ကို လူချမ်းသာ တစ်ယောက်လို့ ပြောကြတာပဲ။ ဒါပေမဲ့ သူ့ရဲ့ နောက်ခံ ဇာစ်မြစ်နဲ့ ပတ်သက်လို့တော့ ဘယ်သူမှ ဂဃနဏ မသိကြဘူး။ တစ်နယ်သား ဖြစ်တဲ့ သူ့ရဲ့စကားဝဲသံဟာ မြောက်ပိုင်းလေသံ ထင်ထင်ရှားရှားကြီး ဖြစ်နေတယ်။ အဲဒါ သူ့ရဲ့ ဇာစ်မြစ်ကို သိနိုင်ဖို့ တစ်ခုတည်းသောသဲလွန်စပဲ။ ဒါနဲ့ပဲ လူတွေကသူ့ကိုမြောက်ပိုင်းကနေသျှီးကြန့်ထိအောင် ဆင်းလာတာလို့ ကောက်ချက်ဆွဲလိုက်ကြတယ်။ အတော်များများက သူ့ကို လွန်ခဲ့တဲ့ ဆယ့်ခုနစ်နှစ်၊ နှင်းခဲတုန်းက ရောက်လာခဲ့တာလို့ ထင်ကြတယ်။ အဲဒီတုန်းက သူဟာ အခါမလည်သေးတဲ့ သမီးငယ်လေးကို ရင်ခွင်ပွေ့လျက် နှင်းတောထဲမှာ မကြာမကြာ ပေါ်ပေါ်လာပြီး သမီးလေးကို နို့တိုက်ဖို့ တစ်အိမ်တက်ဆင်း လိုက်ပြီး နို့အလှူခံတတ်တယ်။ သူ့ပုံစံက နှင်းတောထဲက မအူမလည် ဝက်ဝံဖြူတစ်ကောင်နဲ့ တူတယ်။

အဲဒီတုန်းက သျှီးကြန့်မှာ ရှိတဲ့ နို့တိုက်မိခင်အားလုံးနီးပါး လင်းသျှန်ဖူကို မြင်ဖူးကြတယ်။ ထိုစဉ်က အသက်မကြီးသေးတဲ့ အဲဒီ နို့တိုက်မိခင်တွေမှာ တူညီတဲ့ အမှတ်ရဖွယ် တစ်ခု ရှိတယ်။ အဲဒါကတော့ ကိုယ့်အိမ်က ကလေး ငိုပြီဆိုတာနဲ့ သူက အိမ်တံခါးကို လာခေါက်တော့တာပဲ။ အဲဒီတုန်းက သူ တံခါးခေါက်တဲ့ ပုံစံကိုတောင် သူတို့ မှတ်မိကြသေးတယ်။ သူ တံခါးခေါက်တဲ့ပုံစံက လက်သည်းနဲ့ ခေါက်သလား အောက်မေ့ရတယ်။ ခပ်တိုးတိုး တစ်ချက်မြည်ပြီးတော့ တစ်အောင့်လောက် တန့်သွား၊ ပြီးတော့မှ ခပ်တိုးတိုး နောက်တစ်ချက် ထပ်မြည်တယ်။ အိမ်ထဲကို အဲဒီ မျက်နှာ နွမ်းလျနေတဲ့ ယောကျ်ား ဘယ်လို ဝင်လာခဲ့တာကိုလည်း သူတို့ ကောင်းကောင်းကြီး မှတ်မိနေသေးတယ်။ သူ့ညာဘက်လက်က အမြဲလိုလို ရှေ့မှာ ဖြန့်ထားပြီး လက်ဝါး ပေါ်မှာ ကြေးစေ့တစ်စေ့ တင်ထားတယ်လို့ သူတို့က ပြောပြတယ်။ သူ့ရဲ့ ငိုမဲ့ငိုမဲ့ မျက်လုံး အစုံက သူတို့အတွက် မေ့မရနိုင်ဖွယ် ဖြစ်ခဲ့တယ်။ အမြဲလိုလို သူက ပြာဝင်နေတဲ့ အသံနဲ့ ပြောတတ်တယ်။

"ကျုပ်သမီးလေးကို သနားပါဗျာ၊ သူ့ကို နို့နည်းနည်းတိုက်ပါ"

သူ့နှုတ်ခမ်းဟာ လန်ထွက်နေတဲ့ အာလူးခွံလို ခြောက်ကပ်အက်ကွဲနေတယ်။ ဖြန့်ထားတဲ့ သူ့ရဲ့ လက်ဟာလည်း အေးခဲ အက်ကွဲပြီးနောက် နီညိုညို အမာရွတ် အစင်းတွေနဲ့ပြည့်နှက်နေတယ်။ သူတို့အိမ်ရှေ့မှာ မတ်တတ်ရပ်နေတုန်းက တုတ်တုတ်မလှုပ်၊ အူတူတူ မျက်နှာအမူအရာကြောင့် သူဟာ လူ့ပြည်နဲ့ ကင်းကွာနေသယောင်။ တစ်ယောက်ယောက်က သူ့ကို ရေနွေးတစ်ခွက် လှမ်းပေးလိုက်တော့မှ သူလည်း လူ့ပြည်ကို ပြန်ရောက်လာပြီး မျက်ဝန်းထဲကနေ ကျေးဇူးတင်တဲ့ အမူအရာတို့ ဖိတ်လျှံ လာတော့တယ်။ သူ့ကို ဘယ်က လာခဲ့တာလဲလို့ မေးလာတဲ့အခါ သူက ရုတ်ခြည်းဆိုသလို တုံ့ဆိုင်းတွေဝေသွားပြီး "ရှန်တျန့်"ဆိုတဲ့ စကားလုံး နှစ်လုံးကိုသာ နှုတ်က ခပ်တိုးတိုး ပြော

mgyoe.com

mgyoe.com SAMPLE BOOK

ထွက်လာခဲ့တယ်။ အဲဒီနေရာက သျှီးကြန့်ရဲ့ မြောက်ဘက် လီ² ခြောက်ဆယ် ဝေးတဲ့ အခြား မြို့တစ်မြို့။ ကုန်းလမ်း၊ ရေလမ်း ဆုံရာဖြစ်လို့ သျှီးကြန့်ထက် ပိုပြီး စည်ပင်ဝပြောတယ်။

သူတို့အနေနဲ့ သူ့စကားကို ယုံဖို့ သိပ်ခက်နေတယ်။ သူ့စကားဝဲသံကို ထောက်ပြီး သူဟာ အဲဒီထက်မက ဝေးတဲ့ မြောက်ဘက် အရပ်ဒေသက လာခဲ့တာလို့ သူတို့ ထင်မိတယ်။ သူက မိမိ ဘယ်က လာခဲ့တာလဲ ဆိုတာကို ဖွင့်ဟမပြောချင်သလို မိမိရဲ့ ဘဝအဖြစ်အပျက်ကိုလည်း ပြောမပြချင်ဘူး။ ယောကျ်ားတွေနဲ့ မတူဘဲ သျှီးကြန့်က မိန်းမတွေ စိတ်ဝင်စားတာဟာ ကလေးအမေအကြောင်းကိုပဲ ဖြစ်တယ်။ ကလေး အမေအကြောင်း မေးလာကြတဲ့အခါ သူ့မျက်နှာအမူအရာဟာ နှင်းခဲချိန်ခါ သျှီးကြန့် ရှုခင်းပမာ ဝေဝါးဝါး ဖြစ်လာတယ်။ သူ့နှုတ်ခမ်းဟာ စေ့သွားပြီးနောက် တစ်ဖန် ပြန်ပွင့် မလာတော့ဘူး။ ဟိုအမျိုးသမီးတွေကပဲ ဒီလိုမေးခွန်းမျိုး မမေးခဲ့သယောင်။

ဒါဟာ လင်းသျှန်ဖူအပေါ် သူတို့ စွဲထင်ခဲ့တဲ့ ကနဦး အာရုံစွဲထင်မှုပဲ။ မိုးမခ နွယ်ကဲ့သို့သော နိမ့်ချရိုသေမှုရှိခြင်းနဲ့ လယ်ယာမြေကဲ့သို့သော စကားနည်း နှုတ်ဆိတ် ခြင်းတို့ ပိုင်ဆိုင်ထားတဲ့၊ တစ်ကိုယ်လုံး နှင်းတွေ ဖုံးနေပြီး မျက်နှာတစ်ခုလုံး ဆံပင်နဲ့ မုတ်ဆိတ်တွေ ဖုံးအုပ်နေတဲ့ ယောကျ်ား။

သူ့ကို နှင်းခဲတုန်းက ရောက်လာခဲ့တာ မဟုတ်မှန်း သိတဲ့ လူတစ်ယောက် ရှိတယ်။ လင်းသျှန်ဖူဟာ အဲဒီထက် ပိုစောတဲ့ လေဆင်နှာမောင်းတိုက်ပြီးနောက် သျှီးကြန့် မှာ ထွက်ပေါ်လာခဲ့တာလို့ အဲဒီလူက အခိုင်အမာ ယုံကြည်ထားတယ်။ အဲဒီလူရဲ့ နာမည် က ချန်ယုန်လျှန်။ ထိုစဉ်က သူက သျှီးကြန့်ရဲ့ ပစ္ဆိမတောင် ရွှေတွင်းမှာ အလုပ်ကြပ် လုပ်နေခဲ့တာ။ လေဆင်နှာမောင်းတိုက်ပြီးတဲ့ နောက်တစ်နေ့ မနက်မှာပဲ လူသူကင်းမဲ့ နေတဲ့ မြို့တွင်းလမ်းမထက်မှာ အဲဒီတစ်နယ်သား လမ်းလျှောက်လာခဲ့တာကို သူ ကောင်း ကောင်း မှတ်မိနေသေးတယ်။ အဲဒီတုန်းက ချန်ယုန်လျှန်ဟာ ပစ္ဆိမတောင်ဘက်ကို လမ်းလျှောက်သွားနေခဲ့တာ။ သူက လေဆင်နှာမောင်း တိုက်ပြီးနောက် ရွှေတွင်းရဲ့ ပျက်စီးမှုအခြေအနေကို သွားကြည့်မလို့ ဖြစ်တယ်။ သူက ခေါင်မိုးပွင့်သွားတဲ့ နေအိမ် ထဲကနေ ထွက်လာတဲ့အခါ သျှီးကြန့် တစ်မြို့လုံး ခေါင်မိုး မရှိတော့တာကို တွေ့လိုက် ရတယ်။ လမ်းကျဉ်းတာရယ်၊ အိမ်တွေ သိပ်သည်းတာရယ်ကြောင့်ပဲ ထင်ပါရဲ့၊ သျှီးကြန့်က သစ်ပင်တွေတော့ တချို့တစ်ဝက် ရှင်ကျန်ရစ်ခဲ့တယ်။ လေဒဏ် တဝကြီး ခံလိုက်ရ ပြီးတဲ့နောက် သစ်ပင်တွေ ဟိုရွဲ့ဒီစောင်း ဖြစ်နေကြတယ်။ အားလုံးကတော့ အရွက် တွေ ပြောင်ရှင်းပြီး ခေါင်းတုံးတွေ ဖြစ်ကုန်တာပေါ့။ သစ်ရွက်တွေဟာ လေဆင်နှာမောင်း ထဲမှာ သျှီးကြန့်ရဲ့ အုတ်ကြွပ်တွေနောက် လွင့်ပျံသွားကြတယ်။ သျှီးကြန့်ဟာ ခေါင်းတုံး အရိုတ်ခံလိုက်ရတဲ့ မြို့တစ်မြို့ပမာ ဖြစ်သွားတယ်။

---

၂။ တရုတ်အတိုင်းအရှည်ယူနစ်။ ယနေ့ခေတ် သတ်မှတ်ချက်အရ တစ်လီသည် မီတာ ၅၀၀ (၀.၃၁၁ မိုင်) နှင့် ညီသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီအချိန်မှာပဲ လင်းသျှန်ဖူ သျှီးကြန့်ကို ခြေကျင်ရောက်လာခဲ့တာ ဖြစ်တယ်။ သူက နေထွက်ရာ အရပ်ကို မျက်နှာမူကာ လျှောက်လာခဲ့တယ်။ မျက်လုံးကိုမှေးကာ ကလေးငယ်တစ်ယောက် ရင်ခွင်ပွေ့လာရင်း ချန်ယုန်လျှန်နဲ့ မျက်နှာချင်းဆိုင် လာဆုံမိတာ။ ထိုစဉ်က လင်းသျှန်ဖူကို ချန်ယုန်လျှန်ဟာ စိတ်ထဲမှာ နက်ရှိုင်းတဲ့ စွဲထင်မှု ဖြစ်ခဲ့တယ်။ သူ့မျက်နှာမှာ ကပ်ဘေးအလွန် သောကအရိပ်လက္ခဏာမျိုး မရှိဘဲ ကြည်နူး နှစ်သိမ့်တဲ့ အမူအရာမျိုးသာ ထင်ဟပ်နေခဲ့တယ်။ ချန်ယုန်လျှန် အနားရောက်လာတော့ သူက လမ်းလျှောက်ရာက ရပ်တန့်ပြီး မြောက်ပိုင်းစကားသံဝဲဝဲကြီးနဲ့ မေးလိုက်တယ်။

"ဒါက ဝန်းချိန်လား"

အဲဒါ ချန်ယုန်လျှန် တစ်ခါမှ မကြားဖူးတဲ့ နေရာနာမည်။ သူ ခေါင်းခါတယ်။

"ဒါက သျှီးကြန့်"

ပြီးတဲ့နောက်မှာ ချန်ယုန်လျှန်ဟာ ကလေးငယ်ရဲ့ မျက်လုံးအစုံကို မြင်လိုက်ရတယ်။ တစ်နယ်သားကြီး အတွေးပါပါ အမူအရာနဲ့ "သျှီးကြန့်"လို့ ပါးစပ်က ထပ်ခါတလဲ ရွတ်ဆိုနေချိန်မှာ သူ ရင်ခွင်ပွေ့ထားတဲ့ သမီးလေးကို ချန်ယုန်လျှန် တွေ့လိုက်ရတာ ဖြစ်တယ်။ သမီးလေးဟာ နက်မှောင်တဲ့ မျက်ဝန်းအစုံနဲ့ ဘေးပတ်ဝန်းကျင်ကို ထူးဆန်းအံ့ဩစွာ ကြည့်ရင်း နှုတ်ခမ်းကလေးကို တင်းတင်းရင်းရင်း စေ့ထားတယ်။ သူ့ပုံစံက ဒီလို အားစိုက်ထားမှပဲ သူ့ဖအေနဲ့အတူ ရှိနေနိုင်မယောင်။

ချန်ယုန်လျှန်ရဲ့ မှတ်ဉာဏ်ထဲက လင်းသျှန်ဖူရဲ့ နောက်ကျောပုံရိပ်ကတော့ အဝတ်ထုပ်ကြီး တစ်ထုပ်ပဲ။ အဲဒါ မြောက်ပိုင်းက တဂျောက်ဂျောက် တဂျက်ဂျက် မြည်တဲ့ ရက်ကန်းစင်ကနေ ထွက်တဲ့ ဖျင်ကြမ်းပိတ်ဖြူနဲ့ ထုပ်ထားတဲ့ အဝတ်ထုပ်၊ တောင်ပိုင်းက အပြာဆင် ပိတ်ချောနဲ့ ထုပ်ထားတဲ့ အဝတ်ထုပ် မဟုတ်ဘူး။ ဖျင်ကြမ်းပိတ်ဖြူနဲ့ ထုပ်ထားတဲ့ အဝတ်ထုပ်ဟာ ဝါကြင့်ကြင့်နဲ့ အစွန်းအထင်းတွေလည်း ဗရပွဖြစ်နေပြီ။ ဒီလို ဧရာမ အဝတ်ထုပ်ကြီးကို ချန်ယုန်လျှန် တစ်ခါမှ မမြင်ဖူးဘူး။ မြောက်ပိုင်းသားကြီးရဲ့ ထောင်ထောင်မောင်းမောင်း ကိုယ်လုံးနောက်မှာ ဘယ်ညာယိမ်းနွဲ့နေတဲ့ အဲဒီ အဝတ်ထုပ်ထဲမှာ သူ့တစ်အိမ်လုံး ရှိသမျှဟာတွေ အားလုံး ထည့်ထုပ်ထားသလား အောက်မေ့ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## (၂)

အဲဒီ နေရပ်စွန့်ခွာလာတဲ့ မြောက်ပိုင်းသားဟာ လီပေါင်းများစွာ ဝေးကွာတဲ့ မြစ်ဝါမြစ်မြောက်ဘက်ကမ်းကနေ လာခဲ့တာဖြစ်တယ်။ ထိုအရပ်က မြေကြီးမှာ ဆန်ပြောင်းတွေ၊ ပြောင်းဖူးတွေ၊ ဂျုံတွေ အမြောက်အမြား စိုက်ပျိုးထားတယ်။ ဆောင်းတွင်း ရောက်တဲ့အခါ အဝါရောင်ရွှံ့မြေဟာ ကျယ်ပြောလွန်းလို့ အနားသတ်ကိုတောင် မမြင်ရတော့ဘူး။ သူ့ရဲ့ကလေးဘဝနဲ့ လူငယ်ဘဝဟာ စည်ပင်ဝေဆာတဲ့ မြစိမ်းရောင်တောထဲကနေ ပြေးထွက်လာခဲ့တာ ဖြစ်တယ်။ သူ ကြီးပြင်းခဲ့ရာ ကောင်းကင်ဟာ ဆန်ပြောင်းရွက်တွေ အပြည့်နဲ့ ဖြစ်တယ်။ ရေနံဆီ မီးအိမ်ရှေ့မှာ ပေသီးထိုင်ခေါက်ရင်း တစ်နှစ်ပတ်လုံး အထွက်နှုန်းကို တွက်ချက် နေချိန်မှာတော့ သူဟာ အရွယ်ရောက် ကြီးပြင်းလာခဲ့ပြီ။

လင်းသျှန်ဖူဟာ ချမ်းသာတဲ့ မိသားစုမှာ မွေးဖွားလာခဲ့တာ ဖြစ်တယ်။ သူ့ဖခင်ဟာ အရပ်ထဲက တစ်ဦးတည်းသော ရှီဆိုင်[၃] ဖြစ်တယ်။ မိခင်ကတော့ ဟိုဘက်မြို့နယ်က ကျွီရန်[၄]ကြီးတစ်ဦးရဲ့ သမီးဖြစ်ကာ မွေးလာချိန်မှာ အိမ်က စီးပွားကျနေပြီဆိုပေမဲ့ ကဗျာစာပေကျမ်းဂန်တွေ ကျေညက် နှံ့စပ်တဲ့အပြင် လက်မှုအတတ်ကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်ထားသူ ဖြစ်တယ်။ လင်းသျှန်ဖူ ငါးနှစ်သားအရွယ်မှာ ဖခင်ရုတ်တရက် ကွယ်လွန်သွားတယ်။ အဲဒီတုန်းက လက်သမားအတတ် ဝါသနာပါတဲ့

---

၃။ မင်မင်းဆက်ခေတ်နှင့် မန်ချူးမင်းဆက်ခေတ်က အနိမ့်ဆုံးအဆင့် စာမေးပွဲ အောင်မြင်၍ မြို့နယ်၊ ခရိုင်၊ ပြည်နယ် မြို့ကြီးများ၌ ပညာသင်ယူခွင့် ရရှိသူ။

၄။ မင်မင်းဆက်ခေတ်နှင့် မန်ချူးမင်းဆက်ခေတ်က ပြည်နယ်မြို့တော်များ၌ သုံးနှစ်တစ်ကြိမ် ကျင်းပသည့် စာမေးပွဲ အောင်မြင်ထားသူ။

mgyoe.com

mgyoe.com SAMPLE BOOK

ဖခင်က သူ့အတွက် စားပွဲခုံလေး တစ်လုံးနဲ့ ထိုင်ခုံလေး တစ်လုံး လုပ်ပေးပြီးပြီးချင်း လက်သမားကိရိယာတွေ ဘေးချကာ သူ့နာမည်ကို အော်ခေါ်တယ်။ နောက်ဆုံး အော်ခေါ်သံတွေမှာ သူ့နာမည်ကို ပီပီသသ မခေါ်နိုင်တော့ဘဲ တအင်းအင်း ညည်းသံ အဖြစ် ပြောင်းလဲလာပြီး ရင်ဘတ်ကို လက်အစုံနဲ့ဖိကာ ကြမ်းပေါ် လဲကျသွားရှာတယ်။ အသက်ငါးနှစ်သာ ရှိသေးတဲ့ လင်းသျှန်ဖူက လက်သမားအလုပ်ရုံရဲ့ တံခါးခုံရှေ့ ရောက်လာချိန်မှာ ကြမ်းပြင်ပေါ် တွန့်လိမ်နေတဲ့ ဖခင်ရဲ့ ပုံစံကို ကြည့်ရင်း တခိခိနဲ့ ရယ်လို့ မဆုံးနိုင်အောင် ဖြစ်နေခဲ့တယ်။ မိခင်ဖြစ်သူ အပြေးရောက်လာပြီး ကြမ်းပြင် ပေါ် ဒူးထောက်ကာ ကြောက်လန့်တကြား အော်ဟစ်တော့မှ သူလည်း ရယ်သံ တိတ်သွားတယ်။ ပြီးတဲ့နောက်မှာ ကြောက်ရွံ့ခြင်းက သူ့ကို ကျယ်လောင်စွာ ငိုကြွေး လာစေတော့တယ်။

ဒါဟာ လင်းသျှန်ဖူရဲ့ အစအဦးဆုံး မှတ်မိတဲ့အရာ ဖြစ်တန်တယ်။ နောက်တော့ သူဟာ တံခါးပျဉ်ချပ်ပေါ်မှာ တုတ်တုတ်မလှုပ်ဘဲ ပက်လက်လှဲနေတဲ့ ဖခင်ကို တွေ့လာ ရတယ်။ ဖခင်ရဲ့ ခန္ဓာကိုယ်ကို ပိတ်ဖြူတစ်စနဲ့ ခြုံထားတယ်။ ပိတ်ဖြူက နည်းနည်း တိုနေလို့ ခြေထောက်အစုံက အပြင်ထွက်နေတယ်။ အဲဒီ သွေးရောင် မရှိတော့ဘဲ ဖြူဆွတ်နေတဲ့ ခြေထောက်အစုံကို ကလေးအရွယ် လင်းသျှန်ဖူ အတန်ကြာအောင် စေ့စေ့ကြည့်နေခဲ့တယ်။ ဖခင်ရဲ့ ခြေဖဝါးမှာ ပြတ်ရှထားတဲ့ ဒဏ်ရာတစ်ခု ပွင့်နေတာ ကို သူ မြင်ခဲ့ရတယ်။

မိခင်က သူ တစ်ခါမှ မမြင်ဖူးတဲ့ အဝတ်ကို ဝတ်ထားတယ်။ ဂုန်နီ ခြုံထားတဲ့ မိခင်ဟာ ရေပန်းကန်လုံး တစ်လုံးကို လက်နှစ်ဖက်နဲ့ ယူဆောင်ကာ သူ့ရှေ့က ဖြတ် ပြီး အိမ်ဝင်းတံခါးဝက တံခါးခုံကို ကျော်ပြီးတော့ မြေကြီးပေါ် ချထားလိုက်တယ်။ ပြီးတဲ့အခါ မိခင်ဟာ တံခါးခုံပေါ်မှာ နေဝင်မိုးချုပ် အမှောင်ထု စိုးမိုးလာတဲ့ အချိန်အထိ ထိုင်နေခဲ့တယ်။

ဖခင် ကွယ်လွန်ပြီးနောက်မှာ သူ့အတွက် မူလေးရာကျော် လယ်ယာမြေတွေ ရယ်၊ အိမ်ခန်းခြောက်ခန်းပါ အိမ်ဝင်းရယ် ချန်ထားပေးခဲ့တယ်။ ဒါတင်မက ဘူးတွေနဲ့ ထည့်ထားတဲ့ စာအုပ်တစ်ရာကျော်လည်း ရှိသေးတယ်။ တချို့စာအုပ်တွေဆို ချုပ်ထား တဲ့ ကြိုးတွေတောင် ပြတ်ကုန် ပြီ။ မိခင်ရဲ့ ကဗျာစာပေကျမ်းဂန် ကျေညက်နှံ့စပ်ခြင်းနဲ့ မြိုးခြံချွေတာခြင်း အကျင့်ကောင်းတွေကိုလည်း သူ အမွေရလိုက်သေးတယ်။ စာစ သင်တဲ့ အချိန်ကစလို့ ဖခင်ရဲ့ နောက်ဆုံးလက်ရာဖြစ်တဲ့ စားပွဲခုံလေးနဲ့ ထိုင်ခုံလေး တို့ကို မိခင်ရဲ့ ရက်ကန်းစင်ရှေ့ သူ သယ်သွားတယ်။ မိခင်ဟာ တစ်ဖက်က ရက်ကန်း ခတ်ရင်း တစ်ဖက်က သူ့ကို စာသင်ပေးခဲ့တယ်။ ရက်ကန်းခတ်သံ တဂျောက်ဂျောက် တဂျက်ဂျက်ရယ်၊ မိခင်ရဲ့ နွေးထွေးကြင်နာတဲ့ စကားသံရယ်နဲ့အတူ သူလည်း သုံးလုံးစပ်

mgyoe.com

mgyoe.com SAMPLE BOOK

*ဂန္ဓဝင်က* စလို့ *သမိုင်းမှတ်တမ်းတော်* တို့ *ဟန့်မင်းဆက်ရာဇဝင်ကျမ်း* တို့အထိ သင်ယူတတ်မြောက်လာခဲ့တယ်။

ဆယ့်သုံးနှစ် ပြည့်တဲ့နှစ်မှာ သူက အိမ်တော်ထိန်း ထျန်တနောက် လိုက်ကာ လယ်ယာမြေတွေကို သွားရောက် စစ်ဆေးကြည့်ရှုတယ်။ သူ့ မြေက သီးစားတွေ နည်းတူ ရွှံ့ပေခြေအစုံနဲ့ ကန်သင်းပေါ် လူးလာခေါက်တုံ့ လျှောက်သွားတယ်။ တစ်ခါတလေ ထျန်တနဲ့အတူ လယ်ယာမြေထဲ ဆင်းတတ်တယ်၊ အိမ်ပြန်ရောက်လို့ မိခင်ရဲ့ ရက်ကန်းစင်ရှေ့ ဝင်ထိုင်ပြီး စာပြန်လုပ်ချိန်မှာလည်း ရွှံ့ပေခြေအစုံနဲ့ပဲ။ သူက ဖခင်ရဲ့ လက်သမားအတတ်ဝါသနာကိုလည်း အမွေရလိုက်သေးတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ပုဆိန်တို့၊ ရွှေပေါ်တို့၊ လွှတို့နဲ့ ရင်းနှီးပြီးသား ဖြစ်ရုံသာမက လက်သမားအလုပ်ရုံထဲ တစ်ခါ ဝင်လိုက်ရင်လည်း ထမင်းမေ့ဟင်းမေ့ဖြစ်ကာ တော်တော်နဲ့ ပြန်ထွက်မလာဘူး။ အဲဒါနဲ့ လယ်ယာလုပ်ငန်းအားလပ်ချိန်မှာ မိခင်လည်း သူ့ကို ဟိုဘက်ရွာက လက်သမားဆရာဆီ ခေါ်သွားပြီးတော့ ပညာသင် တပည့်ခံစေခဲ့တယ်။ သူလည်း တစ်ကြိမ်တစ်ကြိမ်ကို လက်သမားဆရာဆီမှာ တစ်လနှစ်လလောက်ကြာအောင် နေတယ်။ ပညာသင်ပေးတဲ့ လက်သမား ဆရာတိုင်းက သူ့ကို ဉာဏ်ကောင်းတယ်၊ လက်မှုအတတ် ကျွမ်းကျင်လိမ္မာတယ်လို့ ချီးကျူးကြတယ်။ လူချမ်းသာအိမ်က သူဌေးသားနဲ့ တစ်စက်ကလေးမှ မတူဘဲ အပင်ပန်းခံ ကြိုးစားတယ်လို့ ချီးကျူးကြတယ်။

သူ ဆယ့်ကိုးနှစ်အရွယ်မှာ မိခင် နေမကောင်းဖြစ်ပြီး အိပ်ရာထဲ လဲသွားတယ်။ ထိုစဉ်က အသက်လေးဆယ် မပြည့်တတ်သေးတဲ့ မိခင်ဟာ ဘဝရဲ့ နောက်ဆုံး အချိန်ကို ရောက်ရှိလာခဲ့တယ်။ နှစ်ပေါင်းများစွာ ပင်ပန်းလာခဲ့တဲ့ ဒဏ်ရယ်၊ မုဆိုးမ ဝဋ်ဒုက္ခရယ်က သူ့ကို တစ်ခေါင်းလုံး ဖြူသွားစေပြီး မျက်နှာမှာလည်း အရေးအကြောင်းတွန့်တွေ ပြည့်နှက်လာစေခဲ့တယ်။ အဲဒီအချိန်မှာ မိခင်က သားမောင်ကို တစ်ခါမှ မကြည့်ဖူးတဲ့ အကြည့်မျိုးနဲ့ စေ့စေ့ကြည့်လာတယ်။ သားမောင်တစ်ယောက် သူ့အဖေ သက်ရှိထင်ရှားရှိစဉ်တုန်းကလို သန်မာထွားကျိုင်းတာကို မြင်ရတော့ ကြည်နူးနှစ်သိမ့်တဲ့ အမူအရာတွေ မိခင်ရဲ့မျက်ဝန်းထဲကနေ ဖိတ်လျှံလာခဲ့တယ်။ သားမောင်ဟာ လယ်ယာမြေတွေ စစ်ဆေးကြည့်ရှုပြီး ပြန်လာတိုင်း၊ သို့မဟုတ် လက်သမား အလုပ်ရုံထဲကနေ ပြန်ထွက်လာတိုင်း စားပွဲခုံလေးနဲ့ ထိုင်ခုံလေးကို မိခင်လဲလျောင်းရာ မီးလင်းဖို တွဲဆက်ထားတဲ့ မီးလှုံခုတင်ရှေ့ သယ်လာပြီး စုတ်တံတို့ မင်တို့ စက္ကူတို့ မင်သွေးကျောက်ပျဉ်တို့ အသင့်ပြင်ကာ စာအုပ်ဖွင့်ပြီး မိခင်ရဲ့ လမ်းညွှန်သင်ကြားမှုကို ဆက်လက် ခံယူခဲ့တယ်။ အဲဒီအချိန်မှာ သူ့ရဲ့ လက်သမားပညာက နာမည်နည်းနည်း ရှိစပြုနေပြီ။ သူ လုပ်တဲ့ စားပွဲခုံတို့၊ ထိုင်ခုံတို့ကို ဝယ်တဲ့လူတွေ ရှိလာပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ မိခင်ရှေ့မှာ စာဆက်သင်နေချိန်မှာတော့ သူက ဖခင် အမွေပေးခဲ့တဲ့ စားပွဲခုံလေးနဲ့ ထိုင်ခုံလေးကိုပဲ ဆက်လက် အသုံးပြုခဲ့တယ်။

လောကကြီးကနေ ခွဲခွာရတော့မှာ ဖြစ်တဲ့ မိခင်ရဲ့ မျက်လုံးထဲမှာ ပြကွက်တွေ တစ်ကွက်ပြီး တစ်ကွက် ပေါ်လာခဲ့တယ်။ အဲဒီ ပြကွက်တွေထဲမှာ သားမောင်ရဲ့ ခန္ဓာကိုယ်က ထိုင်ခုံသေးသေးလေး၊ စားပွဲခုံသေးသေးလေးတို့ကြားမှာ ကြီးထွားပြီးရင်း ကြီးထွားလာပြီး စာရေးတဲ့ စုတ်တံကတော့ သားမောင်ရဲ့ လက်ထဲမှာ သေးငယ်ပြီးရင်း သေးငယ်လာတာကို ဖော်ပြနေခဲ့တယ်။ အဲဒီအတွက်ကြောင့် သူ့မျက်နှာမှာလည်း တစ်သက်လုံး ပင်ပန်းဆင်းရဲခဲ့သမျှ နောက်ဆုံးမှာ အကျိုးကျေးဇူး ရရှိလာခဲ့သယောင် စိတ်အေးတဲ့ အပြုံးရိပ်တစ်မျှင် ထွက်ပေါ်လာခဲ့တယ်။

ဆယ်လပိုင်းရဲ့ နောက်ဆုံးနေ့မှာ မလှုပ်နိုင်တော့တဲ့ မိခင်ဟာ ငြိမ်းခါနီး မီးတောက် နောက်ဆုံးအကြိမ် ထတောက်လာတဲ့ပမာ ရုတ်တရက် ကောက်ထထိုင်လာပြီး ဖွင့်ထားတဲ့ အခန်းတံခါးကို အချိန်အကြာကြီး ငေးကြည့်နေခဲ့တယ်။ သားမောင် ထွက်ပေါ်လာဖို့ကို မျှော်နေတာ ဖြစ်ပေမဲ့ အမြင်အာရုံဟာ သူ့ရဲ့ မျှော်လင့်ခြင်း မျက်လုံးထဲမှာ တဖြည်းဖြည်း ငြိမ်းကွယ်သွားခဲ့တယ်။ သားမောင်အတွက် သူ ချန်ထားခဲ့တဲ့ နောက်ဆုံး အမှာစကားကတော့ မျက်ထောင့်မှာ ချိတ်တွယ်နေတဲ့ မျက်ရည်နှစ်စက်ပါပဲ။ လူ့လောကမှာ သားမောင် တစ်ယောက်တည်း ခရီးဆက်ရမှာကို စိတ်မချတဲ့ သဘောလို့ပဲ ထင်ရပါတယ်။

အဲဒီနောက်မှာ လင်းသျှန်ဖူ ငါးနှစ်သားအရွယ်တုန်းက မြင်ဖူးတဲ့ မြင်ကွင်းမျိုး တစ်ဖန်ပြန်၍ ထွက်ပေါ်လာခဲ့တယ်၊ မိခင်ဟာ တံခါးပျဉ်ချပ်ပေါ်မှာ လှဲနေတယ်၊ မသေခင်က သူကိုယ်တိုင်ရက်လုပ်ခဲ့တဲ့ ပိတ်ဖြူတစ်စနဲ့ သူ့ခန္ဓာကိုယ်ကို ခြုံထားတယ်၊ ဂုန်နီခြုံထားတဲ့ လင်းသျှန်ဖူဟာ ရေ ပန်းကန်လုံး တစ်လုံးကို အိမ်ဝင်းတံခါးဝဆီ ယူသွားပြီး တံခါးဝက မြေကြီးပေါ် ချထားလိုက်တယ်၊ လွန်ခဲ့သော ဆယ့်လေးနှစ်တုန်းက မိခင် လုပ်ခဲ့တဲ့ အတိုင်းပဲ သူလည်း တံခါးခုံပေါ်မှာ နေဝင်တဲ့အထိ ထိုင်ကာ တံခါးဝက လမ်းကလေးကို ကြည့်နေမိတယ်။ တံခါးဝကနေ စတင်တဲ့ လမ်းကလေးဟာ ကွေ့ကွေ့ကောက်ကောက် ရှေ့ဆက်ပြီး အဝေးက လမ်းမကြီးမှာ သွားဆုံတယ်၊ လမ်းမကြီးကလည်း ကျယ်ပြော၍ မီးခိုးငွေ့ တလူလူဖြစ်နေတဲ့ မြေကြီးထက်မှာ ရှေ့ဆက်သွားပြီး မိုးကုပ်စက်ဝိုင်းက လောင်ကျွမ်းနေတဲ့ ညနေဆည်းဆာအထိ ဦးတည်သွားတော့တယ်။

သုံးရက်အကြာမှာ လင်းသျှန်ဖူလည်း မိခင်ကို ဖခင်နံဘေးမှာ မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်။ အဲဒီ ဆယ့်ကိုးနှစ်အရွယ် လုလင်ပျိုဟာ ဂေါ်ပြားကို လက်နှစ်ဖက်နဲ့ ကိုင်ရင်း အဲဒီနေရာမှာ အကြာကြီး ရပ်နေမိတယ်။ သူ့နောက်မှာ ရပ်နေတဲ့ အိမ်တော်ထိန်း

mgyoe.com

mgyoe.com SAMPLE BOOK

ထျန်တရော ထျန်တရဲ့ ညီလေးယောက် စလုံးရော အသံတိတ်နေခဲ့တယ်။ ညမိုးချုပ်လို့ ထျန်တက သူ့ကို တစ်ချက် သတိပေးလိုက်တော့မှ သူလည်း နွေးထွေးတဲ့ ခြေလှမ်းတွေနဲ့အတူ အိမ်ပြန် လာခဲ့တယ်။ ပြီးတော့ မျက်နှာပေါ်က မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး ယခင်အတိုင်း လုပ်နေကျအလုပ်တွေ တစ်ဖန်ပြန်၍ ဆက်လုပ်လာခဲ့တယ်။

သူက ခါတိုင်းလိုပဲ မနက်ဆိုရင် ထျန်တနဲ့အတူ ကန်သင်းပေါ် လမ်းလျှောက်ကာ လယ်ယာမြေထဲက အခြေအနေကို သွားကြည့်တယ်။ လယ်ယာမြေထဲမှာ အလုပ်လုပ်နေကြတဲ့ သီးစားတွေနဲ့ စကားစမြည် ပြောတယ်။ တစ်ခါတလေလည်း ဘောင်းဘီခေါက်တင်ပြီး လယ်ယာမြေထဲမှာ သီးစားတွေနဲ့အတူ အလုပ်ဝင်လုပ်တယ်။ သူ့ရဲ့ အလုပ်လုပ်နိုင်စွမ်းက သီးစားတွေအောက် မလျော့ဘူး။ အားလပ်ချိန်မှာ သူက တံခါးခုံပေါ်မှာ အချိန်အကြာကြီး ထိုင်နေတတ်တယ်။ မိခင်ရဲ့ ရက်ကန်းခတ်သံ မရှိတော့ သူလည်း စာအုပ်တွေကို လှန်မဖတ်ဖြစ်တော့ဘူး။ သူ တစ်ယောက်တည်း ငါးနှစ်ကြာ နေထိုင်လာခဲ့ပြီး တစ်နေ့တခြား ပိုပိုပြီး စကားနည်း နှုတ်ဆိတ်လာခဲ့တယ်။ ထျန်ညီအစ်ကိုတွေ အိမ်ဝင်း နောက်ဖေးတံခါးက ဝင်လာပြီး သူ့ကိုလယ်ယာမြေအကြောင်း အစီရင်ခံတော့မှ အဲဒီအိမ်ဝင်းထဲမှာ သူ့အသံကို ပြန်ကြားရတော့တယ်။

နှစ်စဉ် ဆောင်းကူးရာသီမှာ လင်းသျှန်ဖူဟာ မြည်းဆွဲပြီး တစ်နှစ်တာ စုဆောင်း ရရှိသမျှ ငွေဒင်္ဂါးပြားတွေကို မြို့က ကျွိဟို ဘဏ်တိုက်မှာ ရွှေချောင်းကလေး တစ်ချောင်းနဲ့ သွားလဲတတ်တယ်။ ငါးရောင်စပ်ပိုးအုပ် တစ်အုပ်၊ နှစ်အုပ်လည်း ဝယ်လာတတ်တယ်။ ရွှေချောင်းကို အိမ်က နံရံ အကန့်ထဲက သစ်သားဘူးထဲ သိမ်းထားပြီး ပိုးအုပ်ကိုတော့ အဝတ်ဗီရိုထဲ ထည့်ထားလိုက်တယ်။

ဒါဟာ သူ့မိခင် သက်ရှိထင်ရှားရှိစဉ်တုန်းက လုပ်နေကျ အလေ့အထ ဖြစ်တယ်။ ရွှေချောင်းစုခြင်းဟာ လင်းမိသားစု ဘိုးဘေးတွေ လက်ထက် ကတည်းက စလာခဲ့တာ။ ငါးရောင်စပ်ပိုးအုပ်ကတော့ သားမောင်အတွက် အောင်သွယ် မိတ်ဆက်တဲ့ မိန်းကလေးနဲ့ သွားတွေ့တဲ့အခါ အသုံးပြုဖို့ ဖြစ်တယ်။ မိမိအသက်တာရဲ့ နောက်ဆုံးနှစ်မှာ အဲဒီ ရောဂါသည် အမျိုးသမီးဟာ ရာသီဥတု သာယာတဲ့ မနက်ခင်းတစ်ခုမှာ ငါးရောင်စပ် ပိုးအုပ် တစ်အုပ်ကို အဝတ်ထုပ်ထဲထည့်ပြီး မြည်းပေါ်မှာ နွမ်းလျပင်ပန်းစွာ တက်စီးလျက် ထျန်တက မြည်းဆွဲပေးကာ ဖုန်တထောင်းထောင်း ထနေတဲ့ လမ်းပေါ်မှာ ဒယိမ်းဒယိုင် ထွက်သွားတတ်တယ်။

လင်းသျှန်ဖူ မှတ်မိသလောက် မိခင် ဒီလိုမျိုး အပြင်ထွက်တာ ဆယ်ကြိမ် ထက်မနည်း ရှိလိမ့်မယ်။ ပြန်လာတဲ့အခါ အဝတ်ထုပ်ထဲ ငါးရောင်ခြယ်ပိုးအုပ် ပြန်ပါမလာလို့ရှိရင် အဲဒါ သမီးရှင်ဘက်ကို မိခင် သဘောမတွေ့ခဲ့မှန်း လင်းသျှန်ဖူ သိလိုက်

mgyoe.com

mgyoe.com SAMPLE BOOK
တယ်။ ငါးရောင်စပ် ပိုးအုပ် ချန်ထားပေးခဲ့တယ် ဆိုတာ သမီးရှင်ဘက်ကို နှစ်သိမ့်တဲ့ သဘော။ အဲဒါ နှစ်ပေါင်းများစွာ တည်ရှိလာခဲ့တဲ့ ဓလေ့။ အိမ်ပြန်ရောက်တဲ့အခါ မိခင်က မြည်းကို လင်းသျှန်ဖူလက်ထဲ အပ်ရင်း နွမ်းလျပင်ပန်းစွာ ပြုံးကာ ပြောလေ့ ရှိတယ်။

"အမေ ဟိုမှာ ထမင်းစားဖို့ မနေရစ်ခဲ့ဘူးကွယ်"

ဒါဟာ သတို့သမီး သွားကြည့်တဲ့ အဖြေဆိုတာ လင်းသျှန်ဖူ သဘောပေါက်တယ်။ အကယ်၍ မိခင်က ထမင်းစားဖို့ နေရစ်ခဲ့ရင် အဲဒါ သမီးရှင်ဘက်ကို သူသဘောတွေ့သွားပြီ ဆိုတဲ့ အဓိပ္ပာယ်ပဲ။ မိခင် ကွယ်လွန်ပြီးနောက် လင်းသျှန်ဖူလည်း မိခင်ရဲ့ အလေ့အထကို ဆက်ခံကာ မြို့တက်တိုင်း ငါးရောင်စပ် ပိုးအုပ် တစ်အုပ်၊ နှစ်အုပ်ကို တစ်လက်စတည်း ဝယ်လာတတ် တယ်။ အောင်သွယ် မိတ်ဆက်ပေးတဲ့ မိန်းကလေးနဲ့ သွားတွေ့တဲ့အခါ အသုံးပြုဖို့အတွက်ပေါ့။

ဒီအတောအတွင်းမှာ အောင်သွယ်မိန်းမကြီးက အိမ်ကို မကြာခဏ ရောက်လာပြီး သူ့အတွက် သတို့သမီး မိတ်ဆက်ပေးတယ်။ သူလည်း အောင်သွယ်မနဲ့အတူ ဖုန်အလိမ်းလိမ်းပေကျံခံကာ သမီးရှင်အိမ်ကိုသွားပြီး သတို့သမီးနဲ့ သွားတွေ့တယ်။ သူတို့နဲ့ ဂုဏ်ရည်တူ၊ အဆင့်အတန်းတူတဲ့ လူတွေရဲ့ အိမ်မှာ သူဟာ ဆုံးဖြတ်ရ ခက်ခဲနေခဲ့တယ်။

မိခင်ရဲ့ စီမံမှုကို ခံယူရတာ အကျင့်ဖြစ်နေပြီ ဖြစ်တဲ့ လင်းသျှန်ဖူဟာ တဒင်္ဂအတွင်း ဒီအရာတွေ အားလုံးကို ဘယ်လိုရင်ဆိုင်ရမှန်း မသိဘဲ ဖြစ်နေခဲ့တယ်။ နောက်ပြီး မိခင်ရဲ့ ဆယ်ခေါက်ထက်မနည်း သတို့သမီးကြည့်ပြီး လက်ဗလာချည်း သက်သက် ပြန်လာခဲ့ခြင်းကလည်း လင်းသျှန်ဖူကို ဆုံးဖြတ်ရ ခက်ခဲတဲ့ တစ်ချိန်တည်းမှာ ခြေမကိုင်မိ လက်မကိုင်မိပါ ထပ်ဖြစ်လာစေပါတယ်။ မိန်းကလေးနဲ့ တွေ့ရတဲ့အခါတိုင်း သူ့စိတ်ထဲမှာ ဒီ မိန်းကလေးကို အမေ သဘောကျပါ့မလား ဆိုတဲ့ အတွေး ဝင်ဝင်လာတတ်ပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ သူဟာ ထမင်းစားဖို့ မနေရစ်ဘဲ ငါးရောင်စပ် ပိုးအုပ်ကိုသာ ထားရစ်ပြီး ပြန်လာမိခဲ့တယ်။

တစ်ကြိမ်မှာတော့ သူ ရင်ခုန်မိတဲ့ ရုပ်ပါတင့်တယ်သော မိန်းကလေး တစ်ယောက် ရှိလာခဲ့တယ်။ အဲဒီ မိန်းကလေးက လီသုံးဆယ် ဝေးတဲ့ လျူကြွမ်းရွာက ဖြစ်တယ်။ သူတို့မိသားစုရဲ့ ကြီးကျယ် နက်ရှိုင်းလှတဲ့ အိမ်ဝင်းကြီးက လင်းသျှန်ဖူကို တုန်လှုပ်သွားစေခဲ့တယ်။ ဧည့်ခန်းဆောင်မှာ ထိုင်ပြီးတဲ့နောက် မိန်းကလေးရဲ့ ဖခင်က သူ့ကို ဆေးတံ တိုက်တယ်။ လင်းသျှန်ဖူလည်း ဆေးတံ မသောက်တတ်ကြောင်း ငြင်းမယ် အလုပ်မှာ အောင်သွယ်မရဲ့ မျက်ရိပ်မျက်ကဲကို မြင်လိုက်ရလို့ ဆေးတံကို လက်ခံ ယူလိုက်ရတယ်။ အဲဒီအချိန်မှာ ချောမောလှပတဲ့ မိန်းကလေးက ခေါင်းငုံ့ထွက်လာပြီး လင်းသျှန်ဖူအနားကို
mgyoe.com

mgyoe.com SAMPLE BOOK
ခပ်နွေးနွေး လျှောက်သွားကာ ဆေးတံ သောက်ဆေးတစ်ဆုံ ထည့်ပေးပြီးတော့ အခန်းထဲကို ခေါင်းငုံ့ကာ ပြန်ဝင်သွားတယ်။

အဲဒီ မိန်းကလေးဟာ သူနဲ့ မိတ်ဆက်ပေးတဲ့ သတို့သမီးမှန်း လင်းသျှန်ဖူ သိတယ်။ ဆေးတံဆေးထည့်ပေးချိန်မှာမိန်းကလေးရဲ့ လက်အစုံက တုန်ယင်နေတယ်။ အောင်သွယ်မ သူ့ကို စကားမေးတာတောင် ပြန်မဖြေနိုင်ခဲ့ဘူး။ ဒါပေမဲ့ လင်းသျှန်ဖူနဲ့တော့ မျက်လုံးချင်း တစ်ချက် ဆုံကြည့်ခဲ့တယ်။ အဲဒီတစ်ခဏမှာ သူ့မျက်လုံးအစုံဟာ တောက်ပလာသလို၊ လင်းသျှန်ဖူ ကိုယ်တိုင်လည်း သွေးပူတွေ ဆူပွက်လာသလို ခံစားမိတယ်။ ဆက်လက်ပြီး အာလာပသလ္လာပ ပြောနေချိန်မှာ လင်းသျှန်ဖူ စိတ်တွေ ရှိုးတိုးရွတ ဖြစ်လာလို့ စကားတွေ ကပေါက်ချီ ကပေါက်ချာ ဖြစ်ကုန်တယ်။ သမီးရှင်ဘက်က ဖခင်ဖြစ်သူက သူ့ကို ထမင်းစားဖို့ နေရစ်မယ် မဟုတ်လား မေးလာချိန်မှာ သူဟာ နေရစ်ခဲ့ဖို့ ဖြစ်ပေမဲ့ အောင်သွယ်မရဲ့ မျက်ရိပ်မျက်ကဲက သူ့စိတ်ကူးကို ပြောင်းလဲပစ်လိုက်တယ်။ သူက တစ်အောင့်လောက် တုံ့ဆိုင်း နေပြီးတော့မှ အဝတ်ထုပ်ထဲကနေ ငါးရောင်စပ်ပိုးအုပ်ကို ထုတ်ပြီး စားပွဲပေါ် တင်လိုက်တယ်။ သမီးရှင်ဘက်က ဖခင်ရဲ့ အံ့အားသင့်သွားတဲ့ အကြည့်ကြောင့် သူ အရှက်ရသွားတယ်။ သူလည်း မျက်နှာတစ်ခုလုံး နီမြန်းလျက် ကပျာကယာ နှုတ်ဆက်ပြီး ထပြန်လာခဲ့တယ်။

အိမ်ပြန်လမ်းမှာ လင်းသျှန်ဖူဟာ ဟိုမိန်းကလေးရဲ့ ချောမောလှပတဲ့ ရုပ်ရုံနဲ့ သူ့ဖခင်ရဲ့ အံ့အားသင့်သွားတဲ့ အမူအရာတို့ကိုချည်း မြင်ယောင်လာခဲ့မိတယ်။ ရင်ထဲမှာလည်း တစ်ဆို့ဆို့နဲ့ အခံရခက်နေခဲ့တယ်။ လမ်းမှာ အောင်သွယ်မက သူ့ကို ရှင်းပြတယ်။ သူ့ကို ငြင်းပယ်ဖို့ မျက်ရိပ်မျက်ကဲ ပြရတဲ့အကြောင်းရင်းက အဲဒီ လျှူမိသားစုက သမီးပျိုဟာ ဆွံ့အနားမကြား ဖြစ်နေမှာ စိုးလို့ဖြစ်ကြောင်း ရှင်းပြတယ်။ သူ့ကို ဆေးတံသောက်ဆေး ထည့်ပေးနေချိန်မှာ အောင်သွယ်မ စကားမေးတာ ပြန်မဖြေခဲ့တဲ့ ပုံစံဟာ နားမကြားတာကြောင့် ဖြစ်နိုင်တယ်လို့ ဆိုတယ်။ လင်းသျှန်ဖူလည်း အောင်သွယ်မ ပြောတာ နည်းလမ်းကျတယ်လို့ ထင်မိတယ်။ ဒါပေမဲ့ စိတ်ထဲ မှာတော့ အဲဒီ လျှူဖုန့်မေ ဆိုတဲ့ မိန်းကလေးကို မေ့မရနိုင်ဘဲ ရှိနေခဲ့တယ်။ လီသုံးဆယ်ကျော် ခရီးလမ်းကို လျှောက်လာခဲ့ပြီး ကိုယ့်အိမ်ကိုယ်ပြန်ရောက်တော့မှပဲ သူလည်း သက်ပြင်းရှည်ကြီး တစ်ချက်ချပြီး ရင်ထဲ နည်းနည်း ပေါ့လာခဲ့တော့တယ်။

❀

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

ဒီလိုနဲ့ အိမ်ထောင်ပြုဖို့ အခွင့်အလမ်းဟာ လင်းသျှန်ဖူနဲ့ ကပ်လွဲ လွဲခဲ့ရတယ်။ သူ့အသက် နှစ်ဆယ့်လေးနှစ် ရှိပြီ။ အဲဒီနောက်မှာ ယောက်ျားပျိုနဲ့ မိန်းမပျို လူငယ် အတွဲ တစ်တွဲ သူ့အိမ်ရှေ့ ရောက်လာတယ်။ မိန်းမပျိုက အပွင့်ဆင် ချီဖောင်[၅] ဝတ်ထားတယ်။ ယောက်ျားပျိုက နက်ပြာရောင် ချန်ဆန်း[၆] ဝတ်ထားတယ်။ မိန်းမပျိုက ခေါင်းမှာ အပြာရောင် ပွင့်ရိုက်ထည် ပဝါတစ်ခု ပေါင်းထားတယ်။ နှစ်ယောက်စလုံး အဝတ်ထုပ်ကိုယ်စီ ကျောမှာ လွယ်ထားတယ်။ သူ့အိမ်ရှေ့တံခါးဝမှာ နှစ်ယောက်သား ပြောနေတဲ့ စကားသံဟာ သိပ်ကို မြန်လွန်းတယ်။

အဲဒါ နေဝင်ရီတရောအချိန်။ ဝင်းထဲကနေ လင်းသျှန်ဖူက သူတို့ စကားသံကို ကြားလိုက်ရတယ်။ ဒါပေမဲ့ တစ်ခွန်းမှ နားမလည်ဘူး။ သူ တံခါးဖွင့်ပြီး ထွက်လာတော့မှ ယောက်ျားပျိုက လင်းသျှန်ဖူ နားလည်နိုင်တဲ့ လေသံနဲ့ စကားပြောလာတယ်။ အဲဒီ စာတတ်ပေတတ်ပုံစံ ယောက်ျားပျိုက လင်းသျှန်ဖူကို ပြောပြတယ်။ သူတို့ စီးလာတဲ့ မြင်းလှည်းက ဘီးတစ်ဖက် ရုတ်တရက် ကျွတ်ထွက်သွားလို့ ဆက်မသွားနိုင်တော့ပါဘူး၊ ရှေ့က လှည်းရထား တည်းခိုဆိုင်ကလည်း ဆယ်လီကျော်လောက် ထပ်သွားဖို့ လိုပါသေးတယ်၊ မိုးကလည်း မှောင်နေပါပြီ။ ဒီအထိ ပြောပြီးတော့ ခဏရပ်ပြီး သူတို့ကို သူ့အိမ်မှာ တစ်ညလောက် တည်းခိုခွင့်ပြုနိုင်မလားလို့ လင်းသျှန်ဖူကို မဝံ့မရဲ မေးလိုက်တယ်။

---

၅။ တရုတ် အမျိုးသမီးဝတ် ဝတ်ရုံတစ်မျိုး။ မူလက မန်ချူးအမျိုးသမီးတို့ ဝတ်ဆင်သည်။
၆။ တရုတ် ယောက်ျားဝတ်ရုံ။ အင်္ကျီရှည်။

mgyoe.com

mgyoe.com SAMPLE BOOK

မိန်းမပျိုကတော့ ယောက်ျားပျိုနောက်မှာ ရပ်နေပြီး ခေါင်းမှာ ပေါင်းထားတဲ့ အဖြူခံပေါ်မှာ အပြာရောင် ဆေးရိုက်ထားတဲ့ ခေါင်းစည်းပဝါကို ဖြေချရင်း တစ်ချိန်တည်းမှာ လင်းသျှန်ဖူကို မခို့တရို့ အမူအရာနဲ့ အကဲခတ်နေတယ်။ ညနေဆည်းဆာရောင်အောက်မှာ နုနယ် လှပနေတဲ့ မျက်နှာလေးကို လင်းသျှန်ဖူ မြင်လိုက်ရတယ်။ အဲဒီ မျက်နှာလေးဟာ ခေါင်းစည်းပဝါကို ဖြေချလိုက်ချိန်မှာ ညာဘက်ကို တစ်ချက် စောင်းသွားတယ်။ အဲဒီ တဒင်္ဂ အပြုအမူကပဲ လင်းသျှန်ဖူကို ရင်ခုန်လာစေခဲ့တာ ဖြစ်တယ်။

အဲဒီညက သုံးယောက်သား ရေနံဆီမီးအိမ်တစ်လုံးအနားမှာ ဝိုင်းဖွဲ့ထိုင်ကာ စကားပြောတော့မှ လင်းသျှန်ဖူလည်း သူတို့နှစ်ယောက်ဟာ လင်မယား မဟုတ်ဘဲ မောင်နှမ ဆိုတာကို သိလာခဲ့တယ်။ သူတို့အချင်းချင်းရဲ့ အခေါ်အပြောကတစ်ဆင့် နှမနာမည်က ရှောင်မေဖြစ်ပြီး အစ်ကိုနာမည်က အားချန်ဖြစ်ကြောင်း သူ သိလိုက်ရတယ်။ လင်းသျှန်ဖူဟာ သူတို့ကို သေချာ အကဲခတ်ကြည့်ရင်း မောင်နှမနဲ့ မတူသလို ခံစားမိတယ်။ ဒါကို အားချန် ဆိုတဲ့ အစ်ကိုဖြစ်သူက ရိပ်မိသွားတော့ နှမလေးက အမေနဲ့ရုပ်ဆင်ပြီး မိမိကတော့ အဖေနဲ့ရုပ်ဆင်ကြောင်း ပြောပြတယ်။ သူတို့နှစ်ယောက် မောင်နှမလို့ မထင်ရတဲ့ အကြောင်းရင်းက သူတို့အဖေနဲ့ အမေ ရုပ်ချင်းမဆင်တဲ့အတွက်ကြောင့် ဖြစ်ကြောင်း အားချန်က လင်းသျှန်ဖူကို ပြောပြတော့ လင်းသျှန်ဖူလည်း ထရယ်တယ်။ ဆက်လက်ပြီး သူတို့က ဝန်းချိန် ဆိုတဲ့ မြို့တစ်မြို့က လာခဲ့တာဖြစ်ကြောင်း၊ အဲဒီမြို့က ဝေးလံတဲ့ တောင်ပိုင်းဒေသက ဖြစ်ကြောင်း၊ ယန်စီမြစ်ကိုဖြတ်ပြီး နောက်ထပ် လီခြောက်ရာကျော် ထပ်သွားရသေးကြောင်း၊ အဲဒီနေရာဟာ "ကျုန်းနန်"[၇] ရေပေါ်မြို့ကလေးတစ်ခု ဖြစ်ကြောင်း ပြောပြတယ်။ အားချန်က လင်းသျှန်ဖူကို ပြောပြတယ်။ သူတို့ဇာတိက အိမ်ပြင်ထွက်လိုက်တာနဲ့ ရေကိုတွေ့ရပြီး ခြေထောက်လှမ်းလိုက်တာနဲ့ လှေပေါ်ရောက်သွားတဲ့ အရပ်ဖြစ်ကြောင်း၊ မိဘနှစ်ပါးစလုံး ဆုံးပါးသွားကြပြီမို့ မောင်နှမနှစ်ယောက် မြောက်ပိုင်းကို တက်လာခဲ့တာဟာ ရွှေမြို့တော်ကကြီးတော်ယောကျ်ားဖြစ်သူ ဦးရီးဆီမှာ သွားရောက် ခိုလှုံမလို့ ဖြစ်ကြောင်း၊ သူတို့ဦးရီးက ကုန်းမင်းသားကြီး အိမ်တော်မှာ အမှုတော် ထမ်းဖူးတာကြောင့် အဲဒီရာထူးအရှိန်အဝါရှိတဲ့ ဦးရီးက သူ့အတွက် ရွှေမြို့တော်မှာ အလုပ်တစ်ခုလောက် စီစဉ် ပေးနိုင်မယ်လို့ ယုံကြည်ကြောင်း အားချန်က ပြောပြတယ်။

စကားပြောနေရင်း အိမ်ပြင်ကနေ တိရစ္ဆာန်အော်သံ အကျယ်ကြီး ကြားလိုက်ရတယ်။ မောင်နှမ နှစ်ယောက်စလုံး သိသိသာသာ လန့်ဖျပ်သွားတဲ့ မျက်နှာအမူအရာ

---

၇။ ယန်စီမြစ်ကြေ၏ တောင်ဘက်ဒေသ၊ တစ်နည်းအားဖြင့် ကျန်းစူး၊ အန်းဟွေး ပြည်နယ်နှစ်ခု၏ တောင်ပိုင်းနှင့် ကျဲ့ကျန်းပြည်နယ်၏ မြောက်ပိုင်း။

mgyoe.com

mgyoe.com SAMPLE BOOK
ကို မြင်လိုက်ရလို့ လင်းသျှန်ဖူလည်း အဲဒါ မြည်းအော်သံ ဖြစ်ကြောင်း ပြောပြလိုက်ရတယ်။ မြည်းအော်သံ ဆိုတာ ဒါမျိုးကိုးလို့ နှစ်ယောက်သား အံ့အားသင့်စွာ ပြောကြတယ်။ ဒါကြောင့်မို့ သူတို့ နေထိုင်ရာ တောင်ပိုင်းက ရေပေါ်မြို့ကလေးမှာ မြည်းမရှိကြောင်း လင်းသျှန်ဖူ သိလိုက်ရတယ်။

အဲဒီညက လင်းသျှန်ဖူက ကိုယ့်အကြောင်းကို အရှည်ကြီး ပြောပြတယ်။ မှတ်ဉာဏ်ထဲမှာ မှုန်ဝါးဝါး ဖြစ်နေတဲ့ ဖခင်အကြောင်း ပြောပြဖြစ်တယ်။ မှတ်ဉာဏ်ထဲမှာ ကြည်လင်ပြတ်သားစွာ ရှိနေတဲ့ မိခင်အကြောင်း ပြောပြဖြစ်တယ်။ ကြိုးချုပ်စာအုပ်တွေအကြောင်းနဲ့ မိခင်ရဲ့ရက်ကန်းစင် အကြောင်း ပြောပြဖြစ်တယ်။ ကလေးဘဝတုန်းက မြစိမ်းရောင်တောအကြောင်း ပြောပြဖြစ်တယ်။ နောက်ဆုံးမှာ သူက ဒီနယ်တစ်ခွင်မှာ သူဟာ လူချမ်းသာစာရင်းဝင် ဖြစ်တယ်လို့ သူတို့ကို ပြောပြလိုက်တယ်။ ဒီစကားကြောင့် အားချန် မျက်လုံးတွေ ဖိတ်ဖိတ်တောက်လာတာကို သူတွေ့လိုက်ရတယ်။ ရှောင်မေကို သူ ကြည့်ပြန်တယ်။ ရှောင်မေရဲ့ အပြုံးက ရက်စနိုးဖြစ်နေဆဲ။

အဲဒီညက ပျော်စရာကောင်းတဲ့ ညတစ်ည ဖြစ်တယ်လို့ လင်းသျှန်ဖူ ခံစားမိတယ်။ မိခင် ကွယ်လွန်ပြီး နောက်ပိုင်း ဒီအိမ်ထဲမှာ တိတ်ဆိတ်လာခဲ့တာ ဒီညမှပဲ အဆက်မပြတ်သော စကားသံတွေ ပြန်ရှိလာခဲ့တာကိုး။ ရှောင်မေလို့ အမည်ရတဲ့ မိန်းမပျိုကို သူ သဘောကျမိတယ်။ စကားနည်းတဲ့ ရှောင်မေက ပြုံးစစ မျက်ဝန်းနဲ့ မျက်နှာချင်းဆိုင်မှာ ဘေးတစောင်းထိုင်ရင်း လက်နှစ်ဖက်က အပြာရောင် ပွင့်ရိုက်ထည် ခေါင်းစည်းပဝါကို တစ်ချိန်လုံး မှောက်ချည်လှန်ချည် လုပ်နေတယ်။ အဲဒီပေါ်မှာ ဇာမဏီပွင့်နဲ့ ပျိုနီပန်း အဆင်ကို မြင်လိုက်လို့ လင်းသျှန်ဖူလည်း ရှေ့တိုးသွားပြီး ဒီခေါင်းစည်းပဝါ သိပ်ကို လှပ သေသပ်တာပဲလို့ ချီးကျူးလိုက်တယ်။ ဒီမှာတော့ ပိတ်ဖြူ ခေါင်းစည်းပဝါပဲ ရှိတာလို့လည်း ပြောပြလိုက်တယ်။ ဒီအခါမှာ ရှောင်မေရဲ့ ချိုမြိန်လှပသော အသံကို သူ ကြားလိုက်ရတယ်။ ရှောင်မေက အဲဒါ "ဇာမဏီ နှင့် ပျိုနီ" လို့ ခေါ်ကြောင်း၊ စည်းစိမ်ချမ်းသာကို ကိုယ်စားပြုတဲ့ အဆင် ဖြစ်ကြောင်း ပြောပြတယ်။ ပြောပြီးတော့ ရှောင်မေရဲ့ ကြည်လင် တောက်ပတဲ့ မျက်လုံးအစုံက ရေနံဆီမီးအိမ်အလင်းရောင်ကို ထိုးဖောက်ကာ လင်းသျှန်ဖူကို ငေးကြည့်နေခဲ့တယ်။ အဲဒီ မျက်လုံးအစုံကြောင့်ပဲ ခါတိုင်းအချိန်မှာ အင်မတန်မှ စကားနည်းလှတဲ့ လင်းသျှန်ဖူလည်း ကရားရေလွှတ် တတွတ်တွတ် ဖြစ်လာခဲ့တယ်။ ရှောင်မေဆီမှာ သူ တစ်ခါမှ မမြင်ဖူးတဲ့ လှပကြော့ရှင်းမှုမျိုး ရှိနေတယ်လို့ ခံစားမိတယ်။ အဲဒါက တောင်ပိုင်းက စိမ်းလန်း
mgyoe.com

mgyoe.com SAMPLE BOOK
စိုပြည်တဲ့ တောတောင်ရေမြေမှာသာ ဖြစ်ထွန်းလာနိုင်တဲ့ ရွှန်းစိုတဲ့ ရုပ်ရည်မျိုး။ ခရီးအဝေးကြီး နှင်လာခဲ့ပြီးနောက်မှာလည်း နုထွတ်၍ တက်ကြွနေဆဲ။

အဲဒီ နုထွတ်၍ တက်ကြွတဲ့ မိန်းမပျိုလေးဟာ နောက်တစ်နေ့မှာပဲ နေမကောင်းဖြစ်ပြီး အိပ်ရာထဲ လဲပါတော့တယ်။ လင်းသျှန်ဖူအိမ်က မီးဖိုတွဲ ဆက်ထားတဲ့ မီးလှုံခုတင်ပေါ် လှဲနေရင်း နဖူးထက်မှာ ရေဆွတ်ထားတဲ့ လက်ကိုင်ပဝါတစ်ထည် တင်ထားတယ်။ ဆံနွယ်ရှည်တွေဟာ မီးလှုံခုတင် အနားကနေ တောင်ပိုင်းရေစပ်က မိုးမခနွယ်ပမာ ဖြန့်ကျနေတယ်။ သူ့အစ်ကိုက မျက်မှောင်ကြီးကြုတ်လျက် မီးလှုံခုတင်နားမှာ ထိုင်ကာ အလွန်မြန်လှတဲ့ လေယူလေသိမ်းနဲ့ သူနဲ့ တစ်အောင့်လောက် အပြန်အလှန် ပြောပြီးတော့မှ လင်းသျှန်ဖူအနား ရောက်လာပြီး သူ့နှမ နေမကောင်းဖြစ်နေကြောင်း စိုးရိမ်ပူပန်စွာ ပြောလာတယ်။ သူက နှမဖြစ်သူရဲ့ ရောဂါ အခြေအနေကို ရှင်းပြတယ်။ မနက် အိပ်ရာထတဲ့အခါ ခေါင်းက တစ်ချက် တစ်ချက် မူးလာတယ်၊ မီးလှုံခုတင်ပေါ်က ဆင်းလာပြီး တံခါးဝနားကိုတောင် မရောက်သေးခင်မှာပဲ လဲကျသွားတယ်လို့ ပြောပြတယ်။ နှမဖြစ်သူရဲ့ နဖူးကို စမ်းကြည့်တော့ ခုလေးတင်မှ ကျက်အောင် ဖုတ်ထားတဲ့ ကန်စွန်းဥပမာချစ်ချစ်တောက်ပူနေတယ်လို့ပြောတယ်။သူ့အသံက မတတ်နိုင်ဘူးလေဆိုတဲ့ လေသံမျိုး။ တစ်ယောက်တည်းပဲ ခရီးဆက်ရတော့မယ်လို့လည်း တစ်ကိုယ်တည်း ပြောနေသေးတယ်။ သူက နှမဖြစ်သူကို လက်ခံထားနိုင်မလားလို့ လင်းသျှန်ဖူကို မဝံ့မရဲ မေးလိုက်တယ်။ ရွှေမြို့တော် ရောက်လို့ ဦးရီးကို ရှာတွေ့တာနဲ့ နှမဖြစ်သူကို ပြန်လာခေါ်ပါ့မယ်လို့ ပြောတယ်။ လင်းသျှန်ဖူလည်း ခေါင်းညိတ်လိုက်တယ်။ အစ်ကိုဖြစ်သူလည်း မီးလှုံခုတင်နား တိုးသွားပြီး လင်းသျှန်ဖူ နားမလည်နိုင်တဲ့ အင်မတန်မြန်တဲ့ စကားနဲ့ နှမဖြစ်သူကို မှာကြားပြီးတော့ အဝတ်ထုပ်ကျောမှာလွယ်၊ ချန်ဆန်းဝတ်ရုံအောက်စပင့်ကာ ဝင်းတံခါးခုံကို ကျော်လွှားထွက်သွားတယ်။ လမ်းငယ်ကလေးကနေ လမ်းမကြီးပေါ် တက်သွားပြီး တက်နေဝန်းရဲ့ ရောင်ခြည်ထဲကတစ်ဆင့် မြောက်အရပ်ကို ထွက်သွားခဲ့တယ်။

လင်းသျှန်ဖူးလည်း မနေ့ညက ကြက်အိပ်ကြက်နိုး ဖြစ်နေချိန်မှာ ရှောင်မေရဲ့ အပြုံးရိပ်တွေကို မြင်ယောင်နေခဲ့မိတာ ပြန်သတိရလာခဲ့တယ်။ လှပကြော့ရှင်းတဲ့ ရုပ်သွင်က သူ့ရဲ့ အိပ်စက်ခြင်းထဲမှာ ဂယက်ကလေးပမာ လှုပ်လှုပ်ရွရွ ဖြစ်နေခဲ့တယ်။ နောက်တော့ အဝါရောင် လမ်းမကြီးတစ်စင်း သူ့ထံကို လျှောဆင်းလာတယ်။ လှပကြော့ရှင်းတဲ့ ရုပ်သွင်ဟာ လမ်းမကြီးထက်မှာ ဝေးလွင့်သွားလျက် ရှိတာကို သူမြင်လိုက်ရတယ်။ သူ ရုတ်တရက် နိုးလာတယ်။ ရုတက်မအေးခြင်းနဲ့ စိတ်ဓာတ်ကျခြင်းတို့ဟာ ရင်ထဲ ဆူပွက်လာပြီး သူနဲ့အတူ ရှည်လျားတဲ့ညတာကို ဖြတ်ကျော်ခဲ့ကြ
mgyoe.com

mgyoe.com SAMPLE BOOK
တယ်။ အရက်ကျင်းလို့ ရှောင်မေ နေရစ်ခဲ့မှပဲ လင်းသျှန်ဖူ ရင်ထဲက နေ့တာလည်း ရောက်ရှိလာတော့တယ်။

လင်းသျှန်ဖူက ရှောင်မေအနားကို သွားတယ်။ ရှောင်မေရဲ့ မှိတ်ထားတဲ့ မျက်လုံးတွေ ပွင့်လာပြီးတော့ ကော့ရရော့ နှုတ်ခမ်းဟာလည်း တစ်ချိန်တည်းမှာ ပွင့်လာခဲ့တယ်။ ရှောင်မေက–

"ရေတစ်ခွက် တိုက်ပါ"လို့ ပြောတယ်။

အဲဒီနေ့ မွန်းလွဲချိန်ရောက်တော့ ရှောင်မေက မီးလှုံခုတင်ပေါ်က ဆင်းလာပြီး အဝတ်ထုပ်ထဲက ခြေညှပ်ခုံဖိနပ်ကို ထုတ်စီးကာ အိမ်အလုပ်တွေ လုပ်လာတယ်။ ညနေစောင်းတော့ တံခါးခုံပေါ်မှာ ထိုင်ရင်း ဆည်းဆာရောင်ခြည်အောက်မှာ လယ်ယာမြေတွေ စစ်ဆေးကြည့်ရှုပြီး ပြန်လာတဲ့ လင်းသျှန်ဖူကို ပြုံးပြုံးလေး ကြည့်နေခဲ့တယ်။

လင်းသျှန်ဖူ သူ့ရှေ့ ရောက်လာတော့ သူက မတ်တတ်ထပြီး လင်းသျှန်ဖူနဲ့ အတူ အိမ်ထဲဝင်တယ်။ စားပွဲပေါ်မှာ အသင့်ပြင်ထားတဲ့ ရေ ပန်းကန်လုံး တစ်လုံးကို ယူပေးပြီး လှည့်ထွက်သွားတယ်။ လင်းသျှန်ဖူလည်း အိမ်ထဲမှာ ထူးဆန်းတဲ့ အသံတွေ ကြားလာရပြီး တစ်ဆက်တည်းမှာ ရှောင်မေ ခြေထောက်မှာ စီးထားတဲ့ ခြေညှပ်ခုံဖိနပ်ကို တွေ့လိုက်ရတယ်။ အိမ်ထဲမှာ သူ လမ်းလျှောက်တဲ့အခါ တခွပ်ခွပ်နဲ့ မြည်နေတာကိုး။ လင်းသျှန်ဖူ အံ့အားသင့်သွားတဲ့ အမူအရာက ရှောင်မေ့ကို ပြုံးလာစေတယ်။ အဲဒါ ခုံဖိနပ်လို့ ခေါ်တယ်လို့ သူက ပြောတယ်။ လင်းသျှန်ဖူက ခုံဖိနပ်ကို တစ်ခါမှ မမြင်ဖူးဘူးလို့ ပြောတယ်။ ရှောင်မေက သူတို့ဇာတိက မိန်းမပျိုတွေ အားလုံး ခုံဖိနပ်ပဲ စီးကြတယ်၊ အထူးသဖြင့် နွေညနေစောင်းတွေမှာ ဆိုရင် ရေစပ်မှာ ခြေထောက်သန့်အောင် ဆေးကြောပြီးတော့ ခုံဖိနပ်စီးကာ မြို့ထဲက ကျောက်ပြားခင်းလမ်းပေါ်မှာ လမ်းလျှောက်တတ်ကြတယ်၊ ခုံဖိနပ်သံတွေဟာ ပတ္တလားသံလိုမျိုးပဲလို့ ပြောပြတယ်။ လင်းသျှန်ဖူက ပတ္တလားသံ ဆိုတာ ဘယ်လိုဟာမျိုးလဲလို့ မေးတယ်။ ရှောင်မေလည်း ရုတ်တရက် ပြန်မဖြေနိုင်ဘဲ ခေါင်းငုံ့ကာ တစ်အောင့်လောက် စဉ်းစားပြီးမှ အိမ်ထဲ တစ်ပတ် လမ်းလျှောက်ပြပြီး ကြည်လင် ပြတ်သားတဲ့ ခုံဖိနပ်သံ ငြိမ်သွားတော့မှ–

"ပတ္တလားသံလို အသံမျိုး ဆိုတာ ဒါပဲ"လို့ ပြောပြလိုက်တယ်။

အိမ်ကို ရှင်းလင်းထားပြီး စားပွဲပေါ်မှာလည်း ထမင်း၊ ဟင်းတွေ ပြင်ဆင်ထားပြီး ဖြစ်နေတာကို လင်းသျှန်ဖူ တွေ့လိုက်ရတယ်။ ရှောင်မေက ဘေးတစ်ဖက်မှာ တစ်ခုခုကို စောင့်နေသယောင် ပြုံးပြုံးလေး ရပ်နေတယ်။ လင်းသျှန်ဖူလည်း သူများအိမ်ကိုပဲ ရောက်နေသယောင် မြင်မြင်သမျှ အရာအားလုံးက သူ့ကို ဂနာမငြိမ် ဖြစ်လာစေခဲ့တယ်။ မျက်နှာချင်းဆိုင်မှာ ရပ်နေတဲ့ ရှောင်မေလည်း အလားတူ ဂနာမငြိမ်
mgyoe.com

mgyoe.com SAMPLE BOOK
ဖြစ်နေတယ်လို့ သူ ခံစားမိတယ်။ သူက ခွေးခြေမှာ ထိုင်လိုက်တယ်။ ရှောင်မေလည်း လိုက်ထိုင်တယ်။ သူက တူကို ကောက်ကိုင်တယ်။ ရှောင်မေလည်း တူကို ကောက်ကိုင်တယ်။ ရှောင်မေ့မျက်နှာ နီမြန်းလာတယ်။ လင်းသျှန်ဖူက သူ့ကို မနက်ကတည်းက ရောဂါ သက်သာလာပြီ ထင်ခဲ့တာကြောင့် နည်းနည်း လန့်ဖျပ်သွားတယ်။ ရှောင်မေရဲ့ နေမကောင်းဖြစ်၍ အိပ်ရာထဲ လဲသွားခြင်းဟာ ရုတ်တရက် နိုင်သလိုပဲ နေပြန်ကောင်း လာခြင်းဟာလည်း ရုတ်တရက် နိုင်လှတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

(၄)

အဲဒီနောက်ပိုင်း အချိန်ကုန်တာ သိပ်မြန်လာခဲ့တယ်။ လင်းသျှန်ဖူဟာ ကန်သင်း တစ်လျှောက် အိမ်ပြန်လာချိန် ရှောင်မေ တစ်ယောက် တံခါးခုံပေါ်မှာ လက်နှစ်ဖက် မေးထောက်ကာ အတွေးထဲ နစ်မျောရင်း ဝေဝါးသော မျက်ဝန်းအစုံနဲ့ အဝေးကို ငေးမျှော် ကြည့်နေတာကို တစ်ကြိမ်ထက်မနည်း မြင်ခဲ့ရတယ်။ ခမျာလည်း သူ့အစ်ကို ပြန်လာ ခေါ်ဖို့ကို မျှော်နေရှာတာ နေမှာပေါ့၊ ခုလောက်ဆို နက်ပြာရောင် ချန်ဆန်းလုလင်လည်း ဖုန်တထောင်းထောင်းထတဲ့ ခရီးလမ်းမှာ ထွက်ပေါ်လာသင့်ပါပြီလေလို့ လင်းသျှန်ဖူ စိတ်ထဲ တွေးထင်မိတယ်။

သူတို့ထမင်းဝိုင်းမှာ ထိုင်မိတိုင်း မကြာခဏ ပြောဖြစ်တဲ့ အကြောင်းအရာဟာ အဲဒီ အားချန်လို့ခေါ်တဲ့ အစ်ကိုအကြောင်းပဲ။ လင်းသျှန်ဖူလည်း ရှောင်မေကို နှစ်သိမ့် ချင်တာနဲ့ ခုလောက်ရှိ အားချန်လည်း ရွှေမြို့တော်ကို ရောက်နေလောက်ပါပြီ၊ မကြာခင် သူ့ကို ပြန်လာခေါ်တော့မှာပါလို့ပဲ ပြောခဲ့ရတယ်။ ပြောပြီးတိုင်းမှာ လင်းသျှန်ဖူမျက်စိထဲ ဒီလိုပြကွက်မျိုး ထွက်ပေါ်လာလေ့ရှိတယ်။ အပွင့်ဆင်ချီဖောင် ဝတ်ထားတဲ့ ရှောင်မေဟာ သူ့အစ်ကိုနဲ့အတူ နေထွက်ရာ လမ်းမကြီးပေါ်ကနေ အဝေးဆီသို့ ဖြည်းဖြည်းချင်း ခွဲခွာ သွားတယ်။ သေးသွယ်တဲ့ ခြေထောက်အစုံမှာ ခြေချောင်းအခွဲပါ ခြေအိတ်စွပ်ထားပြီး ခြေညှပ်ခုံဖိနပ် စီးထားတယ်။ တစ်ဆက်တည်းမှာ လင်းသျှန်ဖူ ရင်ထဲ မသာမယာ ဖြစ်လာတယ်။ သူနဲ့ အချိန်အကြာကြီး အတူနေခဲ့တဲ့ တောင်ပိုင်း သူလေး၊ သူ့အတွက်

mgyoe.com

mgyoe.com SAMPLE BOOK

ထမင်းချက်၊ အဝတ်လျှော်ပေးတဲ့ ရှောင်မေသာ သူ့ကို ခွဲသွားခဲ့လို့ရှိရင် ကျန်ရှိတဲ့ သူ့ဘဝဟာ ဘယ်လိုပုံစံ ဖြစ်လာမလဲ ဆိုပြီး နှလုံး မသာမယာ ဖြစ်လာမိတော့တယ်။

တစ်နေ့သ၌ ရှောင်မေဟာ လင်းသျှန်ဖူမိခင် ထားရစ်ခဲ့တဲ့ ရက်ကန်းစင်မှာ ဝင်ထိုင်ပြီး တဂျောက်ဂျောက် တဂျက်ဂျက်နဲ့ အချိန်အကြာကြီး ဟိုလိုစမ်းလုပ်၊ ဒီလို စမ်းလုပ် လုပ်ကြည့်နေတယ်။ အဲဒါ သူ ပထမဆုံးအကြိမ် ရက်ကန်းရက်ခြင်းပဲ။ ညနေစောင်းတော့မှ အဲဒီ ရက်ကန်းစင်ရဲ့ အထာကို သဘောပေါက်လာပြီး ကောင်းစွာ ကိုင်တွယ်တတ်လာတယ်။ လယ်ယာမြေက ပြန်လာတဲ့ လင်းသျှန်ဖူဟာ ဝင်းထဲ ဝင်မိတာနဲ့ ရက်ကန်းခတ်သံ ကြားလာရလို့ အမေ အိမ်ထဲမှာ ရှိနေတယ်လို့ တဒင်္ဂ ထင်ယောင်ထင်မှား ဖြစ်မိသေးတယ်။ နောက်တော့မှ အဲဒါ ရှောင်မေပဲ ဖြစ်မှာပါလို့ တွေးထင်လာမိတာ။ အိမ်ရဲ့ တံခါးခုံကို ကျော်ဝင်လာပြီးနောက် ရက်ကန်းစင်မှာ ထိုင်နေတဲ့ ရှောင်မေတစ်ယောက် မျက်နှာတစ်ခုလုံး နီရဲကာ နဖူးမှာလည်း ချွေးသီး ချွေးပေါက်တွေအပြည့်နဲ့ ဖြစ်နေတာကို တွေ့လိုက်ရတယ်။ လင်းသျှန်ဖူ ဝင်လာတာကို မြင်တော့ ရှောင်မေလည်း ချက်ချင်း ထသွားကြိုတယ်။ ဒီရက်ကန်းစင်ဟာ သူ့ဇာတိက ရက်ကန်းစင်ထက် အသံအများကြီး ပိုကျယ်ကြောင်း၊ မြည်းအော်သံဟာ ဆိတ်အော်သံ ထက် အများကြီး ပိုကျယ်သလိုပင် ဖြစ်ကြောင်း၊ စစချင်းမှာ သူလုပ်လို့ ရက်ကန်းစင်ပဲ ပျက်သွားပြီလား ဆိုပြီး လန့်ဖျပ်သွားသေးကြောင်း သူ့ကို တဖွဖွ ပြောပြရှာတယ်။ ပြီးတော့ သူ အခု ရက်ကန်း ရက်တတ်သွားပြီလို့ ပြောပြလိုက်တယ်။

သူက ပြောရင်း ရယ်နေတယ်။ သူ့မျက်လုံးက တလက်လက် တောက်ပနေ တယ်။ ရှောင်မေ့ကို ဒီလို ဟန်အမူအရာမျိုးနဲ့ ဒါ သူ ပထမဆုံးအကြိမ် မြင်ဖူးတာ ဖြစ်တယ်။ အိမ်ထဲ လမ်းလျှောက်တဲ့အခါ ခုံဖိနပ်သံပဲ မြည်တဲ့ မိန်းမပျို၊ အသံထွက် မရယ်တတ်ဘဲ အပြုံးစကို နှုတ်ခမ်းထောင့်မှာပဲ ငုံထားတဲ့ မိန်းမပျိုဟာ ဒီတဒင်္ဂမှာ တော့ မျက်နှာရွှင်ပျ လန်းဆန်းလာခဲ့ပြီ။

မိခင်ရဲ့ ရက်ကန်းစင်က ရှောင်မေ့စိတ်ကို တည်ငြိမ်လာစေတယ်လို့ လင်းသျှန်ဖူ ခံစားမိတယ်။ ဒီနောက်ပိုင်းမှာ သူလည်း တံခါးခုံပေါ်မှာ ထိုင်နေတဲ့ ရှောင်မေကို မတွေ့ရတော့ဘဲ ညံမစဲသော လက်ခတ်သံကိုသာ ကြားလာရတော့တယ်။ မိခင် ကွယ်လွန်ပြီးနောက် ငါးနှစ်လောက် ငြိမ်သက်နေခဲ့တဲ့ ရက်ကန်းစင်ဟာ အမျိုးသမီး နောက်တစ်ယောက်ရဲ့ လက်ထဲမှာ အသံပြန်မြည်လာခဲ့ပြီ။ လင်းသျှန်ဖူလည်း အားချန် အကြောင်း ထပ်မပြောတော့ဘူး။ ဒီနာမည်ဟာ ဝေးလွင့်လို့ သွားနေပြီ။ ရှောင်မေ လည်း အစ်ကိုကို မေ့သွားပြီ။ ထမင်းဟင်းချက်၊ အဝတ်လျှော်ဖွပ် အိမ်အလုပ်တွေ လုပ်ပြီးချိန်မှာ သူက ရက်ကန်းခတ်သံ တဂျောက်ဂျောက် တဂျက်ဂျက်ထဲမှာပဲ နှစ်မြော

mgyoe.com

mgyoe.com SAMPLE BOOK
နေတတ်တော့တယ်။ လင်းသျှန်ဖူလည်း စာအုပ်စင်ပေါ်က စာအုပ်တွေ ယူချလာတယ်။ စာအုပ်ဘူးပေါ်က ဖုန်တွေကို အင်္ကျီလက်နဲ့ သုတ်ပြီး အချိန်အားတိုင်း စာပြန်ဖတ်လာခဲ့တယ်။ သူက စားပွဲခုံလေးနဲ့ ထိုင်ခုံလေးကြားမှာ ဝင်ထိုင်တဲ့အခါ ရှောင်မေက ပါးစပ်ကလေးအုပ်ကာ ရယ်တယ်။ သေးလွန်းတဲ့ စားပွဲခုံ၊ ထိုင်ခုံနဲ့ သူ့ကိုယ်လုံးနဲ့ မလိုက်ဖက်မှန်း သူ့ကိုယ်သူ သိတာမို့ သူလည်း တဟဲဟဲ လိုက်ရယ်မိတယ်။ လက်သမားအလုပ်ရုံထဲမှာ လင်းသျှန်ဖူ ကိုယ်လုံးနဲ့ ထိုင်လို့တော်မယ့် စားပွဲခုံ၊ ထိုင်ခုံကို ရှောင်မေတွေ့ရပေမဲ့ သူ ဘာဖြစ်လို့ ကလေးစားပွဲခုံ၊ ထိုင်ခုံ သုံးတာကိုတော့ မသိဘူး ဖြစ်နေတယ်။

အဲဒီလို နေ့ရက်တွေဟာ တည်ငြိမ်ပြီး နွေးထွေးလှတယ်။ တစ်ခါတလေမှာတော့ လင်းသျှန်ဖူ စိုးရိမ်ကြောင့်ကြမိတတ်တာ ရှိတယ်။ အဲဒါကတော့ ရက်ကန်းစင်ပေါ်ထိုင်နေတဲ့ ရှောင်မေရဲ့ အရိပ်ကောက်ကြောင်းကို ကြည့်ရင်း ဘာလို့ သူ့ကို အောင်သွယ်တွေ လာမစပ်ကြတာလဲလို့ စဉ်းစားမိတဲ့ အချိန်မျိုးမှာပေါ့။

❀

mgyoe.com

mgyoe.com SAMPLE BOOK

(၅)

ဆောင်းဝင်လာခဲ့ပြီး တစ်ညမှာ မိုးသီးကြွေကျတယ်။ လင်းသျှန်ဖူ အိပ်ပျော်နေခိုက် ကောင်းကင်တစ်ပြင်လုံးကနေ ကြွေကျလာခဲ့တာ။ ဖြောက်အိုး ဖောက်သံလို မြည်သံကြောင့် လင်းသျှန်ဖူ လန့်နိုးလာခဲ့တယ်။ သူ ထကြည့်တော့ ပြတင်းပေါက်က လေတိုက်လို့ ပွင့်နေတယ်။ ပိုးအိမ်လို ဖြူဖွေးတဲ့ မိုးသီးတွေ တဝေါဝေါ ကြွေကျလာတယ်။ လှုပ်ယမ်းနေတဲ့ ခန်းဆီးတစ်ချပ်ပမာ အမှောင်ထဲက အိပ်ခန်းကို တပြက်ပြက် လင်းလက်လာစေတယ်။

ရှောင်မေ့ကို လင်းသျှန်ဖူ တွေ့ရတယ်။ သူက လင်းသျှန်ဖူရဲ့ မီးလှုံခုတင်ရှေ့မှာ ကျုံ့ကျုံ့ကလေး ရပ်နေတယ်။ မိုးသီးကြွေကျတဲ့ အလင်းရောင်မှာ သူ့မျက်နှာပေါ်က ထိတ်လန့်မှုကို မြင်နေရတယ်။ အဲဒီအချိန်မှာ ဇလုံလောက်ရှိတဲ့ မိုးသီးတစ်လုံး ခေါင်မိုးကို ထိုးဖောက်ပြီး ရှောင်မေ့ဘေးနားက ကြမ်းပြင်ပေါ် ပြုတ်ကျလာတယ်။ ရှောင်မေလည်း အလန့်တကြား ထအော်ပြီး လင်းသျှန်ဖူရဲ့ မီးလှုံခုတင်ပေါ် ခုန်တက်ပြီးတော့ လင်းသျှန်ဖူရဲ့ စောင်ခြုံထဲ ဝင်တိုးနေမိတော့တယ်။ ခုနက ပေါက်သွားတဲ့ ခေါင်မိုးပေါက်ကနေ ပန်းကန်လုံးလောက် ရှိတဲ့ မိုးသီးတွေ တဖွဲဖွဲ ကြွေကျလာပြီး ကြမ်းပြင်ပေါ်ကို ပန်းပွင့်သလို၊ ပန်းကြွေသလို ပြုတ်ကျလာတယ်။

လင်းသျှန်ဖူဟာ သူ့ရင်ခွင်ထဲ ခိုက်ခိုက်တုန်နေတဲ့ ရှောင်မေရဲ့ ကွေးကျုံ့နေတဲ့ ခန္ဓာကိုယ်ကို ခံစားမိတယ်။ တစ်ဆက်တည်းမှာ နူးညံ့တဲ့ ရွှမ်းစက္ကူ[၈] တစ်ချပ်ကို

၈။ တရုတ်နိုင်ငံအရှေ့ပိုင်း အန်းဟွေးပြည်နယ်၊ ရွှမ်းချိန်မြို့မှ စတင်ပြုလုပ်သော အကောင်းစား စက္ကူ တစ်မျိုး။

mgyoe.com

mgyoe.com SAMPLE BOOK

ပွတ်သပ်နေရသလို လင်းသျှန်ဖူရဲ့ ခန္ဓာကိုယ်က ရှောင်မေရဲ့ ကွေးကျုံ့နေတဲ့ ခန္ဓာကိုယ်ကို တဖြည်းဖြည်းချင်း လှဲဆန့်လာစေခဲ့တယ်။ ရှောင်မေရဲ့ ခန္ဓာကိုယ် ဆန့်လာတာကို သူ ခံစားမိတယ်။ နှစ်ယောက်သားရဲ့ အဝတ်အစားတွေ ချပ်ချပ်ရပ်ရပ် ကပ်ထားမိသွားပြီ။ ရှောင်မေရဲ့ ကိုယ်ငွေ့ဟာ ချစ်ချစ်လောင်လောင် ဖြစ်လာပြီး အဝတ်အစားကို ထိုးဖောက်ကာ လင်းသျှန်ဖူကိုပါ နွေးထွေးလာစေတယ်။ အဲဒီနောက်မှာ လင်းသျှန်ဖူဟာ မိုးသီးကြွေသံကို မကြားရတော့ဘူး။ နှစ်ယောက်သားဟာ "နားရွက်နှင့် နားပန်းဆံ ပွတ်သပ်"သလို ထိတွေ့မှုမျိုးသာ ရှိခဲ့ပြီး "ကြွက်သားနှင့် အရေပြားကျွမ်းဝင်"သလို စပ်ယှက်မှုမျိုး မပြုခဲ့ဘူးဆိုပေမဲ့ ရှောင်မေရဲ့ ချစ်ချစ်လောင်လောင် ဖြစ်နေတဲ့ ကိုယ်ငွေ့နဲ့ လှိုက်ခုန်နေတဲ့ မောဟိုက်သံတို့ကလည်း လင်းသျှန်ဖူကို သက်ဆင်းလာစေခဲ့တယ်။ ဒီအတောအတွင်း လင်းသျှန်ဖူဟာ လန့်နိုးလာသလို ကြီးမားတဲ့ တုန်ခါမှု တစ်ကြိမ် ခံစားမိခဲ့သေးတယ်။ အိမ်ပဲ ပြိုကျတော့မလား အောက်မေ့ရလို့ သူလည်း တစ်ချက် လန့်ဖျပ်ပြီးတာနဲ့ ရှောင်မေရဲ့ ကိုယ်ငွေ့နဲ့ မောဟိုက်သံတို့ထဲကို တစ်ဖန် ပြန်လာခဲ့တော့တယ်။ နောက်တစ်နေ့ တံခါးဖွင့်ကြည့်တော့မှ ဆုံလောက်ရှိတဲ့ မိုးသီးကြီး တစ်လုံး အိမ်ခန်းဆောင်ရှေ့မှာ ကန့်လန့်ပိတ်နေတာကို တွေ့ရတယ်။ ဒီတော့မှ သူလည်း ညတုန်းက မြည်သံကြီးကို ပြန်သတိရလာခဲ့တယ်။

မိုးသီးကြွေပြီးနောက် ရှုခင်းဟာ မှိုင်းညို့ဝေရီလှတယ်။ ဆောင်းတွင်းရဲ့ မာကျောတဲ့ မြေကြီးထက်မှာ ရေခဲအမှုန်အမွှားတစ်လွှာ ဖုံးနေလို့ ရေခဲနေတဲ့ ကန်ရေပြင်ပမာ နေရောင်အောက်မှာ အရောင်တဖိတ်ဖိတ် တောက်နေတယ်။ ရွာထဲက တဲအိမ် တော်တော်များများလည်း ညက မိုးသီးကြွေတဲ့ထဲမှာ ပြိုကျကုန်တယ်။ ဒဏ်ရာရသူတွေ၊ ထိတ်လန့်သူတွေဟာ နေ့ဘက်ရဲ့ ဆောင်းလေအေးထဲမှာ မတ်တတ်ရပ်နေကြတယ်။ သူတို့ရဲ့ အရိပ်ကောက်ကြောင်းတွေဟာ လွင်တီးခေါင်ပြင်ထက်မှာ ပြန့်ကျဲနေတဲ့ သစ်ပင်ကတုံးတွေပမာ ဖြစ်လို့နေတယ်။

လင်းသျှန်ဖူ ရွာထဲတစ်ပတ် လျှောက်ကြည့်တယ်။ မျက်ရည်စက်လက်နဲ့ မိန်းမတွေ၊ စောင်ခြုံပတ်နဲ့ ကလေးတွေက လင်းသျှန်ဖူကိုသနားစရာကောင်းတဲ့ မျက်နှာတွေနဲ့ ကြည့်နေကြတယ်။ ပြိုကျသွားတဲ့ တဲအိမ်တွေထဲက ကောက်လာတဲ့ ပစ္စည်းတွေကို အနီးဝန်းကျင်မှာ ရှုပ်ပွစွာ ပုံထားတယ်။ ယောကျ်ားတချို့ ပြိုလဲသွားတဲ့ တဲအိမ်ကို ပြန်ထူထောင်ဖို့ ကြိုးစားနေကြတာကြောင့် ခေါင်မိုးက သက်ငယ်တွေ လွင့်စဉ်ကျလာပြီး ဆောင်းလေအေးထဲ လွင့်ပျံကာ သစ်ကိုင်းတွေမှာ တွဲလောင်းချိတ်လိုချိတ်၊ လူတွေရဲ့ ဆံပင်တွေ အဝတ်အစားတွေပေါ်မှာ ငြိလိုငြိနဲ့ ဖြစ်ကုန်ကြတယ်။ မိုးသီးမှန်လို့ သေသွားတဲ့ ခိုင်းနွား၊ ခိုင်းမြည်းတချို့ မြေကြီးပေါ်မှာ ကားရားလဲနေကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK
သူတို့ကိုယ်မှာ သွေးတစ်ကွက်မှစွန်းတာ မတွေ့ရဘူး။ သူတို့ကို တင်းကုပ်ထဲကနေ ဆွဲထုတ်လာတုန်းက ကိုယ်မှာ သက်ငယ်တွေ၊ ရေခဲအမှုန်အမွှားတွေ ကပ်ပါလာခဲ့တယ်။ ခိုင်းနွား၊ ခိုင်းမြည်းတွေ သေသွားတဲ့အတွက် မိန်းမတွေရဲ့ ငိုသံဟာ သာလို့ ကြေကွဲဖွယ် ကောင်းလာတယ်။ သူတို့က မြေကြီးပေါ် ထိုင်ချပြီး မိုးကောင်းကင်ကို ငိုကြွေးတိုင်တည်နေကြတယ်။

"ဒီနေ့ရက်တွေ ဘယ်လို ရှေ့ဆက်ရမှာလဲ"

မျက်နှာအေးခဲပြီး ပပ်ကြားအက်နေတဲ့ ယောကျ်ားတွေကတော့ မျက်ရည်ဝဲနေကြတယ်။ သူတို့အသံက တိုးပေမဲ့ ပိုပြီးတော့ မျှော်လင့်ချက်မဲ့နေပါတယ်။

"ဒီနေ့ရက်တွေ ရှေ့ဆက်ဖို့ မဖြစ်နိုင်တော့ဘူး"

မိုးသီးမှန်လို့ သေသွားတဲ့ အသက်ကြီးပိုင်း တစ်ယောက် ရွာတောင်ပိုင်းက သချိုင်းဂူတချို့ရဲ့ နံဘေးမှာ ပျဉ်ပြားတစ်ချပ်ပေါ် ပက်လက်လဲနေတယ်။ ခိုင်းနွား၊ ခိုင်းမြည်းတွေ ဆုံးရှုံးသွားလို့ မိုးမြေတိုင်တည်ကာ ငိုကြွေးတဲ့ ကြေကွဲမှုမျိုးနဲ့မတူဘဲ ဆွေမျိုးသားချင်းတစ်ယောက် ဆုံးပါးသွားလို့ ကြေကွဲရတဲ့ ကြေကွဲခြင်းကတော့ တိတ်ဆိတ်ငြိမ်သက်လှတယ်။ ကွယ်လွန်သူရဲ့ မျက်နှာကို ပိတ်ဖြူအစုတ် တစ်ထည်နဲ့ ဖုံးထားလိုက်ပြီ။ ကွယ်လွန်သူကတော့ အဲဒီနေရာမှာ စန့်စန့်ကြီး ဖြစ်နေပြီ။

သူ့အတွက် ငိုမဲ့သူ မရှိဘူး။ သူ့အတွက် ကျင်းတူးပေးနေတဲ့ ယောကျ်ား ငါးယောက်သာ ဘေးနားမှာ ပေါက်တူးပေါက်နေကြတယ်။ သူတို့က ထျန်ညီအစ်ကို ငါးယောက်ပဲ။ သူတို့ကိုယ်ကနေ အပူငွေ့တွေ ထောင်းထောင်းထနေတယ်။ ပေါက်တူးက ဆောင်းတွင်းရဲ့ မာကျောတဲ့ရွှံ့မြေကို ပေါက်နေတယ်။ သူတို့ လက်ဖဝါးတွေ ပေါက်ပြဲလို့ သွေးစနည်းနည်း ထွက်နေပြီ။ လင်းသျှန်ဖူ အနားကို ရောက်လာတော့ သူတို့က ပေါက်တူးကို ထောက်ကာ လင်းသျှန်ဖူကို ကြည့်နေကြတယ်။ ထျန်တက လင်းသျှန်ဖူကို ပြောတယ်။

"သခင်လေးရေ၊ ကျုပ်တို့အဖေ သေသွားတာဗျ၊ မိုးသီးမှန်ပြီး သေသွားတာ၊ ဇလုံလောက်ရှိတဲ့ မိုးသီးကြီး သူ့မျက်နှာကို လာမှန်တာလေ၊ မိုးသီးက ကွဲတောင် မကွဲဘူးဗျာ"

လင်းသျှန်ဖူလည်း ကွယ်လွန်သူ သက်ရှိထင်ရှား ရှိစဉ်တုန်းက ပုံသဏ္ဌာန်ကို မျက်စိထဲမှာ မြင်ယောင်လာမိတယ်။ တဲအိမ်ထောင့်မှာ ဆောင့်ကြောင့်ထိုင်ကာ လက်နှစ်ဖက်ကို အင်္ကျီလက်ဝထဲ ထိုးထည့်ထားပြီး ချောင်းတဟွပ်ဟွပ်ဆိုးနေတဲ့ ပိန်ပိန်ချုံးချုံး အဘိုးအိုတစ်ယောက်။

လွန်ခဲ့တဲ့ နှစ်ဆယ့်နှစ်နှစ်တုန်းက အဲဒီလူဟာ သူ့သားငါးယောက်ကိုလင်းသျှန်ဖူ တို့ အိမ်ရှေ့ ခေါ်လာခဲ့တယ်။ သူ့နာမည်က ထျန်တုန်းကွေ့တဲ့။ သားငါးယောက်ကိုတော့

mgyoe.com

mgyoe.com SAMPLE BOOK
ဂဏန်းရေသလို လက်ညှိုးထိုး ရေပြတယ်။ သူတို့ နာမည်တွေက ထျန်တ၊ ထျန်အော့၊ ထျန်စန်း၊ ထျန်စီ၊ ထျန်ဝူ ဖြစ်တယ်။ သူနဲ့ သူ့သားတွေက ကပ်ဘေးရှောင်ရင်း ဒီကို ရောက်လာတာပါတဲ့။ သူတို့ကို သီးစားချပေးနိုင်မလား တဲ့။ အဲဒီတုန်းက ထျန်တက ဆယ့်ခြောက်နှစ်၊ လေးနှစ်သားပဲ ရှိသေးတဲ့ ထျန်ဝူက အစ်ကိုကြီး ကုန်းပိုးထားတဲ့ပေါ်မှာ အိပ်ပျော်နေတယ်။

လင်းသျှန်ဖူရဲ့ ဖခင်က တံခါးဝမှာ ထျန်တုန်းကွေ့နဲ့ စကားတွေ အကြာကြီး ပြောပြီးတော့ ထျန်တုန်းကွေ့နဲ့ သားတွေလည်း လင်းမိသားစု အိမ်ဝင်းရဲ့ နောက်ဖေး ပေါက်နဲ့ ကပ်လျက်က တဲအိမ်နှစ်လုံးမှာ တက်နေကြတော့တယ်။ နောက်ပိုင်းမှာမှ ထျန်ညီအစ်ကိုတွေ ငါးယောက်စလုံး ရှေ့ဆင့် နောက်ဆင့် အိမ်ထောင်ကျပြီး အဲဒီနေရာ မှာ တဲအိမ်ဆယ်လုံး အသစ်ထပ်ထိုးလိုက်တာ ဖြစ်တယ်။ လင်းသျှန်ဖူရဲ့ ဖခင် ကွယ်လွန် ပြီးနောက်ပိုင်းမှာ မိခင်က ထျန်တကို လူရိုးတစ်ယောက်လို့ မှတ်ယူတာကြောင့် အိမ်တော် ထိန်း ခန့်လိုက်တယ်။ သူ့ ကျန်တဲ့ ညီလေးယောက်ကတော့ အရွယ်ရောက်လာကြပြီး နောက်ပိုင်း သီးစားခ လိုက်သိမ်းပေးတာတို့၊ တောက်တိုမည်ရ အလုပ်တချို့တို့ကို တာဝန်ယူလာကြတယ်။ ထျန်ညီအစ်ကို ငါးယောက်နဲ့ ဖခင် ထျန်တုန်းကွေ့တို့ ရောက်လာ ခါစတုန်းက လင်းသျှန်ဖူအသက် နှစ်နှစ်ပဲ ရှိသေးတယ်။ လင်းသျှန်ဖူကို ထျန်တ ကုန်းပိုးပြီး ရွာထဲတို့၊ လယ်တော ယာတောထဲတို့မှာ လျှောက်သွားနေတာကို ရွာကလူတွေ အမြဲ တွေ့ရတတ်တယ်။

ထျန်တက ပိတ်ဖြူအစုတ်ကို လှန်ပြလိုက်တယ်။ လင်းသျှန်ဖူလည်း ကြေမွ နေတဲ့ မျက်နှာနဲ့ ခန္ဓာကိုယ်မှာ သက်ငယ်တွေ၊ ရေခဲအမှုန်အမွှားတွေ ကပ်နေတဲ့ အလောင်းကို မြင်လိုက်ရတယ်။ သူက ဆောင့်ကြောင့်ထိုင်ပြီး ပိတ်ဖြူအစုတ်နဲ့ ထျန်တုန်းကွေ့ကို ပြန်ဖုံးပေးလိုက်တယ်။ ပြီးတော့ မတ်တတ်ထပြီး ထျန်တကို ပြော တယ်။

"အိမ်ကို အရင်သယ်သွားပြီးတော့ တွင်းရေနဲ့ ဆေးကြောပြီး သန့်သန့်ပြန့်ပြန့် အဝတ်အစား လဲပေးလိုက်ပါ၊ ကျုပ် ခေါင်းတစ်လုံး သွားလုပ်လိုက်ပါ့မယ်၊ ပြီးတော့မှ မြေချပါ"

ထျန်တလည်း ခေါင်းညိတ်ပြီး ပြောတယ်။

"ဟုတ်ကဲ့ပါ သခင်လေး"

အိမ်မှာရှိနေတဲ့ ရှောင်မေလည်း ရွာထဲကနေ လွင့်ပျံလာတဲ့ ဝမ်းနည်း ကြေကွဲ ဖွယ် အသံတွေကြောင့် ရင်ထဲ တထင့်ထင့် ဖြစ်နေတာ၊ လင်းသျှန်ဖူ ပြန်လာတဲ့ ခြေသံကို ကြားလို့ အိပ်ခန်းထဲက ထွက်မေးမယ် အလုပ်မှာ လင်းသျှန်ဖူ ရှုတည်တည် ဖြစ်နေ တာကို
mgyoe.com

mgyoe.com SAMPLE BOOK

မြင်တော့ မေးချင်တာကို အောင့်ထားလိုက်ရရှာတယ်။ လင်းသျှန်ဖူက သူ့ကို အတွင်းခန်းထဲက ဗီရိုကနေ ပိတ်ဖြူတစ်စ သွားယူလာခိုင်းတယ်။ ရှောင်မေလည်း ခေါင်းညိတ်ပြီး အိပ်ခန်းထဲ ပြန်ဝင်သွားတယ်။ လင်းသျှန်ဖူက လက်သမား အလုပ်ရုံထဲ ဝင်သွားတယ်။ တစ်အောင့်နေတော့ ရှောင်မေက လက်သမား အလုပ်ရုံထဲကို ပိတ်ဖြူ တစ်စ ယူလာတယ်။ လင်းသျှန်ဖူက သစ်သားပုံထဲကနေ အလျားရှည်ရှည် ဖြက် ကျယ်ကျယ် ထင်းရှူးသားကို ရွေးထုတ်နေတယ်။ ရှောင်မေလည်း လက်ထဲက ပိတ်ဖြူကို ခွေးခြေတစ်လုံးပေါ်မှာ တင်ထားလိုက်တယ်။ လင်းသျှန်ဖူ ထင်းရှူးသားတွေကို ကြမ်းပြင်ပေါ်မှာ သပ်သပ်ရပ်ရပ် ပုံထားပြီး ဆောင့်ကြောင့် ထိုင်ကာ မျဉ်းသားနေတာကို ကြည့်ရင်း ရှောင်မေက မဝံ့မရဲ မေးလိုက်တယ်။

"မိုးသီးမှန်ပြီး လူသေသွားလို့လားဟင်"

လင်းသျှန်ဖူက "တစ်ယောက် သေသွားတယ်"လို့ ပြောတယ်။

ရှောင်မေက "လူတွေအများကြီး ငိုနေကြလို့ ကျွန်မက သေတဲ့ လူတွေ မနည်း လောက်ဘူးလို့ ထင်နေတာ"လို့ ပြောတယ်။

လင်းသျှန်ဖူက "ခိုင်းနွား၊ ခိုင်းမြည်းတွေ သေသွားတာ မနည်းဘူး" လို့ ပြော တယ်။

လင်းသျှန်ဖူက တစ်အောင့်လောက် ရပ်တန့်ပြီးမှ ထပ်ပြောတယ်။

"ခိုင်းနွား၊ ခိုင်းမြည်းတွေ ဆိုတာ တောင်သူတွေရဲ့ စည်းစိမ်တစ်ပိုင်းပဲလေ"

ရှောင်မေက မေးတယ်။

"အဲဒါ ခေါင်းလုပ်ဖို့လား"

လင်းသျှန်ဖူက ခေါင်းညိတ်ပြီးတော့ တစ်ဆက်တည်းမှာ ထက်မြက်တဲ့ ရှောင်မေ့ကို လေးလေးနက်နက် တစ်ချက်ကြည့်လိုက်တယ်။ ရှောင်မေက ကြမ်းပြင် ပေါ် ဆောင့်ကြောင့်ထိုင်နေတဲ့ လင်းသျှန်ဖူကို ကြည့်ရင်း စိတ်ကောင်းရှိတဲ့ ယောကျ်ား တစ်ယောက်ပါလားလို့ စိတ်ထဲ တွေးနေမိတယ်။ လင်းသျှန်ဖူက ထင်းရှူးသားကို လွှနဲ့ စ တိုက်တယ်။ လွှနဲ့ ဖြတ်ထားတဲ့ ထင်းရှူးသားအလျားအရှည်ကို ကြည့်ရင်း သေသူက အရပ်အရှည်ကြီးပဲလားဟင်လို့ ရှောင်မေက လင်းသျှန်ဖူကို မေးလိုက်တယ်။ လင်းသျှန်ဖူ က ခေါင်းခါပြီး သေသူက အရပ်မရှည်ပါဘူး၊ ခေါင်းရဲ့ အတိုင်းအတာက ပုံသေ သတ်မှတ် ထားတာမို့လို့ပါလို့ပြောပြတယ်။သူက ရှေးစကားတစ်ခွန်းကိုပါ ထည့်ပြောလိုက်တယ်။

"ဇမ္ဗူတစ်လွှားက ခေါင်းအားလုံး အလျားအရှည်ခုနစ်ပေသုံး"

ထျန်ညီအစ်ကိုတွေလည်း ဖခင်ရဲ့ရုပ်အလောင်းကို သေချာ နေရာချထားပြီး တော့ လင်းသျှန်ဖူကို လာကူကြတယ်။ ရှောင်မေကတော့ နေ့လယ်စာပြင်ဖို့ လက်သမား

mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်ရုံထဲက ထွက်သွားတယ်။ ဒီအချိန်မှာ လင်းသျှန်ဖူက ရွှေပေါ်ထိုးပြီးလို့ စရွေး ပေါက်ထွင်း စရွေးတံဖော်နေပြီ။ ထျန့်ညီအစ်ကိုတွေလည်း လင်းသျှန်ဖူကို စရွေးဆက် ပုံသွင်းရာမှာ ကူလုပ်ပေးကြတယ်။ တပ်ဆင်စစ်ဆေး ပြင်ဆင်ရာမှာလည်း ကူညီပေး ကြပြန်တယ်။ ကော်ဖတ်စားတဲ့ အလုပ်ကိုတော့ ထျန့်ညီအစ်ကိုတွေက လင်းသျှန်ဖူကို ပေးမလုပ်ဘဲ သူတို့ညီအစ်ကိုတွေပဲ လုပ်လိုက်ကြတယ်။ သူတို့က ထိုင်ခုံတစ်လုံး သွားယူလာပြီး လင်းသျှန်ဖူကို ထိုင်နားစေကာ သူတို့ကို ဘေးကနေပဲ ညွှန်ကြားစေခဲ့ တယ်။

ထျန့်ညီအစ်ကိုတွေက ခေါင်းကို ကော်ဖတ်စားရင်း သခင်လေးရဲ့ လက်သမား ပညာသိပ်တော်တာပဲ၊ သံတစ်ချောင်းမှ မသုံးဘဲ တစ်ရက်တည်းနဲ့ ခေါင်းတစ်လုံး ပြီးအောင် လုပ်နိုင်တယ်၊ ဒီနယ်တစ်ခွင်မှာ သူလိုလူမျိုး နောက်တစ်ယောက် ရှာမတွေ့ နိုင်ဘူးလို့ ချီးကျူးကြတယ်။

လင်းသျှန်ဖူက ဒီနယ်တစ်ခွင်က လက်သမားတိုင်း ခေါင်းလုပ်တတ်တယ်လို့ ပြောတယ်။ သူ့လက်ဦးဆရာက မယားမှန်ရင် ဖိနပ်ချုပ်တတ်ရမယ်၊ လက်သမားမှန်ရင် ခေါင်းလုပ်တတ်ရမယ်လို့ ပြောဖူးတယ်ဆိုပဲ။ သူတို့ညီအစ်ကိုငါးယောက် ကူညီလို့သာ ခေါင်းတစ်လုံးကို တစ်ရက်တည်းနဲ့ အပြီးလုပ်နိုင်တာ၊ ခေါင်းက အရွယ်လည်းကြီး၊ အချိန်လည်း စီးတာမို့ တစ်ယောက်တည်း လုပ်ရင် သိပ်ကိုပင်ပန်းမှာ၊ သူတစ်ယောက် တည်းသာ လုပ်ရမယ် ဆိုရင် တစ်ရက်မပြောနဲ့၊ သုံးလေးငါးရက်တောင် လုပ်လို့ပြီး နိုင်မှာ မဟုတ်ဘူးလို့လည်း လင်းသျှန်ဖူက ပြောသေးတယ်။

ညနေစောင်းခါနီးကျတော့ ထျန့်ညီအစ်ကိုတွေက ခေါင်းကို နောက်ဖေးပေါက် ကနေ သယ်ထုတ်သွားကြတယ်။ လင်းသျှန်ဖူလည်း ရှောင်မေ ရက်လုပ်ထားတဲ့ ပိတ်ဖြူစ ကို ယူပြီး နောက်က လိုက်သွားတယ်။ ထျန့်မိသားစုရဲ့ မပြိုသေးတဲ့ တဲအိမ် တစ်လုံးထဲမှာ ထျန့်ညီအစ်ကိုတွေကရေချိုးသန့်စင်ပြီးသန့်ရှင်းတဲ့အဝတ်အစားတွေ လဲဝတ်ပေးထား တဲ့ ဖခင်ကို ခေါင်းထဲထည့်၊ လင်းသျှန်ဖူ လက်ထဲက အသစ်စက်စက် ပိတ်ဖြူစကို လက်ခံ ယူပြီးဖခင်ကိုယ်ပေါ်ခြုံပေးပြီးတော့ ခေါင်းဖုံးကို ပိတ်လိုက်တယ်။ ထျန့်ညီအစ်ကိုတွေနဲ့ မိသားစုဝင်တွေက လင်းသျှန်ဖူကို အရိုအသေပေးကြတယ်။ ထျန့်တက "သခင်လေး"လို့ တစ်ခွန်းခေါ်ပြီးတော့ ဆို့နင့်လာလို့ ဆက်မပြောနိုင်တော့ဘူး။ လင်းသျှန်ဖူလည်း မျက်ရည် ဝဲလာပြီ။ သူက သူတို့ကို ပြောလိုက်တယ်။

"တရားနဲ့ ဖြေပါ"

အဲဒီနေ့က ကြေကွဲဖွယ် နေ့တစ်နေ့ ဖြစ်တယ်။ ငိုသံတွေ၊ သက်ပြင်းချသံတွေ ဆက်တိုက်မပြတ် ကြားနေရတဲ့အပြင် ဆောင်းလေအေးကလည်း တစ်ချက်တစ်ချက် တဟူးဟူး တိုက်လိုက်သေးတယ်။ လင်းသျှန်ဖူနဲ့ ရှောင်မေ ဟာ အဲဒီကြေကွဲဖွယ်အသံ

mgyoe.com

mgyoe.com SAMPLE BOOK
ရဲ့ လွမ်းမိုးမှုကို ခံနေရသလို ညတုန်းက ရှောင်တခင် ဖြစ်စဉ်ကြောင့်လည်း မွန်ထူ စိတ်ရှုပ်နေတာကြောင့် နှစ်ယောက်စလုံး နှုတ်ဆိတ် အသံတိတ်နေကြတယ်။ ရှောင်မေရဲ့ ရက်ကန်းခတ်သံ မြည်လာတယ်။ လင်းသျှန်ဖူကတော့ အဲဒီနေရာမှာပဲ ငူငူကြီး ထိုင်နေတယ်။ နောက်တော့ လင်းသျှန်ဖူက မိမိအခန်းထဲ ထပြန်လာပြီး မီးလှုံခုတင်ပေါ်မှာ လှဲနေလိုက်တယ်။ ရှောင်မေရဲ့ ရက်ကန်းခတ်သံကတော့ မြည်နေဆဲပဲ။ အဲဒါက သူ့ရဲ့ တတွတ်တွတ် စကားသံလိုပါပဲ။ တစ်အောင့်နေတော့ မြည်သံ တန့်ခနဲ ရပ်သွားတယ်။ ရှောင်မေ မတ်တတ်ထစဉ် ခွေးခြေရွှေ့တဲ့ အသံကို လင်းသျှန်ဖူ ကြားလိုက်ရတယ်။ ရှောင်မေရဲ့ ခြေသံဟာ ပါးလွှာတဲ့ ရေခဲပြင်ပေါ် ဖြတ်လျှောက်နေရသလို သတိကြီးကြီး ရှိစွာနဲ့ အခန်းထဲက ထွက်လာပြီး တခြားအခန်းဆီကို ကူးသွားတယ်။

အဲဒီညက လင်းသျှန်ဖူ ရတက်မအေး ပူပန်နေမိတယ်။ ခေါင်မိုးပေါ်က မိုးသီး ကျလို့ ပေါက်သွားတဲ့ အပေါက်ကနေ ရေလုံးသဖွယ် ဝင်းလက်ကြည်လင်တဲ့ လရောင် တွေ စီးဆင်းလာနေတယ်။ ဝမ်းနည်းနေတဲ့ ကျေးရွာဟာ ညအမှောင်ထဲမှာ ငြိမ်ကျ သွားတယ်။ လေတိုက်သံတွေသာ တံစက်မြိတ်ကို ပွတ်တိုက်လျက် ညကောင်းကင်ထဲမှာ ပျံ့ဝဲနေကြတယ်။ အဲဒီ တဟူးဟူးနဲ့ ဝေးလွင့်သွားတဲ့ အသံဟာ ကြိမ်တို့သံပမာ ဖြစ်နေလို့ လင်းသျှန်ဖူလည်း ရှောင်မေ့ အခန်းဆီကို ထလာမိတယ်။ သူက ရေလုံးသဖွယ် လရောင် အောက်က ဖြတ်သွားချိန်မှာ ခေါင်းမော့ကြည့်လိုက်တော့ ခေါင်မိုးက အပေါက်မှာ နက်ရှိုင်းတဲ့ အမှောင်တစ်ပြင် ရှိနေတာကို တွေ့လိုက်ရတယ်။ ဆောင်းလေမျှင်မျှင်က သူ့ကို တိုက်ခတ်လာနေတယ်။ သူက အခန်းထဲက ထွက်လာပြီး တခြားအခန်းတစ်ခု ဆီကူးပြီးတော့ ရှောင်မေ့ မီးလှုံခုတင်ရှေ့ ရောက်လာတယ်။ စောင်ခြုံထဲမှာ ဘေးတစောင်း နဲ့ တုတ်တုတ်မလှုပ် ကွေးကွေးကလေး အိပ်နေတဲ့ ရှောင်မေ့ကို လရောင်အားကိုးနဲ့ မြင်လိုက်ရတယ်။ လင်းသျှန်ဖူ ခဏလောက် တုံ့ဆိုင်းနေပြီးမှ ရှောင်မေ့ဘေးမှာ တိတ်တိတ်ကလေး ဝင်လှဲလိုက်တယ်။ ရှောင်မေရဲ့ ညင်သာတဲ့ အသက်ရှူသံကို နားထောင်ရင်း ရှောင်မေ့ကိုယ်ပေါ်က စောင်ကို သူ့ဘက် နည်းနည်းချင်း ဆွဲယူပြီးတော့ ကိုယ်မှာ ခြုံလိုက်တယ်။ အဲဒီအချိန်မှာ ရှောင်မေက ဒီဘက်လှည့်လာပြီး သူ့ကိုယ် ပေါ်ကို ငါးတစ်ကောင်ပမာ ကူးခပ်လာတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

(၆)

မိုးသီးကြွေပြီးနောက် လူတွေက ပြိုကျသွားတဲ့ တဲအိမ်တွေကို ပြန်လည် ထူထောင်ကြတယ်၊ ပြတင်း တံခါးတွေကို ပြန်လည် မွမ်းမံကြတယ်။ ပြီးတဲ့နောက်မှာ အင်္ကျီကော်လာထောင်ကာ လည်ပင်းလျှို၀င်၊ လက်နှစ်ဖက်စလုံး အင်္ကျီလက်၀ထဲ ၀ှက်ထားပြီး အေးခဲနီရဲနေတဲ့ နှာခေါင်းကို ထောင်ကာ မျက်နှာပေါ်က ပပ်ကြားအက်တွေနဲ့ အမူအရာ ပိုင်းခြားစေဖို့ ပါးစပ်ကနေ အပူငွေ့မှုတ်ပြီးတော့ ခါတိုင်းနှစ်တွေထက် ပိုအေးတဲ့ ဆောင်းတွင်းကို စတင် ဖြတ်သန်းလာကြတော့တယ်။

လင်းသျှန်ဖူအဖို့တော့ ဒီလိုဆောင်းတွင်းဟာ ဖြတ်သန်းဖို့ မခက်ခဲလှပါဘူး။ ရေခဲတမျှ ချမ်းစိမ့်တဲ့ နေ့တာကို ဖြတ်ကျော်လာပြီးရင် ပူလောင်တဲ့ ညတာ ရောက်လာမှာမို့လို့ပဲ။ ရှောင်မေနဲ့ တစ်အိပ်ရာတည်း အတူအိပ်ရင်း ရှောင်မေ့ကိုယ်က အဆက်မပြတ်သော အပူဓာတ်ကို စုပ်ယူခြင်းဖြင့် လင်းသျှန်ဖူကတော့ နွေးထွေးသော နွေဦးရာသီမှာ ဖူးပွင့်တဲ့ ပန်းပေါင်းစုံအလယ်မှာ အိပ်စက်နေရသလိုပါပဲ။

တည်ငြိမ်အေးချမ်းတဲ့ ဘ၀က ရှောင်မေရဲ့ ချောင်ကျနေတဲ့ မျက်နှာကလေးကို တဖြည်းဖြည်းနဲ့ ပြည့်၀န်းလာစေခဲ့တယ်။ လင်းသျှန်ဖူလည်း ၀ဖြိုးစပြုလာပြီ။ “ငါးနှင့်ရေ၏ သာယာမှု” ပမာ ချစ်တင်းနှီးနှောရခြင်းက သူ့အတွက် ထူးဆန်း၍ စွဲလမ်းဖွယ်ရာ ဖြစ်နေခဲ့တယ်။ ညရောက်ပြီ ဆိုတာနဲ့ သူက မအောင့်နိုင်ဘဲ ရှောင်မေကို ပြောတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ခုတင်ပေါ် တက်"

အဲဒီအခါ ရှောင်မေက တစ်ချက် ပြုံးတယ်။ ရက်ကန်းစင်ပေါ်က ကြိုးစတွေကို သိမ်းဆည်းပြီးတော့ ထောင်ထောင်မောင်းမောင်း လင်းသျှန်ဖူ နောက်ကနေ အတွင်းခန်းထဲ လိုက်ဝင်သွားတယ်။

ဒီလိုနဲ့ နောက်တစ်နှစ်ရဲ့ နှစ်လပိုင်းထဲကို ရောက်လာခဲ့တယ်။ ရှောင်မေရဲ့ မျက်ဝန်းထဲမှာဝေဝါးတဲ့အမူအရာပြန်လည်ထွက်ပေါ်လာခဲ့တယ်။ ဒီတစ်ကြိမ်မှာတော့ သူက အိမ်တံခါးဝက ကျောက်ဆုံအရွယ်လောက် ရှိတဲ့ မိုးသီးရှေ့မှာ ရပ်ကာ အဝေးကို ငေးမျှော်ကြည့်နေတယ်။ သူ့ခမျာ အစ်ကိုဖြစ်သူကို လွမ်းနေရှာတာ နေမှာပါ အထင်နဲ့ လင်းသျှန်ဖူက သူ့ကို နှစ်သိမ့်တယ်။ စိတ်မပူပါနဲ့၊ အားချန်တစ်ယောက် ခုချိန်လောက်ဆို ရွှေမြို့တော်က ထွက်ခွာပြီး ဒီကို လာနေလောက်ပါပြီလို့ သူ့ကို ပြောတယ်။ လင်းသျှန်ဖူက မိုးသီးကို ညွှန်ပြကာ ရှောင်မေကို ဒီမိုးသီးကြီး အရည်ပျော်မသွားခင် အားချန် ဒီတံခါးဝမှာ ထွက်ပေါ်လာမှာပါလို့ ပြောလိုက်တယ်။

လင်းသျှန်ဖူ ပြောပြီးတော့ ရှောင်မေက ခေါင်းငုံ့ကာ "အားချန် ရောက်လာရင်လည်း ကျွန်မ သူနဲ့ ရွှေမြို့တော်ကို လိုက်မသွားနိုင်တော့ပါဘူး"လို့ ခပ်တိုးတိုး ပြောလိုက်တယ်။

ရှောင်မေ့ စကားကြောင့် လင်းသျှန်ဖူလည်း စိတ်မထိန်းနိုင်တော့ဘဲ သူ့အကျီ လက်ကို ဆွဲကာရွာအရှေ့ပိုင်းက သင်္ချိုင်းကုန်းကို ခေါ်လာခဲ့တယ်။ မီးခိုးရောင်ဖျော့ဖျော့ သင်္ချိုင်းဂူကမ္ပည်းတိုင် နှစ်ခုရှေ့မှာ လင်းသျှန်ဖူက ရှောင်မေ့ကို သူနဲ့အတူ ဒူးထောက်ခိုင်းလိုက်တယ်။

အဲဒါ လေငြိမ်ပြီး သာယာတဲ့ မွန်းလွဲပိုင်းဖြစ်လို့ နေရောင်ခြည်အောက်မှာ ယာတောတစ်ခွင် အရောင်တဖိတ်ဖိတ် တောက်နေတယ်။ အနားသတ်မဲ့စွာ ဖြူဆွတ်ဆွတ် ရှုခင်းကို ရှောင်မေ မြင်ရတယ်။ အရွက်မရှိတော့တဲ့ မျောက်ဆိပ်ပင် တချို့က ကိုင်းကျိုးတွေ ဆန့်တန်းလျက် ရှိတယ်။ အဲဒီကြားထဲမှာ တဲအိမ်တချို့ကိုလည်း ကြိုးကြားကြိုးကြား တွေ့ရသေးတယ်။ အဲဒါ တောင်ပိုင်းဇာတိနဲ့ လုံးဝမတူတဲ့ ရှုခင်းပဲ။ အနားက လင်းသျှန်ဖူက အဖေရေ၊ အမေရေ တဖွဖွ ခေါ်နေတယ်။ ရှောင်မေ ခေါင်းငုံ့နေလိုက်တယ်။ လင်းသျှန်ဖူရဲ့ အသံက ငိုနေသလိုလို၊ ရယ်နေသလိုလို။ သူက ကရားရေလွှတ် တတွတ်တွတ် ပြောနေတယ်။

"အဖေရေ… အမေရေ… ကျုပ် ရှောင်မေ့ကို ခေါ်လာခဲ့ပြီ၊ အဖေတို့ အမေတို့ တစ်ချက်ထကြည့်ကြပါဦး၊ သူ့ကို ကျုပ် မယားအဖြစ် လက်ထပ်ယူတော့မယ်၊ အဖေတို့ အမေတို့ သဘောတူပေးပါနော်။ ရှောင်မေဟာ ဘဝပေးကုသိုလ်ကံ မကောင်းရှာသူ

mgyoe.com

mgyoe.com SAMPLE BOOK
တစ်ယောက်ပါ။ သူ့မိဘတွေက ဆုံးသွားရှာပြီ၊ အစ်ကိုတစ်ယောက်ပဲ ရှိတယ်၊ အဲဒီအစ်ကိုကလည်း ရွှေမြို့တော်ကို တက်သွားတာ အကြာကြီးရှိပြီ၊ ခုထက်ထိ သူ့ကို ပြန်လာမခေါ်သေးဘူး၊ အခု သူ ကျုပ်မိန်းမ ဖြစ်သွားပြီ၊ ကျုပ် သူ့ကို လက်ထပ်ယူမယ်၊ အဖေတို့ အမေတို့ သဘောတူပေးပါနော်။ အမေရေ၊ ရှောင်မေက အမေ့လိုပဲ ရက်ကန်း ရက်တတ်တယ်ဗျ၊ သူ ရက်တဲ့ ပိတ်စက အမေ ရက်တဲ့ ပိတ်စလိုပဲ ကျစ်ကျစ်လျစ်လျစ် ရှိတယ်ဗျ... ”

mgyoe.com

mgyoe.com SAMPLE BOOK

(၇)

သုံးရက်ကြာပြီးနောက် မနက်ခင်းမှာ ရွာထဲက မိန်းမတွေ လင်းသျှန်ဖူ အိမ်ကို ရောက်လာကြတယ်။ သူတို့က အနီရောင်ဂွမ်းကပ်အင်္ကျီနဲ့ အနီရောင်စက္ကူတွေ ယူလာကြတယ်။ ရှောင်မေ့ကိုယ်က ပွင့်ရိုက်ထည် ဂွမ်းကပ်အင်္ကျီကို ချွတ်ခိုင်းပြီး အနီရောင် ဂွမ်းကပ်အင်္ကျီ လဲဝတ်စေတယ်။ အနီရောင် စက္ကူတွေနဲ့ "စွမ်းသျှီ"လို့ခေါ်တဲ့ မင်္ဂလာစုံတွဲ စာလုံးပုံတွေ ညှပ်ကြတယ်။ ရွာထဲက ယောကျ်ားတွေလည်း ဝက်တစ်ကောင်နဲ့ ဆိတ်နှစ်ကောင် ဆွဲလာကြတယ်။ တံခါးဝမှာ ဝက်ပေါင်ကြ၊ ဆိတ်ပေါင်ကြရင်း ကျောက်ဆုံသဖွယ် မိုးသီးကြီးပေါ်ကို ဝက်သွေးတွေ၊ ဆိတ်သွေးတွေ စဉ်ကုန်လို့ ကျစ်လျစ် မာကျောတဲ့ မိုးသီးကြီးလည်း အရည်နည်းနည်း ပျော်လာတယ်။ မိုးသီးပေါ်မှာ စီးကျတဲ့ သွေးတွေဟာ တဖြည်းဖြည်း အရောင်ဖျော့လာတယ်။

ရွာသားတစ်ယောက်က နက်ပြာရောင် ချန်ဆန်းဝတ်ရုံ ဝတ်လာတယ်။ နွေဦးတို့၊ ဆောင်းဦးတို့မှာပဲ ဝတ်လေ့ရှိတဲ့ ချန်ဆန်းကို ဒီလို ချမ်းအေးလှတဲ့ ဆောင်းတွင်းကြီးမှာ ဝတ်လာတော့ အအေးဒဏ်ကြောင့် မျက်နှာ အရောင်တောင် ပြာနှမ်းနေပြီ။ ရောက်လာတဲ့ ရွာသားတွေထဲမှာ သူတစ်ယောက်တည်း ချန်ဆန်းဝတ်ရုံ ဝတ်လာတာကြောင့် ကျန်တဲ့ ရွာသားတွေ အားလုံး သူ့ကို ဝိုင်းကြည့်ကြကာ အဲဒီ အစွန်းအထင်းရှိတဲ့ ချန်ဆန်းဝတ်ရုံကို ခေါင်းဆုံး ခြေဆုံး အကဲဖြတ်နေကြတယ်။ ဒီလောက်တင့်တယ်တဲ့ ချန်ဆန်း ဝတ်ရုံကို ဘယ်ကနေ ရလာခဲ့တာလဲလို့ ဝိုင်းမေးကြတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK
အဲဒီရွာသားလည်း အားရ ဝမ်းသာ ပြောပြတာပေါ့။ မြို့ကို ပြောင်းဖူးနှစ်အိတ်ထမ်းပြီး သွားရောင်းတာ ပြောင်းဖူးအိတ်ဝက်ပဲ ကျန်တဲ့အချိန်မှာ ငါးဆယ်ကျော် လူကြီး တစ်ယောက် ရောက်လာတယ်၊ လမ်းလျှောက်တာလည်း ကတိမ်းကယိုင်နဲ့ ဗိုက်ဆာလွန်းလို့ မခံနိုင်တော့လို့ပါ ဆိုပြီး အဲဒီ ချန်ဆန်းဝတ်ရုံနဲ့ သူ့ရဲ့ ပြောင်းဖူး အိတ်ဝက်ကို လဲယူသွားခဲ့တယ်တဲ့။ ပြီးတော့ အဲဒီရွာသားက တစ်ခွန်း ထပ်ဖြည့်ပြောလိုက်သေးတယ်။ အဲဒီလူကြီး နဖူးမှာ ဒဏ်ရာအမာရွတ်နဲ့၊ ခေါင်းခုတ် ခံရဖူးတယ် ထင်တယ်တဲ့။

အဲဒီနေ့ မနက်ပိုင်းမှာ ရွာထဲက မိန်းမတွေက အိမ်ထဲမှာ စာကလေးတွေလို တကျည်ကျည် ဖြစ်နေပြီး ယောကျ်ားတွေကတော့ အိမ်ပြင်မှာ ကျွဲနွားတိရစ္ဆာန်တွေလို အော်မြည်လို့မပြီးတော့ဘူး။ အဲဒီမိန်းမတွေ၊ ယောကျ်ားတွေကို ရှောင်မေ ငြိမ်ငြိမ်ကလေး ကြည့်နေစဉ်မှာ လင်းသျှန်ဖူက အနားရောက်လာပြီး နင် ဒီနေ့ ဘာအလုပ်မှ မလုပ်နဲ့တော့၊ ဒီနေ့ နင်က သတို့သမီးလို့ ပြောလိုက်တယ်။ ပြောပြီးတာနဲ့ လင်းသျှန်ဖူက ထျန်ညီအစ်ကိုတွေကို ခေါ်ပြီး မြို့မှာ အရက်သွားဝယ်တယ်။

တစ်ယောက်က "မြည်းဆွဲသွားပါလား၊ မြည်းနဲ့ ပစ္စည်းလေး ဘာလေး တင်လာလို့ ရတာပေါ့"လို့ ပြောတယ်။

လင်းသျှန်ဖူက ခေါင်းခါပြီး "ဒီလို ရာသီကြီးမှာ မြည်းကို ခိုင်းလို့ မဖြစ်ဘူး၊ မြည်းနာသွားလိမ့်မယ်"လို့ ပြောတယ်။

သူတို့ ခြောက်ယောက် တန်းစီလိုက်တယ်။ အားလုံး လည်ပင်း လျှိုကာ လက်နှစ်ဖက်စလုံး အင်္ကျီလက်ဝထဲ ထိုးထားကြတယ်။ သူတို့က ရွာထဲက လမ်းကလေး အတိုင်း ထွက်သွားကြပြီး မိုးကြိုးပစ်လို့ မီးကျွမ်းထားတဲ့ မျောက်ဆိပ်ပင်နားမှာ မြို့ဆီသွားတဲ့ လမ်းမကြီးပေါ်ကို ချိုးကွေ့တက်သွားကြတယ်။

မွန်းလွဲချိန်မှာ ကျက်ပြီဖြစ်တဲ့ ဝက်သားတွေ၊ ဆိတ်သားတွေကို စားပွဲပေါ်မှာ စီထားလိုက်ကြတယ်။ "စွမ်းသျှီ" စာလုံးတွေကို တံခါးတွေ၊ ပြတင်းတွေမှာ ကပ်ထားလိုက်ကြတယ်။ မိန်းမတွေက ကျည်ကျည်ကျာကျာ ဖြစ်နေဆဲ။ ယောကျ်ားတွေလည်း အပြင်မှာ အော်ဟစ်သံမစဲ။ သူတို့က ပြောနေကြတယ်။ အရက်ခွက်တွေကို စားပွဲပေါ်မှာ အလျားလိုက် စီထားပြီးပြီ၊ စီထားတာမှ အတန်းတွေ အများကြီးပဲ၊ ဒါပေမဲ့ သူ့မေတဲ့မှ အရက်သွားဝယ်တဲ့ ကောင်တွေ ခုထက်ထိ ပြန်မလာသေးဘူး။ သူတို့က ပြောသေးတယ်။ ဒီနဲ့ မြို့နဲ့ဆိုတာလည်း ဆယ်လီကျော်ခရီးပဲ ရှိတဲ့ဟာ၊ လိပ်တောင်မှ ခုလောက်ရှိ တွားသွားပြီး ပြန်လာပြီ၊ ဒါပေမဲ့ သူ့မေတဲ့မှ အရက်သွားဝယ်တဲ့ကောင်က ခုထက်ထိ ပြန်မလာသေးဘူး။ မိန်းမတွေက အိမ်ထဲမှာ ပြောနေကြတယ်။ အရက် သွားဝယ်တဲ့ ဟာတွေ ပြန်မလာသေးလည်း ထားတော့၊ သတို့သားပါ ပြန်မလာသေးဘူး၊ သတို့သား ပြန်မလာသေးတာကို သတို့သမီးကလည်း စိတ်မပူဘူး ဆရာ။

ရှောင်မေက တစ်ချက်ပြုံးပြီး "ပြန်လာမှာပါ"လို့ ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ညနေစောင်းအချိန်လောက်မှ လင်းသျှန်ဖူတို့လူစု လမ်းမကြီးထက် ပေါ်လာကြတယ်။ ခြောက်ယောက်သား လုံးလုံးထွေးထွေး သိုင်းကွက်နင်းပြီး ပြန်လာပုံဟာ ဆွတ်ဆွတ်ဖြူ အရောင်ထဲ လှိုင်းလူးနေတဲ့ ဆိတ်သားရေ ဗောခံဖောင် တစ်စီး ကျနေတာပဲ။ မီးကျွမ်းထားတဲ့ မျောက်ဆိပ်ပင်နားမှာ ရွာထဲလာတဲ့ လမ်းကလေးပေါ် ချိုးကွေ့လာပြီးနောက်မှာတော့ သူတို့က ဆိတ်သားရေဗောခံဖောင် မဟုတ်တော့ဘဲ တစ်တန်းတည်း လျှောက်လာကြတယ်။ ခန္ဓာကိုယ်တွေက ယိုင်တိယိုင်တိုင်၊ ပါးစပ်ကလည်း အော်လား ဟစ်လား၊ တဟားဟားနဲ့ ရယ်လို့ကို မတိတ်နိုင်ကြဘူး။

အဲဒီ အမူးသမား ခြောက်ယောက် တံခါးဝရောက်လာတော့ လက်ထဲမှာ အရက်ပုလင်းလွတ်နှစ်လုံး ကိုယ်စီဆွဲလာကြတယ်။ လင်းသျှန်ဖူက ယိုင်တိုင်တိုင်၊ ပါးစပ်ကလည်း အရက်နံ့တွေ လှိုင်နေလျက် သူတို့ကို စောင့်နေတဲ့ လူတွေကို အရက်ပုလင်းလွတ် ထောင်ပြပြီး အော်ပြောလိုက်တယ်။

"အရက်လာပြီ၊ အရက်လာပြီ"

သူက တံခါးဝနားကို ဒယိမ်းဒယိုင် လျှောက်လာပြီး တံခါးပေါင်ကို လက်နဲ့ လှမ်းစမ်းကြည့်ကာ တံခါးမှန်း သေချာတယ် ဆိုတော့မှ ဟဲဟဲ ရယ်ပြီး ဝင်လာခဲ့တယ်။ သူက အရက်ပုလင်းလွတ်ကို စားပွဲပေါ် တင်လိုက်ပြီး အိမ်ထဲက လူတွေကို ပြောလိုက်တယ်။

"သောက်ပါ၊ သောက်ပါ၊ အရက်သောက်ပါ"

ပါးစပ်ထဲ သွားရည်ငုံကာ အကြာကြီး စောင့်နေခဲ့ကြတဲ့ ယောက်ျားတွေလည်း စားပွဲပေါ်က အရက်ပုလင်းလွတ်ကို ကြည့်ရင်း "ချီးပဲ သောက်ရမှာလား၊ သူတို့ လမ်းမှာ အကုန်သောက်ပစ်လိုက်ပြီ"လို့ ပြောကြတယ်။

လင်းသျှန်ဖူရဲ့ မင်္ဂလာပွဲဟာ အမူးသမားခြောက်ယောက်ရဲ့ အိပ်မောကျ ဟောက်သံတွေနဲ့ ငတ်ကြီးကျတစ်သိုက်ရဲ့ ပါးဖြဲနားဖြဲ မျိုဆို့သံတွေကြားမှာ ကျင်းပ ဖြစ်ခဲ့တယ်။ ရှောင်မေက ဘေးမှာ တစ်ယောက်တည်း ငြိမ်ငြိမ်ကလေး ထိုင်နေခဲ့တယ်။ အတွင်းခန်းက မီးလုံ့ခုတင်ထက်မှာ လဲနေတဲ့ လင်းသျှန်ဖူကို ထိုင်ကြည့်နေခဲ့တာ။ လင်းသျှန်ဖူ ဆံပင်တွေက ကောက်ရိုးဆုပ်ပမာ ပွထလို့နေတယ်။ ဧည့်ခန်းထဲမှာ လူတွေ ပြည့်ကျပ်နေတယ်။ ဝင်းထဲမှာလည်း လူတွေ မနည်းဘူး။ အဲဒီ ဆာလောင်မှုဒဏ်ကို ကောင်းကောင်းကြီး ခံလိုက်ရတဲ့ လူတွေ အားလုံး ပါးစုန့်ကြီးတွေ ဖောင်းကားနေအောင် ဝါးနေကြတာ။ သူတို့ ခေါင်းငုံ့ပြီး ဝါးနေတဲ့ ပုံစံကို မြင်ရတော့ ရှောင်မေလည်း ဝေးရပ်ဆီက တောင်ပိုင်းကို သတိရလာတယ်။ တစ်ခုသော နွေနေ့ရဲ့ ညနေစောင်းအချိန်မှာ လူတစ်ယောက်က စပါးတစ်ဆုပ်ကို မြေကြီးပေါ် ကြဲလိုက်တာ ကြက်ဘဲတစ်အုပ် တောင်ပံဖြန့်ကာ ခုန်ပျံ ဝိုင်းအုံသွားကြတယ်။ ဆက်လက်ပြီး ဖြစ်ပေါ်လာတဲ့ မြင်ကွင်းကတော့

mgyoe.com

mgyoe.com SAMPLE BOOK
ခုလက်ရှိ တိုးကြိတ်ဝါးမျို နေတဲ့ လူအုပ်ကြီးအတိုင်းပါပဲ။

လင်းသျှန်ဖူဟာ အိပ်မောကျရာကနေ မိမိရဲ့မင်္ဂလာဆောင်ကို ဖြတ်သန်းလာခဲ့တယ်။ နိုးလာချိန်မှာ လူခြေတိတ်လို့ ညဥ့်နက်နေပြီ။ သူ ခေါင်းကိုက်လာတယ်။ တအုံအုံမြည်လာတဲ့အထိကို ကိုက်တာ။ ရေနံဆီမီးအိမ်ရဲ့ ခုန်ဆွခုန်ဆွ မီးရောင်ထဲမှာ လင်းသျှန်ဖူဟာ နံရံထက်က တုတ်တုတ် မလှုပ်ဘဲ မတ်မတ်ထိုင်နေတဲ့ ရှောင်မေရဲ့ နောက်ကျောအရိပ်ကို မြင်လိုက်ရတယ်။ သူ အသံပြုလိုက်လို့ ရှောင်မေ ဒီဘက်လှည့်လာတော့မှ ရှောင်မေဟာ သူ့အနားမှာပဲ ထိုင်နေတာမှန်း သူ သိလိုက်ရတယ်။

သူ မူးနေစဉ်က ပုံစံအမျိုးမျိုးကို ရှောင်မေက သူ့အပေါ်ကနေ ငုံ့ပြီး ပြောပြတယ်။ ရှောင်မေ့ပါးစပ်ထဲက အငွေ့အသက်တွေ သူ့မျက်နှာပေါ် ကျရောက်လာတယ်။ အဲဒီ မနက်လေတမျှ သန့်ရှင်းတဲ့ အရောင်အနံ့မဲ့ အငွေ့အသက်တွေ သူ့မျက်နှာပေါ် ရှပ်တိုက်သွားစဉ်မှာ စကားလုံးနဲ့ ဖော်ပြဖို့ ခက်တဲ့ ပေ့ါပါးနူးညံ့မှုတစ်မျိုး ရှိနေခဲ့တယ်။

ပြီးတဲ့နောက်မှာ ရှောင်မေက မတ်တတ်ထလာပြီး သူ့အတွက် ချင်းပြုတ်ရည် ပြုတ်ထားတယ်လို့ ပြောတယ်။ အရက်သောက်ပြီးရင် ခေါင်းကိုက်တတ်တယ်၊ ချင်းပြုတ်ရည် တစ်ခွက် သောက်လိုက်ရင် နည်းနည်းသက်သာ သွားလိမ့်မယ်လို့ ပြောရင်း သွားယူပေးဖို့ လုပ်တယ်။ ရှောင်မေ ချင်းပြုတ်ရည် ယူလာချိန်မှာ အသားဟင်း တစ်ဇလုံလည်း ယူလာခဲ့တယ်။ အဲဒီဟင်းကို တိတ်တိတ်ကလေး ဖွက်ထားခဲ့တာလို့လည်း ပြောတယ်။ ဒီလောက်များတဲ့ ငတ်ကြီးကျတွေကို တွေ့မတွေ့ဖူးပါဘူးလို့ ရှောင်မေက ပြောပြီး လက်နှစ်ဖက်စလုံး ဖြန့်ပြပြီးတော့ ဝေါဝေါဝေါ ဆိုတာနဲ့ စားပွဲပေါ်က အသားတွေ အကုန်ပြောင်သွားတာပဲလို့ ပြောပြတယ်။

"အဲဒါ ဝက်တစ်ကောင်နဲ့ ဆိတ်နှစ်ကောင်နော်"လို့ ရှောင်မေ က နှမြောစွာ ပြောတယ်။

အဲဒီညမှာ လင်းသျှန်ဖူကို ရှောင်မေက မိမိရဲ့အဝတ်ထုပ် ဖြေပြတယ်။ အဝတ်အစားတွေကို ဖယ်ပြီးတော့ အပြာရောင် ပွင့်ရိုက်ထည် ခေါင်းစည်း ပဝါသုံးထည် ထုတ်လိုက်တယ်။ ရှောင်မေက မိမိမှာ ဘာမှ မရှိဘူး၊ ဒီ ခေါင်းစည်း ပဝါသုံးထည်ပဲ ရှိတယ်၊ အဲဒါ သူ့ရဲ့ တစ်ခုတည်းသော ဝါသနာ ဖြစ်ပါတယ်လို့ ပြောပြတယ်။ ရှောင်မေက အပြာရောင် ပွင့်ရိုက်ထည် ခေါင်းစည်းပဝါသုံးထည်ကို မီးလှုံခုတင်ပေါ်မှာ ဖြန့်ပြလိုက်တယ်။ "ဇာမဏီ နှင့် ပျိုနီ" ဟာကို လင်းသျှန်ဖူ မြင်ဖူးတယ်။ ကျန်တဲ့ နှစ်ထည်ကိုတော့ မမြင်ဖူးသေးဘူး။ ရှောင်မေက "မေဟွားကိုင်းဖျား ငှက်ကျားနား"အဆင်နဲ့ တစ်ထည်ကို ညွှန်ပြပြီး အဲဒါ "မျက်ခုံးထက်က ပီတိအပြုံး" ဆိုတဲ့ အနက်ကို ဆောင်ကြောင်း လင်းသျှန်ဖူကို ပြောပြတယ်။ နောက်တစ်ထည်ရဲ့ အဆင်က မင်္ဂလာရှိတဲ့ နိမိတ်ကို ဆောင်တဲ့ "ခြသေ့်နှင့် ပိုးထည်ပန်းလုံး"။
mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မ ပါလာတဲ့ ခန်းဝင်ပစ္စည်းက ဒါအကုန်ပဲ"လို့ ရှောင်မေက လင်းသျှန်ဖူကို ပြောတယ်။

အဲဒီညမှာပဲ လင်းသျှန်ဖူက အတွင်းခန်းနံရံထက်က အုတ်တစ်ချပ်ကို ဖယ်ပြီး နံရံအကန့်ထဲကနေ သစ်သားဘူး တစ်ဘူး ယူထုတ်လာခဲ့တယ်။ သူက ဝါကြွင့်ကြွင့် စက္ကူနှစ်ရွက်ကို ဖြန့်ပြတယ်။ တစ်ရွက်က အိမ်ပိုင်ဆိုင်မှု လက်မှတ်၊ နောက်တစ်ရွက်က မြေပိုင်ဆိုင်မှု လက်မှတ်။ သူက မြေပိုင်ဆိုင်မှု လက်မှတ်ကို ညွှန်ပြကာ အဲဒီထဲမှာ လယ်ယာမြေ လေးရာခုနစ်ဆယ့်ခြောက်မူ ရှိတယ်လို့ ရှောင်မေကို ပြောပြတယ်။ ပြီးတဲ့နောက်မှာ သူက သစ်သားဘူးထဲကနေ လေးလေးပင်ပင် ရှိတဲ့ အနီရောင် အဝတ်ထုပ်တစ်ထုပ်ကို ထုတ်ပြပြန်တယ်။ အထုပ် ဖြေလိုက်တဲ့အခါ ရွှေချောင်းအကြီး ဆယ့်ခုနစ်ချောင်းနဲ့ ရွှေချောင်းအသေး သုံးချောင်းကို ရှောင်မေ တွေ့လိုက်ရတယ်။ အကြီးကို ငါးသင်ဝါကြီး[၉] လို့ခေါ်ပြီး အသေးကို ငါးသင်ဝါလေး[၁၀] လို့ ခေါ်တယ်၊ ငါးသင် ဝါလေး ဆယ်ချောင်းရှိမှ ငါးသင်ဝါကြီး တစ်ချောင်းနဲ့ လဲလို့ရတယ်လို့ လင်းသျှန်ဖူက ပြောပြတယ်။

လင်းသျှန်ဖူက ရွှေချောင်းတွေကို တစ်ချောင်းချင်းစီ စီနေချိန်မှာ အတိတ် ကြောင်းတွေ ခေါင်းထဲ ကြွတက်လာတော့တယ်။ သူက ရှောင်မေကို ပြောပြတယ်။ အဲဒီရွှေချောင်းတွေဟာ သူ့ဘိုးအေတွေ လက်ထက်ကတည်းက စတင် စုဆောင်းလာခဲ့ တာ။ သူ့ရဲ့ ရှားရှားပါးပါး ကလေးဘဝ မှတ်မိတာတွေထဲမှာ အဖေဟာ မြက် ဖိနပ်စီးကာ မြို့ကနေ ဖုန်အလိမ်းလိမ်း ပေကျံလျက် အိမ်ပြန်လာတဲ့ ပုံစံကို စွဲထင်မိနေသေးတယ်။ အဖေ သေပြီးနောက်မှာတော့ အမေက ဖုန်အလိမ်းလိမ်း ဖြစ်လာရတာပေါ့။ နှစ်စဉ် ဂျုံရိတ်သိမ်းပြီးချိန် ဆိုရင် ထျန်တက မြည်းဆွဲပြီး အမေက မြည်းပေါ်တက် စီးကာ မြို့က ကျွဲပုဂ်ဘဏ်တိုက်ဆီ သွားတတ်တယ်။ ဒီအကြောင်းကို ပြန်စဉ်းစားမိတိုင်း သူ့မှာ တစ်ချက် တစ်ချက် ရင်နင့်လာတယ်။ အမေက တံခါးခုံမှာ မြက်ဖိနပ် ထိုင်စီး ပြီးတော့ ထျန်တနဲ့အတူ လမ်းကလေးအတိုင်း လျှောက်သွားပြီး လမ်းမကြီးပေါ် ရောက်တော့မှ မြည်းပေါ် တက်စီး တယ်။ မနက်ခင်းရဲ့ အလင်းရောင် တဖြည်းဖြည်း ဝေးလွင့်သွားပြီး မွန်းလွဲ ညနေရောက် တော့မှ ထျန်တနဲ့အတူ အိမ်ပြန် ရောက်လာတယ်။ အမေက ပြန်လာတိုင်း သူ့အတွက် ထန်ဟူလူ[၁၁] တစ်ချောင်း ပါလာတတ်တယ်။ အဲဒီတုန်းက အိမ်က မြည်းဟာ ငယ်ထိပ်မှာ ပန်းဖွားနီ တပ်ထားပြီး လည်ပင်းမှာ ချူကလေး ဆွဲထားတယ်။ မြည်းသွားတဲ့အခါ ပန်းဖွားနီ

---

၉။ တရုတ်အလေးချိန် ၁၀ လျန် (၃၁၂.၅ ဂရမ်) ရှိသော ရွှေချောင်း။

၁၀။ တရုတ်အလေးချိန် ၁ လျန် (၃၁.၂၅ ဂရမ်) ရှိသော ရွှေချောင်း။

၁၁။ ဟောသွန်းသီး စသည်ကို သကာရည်လူး၍ တုတ်ထိုးထားသော စားဖွယ်။

mgyoe.com

mgyoe.com SAMPLE BOOK
တလွင့်လွင့်နဲ့ ချူသံတချွင်ချွင် မြည်လို့နေတယ်။ အမေ အိပ်ရာထဲ လဲသွားတဲ့နှစ်က ဂျုံရိတ်သိမ်းပြီးတဲ့ အချိန်မှာ သူက အမေ့ရဲ့ ဖုန်အလိမ်းလိမ်း ဖြစ်မှုကို ဆက်ခံကာ မြို့တက်သွားခဲ့တယ်။ မွန်းလွဲ ညနေ သူ အိမ်ပြန်ရောက်တော့ အမေ ဆုံးသွားပြီ၊ အမေက မျက်လုံးပွင့်လျက်သားနဲ့ ဆုံးသွားရှာတာ။

လင်းသျှန်ဖူ သက်ပြင်းတစ်ချက် ချတယ်။ လူတစ်ယောက်ရဲ့ နောက်ဆုံးအချိန်မှာ ဘေးမှာ သားတွေ၊ မြေးတွေ ရှိနေသင့်တာ၊ လူတစ်ယောက် လျော့နေရင် လတစ်ခြမ်းပဲ့နေတဲ့ အတိုင်းပဲ၊ သေသူဟာလည်း မျက်စိမမှိတ်နိုင်တော့ဘူးလို့ ပြောပြတယ်။ အမေ သေတုန်းက ဘေးမှာ လူတစ်ယောက်မှ မရှိတော့ အဲဒီအဖြစ်ဟာ တိမ်ဖုံးနေတဲ့ လလိုပဲလို့ လင်းသျှန်ဖူက ပြောတယ်။

အတိတ်ကြောင်းတွေဟာ ဆောင်းတွင်းရဲ့ ရှည်လျားတဲ့ ညတာမှာ ဆက်တိုက်ပြန်ပေါ်လာခဲ့တယ်။ အရက်မူးပြီးနောက် ခေါင်းကိုက်ခြင်းက အတိတ်ကြောင်းကို လင်းသျှန်ဖူရဲ့ ခေါင်းထဲမှာ ပေါင်းမြက်တွေပမာ ပေါက်လာစေတော့တယ်။ အိပ်ပျော်သွားမှပဲ သူလည်း ငြိမ်းချမ်းခြင်းသို့ ရောက်ရှိတော့တယ်။

❦

mgyoe.com

mgyoe.com SAMPLE BOOK

(၈)

နှစ်လပိုင်းမှာ လင်းသျှန်ဖူက နေ့တိုင်း ထျန်တနဲ့ ဂျုံခင်းတွေ သွားစစ်တယ်။ အဲဒီနေ့က သူ ယာထဲက ပြန်လာတော့ ရှောင်မေတစ်ယောက် တံခါးဝမှာ မျက်နှာအမူအရာ ဝေဝါးစွာ ရပ်နေတာကို တွေ့လိုက်ရတယ်။ ရှောင်မေက မကြာခင် နွေဦးပေါက်တော့မယ်၊ သူ့ အစ်ကိုလည်း ခုထိ မလာသေးပါလားလို့ ပြောရှာတယ်။

လင်းသျှန်ဖူလည်း နေရာမှာ အတန်ကြာအောင် ငူငူကြီး ရပ်နေမိတယ်။ သူက ရှောင်မေ့အစ်ကိုကို လုံးလုံးမေ့သွားပြီ။ အဲဒီ နက်ပြာရောင် ချန်ဆန်းလုလင်ဟာ မနှစ် ဆောင်းကူးရာသီရဲ့ တစ်ခုသော အရုဏ်တက်မှာ ထွက်ခွာသွားပြီးနောက်ပိုင်း ရှုံ့နွားရုပ် ပင်လယ်ထဲ ကျသွားသလို သတင်းအစအန မကြားရတော့ဘူး။

ရှောင်မေက လင်းသျှန်ဖူကို သူ့အစ်ကိုအတွက် ဖုရားထံတော်မှာ အမွှေးတိုင် ပူဇော်ပြီး ဆုတောင်းပေးချင်လို့ ဒီအရပ်မှာ ဘုရားကျောင်း ရှိသလားလို့ မေးတယ်။

လင်းသျှန်ဖူက ဟိုဘက်လှည့်ပြီး အနောက်ဘက်က တောက်ပတဲ့ ညနေ ဆည်းဆာရောင်ကို လက်ညှိုးညွှန်ပြတယ်။ အနောက်ဘက်ကို ဆယ့်ငါးလီလောက် သွားလို့ရှိရင် ကွမ်တိဗိမာန်တစ်ခု တွေ့လိမ့်မယ်လို့ ပြောလိုက်တယ်။

အဲဒီညက ရှောင်မေလည်း အဝတ်ထုပ်တစ်ထုပ်ကို မီးလှုံခုတင်ပေါ်မှာ တင်ထား လိုက်တယ်။ ပြီးတော့ ရေနီဆီမီးအိမ်ကို ငြိမ်းပြီး စောင်ခြုံထဲ တိုးဝင်လိုက်တယ်။ သူက

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းအုံးကို လင်းသျှန်ဖူ လက်မောင်းပေါ် တင်ပြီး လေသံကလေးနဲ့ ပြောတယ်။

"စားစရာတွေ မီးဖိုအုတ်ခုံပေါ်မှာ အကုန် တင်ထားတယ်၊ အဝတ်အစားတွေလည်း အကုန်လုံး အဝတ်ဗီရိုထဲမှာပဲ၊ ဘယ်ဘက်ခြမ်းက ဖာရာနဲ့ ဟာတွေက ရှင် လယ်ယာမြေထဲ ဆင်းတဲ့အခါ ဝတ်ဖို့၊ ညာဘက်ခြမ်းက ဖာရာ မရှိတဲ့ဟာတွေက ရှင် မြို့တက်တဲ့အခါ ဝတ်ဖို့၊ ကျွန်မ ဒီရက်ပိုင်းမှာ အဝတ်အစားသစ် တစ်စုံနဲ့ ပိတ်ဖိနပ်သစ် နှစ်ရန်လည်း ချုပ်ထားသေးတယ်၊ အဝတ်ဗီရိုထဲမှာပဲ"

ကြားပြီးနောက်မှာ လင်းသျှန်ဖူက "မင်းက တစ်ရက်ပဲ သွားမဲ့ဟာ၊ ခြောက်လ တစ်နှစ်လောက် ကြာမှာလည်း မဟုတ်"လို့ ပြောလိုက်တယ်။

ရှောင်မေ ထပ်မပြောတော့ဘူး။ လင်းသျှန်ဖူလည်း ဟောက်သံတွေ ထွက်လာတယ်။ အဲဒါ နှစ်လပိုင်းရဲ့ နောက်ဆုံးည။ လရောင်က ပြတင်းပေါက်ကတစ်ဆင့် တိုးဝင်ပြီး မီးလှုံခုတင်ရှေ့က ကြမ်းပြင်ပေါ် ဖြာကျနေတယ်။ ပြတင်းပေါက်ကနေ တိုးဝင်လာတဲ့ လေပြည်ကလေးတွေထဲမှာ နှင်းကြွင်း နှင်းကျန်ရဲ့ စွတ်စိုတဲ့ အငွေ့အသက်တို့ ပါလာတယ်။

ရှောင်နီပျိုးချိန်မှာ လင်းသျှန်ဖူ နိုးလာတော့ ရှောင်မေ ထွက်သွားပြီ။ လယ်ယာမြေထဲက ကျွဲ နွား တိရစ္ဆာန်တွေရဲ့ အော်သံကျယ်တွေ လွင့်ပျံလာတယ်။ သစ်ကိုင်းတွေ လှုပ်ခါတဲ့ အသံနဲ့ လူတွေရဲ့ အော်ဟစ်သံတွေလည်း ကြားရတယ်။ လင်းသျှန်ဖူ အပြင်ခန်းကို ထွက်လာတယ်။ ရက်ကန်းစင်ကို ပိတ်ဟောင်းတစ်ထည်နဲ့ အုပ်ထားတာ မြင်လိုက်ရတော့ ရှောင်မေတစ်ယောက် တယ်လည်း စေ့စပ်တာကိုးလို့ စိတ်က တွေးမိတယ်၊ တစ်ရက်ကလေး ခရီးသွားတာနဲ့ ရက်ကန်းစင်ကိုပိတ်နဲ့ဖုံးထား ရသေးတယ်လို့၊ မီးဖိုချောင်ထဲ ရောက်လာတော့ မီးဖိုအုတ်ခုံပေါ်မှာ စားစရာတွေ အပြည့်တင်ထားတာကို တွေ့ရတယ်။ သူ လဝက်လောက် ကောင်းကောင်းကြီး စားလို့ လုံလောက်တယ်။ ရှောင်မေက မသွားခင်မှာ အိမ်တွင်း၊ အိမ်ပြင် အကုန်လုံး သပ်သပ်ရပ်ရပ် စီစဉ်ထားခဲ့လို့ လင်းသျှန်ဖူ စိတ်တိုင်းကျ ကျေနပ်မိနေတယ်။ သူက မနက်စာ စားပြီးတော့ လယ်ယာမြေကို သွားစစ်ဆေးတယ်။

အပြင်ထွက်လာတဲ့အခါ ထျန်စီနဲ့ တွေ့တော့ ထျန်စီက ရှောင်မေ မိုးမလင်းခင်ကတည်းက ရွာထိပ် လမ်းမကြီးပေါ် တက်သွားတာ မြင်လိုက်တယ်လို့ လင်းသျှန်ဖူကို ပြောပြတယ်။ နောက်ကျောမှာ အဝတ်ထုပ်တစ်ထုပ် ကျောပိုးကာ လက်ထဲမှာလည်း အဝတ်ထုပ်တစ်ထုပ် လက်ပွေ့ထားတာကြောင့် ကြည့်ရတာ အမေ့အိမ် ပြန်မလို့ ထင်တယ်လို့ ပြောတယ်။ လင်းသျှန်ဖူက ဘယ်က အမေ့အိမ်ပြန်ရမှာလဲ၊ ရှောင်မေက

mgyoe.com

mgyoe.com SAMPLE BOOK
ကွမ်တိဗိမာန်မှာ အမွေးတိုင် သွားပူဇော်မလို့ လို့ ပြောလိုက်တယ်။ ထျန်စီလည်း အံ့အားသင့်သွားပြီး ကွမ်တိဗိမာန်က အနောက်ဘက်မှာလေ၊ သူက ဘာလို့ တောင်ဘက်ကို သွားရတာလဲလို့ ပြောတယ်။ ဒီစကားကို ကြားပြီးနောက် လင်းသျှန်ဖူလည်း ရှောင်မေ တစ်ယောက် လမ်းများမှားသွားပြီလား ဆိုပြီး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။

အဲဒီနေ့က နေဝင် မိုးချုပ်တဲ့အထိ ရှောင်မေ ပြန်မလာဘူး။ နောက်ထပ် နှစ်ရက်ကြာတဲ့အထိလည်း ရှောင်မေ ပြန်မလာသေးဘူး။

ရှောင်မေ ထွက်သွားပြီး ပြန်မလာတော့ဘူး။ အဝတ်ဗီရိုထဲမှာ ရှောင်မေ့ အဝတ်အစားတွေ မရှိတော့တာ လင်းသျှန်ဖူ တွေ့ရတယ်၊ မီးလုံ့ခုတင်အောက်က ရှောင်မေ့ ပိတ်ဖိနပ်လည်း မရှိတော့ဘူး။ ရှောင်မေရဲ့ ခြေညှပ်ခုံဖိနပ်နဲ့ "ဇာမဏီနှင့် ပျိုနီ" ခေါင်းစည်း ပဝါလည်း မရှိတော့ဘူး။ ခြေညှပ်ခုံဖိနပ်ရယ် "ဇာမဏီနှင့် ပျိုနီ" ခေါင်းစည်း ပဝါရယ်က ရှောင်မေနဲ့အတူ ပါလာခဲ့တဲ့ တောင်ပိုင်း အငွေ့အသက်တွေ။ ခုတော့ အဲဒါတွေကို ရှောင်မေက မိမိနဲ့အတူပြန်ယူသွားလေပြီ။ ရှောင်မေက "မေဟွားကိုင်းဖျား ငှက်ကျားနား" နဲ့ "ခြသေ့်နှင့် ပိုးထည်ပန်းလုံး" ခေါင်းစည်းပဝါတို့ကိုပဲ ထားရစ်ခဲ့တယ်။ အဝတ်ဗီရိုထဲ လင်းသျှန်ဖူရဲ့ အဝတ်အစားတွေပေါ် တင်ထားခဲ့တဲ့ အဲဒီ ခေါင်းစည်းပဝါ နှစ်ထည်ထဲမှာ "တောင်နန်းဖြတ်ပျံ အသံချုန်" ခဲ့သလို ရှောင်မေရဲ့ အပြုံးရယ်သံတို့ ကျန်ရစ်ခဲ့လေတယ်။

လင်းသျှန်ဖူလည်း အဲဒီနောက်ပိုင်း ရက်တွေမှာ စိတ်ဂနာမငြိမ်တော့ဘူး။ သူ့ရဲ့ အိပ်စက်ခြင်းဟာ လွင့်မျောနေတဲ့ အရာလို ဖြစ်လာခဲ့တယ်။ ကြက်တွန်သံ၊ ခွေးဟောင်သံ၊ လေတိုက်သံ၊ မြက်လှုပ်သံတို့ကအစ သူ့ကို အိပ်စက်ခြင်းကနေ လန့်နိုးလာစေနိုင်စွမ်းတယ်။ အဝေးက ရုံဖန်ရုံခါ ထွက်ပေါ်လာတတ်တဲ့ ခြေသံတွေ ဆိုရင် သူ့ကို ရင်တုန်ပန်းတုန် ဖြစ်လာစေတော့တာပဲ။

ရှောင်မေ တစ်ယောက် အနောက်အရပ်က ကွမ်တိဗိမာန်ဆီကို သွားတာ မဟုတ်ဘဲ တောင်အရပ်ကို ထွက်သွားတာမှန်း သူ သိတယ်။ ရှောင်မေ သူ့ကို ထားရစ်ခဲ့ပြီလို့ သိလိုက်မိပေမဲ့ ဘာကြောင့် ထားရစ်ခဲ့ရမှန်းကိုတော့ သူ မသိဘူး။ လင်းသျှန်ဖူ ရင်ထဲ ယောင်တိယောင်တောင် ဖြစ်သွားတယ်။ ဆောင်းတွင်း ယာတောပမာ အထီးကျန် ဆန်လာတယ်။ အဝတ်ထုပ် လက်ပွေ့ကာ ရှောင်မေတစ်ယောက် သူ့ရှေ့ ပြန်ပေါ်လာသလို သူက ရီးတိုးရိပ်တိပ် မြင်ယောင်လာမိပြန်တယ်။ ဒီလိုအတွေးမျိုးဟာ နေ့စဉ် နေထွက်ပြီး နေဝင်သလို ရောက်လာပြီး ပြန်ထွက်သွား၊ ထွက်သွားပြီး ပြန်ရောက်လာနဲ့ ဖြစ်နေခဲ့တယ်။
mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလိုနဲ့ ဖြစ်လာခဲ့တာ တစ်နေ့သောအခါကျမှပဲ လင်းသျှန်ဖူလည်း ရှောင်မေ ပြန်မလာတော့ဘူး ဆိုတာကို လက်ခံယုံကြည်လာခဲ့တယ်။ အဲဒီ ညက လင်းသျှန်ဖူက ရှောင်မေ မီးဖိုအုတ်ခုံပေါ်မှာ ထားခဲ့တဲ့ အစားအစာတွေကို ကုန်အောင် စားပစ်လိုက်ပြီး တော့ ရေနံဆီမီးအိမ်ကို ငြိမ်းပြီး မီးလှုံခုတင်ပေါ် တက်အိပ်တယ်။ ပြတင်းပေါက် အပြင်က ဝင်လာတဲ့ လရောင်ကြောင့် သူ တော်တော်နဲ့ အိပ်မပျော်နိုင်ခဲ့ဘူး။ ရှောင်မေ သွားခါနီးမှာ သူ့အတွက် ပြင်ပေးထားခဲ့တဲ့ လဝက်စာလောက် ရိက္ခာတွေ သူ အခု စားလို့ ကုန်သွားပြီ။ ရှောင်မေလည်း ပြန်လာလောက်တော့မှာပါလို့ သူ တွေးနေမိတယ်။ ရှောင်မေက ခရီးစဉ်ကို သေချာ တွက်ချက်ထားလောက်မယ်လို့ သူ အောက်မေ့မိတယ်။ ဒါကြောင့်မို့ သူ့အတွက် ရိက္ခာတွေ ဒီလောက် အများကြီး ပြင်ပေးထားခဲ့တာပေ့ါ။ ရင်ထဲမှာ မျှော်လင့်ခြင်း မီးတောက် တဟုန်းဟုန်း တောက်လောင်နေလို့ သူလည်း စိတ်လှုပ်ရှား တက်ကြွလာခဲ့တယ်။

အဲဒီအချိန်မှာပဲ ထူးဆန်းတဲ့ အတွေးတစ်ခု ကျရောက်လာတယ်။ သူက နံရံအကန့်ထဲက သစ်သားဘူးကို ရုတ်တရက် သတိရလာပြီး အဲဒီ သစ်သားဘူးကို ရှောင်မေ ထွက်သွားခြင်းဖြစ်စဉ်နဲ့ ဆက်စပ်တွေးလာမိတယ်။ ဟိုညက နံရံအကန့်ထဲ ကနေ သစ်သားဘူးကို ယူထုတ်ပြီး အဲဒီထဲက ရွှေချောင်းတွေရယ်၊ မြေပိုင်ဆိုင်မှု လက်မှတ် နဲ့ အိမ်ပိုင်ဆိုင်မှု လက်မှတ်တွေရယ်ကို ထုတ်ပြခဲ့တုန်းက ရှောင်မေ့ မျက်နှာပေါ်က အမူအရာဟာ ရေခဲသွားသလို သေသေကြီး ဖြစ်သွားတာ သူ ပြန်စဉ်းစားလာမိတယ်။ သူ ပြောပြတာကို ရှောင်မေ နားထောင်မနေဘူးလို့ ခံစားမိလို့ တစ်ချက် တွန်းလှုပ် လိုက်တော့ ရှောင်မေတောင် ဆတ်ခနဲ တစ်ချက် တုန်သွားခဲ့သေးတယ်။

သူလည်း မီးလှုံခုတင်ပေါ်က ခုန်ဆင်းလာပြီး ရေနံဆီမီးအိမ်ထွန်း၊ နံရံ အုတ်ကို ဖယ်ပြီးတော့ သစ်သားဘူးကို ယူထုတ်လိုက်တယ်။ ဖွင့်ကြည့်လိုက်ပြီး အထဲ မှာ ပိတ်နီအထုပ်လည်း ရှိသေးတယ်၊ မြေပိုင်ဆိုင်မှုလက်မှတ်နဲ့ အိမ်ပိုင်ဆိုင်မှု လက်မှတ် လည်း ရှိသေးတယ် ဆိုတာ တွေ့ရတော့မှ သူ စိတ်အေးသွားရတယ်။ ဒါပေမဲ့ ပိတ်နီ အထုပ်ကို ဆကြည့်တော့ ပေ့ါနေသလို ခံစားမိတာနဲ့ ကပျာကယာ အထုပ်ဖြေကြည့် လိုက်တာ ရွှေချောင်းအကြီး ဆယ့်ခုနစ်ချောင်းမှာ ဆယ်ချောင်းပဲ ကျန်တယ်၊ ရွှေချောင်း အသေး သုံးချောင်းမှာလည်း တစ်ချောင်း လျော့နေတယ်။ သူ ခေါင်းထဲ ပေါက်ကွဲမှု ဖြစ်သလို အုန်းခနဲ မြည်လာတယ်။ ရှောင်မေ တစ်ယောက် ထွက်သွားပြီး ပြန်မလာရ တော့တဲ့ အကြောင်းရင်းကို သူ သိလိုက်ရပြီလေ။

အဲဒီည ညဉ့်နက်သန်းခေါင်မှာ ရွာထဲက လူတွေ အတော်များများ အိပ်ပျော် နေရင်းကနေ ကြောက်စရာကောင်းတဲ့ အသံတစ်သံကို ကြားခဲ့ရတယ်။ အသံက စူးစူးဝါးဝါးဖြစ်လိုက်၊ လေးလေးတွဲ့တွဲ့ ဖြစ်လိုက်နဲ့ ညကောင်းကင်ယံမှာ မြည်ဟည်း

mgyoe.com

mgyoe.com
SAMPLE BOOK

လွင့်ပျံသွားလို့ အိပ်ရာက လန့်နိုးလာသူတွေ အားလုံး ကြက်သီးမွေးညင်း ထကုန်ကြတယ်။ နောက်တစ်နေ့ မနက်မှာတော့ ညက ရွာထဲမှာ သရဲခြောက်တယ် ဆိုပြီး ပြောလာကြတော့တယ်။

အဲဒါ လင်းသျှန်ဖူ အသံပဲ။ သူ့ဘိုးဘေးတွေ လက်ထက်ကတည်းက စုဆောင်းလာခဲ့တဲ့ ရွှေချောင်းတွေ တစ်ဝက်နီးပါးကို ရှောင်မေ သုတ်သွားပြီ ဆိုတာ သိလိုက်ရတော့ တစ်ကိုယ်လုံး တုန်ယင်လာပြီး တဟီးဟီး ထငို လာတော့တယ်။ သူ့ ငိုသံက ကလေးငိုသံ ထက်တောင် ပိုပြီး ရှည်တယ်။ ပြီးတဲ့နောက်မှာ အနိုင်ကျင့်ခံရတဲ့ ကလေးတစ်ယောက်လို အဖေ၊ အမေကို သွားရှာတော့တာပေါ့။ အေးစက်စက် လရောင်အောက်မှာ မိဘသင်္ချိုင်းဂူ ရှေ့ကို လမ်းလျှောက်သွားပြီး မြေကြီးပေါ် ဒူးထောက်ချလိုက်တယ်။ တစ်ချက် တစ်ချက်လည်း အကျယ်ကြီး အော်ပြောသလို တစ်ချက် တစ်ချက်လည်း ဆို့နင့်ပြီး စကားပြော မထွက်နိုင်ခဲ့ဘူး။ သူ အော်ပြောခဲ့တဲ့ စကားတွေက–

"အဖေ... အမေ... အဖေတို့ အမေတို့အပေါ် ကျုပ် တာဝန်မကျေခဲ့ဘူး၊ ဘိုးအေတွေအပေါ်လည်း ကျုပ် တာဝန်မကျေခဲ့ဘူး။ အဖေ... အမေ... ကျုပ်က အဖေတို့ အမေတို့ရဲ့ သားဆိုးသားမိုက်ပါ။ လင်းမျိုးရိုးရဲ့ စည်းစိမ်တွေကို ပြုတ်အောင်လုပ်ခဲ့တဲ့ သားဆိုးသားမိုက်ပါ။ အဖေ... အမေ... ကျုပ် မျက်စိကန်းတာပါ၊ ကျုပ် အလိမ်ခံလိုက်ရတာပါ။ ကျုပ် တော်း အေပါ၊ ကျုပ်တို့ အိမ်က စည်းစိမ်တွေ အခိုးခံလိုက်ရပြီဗျာ။ အဖေ... အမေ... ရှောင်မေဟာ မိန်းမကောင်း တစ်ယောက် မဟုတ်ဘူး ..."

mgyoe.com

mgyoe.com SAMPLE BOOK

(၉)

အဲဒီနောက်ပိုင်းမှာ လင်းသျှန်ဖူဟာ စကားနည်း နှုတ်ဆိတ်လာခဲ့တယ်။ မျက်နှာပေါ်က အပြုံးရိပ်တွေလည်း ပျောက်ကွယ်သွားတယ်။ သူက စိတ်သောကပွေလျက် အမြဲလိုလို ရွာထိပ်က လမ်းမကြီးကို ငူငူကြီး ငေးကြည့်နေတတ်တယ်။ သူက တစ်ခါတလေ ရှောင်မေ့ကို သတိရလာတတ်တယ်။ အားချန်လို့ ခေါ်တဲ့ ဟိုယောကျ်ားအကြောင်းကိုလည်း သတိရလာတတ်ပြီး သူတို့နှစ်ယောက် မောင်နှမ ဆိုတာကို သံသယ ဖြစ်လာတယ်။ သူ့ခေါင်းထဲမှာ ရှောင်မေ ရှိနေတဲ့ အချိန်တွေ တိုတောင်းသည်ထက် တိုတောင်းလာတယ်။ ရှောင်မေရဲ့ ချိုမြိန်တဲ့ အပြုံးဟာလည်း သူ့မှတ်ဉာဏ်ထဲမှာ ဆောင်းကူးရာသီ သစ်ရွက်တွေပမာ တဖြုတ်ဖြုတ် ကြွေကျနေပြီ။ ရှောင်မေရဲ့ ကြည်လင်သာယာတဲ့ အသံဟာလည်း လေနဲ့အတူ လွင့်ထွက်သွားနေပြီ။ သူ့မှတ်ဉာဏ်ထဲကနေ ရှောင်မေ ဝေးလွင့်သွားနေချိန်မှာပဲ ရှောင်မေ့အပေါ် ဖြစ်နေခဲ့တဲ့ သူ့ရဲ့ဒေါသစိတ်ဟာလည်း လွင့်ပြယ်သွားနေပြီ။

မိခင်ရှိစဉ်က အမြဲပြောတတ်တဲ့ စကားတစ်ခွန်းကို သူ ပြန်သတိရလာတယ်။ ဒီစကားကို မိခင် ပြောနေချိန်မှာ သူက လက်သမားအလုပ်ရုံထဲ ချွေးတလုံးလုံးနဲ့ ဖြစ်နေခဲ့တယ်။ တံခါးဝမှာ ထွက်ပေါ်လာတဲ့ မိခင်က သားမောင်တစ်ယောက် ဖအေလိုပဲ လက်သမားအလုပ်ကို ဝါသနာပါတာကို တွေ့ရတော့ စိတ်ထဲ တော်တော်ကလေး နှစ်သိမ့်ကြည်နူးမိတယ်။ သူက အသိအမှတ်ပြုတဲ့ လေသံနဲ့ ဒီစကားကို ပြောခဲ့တာ–

mgyoe.com

mgyoe.com SAMPLE BOOK

"ပစ္စည်းဥစ္စာ ဘယ်လောက်ပဲ ပိုင်ဆိုင်ထားပါစေ၊ အတတ်ပညာ တစ်ခု တတ်မြောက်ထားတာ ပိုသာပါတယ်"

စည်းစိမ်ထိခိုက်ပြီးနောက်ပိုင်း လင်းသျှန်ဖူလည်း ဒီစကားကို မကြာခဏ သတိလာရမိတယ်။ စည်းစားကြည့်လေလေ အဓိပ္ပာယ် ရှိလေလေပဲ။ စည်းစိမ်ဥစ္စာ ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝနေပါစေ၊ ပျက်စီး ဆုတ်ယုတ်မဲ့ တစ်နေ့တော့ ရှိလာမှာပဲ။ ရှေးတုန်းကနေ ယနေ့ထက်ထိ ဒီနယ်တစ်ခွင်မှာ ဒီလို သာဓကမျိုး ရှိခဲ့တာချည်းပဲ။ လောကကြီးမှာ ဒုက္ခတို့ သုခတို့က ခန့်မှန်းရခက်တယ်။ ပညာတစ်ခု တတ်ထားတော့ အဆိုးကြုံလာတဲ့အခါ ကောင်းအောင် ပြောင်းနိုင်တယ်လေ။ ပညာဆိုတာ ဘယ်တော့မှ ပျက်စီးဆုတ်ယုတ်တာမျိုး မရှိဘူးလေ။ လင်းသျှန်ဖူလည်း မိမိရဲ့လက်သမားပညာကို ဒီထက်မက တိုးတက်အောင် လုပ်သင့်တယ်၊ ဆရာတွေဆီမှာ ဆက်ပြီး ပညာသင်ယူရဦးမယ်လို့ အတွေးဝင်လာခဲ့တယ်။

ဆောင်းကုန်လို့ နွေဦးရောက်ပြီ။ အိမ်ရှေ့က မိုးသီးလည်း အရည်ပျော်စ ပြုလာပြီ။ သစ်ပင်တွေလည်း ရွက်နုတွေ ဝေလာပြီ။ ကမ္ဘာကြီးက တစ်ဖန်ပြန်၍ နိုးထစပြုလာပြီ၊ ငှက်ကလေးတွေရောက်လာပြီး လင်းသျှန်ဖူရဲ့အိမ်ခေါင်မိုးပေါ်မှာကျည်ကျည်ကျာကျာနဲ့ အော်မြည်သံမစဲ ဖြစ်လာခဲ့တယ်။ လင်းသျှန်ဖူလည်း ပန်းဖွားနီတလွင့်လွင့်၊ ချူသံတချွင့်ချွင့်နဲ့ မြည်းကို ဆွဲကာ ရွာထိပ်က လမ်းမထက်ကို တက်သွားခဲ့တယ်။

သူက အရပ်တကာလှည့်ကာ ဆရာတွေဆီမှာ တပည့်လိုက်ခံတယ်။ အားလုံးက ပညာတစ်ဖက်ကမ်းခပ်တဲ့ လက်သမားဆရာကြီးတွေချည်းပဲ။ သူ ပထမဆုံး တပည့် ခံခဲ့တဲ့ ဆရာကြီးက အိမ်နဲ့ ဆယ်လီကျော်လောက်မှာ နေထိုင်တဲ့ ချန်သေတ္တာ။ သေတ္တာတွေ၊ ဗီရိုတွေ လုပ်တဲ့ လက်သမား။ စားပွဲတို့၊ ထိုင်ခုံတို့လည်း လုပ်တတ်တယ်။ ဒီနယ်တစ်ခွင်က လက်သမားတွေထဲမှာ သူတစ်ယောက်ပဲ ရွှေမြို့တော်ကို ရောက်ဖူးတယ်။ သူက လောကအတွေ့အကြုံ စုံလင်နှံ့စပ်တယ်။ ရွှေမြို့တော်မှာတုန်းက ရှင်ဘုရင့် ထွက်တော်မူခန်းကိုတောင် တွေ့ခဲ့ ကြုံခဲ့ဖူးတယ်။ အဲဒါဟာ သူ့တစ်သက်မှာ အဖိုးအတန်ဆုံး အတွေ့အကြုံပဲ။ လင်းသျှန်ဖူကို မြင်မြင်ချင်း သူ ပထမဆုံး ပြောတဲ့ စကားက–

"ရှင်ဘုရင် ထွက်တော်မူတာ မင်း မြင်ဖူးသလား"တဲ့။

လင်းသျှန်ဖူ သူ့ကို တွေ့ရချိန်မှာ သူက သေတ္တာအဟောင်း တစ်လုံးကို ပြင်နေတယ်။ ဆေးတံသောက်ရင်း တစ်ဖက်၊ အလုပ်လုပ်ရင်း တစ်ဖက်ကနေ လင်းသျှန်ဖူကို ထွက်တော်မူကြီး အခမ်းအနားအကြောင်း ကရားရေလွှတ် တတွတ်တွတ် ပြောပြနေခဲ့တယ်။ သူက လင်းသျှန်ဖူကို ပြောပြတယ်။ အရင်ဦးဆုံး ထွက်လာတာက ရှင်ဘုရင် မဟုတ်ဘူး၊ ရှင်ဘုရင်ရဲ့ လက်သုံးတော်ဓား။ အဲဒါကို ဗြတိုက်အရာရှိက ပင့်ဆောင်

mgyoe.com

mgyoe.com SAMPLE BOOK
လာရတာ။ ဖြတိုက်အရာရှိက "လက်သုံးတော်ခါး ကြွချီတော်မူလာပြီ"လို့ အကျယ်ကြီး အော်ပြီးလို့ လက်သုံးတော်ခါး ထွက်လာပြီးတဲ့နောက်မှာမှ ရှင်ဘုရင်က ထွက်လာတာ။

ချန်သေတ္တာဟာ အသက်ငါးဆယ်ကျော်ပြီမို့ ဆံပင်တွေ ကွက်တိကွက်ကျား ဖြူနေပြီ။ သူက လင်းသျှန်ဖူကို ထွက်တော်မူကြီး အခမ်းအနား အကြောင်း ပြောပြရင်း တံတွေးတွေမပြတ် မျိုချနေခဲ့တယ်။ မသိရင် သူ ပြောပြနေတာ ရှင်ဘုရင် ထွက်တော်မူတဲ့အကြောင်း မဟုတ်ဘဲ စားတော်ခေါ်တဲ့ အကြောင်းများလားလို့တောင် အောက်မေ့ရတယ်။ ထွက်တော်မူကြီး အခမ်းအနားရဲ့ ကြီးကျယ်ခမ်းနားပုံဟာ ရှားပါးအဖိုးတန် စားကောင်းသောက်ဖွယ်တွေ ကျနေတာပါပဲ။ ရှင်ဘုရင်ရဲ့ ရှေ့ပြေးတပ်၊ နောက်ရံတပ် တပ်ဝင်း အခင်းအကျင်းတွေအကြောင်း ပြောပြနေပုံက "မန်ဟန့်ချွဲန်ယို"လို့ ခေါ်တဲ့ မန်ချူး-ဟန့် နန်းတွင်းဟင်းလျာ ပဒေသာပွဲတော်ကြီးထဲက ဟင်းပွဲနာမည်တွေကို တစ်ခုချင်း မိတ်ဆက်ပြနေသလိုပါပဲ။ ချန်သေတ္တာကြီးတစ်ယောက် ပြောရင်းနဲ့ စိတ်ကူးတွေ မြင်ယောင်ကာ သွားရည်တွေတောင် ယိုလာပါတယ်။

လင်းသျှန်ဖူဟာ ချန်သေတ္တာ ကရားရေလွှတ် တတွတ်တွတ် ပြောပြနေတာကို ပါးစပ်အဟောင်းသားကလေးနဲ့ နားထောင်နေခဲ့မိတယ်။ သူ မကြားဖူးတဲ့ အရာတွေ ပေကိုး။ သူ့ကို ပိုပြီး ပါးစပ်အဟောင်းသား ဖြစ်စေတာက ချန်သေတ္တာရဲ့ လက်သမား ပညာလက်ရာပဲ။ စကားပြောနေစဉ်မှာပဲ သေတ္တာအဟောင်း တစ်လုံးကို သေတ္တာအသစ်လို ဖြစ်လာအောင် ပြင်လို့ ပြီးသွားတယ်။ လင်းသျှန်ဖူရဲ့ ချီးကျူးစကားကို ကြားရတော့ ချန်သေတ္တာက ခပ်အေးအေးပဲ တစ်ချက်ပြုံးတယ်။ သူက လင်းသျှန်ဖူကို ပြောတယ်။

"တို့အလုပ်က အဝတ်ဗီရိုတွေ၊ သေတ္တာတွေ၊ စားပွဲ ထိုင်ခုံတွေ လုပ်တတ်ရုံ သာမက အထူးပညာလည်း တတ်ထားဖို့ လိုတယ်၊ အဲဒါကတော့ ပစ္စည်းဟောင်းတွေ ပြင်တတ်ရတဲ့ ပညာပဲ"

ချန်သေတ္တာက လင်းသျှန်ဖူကို ပြောပြတယ်၊ သူက သစ်ပျော့ထည် လက်သမား တစ်ယောက်သာ ဖြစ်တယ်။ သစ်သား လက်မှုပညာမှာ အဆင့်အမြင့်ဆုံးက သစ်မာထည် လက်သမားပဲ။ သစ်မာထည် ပစ္စည်းတွေချည်း သီးသန့်လုပ်တာ၊ သစ်ပျော့ထည် ပစ္စည်းတွေလည်း လုပ်လို့ ရတာပေ့ါ။ အဲဒီ သစ်မာထည် လက်သမား ဆိုတာ အဟောင်းတွေကို အသစ်လိုဖြစ်အောင် ပြင်တတ်ရုံသာမက အသစ်ကိုလည်း အဟောင်းလို ဖြစ်အောင် လုပ်တတ်ရသေးတယ်လို့ ပြောပြတယ်။ သစ်သားလက်မှုပညာထဲမှာ အဆင့်အနိမ့်ဆုံးက တိုင်းတစ်ပါး သစ်သားထည် လက်သမားပဲလို့ ချန်သေတ္တာက ပြောပြတယ်။ ရွှေမြို့တော်ကို တိုင်းတစ်ပါးသားတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာပြီးနောက်ပိုင်း ရွှေမြို့တော်မှာ ကိုယ်ကျင့်တရားတွေ နိမ့်ကျလာပြီး

mgyoe.com

mgyoe.com SAMPLE BOOK

တိုင်းတစ်ပါးသစ်သားထည်တွေခေတ်စားလာခဲ့တယ်။ သူတို့လိုပညာအဆင့်အတန်းမျိုး လက်သမားတွေ ဆိုတာလည်း လက်ချိုးရေလို့ ရနိုင်လောက်အောင် ရှားပါးတဲ့ ပုဂ္ဂိုလ်တွေပဲလေ။ နောက်ဆုံးတော့လည်း အလုပ်အပ်မဲ့သူ မရှိတော့လို့ ချွတ်ခြုံကျလာခဲ့ရတော့တယ်။ ပြောပြီးတော့ ချန်သေတ္တာ မျက်နှာမှာ မချိတင်ကဲ အပြုံးကြီးနဲ့ လောကဓံတရားက ခန့်မှန်းလို့မရဘူး ဆိုပြီး သက်ပြင်းချတယ်။ သူက ပြောတယ်။

"ရိုးရိုး သစ်သားထည်တွေတောင်မှ သံချောင်းကို သုံးချင်တိုင်း သုံးခွင့် မရှိဘူး၊ သစ်မာထည်တွေ ဆိုရင် သပ်ကိုတောင် မသုံးသလောက်ပဲ၊ ဟိုတိုင်းတစ်ပါး သစ်သားထည်တွေ ဆိုတာက အားလုံး သံရိုက်ပြီး လုပ်ထားတဲ့ ဟာတွေချည်းပဲ"

ပြီးတဲ့နောက်မှာ သူက တံခါးအပြင်ဘက်ကို လက်ညွှန်ပြပြီး "အနောက်တက်ကို လီနှစ်ဆယ်လောက် သွားလိုက်၊ ရှို့ကြွမ်းရွာကို ရောက်တဲ့အခါ အဲဒီမှာ ရှို့သစ်မာ ဆိုတဲ့ တစ်ယောက် ရှိတယ်။ အဲဒါ ငါ လေးစားရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ။ သူက သစ်မာထည် လုပ်တာ၊ လက်သမားလောကမှာ လုပ်စားလာခဲ့တဲ့ နှစ်လေးဆယ်သက်တမ်းတစ်လျှောက် သပ်ကို တစ်ခါမှ မသုံးဘူး။ သံကိုတော့လား၊ တစ်ချက်ကလေးတောင် လှည့်မကြည့်ဘူး"လို့ ပြောလိုက်တယ်။

ရှို့ကြွမ်းရွာက ရှို့သစ်မာဟာ လင်းသျှန်ဖူ တပည့်ခံတဲ့ ဒုတိယမြောက် ဆရာဖြစ်တယ်။ ချန်သေတ္တာနဲ့ မတူတဲ့ အချက်က အသက်ခြောက်ဆယ်ကျော် ရှို့သစ်မာဟာ တိုင်းတစ်ပါးသစ်သားထည် လုပ်တာကို အဆင့်နိမ့်တဲ့ အလုပ်လို့ မယူဆဘူး၊ တိုင်းတစ်ပါး သစ်သားထည်တွေထဲမှာ ပျော့တဲ့အပိုင်းကလည်း ပညာသားပါတာပဲလို့ သူက ပြောတယ်၊ ဥပမာ ပျော့ကုလားထိုင် ဆိုရင် ဆိတ်သားရေ စွပ်တဲ့အခါ အတော်ကလေး ပညာသားပါတာ တဲ့။

ရှို့သစ်မာက သစ်သားလက်မှုပညာမှာ အမျိုးအစားပဲ ခွဲခြားတာ ရှိတယ်၊ အဆင့်အတန်း အနိမ့်၊ အမြင့် ဆိုပြီး ခွဲခြားမထားဘူးလို့ ပြောတယ်။ ဥပမာ–သစ်သားထည် အလုပ်ရုံ ဆိုပါစို့၊ သစ်သားထည် အလုပ်ရုံ အများစုက လက်သမားအလုပ် မလုပ်တတ်ဘူး၊ ဒါပေမဲ့ လုပ်ငန်းစဉ် အကြီး အသေးတွေရဲ့ အလုပ်နဲ့ ဈေးနှုန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ ခန့်မှန်းတတ်တယ်၊ ပုံစံ ရေးဆွဲတတ်သလို နမူနာလည်း ထုတ်လုပ်တတ်တယ်။ ဥပမာ လက်သမား ဆိုပါစို့၊ သူတို့အလုပ်က အိမ်ဆောက်တာကို အဓိကထားတာ၊ ရိုးရိုးသမျှသော ထုပ်တို့၊ တိုင်တို့ ဒိုင်းတို့ ထုပ်စီးလျှောက်တို့ တံခါးပြတင်းကွက်တို့ ခန်းဆီးပြတင်းကွက်တို့ အားလုံး သူတို့လက်ရာတွေချည်းပဲ။ ဥပမာ–ပုံစံခွက်လုပ်သူ ဆိုပါစို့ မုန့်လုပ်တဲ့ ပုံစံခွက်တွေ လုပ်ရာမှာ ပုံစံလှဖို့ လိုရုံသာမက အတိမ်အနက်၊ အကြီးအသေး အားလုံး အချိုးအစားကျရဖို့လည်း လိုတယ်၊ ပုံစံတွေ အမျိုးမျိုး မတူပေမဲ့လည်း လုပ်လို့ရလာတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

မုန့်ရဲ့ ပမာဏက တစ်ထပ်တည်း ကျဖို့လိုတယ်။ ဥပမာ-ကနုတ်သမား ဆိုပါစို့၊ သစ်သားထည်တွေပေါ်က ကနုတ်လက်ရာက တခြားလူတွေ မလုပ်နိုင်ဘူး။ ဥပမာ အသုံးအဆောင် လုပ်သူ ဆိုပါစို့၊ ပန်းအိုးတင်ခုံတို့၊ မီးဖိုတင်ခုံတို့၊ ဇလုံစင်တို့က သူတို့ ကျွမ်းကျင်တဲ့ အပိုင်းပဲ၊ ပစ္စည်းနဲ့ လိုက်ဖက်အောင်ကို လုပ်တတ်ကြတာ၊ အဲဒီလက်မှု ပညာက စူးကျိုးတို့၊ ဟန်ကျိုးတို့ဘက်ကနေ ရောက်လာတာ။ ဥပမာ-ပန်းပွတ်သည် ဆိုပါစို့၊ သစ်သားပွတ်လုံးတွေကိုချည်း သီးသန့်လုပ်တာ၊ အတုတ် အသွယ် အရှည် အတို ဆိုတာလည်း အသစ်အဆန်းတွေ စုံလို့၊ ဥပမာ-လက်တင် အဝိုင်း ကုလားထိုင်လုပ်သူ ဆိုပါစို့၊ လတ်ဆတ်တဲ့ မိုးမခသားကို စိုထိုင်းဆ ရှိတုန်း ကွေးညွတ်ပြီးတော့ လက်တင် ကုလားထိုင် လုပ်တာ၊ ဒီအလုပ်က ပုဆိန်တစ်လက်ကိုပဲ အားကိုးတာ၊ လွှတို့ စရွေးတို့ ဆိုတာ အရန်ပစ္စည်းတွေပဲ၊ ပေကြိုးမလိုရုံတင်မက ပေတံတောင် မသုံးဘဲ လုပ်လို့ရတယ်။ ဥပမာ-စည်ပိုင်းပတ်သမား ဆိုပါစို့၊ သစ်သားစည်ပိုင်းတို့ ချေးပုံးတို့ ၊ခြေဆေး စည်ပိုင်း တို့ မျက်နှာသစ်စည်ပိုင်းတို့ အားလုံး သူတို့ပဲ လုပ်တာ။ ဥပမာ-အဝိုင်းကွပ်သမား ဆိုပါစို့၊ လှောင်ချိုင့်တို့၊ ဦးထုပ်ဘူးတို့၊ ပေါင်းချောင်တို့၊ အဝိုင်း ကွပ်တာအပြင် ကလေးပုခက် လှည်းလည်း လုပ်တတ်သေးတယ်၊ ဥပမာ-မန်ချူးဖိနပ်ခွာ လုပ်သူ ဆိုပါစို့၊ ရွှေမြို့တော်က မန်ချူးအမျိုးသမီးတွေ အားလုံး သစ်သားတုံး အောက်ခံခွာနဲ့ ဖိနပ်ကိုပဲ စီးကြတယ်၊ အထူဆုံး ဖိနပ်ခွာဆို ခြောက်လက်မ ခုနစ်လက်မလောက် ရှိတယ်၊ ဒါမျိုးက သာမန် လက်သမားတွေ မလုပ်တတ်ဘူး။ ဥပမာ-ဆတ္တာသည် အထမ်းခုံလုပ်သူ ဆိုပါစို့၊ အထမ်း နောက်ဘက်က ထိုင်ခုံက သာမန်လက်သမားတွေ လုပ်တတ်တယ်၊ အထမ်းရှေ့ဘက်က ပုံးအဝိုင်းကတော့ အဝိုင်းကွပ်သမားတွေမှ လုပ်တတ်တာ၊ သူတို့အလုပ်က အဲဒီ နှစ်မျိုးပေါင်းပဲ။ ဥပမာ-အိုးဖာသမား အထမ်းခုံလုပ်သူ ဆိုပါစို့၊ အပြင်ပန်း ကြည့်လိုက် ရင်တော့ သေတ္တာဗီရိုလုပ်သူတွေရဲ့ အလုပ်လို့ ထင်ရပေမဲ့ သူ့အထဲမှာက ဖားဖိုပါသေး တယ်လေ၊ ဒီဟာကို သူတို့ပဲ လုပ်တတ်တာ။ ဥပမာ-မုယ္ယို[၁၂] လုပ်သူ ဆိုပါစို့၊ ဘုရားစာ ရွတ်တဲ့ အခါ တီးခေါက်ရတဲ့ မုယ္ယိုဟာလည်း သီးခြား လက်မှုပညာတစ်မျိုးပဲ။ ဥပမာ-ဓာတ်သုံး လက်နက်လုပ်သူ ဆိုပါစို့၊ သူတို့က ဓာတ်ထဲ စစ်တိုက်တဲ့ အခန်းမှာ သုံးတဲ့ ဓားလှံလက်နက် အတုတွေ လုပ်တာ၊ ဒါဟာလည်း သစ်သားလက်မှုပညာထဲက လုပ်ငန်းကြီး တစ်ခုပဲ။ ဥပမာ-လှည်းကြီးလုပ်သူ ဆိုပါစို့၊ သူတို့က လှည်းကြီးတွေချည်း သီးသန့်လုပ်တာ။ ဥပမာ-ဗီရိုလှည်းလုပ်သူ ဆိုပါစို့၊ ဗီရိုလှည်း လုပ်သူက လှည်းကြီး လုပ်သူထက် အများ ကြီး ပိုအနုစိတ်ရတယ်၊ ပညာခန်းက လှည်းဘီးပဲ။ ဥပမာ-လှည်းလေးလုပ်သူ ဆိုပါစို့၊

---

[၁၂]။ ဘုရားစာရွတ်ရာတွင် တီးခေါက်သည့် အခေါင်းထွင်းထားသော သစ်သားတုံး။ တူရိယာအနေဖြင့်လည်း သုံးသည်။

mgyoe.com

mgyoe.com SAMPLE BOOK
အဲဒါက လက်ရန်းနှစ်ဖက်ပါတဲ့လက်တွန်းလှည်းတွေ သီးသန့်လုပ်တာ။ ဥပမာ–မြင်းလှည်း လုပ်သူ ဆိုပါစို့၊ အဲဒါက တိုင်းတစ်ပါးပုံစံ မြင်းရထားတွေ လုပ်တာ။ ဥပမာ–လန်ချားလုပ်သူ ဆိုပါစို့၊ လန်ချားတွေချည်း သီးသန့်လုပ်တာ။ ဥပမာ–ကုန်းနှီးလုပ်သူ ဆိုပါစို့၊ မြင်းကုန်းနှီးတို့၊ ထမ်းပိုးကုန်းနှီးတို့ချည်း သီးသန့်လုပ်တာ၊ မြည်းကုန်းနှီး၊ လားကုန်းနှီးတွေလည်း လုပ်ပါတယ်။ ဥပမာ–ဗီရိုဝေါလုပ်သူ ဆိုပါစို့၊ အဲဒါက ဗီရိုလှည်းလုပ်သူနဲ့ မတူဘူးနော်၊ သူတို့လုပ်တဲ့ဟာက လူထမ်းရတဲ့ ဗီရိုဝေါ၊ ဘီးမပါဘူး။ ဥပမာ–အဆောင်အယောင်ပစ္စည်း လုပ်သူ ဆိုပါစို့၊ တံခွန်၊ မောင်း၊ ထီး၊ ယပ်တွေက သူတို့ပဲ လုပ်တတ်တာ။ ဥပမာ–ခေါင်းတလားလုပ်သူ ဆိုပါစို့၊ အဲဒါလည်း သာမန်လက်သမားတွေ လုပ်နိုင်တဲ့အလုပ် မဟုတ်ဘူး၊ သစ်တုံးအကြမ်းထည်ကြီး တစ်ခုကနေ သစ်ကုန်ကြမ်းတွေ မနည်းကြီး လုပ်လို့ရတယ်၊ အဲဒီ အလုပ်ရဲ့ ပညာခန်းက သစ်အနားသားတွေကို သုံးပြီး ကုန်ကြမ်းလည်း သက်သာ လုပ်အားလည်း သက်သာ၊ အမြင်လည်းလှတဲ့ ခေါင်းတလား ဖြစ်အောင် လုပ်ရတာပဲ”

နောက်ဆုံးမှာ ရှို့သစ်မာက လင်းသျှန်ဖူကို ပြောတယ်။ “အမြင်အားဖြင့် လွယ်တယ်လို့ ထင်ရတဲ့ လွှသမားတို့၊ ထမ်းပိုး လုပ်သားတို့ပင် ဖြစ်စေကာမူ သူ့ဟာနဲ့သူ ကျွမ်းကျင်ရာ လိမ္မာကြတာချည်းပဲ။ လွှသမားပဲ ပြောကြပါစို့၊ အဲဒါ လွှကြီးနဲ့ ပျဉ်ပြားတွေချည်း သီးသန့်တိုက်ဖြတ်ရတာ၊ လွှသမားကောင်း တစ်ယောက်က သစ်သား ကုန်ကြမ်းကို အလဟဿ ဖြစ်အောင် မလုပ်ဘူး၊ လွှတိုက်ရာ စပ်ကြောင်းကလည်း အင်မတန်မှ စေ့တယ်။ ထမ်းပိုးလုပ်သားဆိုပါစို့၊ အသုဘတွေမှာ သုံးတဲ့ ထမ်းပိုးတွေဆိုတာ အမြင်အားဖြင့်တော့ သစ်သားတုတ်ရှည်တွေပဲပေါ့၊ ဒါပေမဲ့ လုပ်တတ်တဲ့လူလက်က ထွက်တဲ့ဟာမျိုး မဟုတ်ရင် အထမ်းသမားတွေ ပခုံးမခံနိုင်ဘူး၊ ဒီအလုပ်ဟာလည်း တကယ့်ဆရာဆီက ပညာအစစ်အမှန် သင်ယူတတ်မြောက်ထားမှ ဖြစ်တာ”

လင်းသျှန်ဖူဟာ ပညာကို ကြိုးစားသင်တယ်။ ရွာကလူတွေဆို အမြဲလိုလို မိုးလင်းခါနီးအချိန်မှာ ပဝါဖြူခေါင်းပတ်ထားတဲ့ လင်းသျှန်ဖူ တစ်ယောက် ပန်းဖွားနီ တလွင့်လွင့်နဲ့ မြည်းကို ဆွဲကာ လမ်းမကြီးပေါ် တက်သွားတာကို တွေ့ရတတ်တယ်။ ညဘက်မိုးချုပ် လင်းသျှန်ဖူ ပြန်လာတဲ့ အခါကျရင်လည်း မြည်းလည်ပင်းမှာ ဆွဲထားတဲ့ ချူသံတချွင်ချွင်ကို ရွာက လူတွေ အမြဲကြားရတတ်တယ်။ အဲဒီလို နေ့ရက်တွေဟာ မနက်လေနဲ့ ဝင်ခါနီးလတို့အကြား မဆုံးနိုင်အောင် ထပ်ခါတလဲ သံသရာ လည်နေခဲ့တယ်။


mgyoe.com

mgyoe.com · SAMPLE BOOK

(၁၀)

လင်းသျှန်ဖူတစ်ယောက် ရွာတကာလှည့်ကာ တပည့်ခံ ပညာသင်နေတာနဲ့အတူ ရှောင်မေ ထွက်သွားတာနဲ့ ပတ်သက်တဲ့ သတင်းဟာလည်း သူ့ခြေလှမ်းနဲ့အတူ ရွာတကာ၊ အိမ်တကာဆီ ပြန့်လာခဲ့တယ်။ ကွယ်ရာမှာ လူတွေက အဲဒီ လင်းအမည်ရ လက်သမားရဲ့ မိန်းမကြောင်းကို ပြောလာကြတယ်။ ဒါပေမဲ့ သူတို့က အတွင်းရေးကို မသိကြပါဘူး။ သူတို့ ပြောနေကြတဲ့ အကြောင်းက ရှောင်မေ တစ်ယောက် တောင်ပိုင်းက အမေ့အိမ်ပြန်သွားတာ အတော်ကြာရှိနေပြီတောင် ပြန်မလာသေးတာရယ်၊ မဆီမဆိုင် ခန့်မှန်းချက် တချို့ရယ်ပါပဲ။

ရှောင်မေ ထွက်သွားတဲ့ သတင်းကြောင့်ပဲ အဲဒီနေ့ မွန်းလွဲပိုင်းမှာ မတွေ့ရတာ ကြာပြီ ဖြစ်တဲ့ အောင်သွယ် မိန်းမကြီးလည်း လင်းသျှန်ဖူ အိမ်ကို ပေါက်ချလာတော့တယ်။ သူက ခြေသေးကလေး လိမ်ဖည်လိမ်ဖည်နဲ့ အိမ်ထဲ ဝင်လာပြီး မီးလှုံခုတင်ပေါ်မှာ တင်ပျဉ်ခွေ တက်ထိုင်တယ်။

အောင်သွယ်မက ရှောင်မေနဲ့ ဇာတာ မစပ်ခင် ဇာတာစာ ရေးခဲ့သေးသလားလို့ လင်းသျှန်ဖူကို မေးတယ်။ ဇာတာစာက ဘာလဲဟင်လို့ လင်းသျှန်ဖူက ပြန်မေးတော့ အောင်သွယ်မလည်း 'အာယာ' ဆိုပြီး ကိုယ့်ပေါင် ကိုယ်ပုတ်ကာ–

"လောကကြီးမှာ ဒီလို ထူးဆန်းအံ့ဖွယ်တွေလည်း ရှိသေးပါကလားနော်၊ ဇာတာမစပ် ဇာတာ စာမရေးဘဲနဲ့ ယောကျ်ားနဲ့မိန်းမ မင်္ဂလာဦး အိပ်ခန်းထဲ ဝင်ကြရောလား"လို့ ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အောင်သွယ်မက ရှောင်မေရဲ့ မွေးသက္ကရာဇ်ကို မေးတော့လည်း လင်းသျှန်ဖူက ယောင်ဝါးဝါး ခေါင်းခါတယ်။ ရှောင်မေရဲ့ မွေးနှစ်အကောင်ကို မေးပြန်တော့လည်း လင်းသျှန်ဖူက မသိပြန်တာကြောင့် အောင်သွယ်မလည်း နောက်ထပ်တစ်ဖန် 'အာယာ' ဆိုပြီး ထအော်ပြန်တော့တယ်။

"လောကကြီးမှာ ဒီလို ထူးဆန်းအံ့ဖွယ်တွေလည်း ရှိသေးပါကလားနော်၊ မိန်းကလေးရဲ့ မွေးသက္ကရာဇ်ကိုလည်း မသိ၊ မွေးနှစ်အကောင် ဘာဆိုတာလဲ မသိဘဲနဲ့ အိမ်ပေါ်ခေါ်တင် လက်ထပ်ယူရတယ်လို့၊ ဒါကြောင့်မို့ ရှောင်မေ ထွက်သွားပြီး ပြန်မလာတော့တာပေါ့"

အောင်သွယ်မက မွေးသက္ကရာဇ်တို့၊ မွေးနှစ်အကောင်တို့ကို သိမှသာ သူတို့နှစ်ယောက် တည့်မလား၊ ခိုက်မလား ဆိုတာ သိနိုင်မယ်၊ အကောင်း အဆိုး သုခ ဒုက္ခကို တွက်ချက်နိုင်မယ်လို့ ပြောတယ်။ "မြင်းနှစ်ဖွားက နွားနှစ်ဖွားနဲ့ တွဲဖက်လို့ မရဘူး၊ ဆိတ်နှစ်ဖွားက ကြွက်နှစ်ဖွားနဲ့ ပေါင်းဖက်လို့ မရဘူး၊ အဲဒါကို မြင်းဖြူကြောက်တာ နွားနက်၊ ဆိတ်–ကြွက်လက်ထပ် ချက်ချင်းပြတ်၊ မြွေ–ကျားထိမ်းမြား ဓားချက်အလား၊ ယုန်သူငယ်–နဂါးမြင် ငိုဖို့ပြင်၊ ရွှေကြွက်–မြခွေး ဒုက္ခဘေး ပြေး၍မလွတ်ပေ၊ ဝက်–မျောက် လက်ဆက် အိမ်ထောင်ဖက် သက်ဆုံးမတိုင်ပေ၊ ခွေးနှစ်ကောင် တစ်သိုက်တည်း မအောင်း၊ နဂါးနှစ်ကောင် တစ်ရေတည်း မနေ၊ ဆိတ်ကုလား ကျားစာ ဖြစ် ... မင်းက ဆိတ်နှစ်ဖွား၊ မင်းတို့နှစ်ယောက်က ဆိတ်–ကြွက်အတွဲ မဟုတ်ရင် ဆိတ်–ကျား အတွဲပဲ ဖြစ်ရမယ်"

အောင်သွယ်မက လက်ချိုးရေကာ တွက်ချက်ရင်း ပြောတယ်။

"မင်းက ဇာတာလည်းမစပ်၊ ဇာတာစာလည်း မရေး၊ မိန်းကလေးဘက်ရဲ့ မွေးသက္ကရာဇ်နဲ့ မွေးနှစ်အကောင်လည်း မသိဘူး၊ မင်္ဂလာဆောင်တဲ့ နေ့တုန်းကတော့ သူ့ကို ဗီရိုဝေါ်နဲ့ ကြိုလာခဲ့ပါတယ်နော်"

လင်းသျှန်ဖူက ခေါင်းခါမြဲ ခေါင်းခါဆဲ။ ဒီတစ်ခါတော့ အောင်သွယ်မက လက်နှစ်ဖက်စလုံးနဲ့ ကိုယ့်ပေါင် ကိုယ်ပုတ်ပြီး အလန့်တကြား ထအော်ပြီလေ။

"လောကကြီးမှာ ဒီလို ထူးဆန်းအံ့ဖွယ်တွေလည်း ရှိသေးပါကလားနော်၊ စာဆိုတောင် ရှိတယ်လေ၊ ယပ်တောင် ဘယ်လောက်စုတ်စုတ် ခတ်ရရင် လေရတယ်၊ ဗီရိုဝေါ် ဘယ်လောက်စုတ်စုတ် စီးရရင် ထည်ဝါတယ်တဲ့။ ထည်ဝါတဲ့အကြောင်း အသာထားဦး၊ မင်းက မိန်းမကို ဗီရိုဝေါ်နဲ့ သွားကြို ခဲ့တာ မဟုတ်တော့ မိန်းမရဲ့ခြေထောက်ကို မင်း မပိုင်တော့ဘူးလေ၊ သူ့ ကိုယ်ပိုင်ဟာပဲ ဆိုတော့ သူက အချိန်မရွေး အပြီး ထွက်သွားနိုင်ပြီပေါ့။ ရှောင်မေတစ်ယောက် ပြန်လာမှာ မဟုတ်တော့ပါဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှန်ဖူလည်း မြင်းခုံပေါ်မှာ မတ်မတ်ထိုင်ကာ မီးလှုံခုတင်ထက်က အောင်သွယ်မရဲ့ တံတွေးတွေ လွင့်စဉ်နေတာကိုရော၊ လက်ထဲက ဆေးတံ အထက်အောက် ဝှေ့ယမ်းနေတာကိုရော ထိုင်ကြည့်နေမိတယ်။ နောက်ဆုံးတော့ အောင်သွယ်မက သက်ပြင်းတစ်ချက်ချပြီး "ဒီလို လုပ်ကွာ၊ သင့်တော်တဲ့ သမီးရှင် တွေ့လို့တွေ့ငြား အရပ်တကာလှည့်ပြီး ငါ စုံစမ်းချေဦးမယ်" လို့ ပြောလိုက်တယ်။ သူက လင်းသျှန်ဖူကို ပြောတယ်။ "ဒီတစ်ခါတော့ သူဌေးသမီး ရှာဖို့ မလွယ်တော့ဘူးနော်၊ ရှောင်မေက ထွက်သွားပြီး ပြန်မလာဘူး ဆိုပေမဲ့ တရားဝင်မယားကြီးနေရာမှာ သူက ရှိနေဆဲပဲ၊ ထပ်ယူလာတဲ့ မိန်းမဟာ အငယ်ပဲ ဖြစ်မှာ၊ သူဌေးသမီးတွေက အငယ်တော့ လုပ်မှာ မဟုတ်ဘူး"

စိတ်အားငယ်နေတဲ့ လင်းသျှန်ဖူလည်း ခေါင်းညိတ်လိုက်ပြီး အောင်သွယ်မကို "မိုင်းကောင်းကျောက်ဖိ ဖြစ်ရင် တော်ပါပြီဗျာ"လို့ ပြောလိုက်တယ်။

အောင်သွယ်မလည်း ပြန်ခါနီးကျမှ ရုတ်တရက် ဘာကို သတိရလာလို့လဲ မသိဘူး၊ လင်းသျှန်ဖူကို လျူကြွမ်းရွာက မိန်းကလေးကို မှတ်မိသေးသလား ဆိုပြီး မေးလိုက်တယ်။ ဒီလိုနဲ့ အဲဒီ ရုပ်ရည်တင့်တယ်တဲ့ မိန်းကလေးလည်း လင်းသျှန်ဖူရဲ့ မှတ်ဉာဏ်အောက်ခြေကြမ်းပြင်ကနေ မျက်နှာပြင်ထက်ဆီသို့ ချက်ချင်း ပြန်ပေါ်လာတော့တယ်။ သူ့ကို တစ်ချိန်က ရင်ခုန်စေခဲ့ဖူးတဲ့ မိန်းကလေး လျူကြွမ်းရွာ အိမ်ဝင်းကြီးထဲက ဧည့်ခန်းဆောင်ကြီးထဲမှာ သူ့ဆီကို ခပ်နွေးနွေး လျှောက်လာတာကို သူ ပြန်သတိရလာတယ်။ ထိုစဉ်က သူ့ကို ဆေးတံသောက်ဆေး ထည့်ပေးတဲ့ အဖြစ်အပျက်ကို သူ ပြန်မှတ်မိလာတယ်။ အဲဒီတုန်းက မိန်းကလေး လက်တွေ တုန်ယင်နေခဲ့တယ်။ မိန်းကလေးရဲ့နာမည်ကိုလည်း သူ ပြန်မှတ်မိလာတယ်။ အမှတ်မမှားဘူး ဆိုရင် သူ့နာမည်က လျူဖုန့်မေ ပဲ။

အောင်သွယ်မက လင်းသျှန်ဖူကို ပြောပြတယ်။ "အဲဒီ လျူဖုန့်မေ ဆိုတဲ့ သူဌေးသမီးဟာ တကယ်တော့ ဆွံ့အ နားမကြားတစ်ယောက် မဟုတ်ပါဘူး တဲ့။ အောင်သွယ်မက ပြောတယ်။ မိန်းကလေးက အိမ်ထောင်ကျသွားပြီ တဲ့၊ မြို့ပေါ်က ကျွိဟိုဘဏ်တိုက် ထောင်ထားတဲ့ ဆွန်းမိသားစုနဲ့ အိမ်ထောင်ကျသွားတာတဲ့။ ပြီးတဲ့နောက်မှာ အောင်သွယ်မက တဟင်းဟင်းနဲ့ သက်ပြင်းချလာတယ်။ လျူဖုန့်မေ ယောက္ခမအိမ် လိုက်မသွားခင် သူ့အိမ်မှာ လူတွေချည်းပဲတဲ့။ အပ်ချုပ်သမား၊ လက်သမား၊ ဆေးသုတ်သမား၊ နီးထိုးသမား၊ ကုန်မာလုပ်သူ၊ ပန်းပြောက်ထွင်းသမား၊ အားလုံးက သူ့အတွက် လေးရာသီစာ အဝတ်အစားတွေ ချုပ်လုပ်ပေးပြီး နေ့စဉ်သုံး ပစ္စည်းကိရိယာတွေ ပြုလုပ်ပေးကြတယ်။ နေ့ညမနား အမြန်လုပ်ကြရတာမို့ ဝင်းခြံ

mgyoe.com

mgyoe.com SAMPLE BOOK

ထဲမှာ မီးပုံးတွေ အပြည့်ချိတ်ထားပြီး လူဝင်လူထွက် မပြတ်ဘဲ ရှိနေခဲ့တယ်။ မင်္ဂလာဆောင်မဲ့နေ့ကတော့ အခမ်းနားဆုံးပဲ။ ဆယ်ဂဏန်းချီ အရေအတွက် ရှိတဲ့ အထမ်းတွေစီထားတဲ့ တန်းက အရှည်ကြီးပဲ။ သူနဲ့အတူ ပါသွားမဲ့ မင်္ဂလာခန်းဝင်ပစ္စည်းတွေဆိုတာ အဆုံးကို မျှော်ကြည့်လို့ မမြင်နိုင်လောက်အောင်ပဲ။ များသောအားဖြင့် ချမ်းသာတဲ့ မိသားစုက သမီး မင်္ဂလာဆောင်တယ် ဆိုတာ အများဆုံးရှိလှ အစုံဝက် ခန်းဝင်ပစ္စည်းပေါ့။ လျူမိသားစုကတော့ မြေတွေ၊ အိမ်တွေပါ တစ်ပါတည်း ထည့်ပေးလိုက်တာနော်။ ဒီလို အစုံပြည့် ခန်းဝင်ပစ္စည်း ထည့်ပေးတာမျိုးကို မတွေ့ရတာ နှစ်အတော်ကြာခဲ့ပြီ။ လျူမိသားစု မမလေးက ရှစ်ယောက်ထမ်း ဗီရိုဝေါကြီး စီးတာနော်၊ ဗီရိုဝေါ ဘေးပတ်လည်မှာ အနီရောင် ပိုးစတွေ ချည်ထားတယ်။ ထောင့်လေးထောင့်စလုံး ဖန်ပုတီးမီးအိမ်တွေ ချိတ်ထားပြီး အောက်မှာ အနီရောင် ပန်းလုံးကြီးတွေလည်း တွဲလောင်းချိတ်ထားတယ်။ မြင်သာထင်ရှားဆုံးကတော့ ခန်းဝင်ပစ္စည်းတန်းကြီးရဲ့ နောက်ဆုံးကသက်ရှည်သေတ္တာကြီးပဲ။ အဲဒီ သက်ရှည်သေတ္တာလည်း အနည်းဆုံး မရှိလည်း ဆေးဆယ်ထပ်လောက် သုတ်ထားတာမှာ၊ အရောင်က နက်မှောင်တောက်ပြောင်လို့ နေတာ၊ နက်မှောင်လွန်းလို့ အနီရောင်လား၊ အနက်ရောင်လားတောင် ခွဲမရတဲ့ အထိပဲ။ သက်ရှည်သေတ္တာကို ခန်းဝင်ပစ္စည်းအဖြစ် ထည့်ပေးတာဆို မတွေ့ရတာ ပိုလို့တောင် နှစ်ပေါင်းကြာခဲ့ပြီ။ အဲဒါ လျူမိသားစုရဲ့ ဟိတ်ဟန်ပဲ။ သမီးဖြစ်သူအတွက် သေတဲ့အထိ သုံးဖို့ပစ္စည်းတွေ အလုံအလောက် ထည့်ပေးလိုက်တာ။ သေရင် သုံးဖို့ သက်ရှည် သေတ္တာတောင် အဆင်သင့် ပြင်ပေးထားတာလေ။

အောင်သွယ်မက ဒီအထိ ပြောပြီးတော့ ဟင်းခနဲ သက်ပြင်းတစ်ချက် ချပြီး၊ "ဟိုတုန်းကသာ လျူမိသားစု မမလေးက သူ မေးတာကို တစ်ချက်ကလေး ပြန်ထူးခဲ့ရင် ခုလောက်ရှိ မမလေးဟာ လင်းသျှန်ဖူ မယား ဖြစ်နေပြီ" လို့ ပြောတယ်။

သူက လင်းသျှန်ဖူကို ကြည့်ရင်း ဝမ်းနည်းမှု မကင်းစွာနဲ့ "ဖူးစာ ကောင်းတစ်ခု လက်လွတ်သွားတာ နှမြောစရာပဲ"လို့ ပြောလိုက်တယ်။

အောင်သွယ်မက လင်းသျှန်ဖူကို ပြောပြတယ်။ လျူမိသားစု မမလေး မင်္ဂလာဆောင်တုန်းက ဇာမဏီသရဖူ ဆောင်ထားပြီး လေးထောင့် ပဝါနီနဲ့ မျက်နှာအုပ်ထားတာလို့ ကြားရတယ်။ ကိုယ်အထက်ပိုင်းက အတွင်းမှာ အနီရောင် ပိုးအင်္ကျီ ဝတ်ထားပြီး အပြင်ကနေ အနီရောင် ပန်းထိုးဝတ်ရုံ ထပ်ဝတ်ထားတယ်။ ကိုယ်အောက်ပိုင်းက အနီရောင် ခါးဝတ်၊ အနီရောင် ဘောင်းဘီ၊ အနီရောင် ပန်းထိုးပိုးဖိနပ်တို့ ဝတ်ဆင်ထားတယ်။ လျူမိသားစု မမလေးဟာ တစ်ကိုယ်လုံး အနီရောင်နဲ့၊ မြို့ရောက်လို့ ဆွန်းမိသားစုရဲ့ အနီရောင် တံခါးမကြီးရှေ့မှာ ဗီရိုဝေါပေါ်က ဆင်းလာတော့ ဝိုင်းကြည့်သူ

mgyoe.com

mgyoe.com SAMPLE BOOK
တွေထဲမှာ အံ့ဩတကြီး အောင်မိသူတွေ မနည်းဘူးလို့ ကြားရတယ်။ သူ ဗီရိုဝေါပေါ်က ဆင်းလာပုံဟာလည်း အဖူးအငုံကနေ ပွင့်လန်းလာတဲ့ ပျိုနီပန်းလို တင့်တယ် ကြော့ရှင်း လွန်းလှတာကိုး။"

အဲဒီညက လင်းသျှန်ဖူဟာ မီးလုံ့ခုတင်ပေါ်မှာ ဟိုဘက်လူးလိုက်၊ ဒီဘက် လိမ့်လိုက်နဲ့ အိပ်မပျော်နိုင်ဘဲ ရှိနေခဲ့တယ်။ မျက်စိမှိတ်လိုက်တာနဲ့ လျူမိသားစု မမလေး က တစ်ကိုယ်လုံး အနီရောင် နဲ့ ဗီရိုဝေါကနေ ဆင်းလာတာကို မြင်ယောင်မိတော့တယ်။ ဆက်လက်ပြီး ဧည့်ခန်းဆောင်ထဲ ခပ်နှေးနှေး လျှောက်လာတဲ့ သူ့ရဲ့ အရိပ်ကောက် ကြောင်း။ ပြီးတဲ့နောက်မှာ အပွင့်ဆင် ချီဖောင်ဝတ်ထားတဲ့ ရှောင်မေတစ်ယောက် ဟိုတစ်ခု သော ညနေစောင်းက အိမ်တံခါးရှေ့မှာ ထွက်ပေါ်လာခဲ့တယ်။ ဒီလို ပြကွက်တွေဟာ လေတိုက်သလို သူ့မျက်လုံးထဲ တစ်ကွက်ပြီး တစ်ကွက် ဖြတ်ပြသွားတယ်။

ဟိုငါးရောင်စပ် ပိုးအုပ်ကိုလည်း လင်းသျှန်ဖူ ပြန်သတိရလာတယ်။ အဲဒီ ငါးရောင်စပ် ပိုးအုပ်ကို ထုတ်ပြီး လျူအိမ်တော် ဧည့်ခန်းဆောင် စားပွဲပေါ်မှာ ထားမိခဲ့ လို့သာ ဒီဖူးစာ ရေစက်မဆုံခဲ့ရတာ။ ဒါကြောင့်မို့သာ နောက်ပိုင်း ရှောင်မေရဲ့ ရုတ်တရက် ရောက်လာခြင်းနဲ့ ရုတ်တရက် ထွက်သွားခြင်းတို့ ရှိလာခဲ့တာ ဖြစ်တယ်။ အဲဒီညက ဟိုငါးရောင်စပ်ပိုးအုပ်ဟာ လင်းသျှန်ဖူ ခေါင်းထဲမှာ ဝေးသွားလိုက်၊ နီးလာလိုက် ဖြစ်နေ ခဲ့ကာ ဘယ်လိုမှ ခေါင်းထဲကနေ ထုတ်မရနိုင်ဘဲ ရှိနေခဲ့တယ်။ နောက်ဆုံးတော့ ဒါတွေ အားလုံးက ဖူးစာပဲ၊ ကံကြမ္မာပဲလို့ သူ ခံစားလာမိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

(၁၁)

ဂျူမရိတ်သိမ်းမီ တစ်လအလိုမှာ လင်းသျှန်ဖူ မြို့တစ်ခေါက်တက်ပြီးဂျူ ရိတ်သိမ်းတဲ့အခါ သုံးဖို့ ဆိုပြီး ပန်းပဲဖိုမှာ တံစဉ်ကြီးတချို့ သွားလုပ်ခဲ့တယ်။ တစ်လက်စတည်း ငါးရောင်စပ်ပိုးအုပ် နှစ်အုပ်လည်း ဝယ်ခဲ့သေးတယ်။ ရှောင်မေ ထွက်သွားပြီ ဆိုပေမဲ့ နောက်ပိုင်း ဖြတ်သန်းရမဲ့ နေ့ရက်တွေက ရှိသေးတယ်၊ အောင်သွယ်မနဲ့အတူ သတို့သမီး သွားကြည့်ရဦးမယ်၊ မိန်းမတစ်ယောက်လောက် ရှာယူပြီး သေတစ်ပန် သက်တစ်ဆုံး ပေါင်းဖက်ကာ လင်းမျိုးရိုးရဲ့ အမွေးတိုင်မီးကို ရှည်ကြာတည့်တံ့စေ ရဦးမယ်။ ဒီတစ်ခါကျရင်တော့ ဆွေကောင်း မျိုးကောင်းထဲက ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးပဲ ရှာယူတော့မယ်။ ဘယ်ကမှန်း မသိတဲ့ မိန်းမမျိုး ထပ်ယူလို့ မဖြစ်တော့ဘူး။

သူ အိမ်ပြန်ရောက်တော့ မိုးချုပ်နေပြီ။ ပြတင်းခုံမှာ ရေနံဆီမီးအိမ် လင်းနေတာ မြင်ရပြီး ရက်ကန်းစင်က တဂျောက်ဂျောက် တဂျက်ဂျက် မြည်သံကိုလည်း ကြားရပြန်တော့ လန့်ဖျပ်ပြီး လက်ထဲက တံစဉ်တွေ လွတ်ကျကုန်တယ်။ တစ်ဆက်တည်းမှာ ရင်တွေ တဒုတ်ဒုတ်တုန်လာပြီး မြည်းကို ဆွဲကာ အိမ်ထဲ ဝင်သွားတယ်။

ရှောင်မေ ပြန်ရောက်နေပြီ။ ဟို အပွင့်ဆင် ချီဖောင်ကို ဝတ်ထားဆဲပဲ။ သူက ရက်ကန်းစင်မှာ မတ်မတ်ထိုင်ကာ လင်းသျှန်ဖူကို ဘေးတစောင်း ကြည့်နေတယ်။ ရေနံဆီမီးအိမ် အလင်းရောင်က လှပကြော့ရှင်းတဲ့ သူ့ရုပ်သွင်ကို မှောင်တစ်ဝက်၊ လင်းတစ်ဝက် ဖြစ်နေစေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှုန်ဖူက နေရာမှာ မတ်တတ်ရပ်နေရင်း လက်ထဲမှာလည်း မြည်းကို ဆွဲထားဆဲ။ သူက မြည်းကို အိမ်ထဲ ခေါ်သွင်းလာမိမှန်း မသိဘူး။ ရှောင်မေကိုသာ ကြောင်တောင်တောင် ငေးကြည့်နေမိတယ်။ ရှောင်မေ သူ့ကို ပြုံးပြနေတယ်လို့ ခံစားမိတယ်။ ဒါပေမဲ့ ရှောင်မေ့မျက်ဝန်းထဲက အမူအရာကိုတော့ သဲသဲကွဲကွဲ မမြင်ရဘူး။ တစ်အောင့်နေတော့ သူက တစ်ကိုယ်တည်း ပြောနေဟန်နဲ့ မေးလိုက်တယ်။

"ရှောင်မေလား"

ရှောင်မေ့အသံကို သူ ပြန်ကြားရတယ်။

"ကျွန်မပါ"

လင်းသျှုန်ဖူက ထပ်မေးတယ်။

"မင်း ပြန်လာပြီလား"

ရှောင်မေက ခေါင်းညိတ်တယ်။

"ကျွန်မ ပြန်လာပါပြီ"

ရှောင်မေ ခွေးခြေကနေ ထလာတာကို လင်းသျှုန်ဖူ မြင်လိုက်တယ်။ သူက "ငါးသင်ဝါကြီးတွေ ပြန်ပါလာသလား"လို့ ဆက်မေးလိုက်တယ်။

ရှောင်မေက ပြန်မဖြေဘဲ ဖြည်းဖြည်းချင်း ဒူးထောက်ချလိုက်တယ်။ လင်းသျှုန်ဖူက ထပ်မေးတယ်။

"ငါးသင်ဝါလေးကော"

ရှောင်မေ ခေါင်းခါတယ်။ အဲဒီအချိန်မှာ မြည်းက ခေါင်းတစ်ခါ ခါလိုက်လို့ ချူသံမြည်လာတယ်။ လင်းသျှုန်ဖူက မြည်းကို တစ်ချက် လှည့်ကြည့်ပြီးတော့ ရှောင်မေကို မျက်နှာမူကာ ထအော်တယ်။

"မင်း ဘာပြန်လာလုပ်တာလဲ၊ မင်းက ငါ့ ဘိုးဘေးတွေ စုဆောင်းခဲ့တဲ့ ရွှေချောင်းတွေကို ခိုးသွားတယ်၊ ခု လက်ဗလာနဲ့ ပြန်လာတယ်၊ မင်း ပြန်လာရဲသေးတယ်နော်"

ရှောင်မေက နေရာမှာပဲ ဒူးထောက်လျက် တုန်ယင်နေတယ်။ မြည်းကလည်း ခေါင်းတစ်ချက် ထပ်ခါလိုက်လို့ ချူသံမြည်လာပြန်တယ်။ လင်းသျှုန်ဖူလည်း ဒေါသမထိန်းနိုင်တော့ဘဲ မြည်းဘက်လှည့်ကာ အော်ငေါက်လိုက်တယ်။

"ခေါင်းမခါနဲ့စမ်း"

လင်းသျှုန်ဖူက အော်ငေါက်ပြီးတော့ ယောင်တိယောင်တောင် ဖြစ်သွားတယ်။ သူက ကြမ်းပြင်မှာ ဒူးထောက်ရင်း တုန်ယင်နေတဲ့ ရှောင်မေကို ကြည့်နေခဲ့တယ်။ အိမ်ထဲမှာ အသံတိတ်ဆိတ်သွားပြီ။ တစ်အောင့်နေတော့ လင်းသျှုန်ဖူက သက်ပြင်းတစ်ချက်ချပြီး လက်ခါပြကာ ကြေကွဲဝမ်းနည်းစွာ ပြောလိုက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

"မင်း ထွက်သွားပါ၊ ငါ ဒေါသမပေါက်ကွဲခင် မင်း မြန်မြန်ထွက်သွားလိုက်ပါ"

ရှောင်မေက အသံတိုးတိုး ပြောလိုက်တယ်။

"ကျွန်မ ရှင်နဲ့ရတဲ့ ရင်သွေးလေးကို လွယ်ထားရပြီ"

လင်းသျှန်ဖူ အံ့သြသွားပြီး ရှောင်မေကို သေချာကြည့်လိုက်တယ်။ ရှောင်မေ့ဗိုက်က ပူထွက်နေပြီ။ လင်းသျှန်ဖူလည်း ဘာလုပ်ရမှန်း မသိတော့ဘူး။ ရှောင်မေရဲ့ တောင်းပန်နေတဲ့ မျက်ဝန်းကို ကြည့်ရင်း၊ ငိုရှိုက်နေတဲ့ အသံကို နားထောင်ရင်း အတန်ကြာအောင် ဘာပြောရမှန်းမသိဘဲရှိနေခဲ့တယ်။ နောက်ဆုံးမှ သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ရှောင်မေကို ပြောတယ်။

"ထပါ"

ရှောင်မေက နေရာမှာ ဒူးထောက်မြဲ ဒူးထောက်နေတယ်။ ငိုရှိုက်မြဲ ငိုရှိုက်နေတယ်။ လင်းသျှန်ဖူက အသံကျယ်ကျယ် ပြောလိုက်တယ်။

"မင်း ထလိုက်ပါ၊ ငါ မင်းကို မထူချင်ဘူး၊ မင်းဘာသာ မတ်တတ်ထလိုက်ပါ"

ရှောင်မေက မဝံ့မရဲ မတ်တတ်ထလာပြီး မျက်ရည်သုတ်ကာ လင်းသျှန်ဖူကို ပြောတယ်။

"တောင်းပန်ပါတယ်ရှင်၊ ကျွန်မကလေးကို ဒီမှာ မွေးခွင့်ပြုပါ"

လင်းသျှန်ဖူက လက်ကာပြပြီး သူ့ကို ဆက်ပေး မပြောဘူး။

"မင်း ငါ့ကို လာမပြောနဲ့၊ ငါ့အဖေနဲ့ အမေကို သွားပြော"

တိတ်ဆိတ်တဲ့ ညအမှောင်ထဲမှာ လင်းသျှန်ဖူနဲ့ ရှောင်မေဟာ ရွာအရှေ့ပိုင်းက သင်္ချိုင်းကုန်းကို လမ်းလျှောက်သွားကြတယ်။ လင်းသျှန်ဖူ လက်ထဲမှာ မြည်းကို ဆွဲထားဆဲမို့ ချူသံတွေဟာ ညဉ့်ကောင်းကင်မှာ ကြည်လင်ပြတ်သားစွာ မြည်လို့နေတယ်။ ဒါပေမဲ့ သူ မကြားရဘူး။ သူ့လက်က မြည်းကို ဆွဲလာခဲ့မှန်း သူ မေ့နေတယ်။ သူတို့က လင်းသျှန်ဖူ မိဘ သင်္ချိုင်းဂူရှေ့ကို ရောက်သွားတယ်။ လင်းသျှန်ဖူက လရောင်အောက်က မိဘသင်္ချိုင်းဂူ ကမ္ပည်းတိုင်ကို ညွှန်ပြကာ ရှောင်မေကို ပြောလိုက်တယ်။

"ဒူးထောက်"

ရှောင်မေလည်း ဝမ်းထဲက ရင်သွေးကို လက်တစ်ဖက်နဲ့ ပင့်ကာ ကိုယ်ကိုစောင်း၍ ခါးကို ကွေးညွှတ်ပြီး ကျန်လက်တစ်ဖက်နဲ့ မြေကြီးကို စမ်းပြီးတော့ သတိကြီးစွာ ဒူးထောက်ချလိုက်တယ်။

သူ ဒူးထောက်ပြီးတဲ့အထိ စောင့်ပြီးမှ လင်းသျှန်ဖူက သူ့ကို ပြောတယ်။

"ပြောလိုက်"

ရှောင်မေက ခေါင်းညိတ်တယ်။ လက်နှစ်ဖက် မြေကြီးပေါ် ထောက်ကာ လရောင်ထဲက လင်းသျှန်ဖူ မိဘသင်္ချိုင်းဂူ ကမ္ပည်းတိုင်ကို တိုင်တည် ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မ ရှောင်မေပါ၊ ကျွန်မ ပြန်လာပါပြီ ... အဖေတို့ အမေတို့ကို ကျွန်မ ပြစရာ မျက်နှာ မရှိပါဘူး၊ ဒါပေမဲ့ ကျွန်မမှာ လင်းမိသားစုရဲ့ ရင်သွေးလေးကို လွယ်ထားရပါပြီ၊ ကျွန်မအပြစ်က အကြိမ်တစ်သောင်း သေထိုက်လည်း ပြန်လာရမှာပါပဲ၊ ကျွန်မကြောင့် လင်းမျိုးရိုးရဲ့ အမွေးတိုင်မီး ပြတ်သွားလို့ရှိရင် အဲဒါမှ အပြစ်ကြီးသည်ထက် ကြီးသွားမှာပါ၊ အဖေတို့၊ အမေတို့ ကလေးကို ထောက်ထားသောအားဖြင့် ဒီတစ်ကြိမ်တော့ ကျွန်မကို ခွင့်လွှတ်ပါနော်။ အဲဒါ လင်းမိသားစုရဲ့ မျိုးဆက်သွေးပါ၊ ကျွန်မ ပြန်ခေါ်မလာလို့ မဖြစ်ပါဘူး၊ တောင်းပန်ပါတယ် အဖေတို့၊ အမေတို့ရယ်၊ ကျွန်မကလေးကို လင်းမိသားစု အိမ်မှာ မွေးခွင့်ပြုပါနော်..."

ရှောင်မေရဲ့ ငိုရှိုက်သံက ပြတ်တောင်းပြတ်တောင်း။ လင်းသျှန်ဖူက သူ့ကို ပြောလိုက်တယ်။

"ထပါ"

ရှောင်မေ မတ်တတ်ထလာပြီး မျက်ရည်သုတ်လိုက်တယ်။ လင်းသျှန်ဖူက မြည်းကိုဆွဲကာ လှည့်ပြန်သွားတယ်။ ရှောင်မေလည်း သူ့နောက်က လိုက်သွားတယ်။ အဲဒီအချိန်မှာ လင်းသျှန်ဖူဟာ မြည်းလည်ပင်းက ချူသံကို ကြားလာရပြီ။ ဒီတော့မှ မြည်းကို တစ်လျှောက်လုံး ဆွဲလာခဲ့မှန်း ပြန်သတိ ဝင်လာခဲ့တယ်။ သူက မြည်းကို လှမ်းပုတ်ပြီး အတန်ငယ်ဝမ်းနည်းစွာ ပြောလိုက်တယ်။

"ငါနဲ့ တစ်လျှောက်လုံး အတူလိုက်လာနိုင်ခဲ့တာ မင်းပဲ ရှိတယ်"

လင်းသျှန်ဖူ ခရီးတစ်ဖြတ်လောက် လျှောက်လာခဲ့ပြီးနောက် လည်ပြန် လှည့်ကြည့်လိုက်တယ်။ ရှောင်မေတစ်ယောက် ဝမ်းဗိုက်ကို လက်နှစ်ဖက်နဲ့ ပွေ့ကာ ပင်ပန်းကြီးစွာ လျှောက်လာခဲ့တာကို မြင်ရတော့ သူလည်း ခြေလှမ်းကို တန့်လိုက်တယ်။ သူ့ ရှေ့ကို ရှောင်မေ ခေါင်းငုံ့ ရောက်လာတော့မှ မြည်းပေါ် ပွေ့တင်လိုက်တယ်။ စစချင်းမှာ ရှောင်မေ လန့်သွားတယ်။ ပြီးတဲ့နောက်မှာ တဟီးဟီး အသံထွက် ငိုပါတော့တယ်။ လင်းသျှန်ဖူက မြည်းဆွဲကာ ရှေ့က သွားတယ်။ မြည်းပေါ်က ရှောင်မေ ငိုသံကို ကြားရတော့ သက်ပြင်းတစ်ချက် ချကာ အသံတိုးတိုး ပြောတယ်။

"မင်း ငါ့ကို လိမ်သွားတယ်။ ငါ့အိမ်က ရွှေချောင်းတွေကို အလစ်သုတ်သွားတယ်။ အမှန်က ငါ မင်းကို လက်မခံသင့်ဘူး။ ဒါပေမဲ့ မင်းက ငါ့ ရင်သွေးကို လွယ်ထားတယ်၊ လင်းအမျိုးမှာ မျိုးဆက်ရှိပြီ ဆိုတာကို စဉ်းစားမိတာနဲ့ ..."

ဒီအထိ ပြောပြီးတော့ လင်းသျှန်ဖူ ခေါင်းခါတယ်။ "မင်း ငါ့အဖေ၊ အမေ ဂူရှေ့မှာ သစ္စာမဆိုခဲ့ဘူး၊ နောက်ထပ် ထွက်မသွားတော့ပါဘူးလို့ သစ္စာမဆိုခဲ့ဘူး"

ပြောပြီးတော့ လင်းသျှန်ဖူက ခြေလှမ်းရပ်တန့်လိုက်ပြီး ကြယ်တွေ စုံတဲ့ ကောင်းကင်ကို မော့ကြည့်လိုက်တယ်။ ခေါင်းထဲမှာက ဗလာဟင်းလင်း။ အနားက

mgyoe.com

mgyoe.com SAMPLE BOOK
မြည်းက ချူသံမြည်အောင် ခေါင်းခါလိုက်ပြန်တော့မှ သူလည်း မြည်းဆွဲကာ ရှေ့ဆက်သွားတယ်။ အိမ်ဝင်းထဲ ဝင်လာပြီးတဲ့နောက် သူက နောက်လှည့်ပြီး ရှောင်မေကို မြည်းပေါ်ကနေ ပွေ့ချီချတယ်။ မြေကြီးပေါ် ချဖို့ လုပ်နေချိန်မှာပဲ သူက တံခါးခုံကို မြင်လိုက်ရလို့ တစ်ချက် တုံ့ဆိုင်းပြီးမှ ရှောင်မေကို ပွေ့ချီကာ တံခါးခုံကို ကျော်ဝင်လာခဲ့တယ်။

လင်းသျှန်ဖူက မြည်းသွားထားပြီးမှ အိမ်အတွင်းခန်း တံခါးဝကို လျှောက်လာခဲ့တယ်။ ရှောင်မေတစ်ယောက် အဝတ်ဗီရိုထဲကနေ စောင်တစ်ထည် ထုတ်ပြီး သူတို့ရဲ့ ချိုမြိန်သော အတိတ်ဇာတ်လမ်းကို မှတ်တမ်းတင်ထားရာ မီးလှုံခုတင်ပေါ်မှာ ဖြန့်ခင်းလိုက်တာကို တွေ့လိုက်ရတယ်။ ရှောင်မေက အိပ်ရာခင်းပြီးတော့ ခေါင်းမော့ကြည့်လိုက်တာ တံခါးဝမှာ ရပ်နေတဲ့ လင်းသျှန်ဖူကို မြင်ရတော့ တစ်ချက် ပြုံးလိုက်မိတယ်။

လင်းသျှန်ဖူက သူ့ကို မေးတယ်။

"ရွှေချောင်းတွေကော"

တဒင်္ဂအတွင်း သူ့အပြုံးရိပ် အေးခဲသွားပြီး ခေါင်းငုံ့ကာ စကားမပြောဘဲ နေတယ်။

လင်းသျှန်ဖူက စစ်မေးတယ်။

"ရွှေချောင်းတွေ မင်း ဘယ်သူ့ကို ပေးလိုက်သလဲ"

သူက ခေါင်းငုံ့ကာ အသံတိတ်နေဆဲ။

လင်းသျှန်ဖူက ထပ်မေးတယ်။

"အားချန်က မင်းနဲ့ ဘာတော်သလဲ"

သူ့အသံက နည်းနည်းတုံ့ဆိုင်းနေတယ်။

"ကျွန်မ အစ်ကိုပါ"

လင်းသျှန်ဖူ လှည့်ထွက်သွားတယ်။ အဲဒါဟာ တိတ်ဆိတ်တဲ့ ညတစ်ည ဖြစ်တယ်။ လင်းသျှန်ဖူက ဟိုထိုင်ခုံလေးပေါ်မှာ အသံမထွက်ဘဲ ထိုင်နေတယ်။ ရေနံဆီမီးအိမ်ရဲ့ အလင်းရောင်ဖျော့ဖျော့ထဲက ရက်ကန်းစင်ကို စိုက်ကြည့်နေခဲ့တယ်။

အချိန်အတော်ကြာတဲ့အထိ လင်းသျှန်ဖူ တုတ်တုတ်မလှုပ်ဘဲ ရှိနေခဲ့တယ်။ ပြတင်းခုံပေါ်က မီးအိမ်ရေနံဆီ ကုန်သွားတော့လို့ အလင်းရောင် ရုတ်တရက် ပျောက်သွားတော့မှ သူလည်း ရုတ်တရက် လန့်ဖျပ်ကာ သတိပြန်ဝင်လာတယ်။ သူ့ရှေ့မှာ လအလင်းရောင်ပဲ ရှိတော့တယ်။ သူက ဖြည်းဖြည်းချင်း ထလာတယ်။ မီးအိမ်ကို ရေနံဆီဖြည့်၊ တစ်ဖန်ပြန်ထွန်းပြီး ရေနံဆီမီးအိမ်ကိုင်ကာ အတွင်းခန်းထဲ ဝင်သွားတယ်။

ရှောင်မေက မီးလှုံခုတင်ပေါ်မှာ ထိုင်နေဆဲ။ သိသိသာသာ ပူထွက်နေတဲ့ ဗိုက်ကြီးကို လက်နှစ်ဖက်နဲ့ ပွေ့ထားကာ သူ့ကို ရတက်မအေးစွာ ကြည့်နေတယ်။
mgyoe.com

mgyoe.com SAMPLE BOOK
လင်းသျှန်ဖူလည်း ဗိုက်ပေါ်တင်ထားတဲ့ ရှောင်မေ့ လက်နှစ်ဖက်က တစ်ဆင့် လူ့လောက ထဲ ရောက်လာတော့မဲ့ ကလေးငယ်ကို မြင်လာရလို့ အသံတိုးတိုး ပြောလိုက်တယ်။

"အိပ်တော့လေ"

ရှောင်မေလည်း နာခံစွာ "အင်း"လို့ တစ်ချက် ပြန်ထူးလိုက်တယ်။

ပြီးတဲ့နောက်မှာ ကိုယ်ကို စောင်းကာ ပိတ်ဖိနပ် နှစ်ဖက်စလုံးကို ချွတ်တယ်။ ခြေအိတ်အစုံကိုလည်း ချွတ်လိုက်ပြန်တယ်။ ရှောင်မေ တစ်ယောက် အပေါ်အင်္ကျီကို ချွတ်နေချိန်မှာ လင်းသျှန်ဖူက သူ့ရဲ့ နီရဲရောင်ကိုင်းနေတဲ့ ခြေသေးအစုံကို မြင်လိုက် ရတယ်။ အဲဒီ ခြေသေးအစုံကပဲ ခရီးရှည်နှင်ကာ သူ့ရင်သွေးကို အိမ်ပြန်ခေါ်လာခဲ့တာ ပါလားလို့ စိတ်က တွေးနေမိတယ်။

ရှောင်မေ စောင်ခြုံထဲ တိုးဝင် လဲလျောင်းပြီးတဲ့နောက်မှာ လင်းသျှန်ဖူလည်း ရေနံဆီမီးအိမ်ကို ငြိမ်း၊ အပြင်အင်္ကျီကို ချွတ်ပြီး မိမိစောင်ခြုံထဲ တိုးဝင် လဲလျောင်းနေ လိုက်တယ်။ ရှောင်မေ သူ့ဘက် တစောင်းလှည့်လာတာကို လင်းသျှန်ဖူ ခံစားမိတယ်။ ရင်းနှီးပြီးသားဖြစ်တဲ့ အငွေ့အသက်တို့ ပြန်ရောက်လာပြီ။ နဂိုကလိုပဲ အရောင်၊ အနံ့မဲ့ကာ မနက်လေတမျှ သန့်ရှင်းနေဆဲ အငွေ့အသက်တို့ သူ့မျက်နှာပေါ်ကို သတိကြီးစွာ ကျရောက် လာတယ်၊ ပြီးတဲ့နောက်မှာ ရင်းနှီးပြီးသား ဖြစ်တဲ့ လက်လည်း ပြန်ရောက်လာပြီ။ ရှောင်မေ ရဲ့လက်က သူ့စောင်ခြုံထဲ တိုးဝင်လာပြီး သူ့လက်ကို ဖမ်းဆုပ်လိုက်တယ်။ နဂိုကလိုပဲ အနည်းငယ် စိုစွတ်တဲ့ လက်၊ တုန်ယင်နေတာ တစ်ခုပဲ ကွာတယ်။ လင်းသျှန်ဖူက တုတ်တုတ်မလှုပ်ဘဲ သူ့လက်ဖဝါးထဲမှာ တိုင်တည်နေတဲ့ပမာ တုန်ယင်နေတဲ့၊ ပြီး တစ်ဖန် ဖြည်းဖြည်းချင်း ငြိမ်ကျလာတဲ့ ရှောင်မေရဲ့လက်ကို ခံစားနေခဲ့တယ်။ ဆက်လက် ပြီးတော့ အလားတူ စိုစွတ်တဲ့ နောက် လက်တစ်ဖက်လည်း ပြန်ရောက်လာပြီး စောင်ခြုံထဲ တိုးဝင်ကာ သူ့လက်ကို ဖမ်းဆုပ်လိုက်ပြန်တယ်။ အဲဒီအချိန်မှာ ရှောင်မေရဲ့ လက်နှစ်ဖက်စလုံး သူ့လက်ဖဝါးထဲ ပြန်ရောက်လာခဲ့ပြီ။ ဒီတော့မှ သူလည်း ရှောင်မေ ပြန်ရောက်လာပြီ ဆိုတာကို တကယ် အစစ်အမှန် ခံစားမိတော့တယ်။

လင်းသျှန်ဖူရဲ့ လက်ကို ရှောင်မေရဲ့ လက်အစုံက မိမိစောင်ခြုံထဲ ဆွဲသွင်း လိုက်တယ်။ ရှောင်မေရဲ့ လက်အစုံက လင်းသျှန်ဖူရဲ့ လက်ချောင်းတွေကို ဂရုတစိုက် ဆွဲခွာပြီး ကိုယ်ဝန်ဆောင်ထားရာ မိမိဝမ်းဗိုက်မှာ ကပ်ထားလိုက်တယ်။ လင်းသျှန်ဖူ လည်း ရှောင်မေ့ရဲ့ ချစ်ချစ်လောင်လောင် ကိုယ်ငွေ့ကို တစ်ဖန်ပြန်၍ ခံစားလာမိတယ်။ ဆက်ပြီးတော့ သူ့လက်ဖဝါး တစ်ချက် ရိုက်နှက်ခံလိုက်ရလို့ လင်းသျှန်ဖူ အလန့်တကြား ထအော်မိတယ်။

"အား"

"ရှင့်ကို ကန်နေတယ်" လို့ ရှောင်မေက ပြောတယ်။

"ငါ့ကို ကန်နေတယ်" လို့ လင်းသျှန်ဖူက မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ရှင့်ကလေးက ရှင့်ကို ကန်လိုက်တာလေ"လို့ ရှောင်မေက အမှောင်ထဲမှာ ရယ်ကာ ပြောလိုက်တယ်။

လင်းသျှန်ဖူလည်း အိပ်မက်ကနေ နိုးလာခါစလို ဖြစ်နေတယ်။ ရှောင်မေ့ ဗိုက်ထဲက ကလေးက သူ့လက်ဖဝါးကို ဆက်တိုက်ရိုက်နှက်လာလို့ လင်းသျှန်ဖူလည်း အလန့်တကြား ထအော်လာတော့တယ်။

"အမယ်လေး၊ ခြေထောက်နဲ့ကန်၊ လက်သီးနဲ့ထိုးနေပါပကောလား"

လင်းသျှန်ဖူ တဟဲဟဲ ရယ်လာတယ်။ တစ်ဆက်တည်းမှာ မိဘနှစ်ပါးကို ဝမ်းနည်းကြေကွဲစွာ သတိရလာမိတယ်။ မိဘနှစ်ပါးသာ ရှိနေသေးလို့ ရှိရင် ဒီလိုအချိန်မှာ သူတို့ဘယ်လောက်တောင် ပျော်နေလိုက်ကြမလဲ။ ဝမ်းနည်းကြေကွဲပြီးနောက် သူက ရှောင်မေကို ခေါ်တယ်။ ရှောင်မေ ပြန်မထူးဘူး။ ခရီးပန်းလာတဲ့အတွက် ရှောင်မေ အိပ်ပျော်သွားပြီ။ လင်းသျှန်ဖူရဲ့ လက်တစ်ဖက်က ကလေးရဲ့ ရိုက်ပုတ်ကန်ကျောက်မှုကို ခံစားရင်း ကျန်လက်တစ်ဖက်ကို စောင်ခြုံထဲက ထုတ်ပြီး ရှောင်မေ့မျက်နှာပေါ် တင်ထားကာ ကိုယ့်ကိုယ်ကို တတွတ်တွတ် ပြောနေတယ်။ ရင်တွင်းစကားတွေ အများကြီး ဖွင့်ပြောကာ ရှောင်မေ ထွက်သွားပြီးနောက် သူ့ရဲ့ ကြေကွဲဝမ်းနည်းမှုနဲ့ ဒေါသဖြစ်မှုတို့ကို ပြောပြနေခဲ့တယ်။ နောက်ဆုံးမှာ သူက အိပ်ပျော်နေတဲ့ ရှောင်မေ့ကို ပြောတယ်။

"မင်း ငါ့အိမ်က ရွှေချောင်းတစ်ဝက်ကို ခိုးသွားပြီး တစ်ချောင်းမှ ပြန်ယူမလာခဲ့ပေမဲ့ ငါ့ကလေးကိုတော့ မင်းက တောထဲမှာ မမွေးခဲ့ဘူးနော်၊ မင်းက ငါ့ကလေးကို အိမ်ပြန်ခေါ်လာခဲ့ပါတယ်"

တစ်အောင့်နေတော့ လင်းသျှန်ဖူက ထပ်ပြောတယ်။ "မင်းလည်း ရွှေချောင်းတွေ အကုန်လုံး ယူသွားလောက်အောင် မရက်စက်ခဲ့ပါဘူး၊ မင်း ချန်ထားခဲ့တာက ခိုးသွားတာထက် နည်းနည်းတောင် ပိုများပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

## (၁၂)

ရှောင်မေ ပြန်လာတဲ့ သတင်းက လျှင်မြန်စွာ ပြန့်သွားတယ်။ လင်းသျှန်ဖူ အိမ်ဝင်းထဲ ရွာက လူတွေ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်ဖွဲ့ ရောက်လာကြပြီး ရှောင်မေရဲ့ ပူထွက်နေတဲ့ ဗိုက်ကြီးကို မြင်တော့ တပေါးပေါး ရယ်ကြတယ်။ သူတို့က “ကုန်းသျှီ ကုန်းသျှီ” ဆိုပြီး ထောမနာပြုကြတယ်။ သခင်လေးကတော်မှာ ကိုယ်ဝန်ရှိတာ သိရတဲ့ အတွက် ဝမ်းသာပါကြောင်း ထောမနာ ပြုကြတယ်။ ရှောင်မေ အမေ့အိမ် တစ်ခါပြန်တာ လနဲ့ချီကြာတဲ့အပေါ် သူတို့က ထူးဆန်းသလို ခံစားမိခဲ့ကြပေမဲ့ အခု ရှောင်မေ ပြန်လာတော့လည်း သူတို့က ယုတ္တိတန်တယ်လို့ ယူဆကြပြန်တယ်။ လမ်းခရီးက ဒီလောက် ဝေးတဲ့ဟာ၊ ရှောင်မေကလည်း ကိုယ်လေးလက်ဝန်ကြီးနဲ့ဆိုတော့ အသွား အပြန် လနဲ့ချီကြာတာ ယုတ္တိတန်ပါတယ်ပေါ့။

လင်းသျှန်ဖူက ပြုံးချိုတဲ့ မျက်နှာထားနဲ့ သူတို့ကို ပြောတယ်။

“ရှေ့တစ်ခေါက် မင်္ဂလာဆောင်တုန်းက ကမန်းကတန်း စီစဉ်ခဲ့ရလို့ ဇာတာ စာလည်း မရေးခဲ့ရ၊ ဇာတာလည်း မစပ်ခဲ့ရ၊ ဗီရိုဝေါလည်း မစီးခဲ့ရတာကြောင့် အဲဒီဟာကို အတည်မယူပါဘူး၊ အခုတစ်ခါ မင်္ဂလာပွဲကို အသစ်တစ်ဖန် စီစဉ်ပါမယ်၊ ခမ်းခမ်းနားနားကြီး ဖြစ်ဖို့ မလိုဘူး၊ နည်းမှန် လမ်းမှန်ကလေးပဲ ဖြစ်ချင်တာပါ”

mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှန်ဖူက ဟိုဘက်ရွာကနေ အိမ်ကျောင်းဆရာ အဘိုးကြီး တစ်ယောက် သွားပင့်လာတယ်။ အဲဒီ ဆရာအိုကို အိမ်မှာ စားပွဲသောက်ပွဲနဲ့ တည်ခင်းဧည့်ခံတယ်။ အရက်ဝိုင်း သုံးပတ်ပြည့်အောင် လှည့်သောက်ပြီးတဲ့နောက် ဆရာအိုက နေရာမှာ ကျကျနန ဝင်ထိုင်ပြီး ရွှေမှုန်ကြဲစက္ကူနဲ့ ပြုလုပ်ထားတဲ့ ခေါက်လို့ရတဲ့ပုံစံ ဇာတာစာကို ဖွင့်လိုက်တယ်။ ပိုးကြိုးနီနဲ့ ချည်ထားတဲ့ မင်တုံးကလေးကို သွေးလိုက်ပြီး စုတ်တံ ချီကာ ဇာတာစာရဲ့ အထက်မှာ "ချဲန်ကျောက်" ဆိုတဲ့ စာလုံးနှစ်လုံးကို ဒေါင်လိုက်ရေး လိုက်တယ်။ ဆက်ပြီးတော့ လင်းသျှန်ဖူရဲ့ နာမည်၊ မွေးသက္ကရာဇ်ကို ရေးပြီး "ကုန်းချို" ဆိုတဲ့ စာလုံးနှစ်လုံးကို ထပ်ရေးလိုက်တယ်။ အဓိပ္ပာယ်ကတော့ မိန်းကလေး ဘက်ကို လက်ထပ်ခွင့် တောင်းတယ်ပေါ့။ တစ်ဆက်တည်းမှာ ဆရာအိုက စုတ်တံ နောက် တစ်ချောင်းနဲ့ ဇာတာစာရဲ့ အောက်မှာ "ခွန်းကျောက်" လို့ ဒေါင်လိုက်ရေးလိုက်တယ်။ ဆက်ပြီးတော့ ရှောင်မေရဲ့ နာမည်၊ မွေးသက္ကရာဇ်ကို ရေးပြီး "ကျိုန့်ယွင်"လို့ ထပ်ရေး လိုက်တယ်။အဓိပ္ပာယ်ကတော့ ယောကျ်ားလေးဘက်က လက်ထပ်ခွင့် တောင်းတာကို သဘောတူ ခွင့်ပြုတယ်ပေါ့။ ရှောင်မေ့နာမည်ကို ရေးစဉ်မှာ ဆရာအိုက ရှောင်မေရဲ့ မျိုးရိုးနာမည်ကို မေးတော့ ရှောင်မေက လင်းမျိုးရိုးပါလို့ တုံ့ဆိုင်းစွာ ပြောလိုက် တယ်။ လင်းသျှန်ဖူက မင်းလည်း လင်းမျိုးရိုးပဲလားလို့ မေးတော့ ရှောင်မေက အရင် ကတော့ လင်းမျိုးရိုး မဟုတ်ပါဘူး၊ ခုကစလို့ လင်းမျိုးရိုး ဖြစ်သွားပါပြီလို့ အသံတိုးတိုး ပြောလိုက်တယ်။ နောက်ဆုံးမှာ ဆရာအိုက ဇာတာစာရဲ့ နံဘေးမှာ နှစ်ပေါင်းရာကျော် ပေါင်းရပါစေ၊ ဘုရားဖန်ဆင်းသော စုံတွဲပါပေ၊ ထာဝရဆုံးတိုင် ဆက်ထုံးမပြေတို့ကို ရေးပေးလိုက်တယ်။

လင်းသျှန်ဖူက ဇာတာစာကို လက်နှစ်ဖက်နဲ့ ကိုင်ကာ မီးဖိုအုတ်ခုံပေါ် တရိုတသေ တင်လိုက်ပြီး မီးဖိုစောင့်နတ်မင်းကြီး စောင့်ရှောက်တော်မူပါ၊ လင်းမျိုးရိုး နှစ်စဉ်နှစ်တိုင်း အန္တရာယ်ကင်း ဘေးရှင်းပါစေ၊ အမွေးတိုင်မီး မပြတ် ထွန်းညှိပူဇော် နိုင်ပါစေလို့ ဆုတောင်းတယ်။

လင်းသျှန်ဖူက ရှောင်မေကို ပြောတယ်။ "ပုံမှန်လူတွေ ဆိုရင် သုံး လေး ငါးရက်ပဲ တင်ရတာ၊ ငါတို့က သူများနဲ့ မတူဘူး၊ တစ်လ တင်ရမယ်။ ဒီတစ်လအတွင်း အိမ်မှာ အားလုံး အန္တရာယ်ကင်း၊ အစစအရာရာ အဆင်ပြေပြီး ဘာမှ မဖြစ်ဘူး ဆိုရင် ငါတို့နှစ်ယောက် ဇာတာ စပ်တယ်၊ ကံစပ်တယ်လို့ ယူဆနိုင်တယ်။ ဒီအတောအတွင်း အိမ်မှာပန်းကန်လုံးတစ်လုံးလေး ကျကွဲရင်တောင် ငါတို့နှစ်ယောက် ဇာတာခိုက်တယ် လို့ ယူဆရမယ်၊ ငါတို့ နှစ်ယောက်ရဲ့ ဖူးစာရေစက်လည်း လမ်းဆုံးပြီ ဆိုတဲ့ သဘောပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီနောက်မှာ ဂျုံရိတ်သိမ်းတဲ့ ရာသီရောက်လာပြီ။ လင်းသျှန်ဖူ က ဂျုံမှည့်ချိန်က တိုတောင်းလွန်းလို့ ဖိဖိစီးစီး ရိတ်သိမ်းရမယ်လို့ ပြောတယ်။ ပုံမှန်အချိန်တွေမှာ ယာထဲ မဆင်းတဲ့ လင်းသျှန်ဖူနဲ့ ထျန်ညီအစ်ကို ငါးယောက်လည်း ဒီအချိန်မှာ မနက်အစောကြီး အိမ်ကထွက်၊ ညမိုးချုပ်မှအိမ်ပြန်ကာ သီးစားတွေနဲ့ ယာထဲမှာ အလုပ်အတူ ဆင်းလုပ်ကြတယ်။ ရှောင်မေကတော့ အစောကြီးထ၊ နောက်ကျမှ အိပ်ရာဝင်ကာ အိမ်အလုပ်တွေ လုပ်ရတယ်။ စစချင်းတော့ မွန်းတည့်ချိန်ဆိုရင် ရှောင်မေက ကြီးသည်ထက် ကြီးလာပြီ ဖြစ်တဲ့ ဗိုက်ကြီးတစ်လုံးနဲ့ ယာထဲအထိ နေ့လယ်စာ လာပို့သေးတယ်။ နှစ်ရက်လောက်နေတော့ လင်းသျှန်ဖူလည်း သူ့ကို လာမပို့စေတော့ဘူး။ မပေါ့မပါးကြီးနဲ့ တော်ကြာ ချော်လဲကျနေမှဖြင့် သန္ဓေထိခိုက်မှာ အသာထားဦး၊ မတော်လို့ များ ပန်းကန်လုံး တစ်လုံး၊ နှစ်လုံးလောက် ကျကွဲသွားလို့ရှိရင် သူတို့မှာ လင်မယားဖြစ်ဖို့ ဖူးစာရေစက် မရှိတော့ဘူးလေ။ ဇာတာစာ မီးဖိုအုတ်ခုံပေါ်မှာ တင်ထားတုန်းပဲ ဆိုတာကို မမေ့နဲ့ဦးနော်လို့ သူက ရှောင်မေကို သတိပေးတယ်။ အရင်က ရိတ်သိမ်းရာသီ ဂျုံရိတ်တဲ့အခါ ဘယ်လက်က ဂျုံပင်တစ်ဆုပ် ဆုပ်ပြီး ညာလက်က တံစဉ်နဲ့ ရှပ်ခနဲ ရှပ်ခနဲ ရိတ်ခဲ့တာ၊ ခုတော့ ဒီလို ရှပ်ခနဲ ရှပ်ခနဲ မရိတ်ရဲတော့ဘူး၊ သေချာချိန်ရွယ်ပြီးမှပဲ တိခနဲ တိခနဲ ရိတ်ရဲတော့တယ်လို့သူက ပြောတယ်။ ဘာကြောင့် မို့လို့လဲ။ လက်ရှသွားမှာ စိုးလို့ပေါ့။ ဟိုဇာတာစာကြောင့်မို့လို့ပေါ့။

အဲဒီနောက်ပိုင်း နှစ်ယောက်စလုံး သတိကြီးကြီးထားကာ ဒီကာလအတွင်း တစ်ခုခု အမှားဖြစ်မှာကို စိုးရိမ်တကြီး ရှိနေခဲ့ကြတယ်။ ရိတ်သိမ်းရတဲ့ နေ့တွေက ပင်ပန်းတယ် ဆိုပေမဲ့ ဘေးမသီ ရန်မခ ဖြတ်ကျော်လာခဲ့ပါတယ်။ အဲဒီညက လင်းသျှန်ဖူ မီးလှုံခုတင်ပေါ် ခြေကုန်လက်ပန်းကျစွာ ပစ်လှဲလိုက်ချိန်မှာ ရှောင်မေက သူ့အနား ရောက်လာပြီး အသံတိုးတိုး မေးတယ်။

"ဒီရက်တွေမှာ ကျွန်မ မျက်နှာ အသွေးအရောင် ကောင်းပါတယ် နော်"

လင်းသျှန်ဖူက "ကောင်းတယ်လေ၊ မျက်နှာ အသွေးအရောင် နီမြန်းနေတာပဲဟာ" လို့ ပြောလိုက်တယ်။

ဒီစကားကို ကြားပြီးနောက် ရှောင်မေလည်း ပူပန်စွာ ပြောတယ်။

"ကိုယ်ဝန်သည်တွေက မျက်နှာဝါနွမ်းလို့ ရှိရင် ယောကျ်ားလေး မွေးတတ်ပြီး နီမြန်းလို့ရှိရင် မိန်းကလေးမွေးတတ်တယ်လို့ ပြောကြတယ်။ နောက်ပြီး ကိုယ်ဝန်သည် လမ်းလျှောက်တာကိုလည်း ကြည့်ရသေးတယ်တဲ့၊ ဘယ်ခြေစလှမ်းလို့ ရှိရင် ယောကျ်ားလေး မွေးမယ်၊ ညာခြေစလှမ်းလို့ ရှိရင် မိန်းကလေး မွေးမယ်တဲ့။ ဒီရက်တွေမှာ ကျွန်မ

mgyoe.com

mgyoe.com SAMPLE BOOK
ညာခြေချည်းပဲ စလှမ်းမိနေတယ်၊ ကျွန်မတော့ ရှင့်အတွက် သားယောကျ်ားလေး မွေးမပေးနိုင်ဘဲ သမီး မိန်းကလေးပဲ မွေးပေးနိုင်တော့မယ် ထင်ပါတယ်”

လင်းသျှန်ဖူက ရှောင်မေ့မျက်နှာပေါ်က စိုးရိမ်တဲ့ အမူအရာကို ကြည့်ရင်း ဒီရက်တွေမှာ ရှောင်မေ တစ်ယောက် သားယောကျ်ားလေး မမွေးနိုင်ဘဲ သမီး မိန်းကလေးပဲ မွေးနိုင်တော့မဲ့အရေး စိုးရိမ်မိလို့ မျက်နှာမကောင်း ဖြစ်နေတာကို စဉ်းစား လာမိတယ်။ လင်းသျှန်ဖူလည်း ရှောင်မေကို ယောကျ်ားလေးလား၊ မိန်းကလေးလား ဆိုတာ မွေးတဲ့အခါကျမှပဲ သိရမှာပါလို့ နှစ်သိမ့်လိုက်တယ်။ ရှောင်မေ မလွှဲသာစွာ ခေါင်းညိတ်လိုက်တာကို မြင်တော့ သူက–

“အိပ်တော့”လို့ ပြောလိုက်တယ်။

ပြောပြီးတာနဲ့ သူကိုယ်တိုင် တခေါခေါ အိပ်ပျော်သွားတော့တယ်။ အဲဒီနေ့ ညဥ့်နက်သန်းခေါင်မှာ ရှောင်မေဟာ အဝတ်ဗီရိုထဲကနေ လင်းသျှန်ဖူ ရဲ့ အဝတ်အစားကို ထုတ်ပြီး မိမိကိုယ်မှာ ဝတ်လိုက်တယ်။ တစ်ဖန် လင်းသျှန်ဖူရဲ့ ခေါင်းစည်းပဝါဖြူနဲ့ မိမိ ခေါင်းကို ပေါင်းလိုက်ပြီးတော့ ဝင်းထဲ ဆင်းလာ၊ ရေတွင်းပတ်လည် လရောင်အောက် မှာ တစ်ပတ်ပြီးတစ်ပတ် နှေးကွေးစွာ ပတ်နေခဲ့တယ်။ မြေကြီးထက်က အင်္ကျီ ဘောင်းဘီ ပွပွကြီးနဲ့ ယောကျ်ားတစ်ယောက် ပုံစံ ဖြစ်နေတဲ့ သူ့အရိပ်ကို သူ ကြည့်နေခဲ့တယ်။ အဲဒါ သူ ငယ်ငယ်ကတည်းက ကြားဖူးတဲ့ သန္ဓေပြောင်းနည်းပဲ။ လင်ယောကျ်ား ဖြစ်သူ ရဲ့ အဝတ်အစား၊ ဦးဆောင်းတို့ကို ဝတ်ဆင်ကာ ရေတွင်းပတ်လည် ကိုယ့်အရိပ်ကိုယ် ကြည့်ရင်း နောက်ပြန်မလှည့် ဘယ်သူမှ မသိစေဘဲ ပတ်လျှောက်လို့ ရှိရင် မိန်းကလေး သန္ဓေက ယောကျ်ားလေးသန္ဓေအဖြစ် ပြောင်းသွားလိမ့်မယ်လို့ ဆိုတယ်။

အဲဒီနောက်ပိုင်း နှစ်ညဥ့်ဆက်တိုက် လင်းသျှန်ဖူ အိပ်ပျော်သွားတာနဲ့ ရှောင်မေ က အဲဒီလို ဝတ်စားဆင်ယင်ပြီး ဝင်းထဲ ဆင်းလာတတ်တယ်။ တတိယမြောက် ညဥ့်နက် သန်းခေါင်မှာတော့ လင်းသျှန်ဖူက အိပ်ပျော်ရာက နိုးလာပြီး စမ်းကြည့်လိုက်တာ အနားက ရှောင်မေကို စမ်းလို့ မမိဘူး၊ နောက်ထပ် စမ်းကြည့်လည်း စမ်းလို့ မမိတာကြောင့် သူလည်း ကောက်ခနဲ ထထိုင်လိုက်တယ်။ ရှောင်မေ့ကို မီးလုံ့ခုတင်ပေါ်မှာ မတွေ့ရ တော့တာကြောင့် ရှောင်မေ ထွက်သွားပြန်ပြီလား ဆိုပြီး ရင်ထဲ ထိတ်ခနဲ ဖြစ်သွား တယ်။ သူလည်း မီးလုံ့ခုတင်ပေါ်က ခုန်ဆင်းပြီး ဝင်းထဲကို ခြေဗလာနဲ့ ပြေးဆင်း လာတော့မှ အဝတ်အစားပွပွကြီးနဲ့ လရောင်အောက်မှာ ရေတွင်း ပတ်လျှောက်နေတဲ့ ရှောင်မေကို တွေ့လိုက်ရလို့ လွှတ်ခနဲ လှမ်းအော်ခေါ်လိုက်မိတယ်။

“ရှောင်မေ”

mgyoe.com

mgyoe.com SAMPLE BOOK

ရှောင်မေလည်း လန့်ဖျပ်ပြီး လှည့်လာပြီး သူ့ကို ကြောင်တောင်တောင် ကြည့်နေမိတယ်။ လင်းသျှန်ဖူက သူ့အနားကို ခြေဖလာနဲ့ လျှောက်သွားပြီး သူ့ရဲ့ ဝတ်စားဆင်ယင်ပုံကို မြင်တော့ ဒါ ဘာလုပ်နေတာလဲလို့ မေးလိုက်တယ်။ ရှောင်မေလည်း သက်ပြင်းတစ်ချက်ချပြီး ဗိုက်ထဲက မိန်းကလေး သန္ဓေကို ယောကျ်ားလေး သန္ဓေဖြစ်အောင် သန္ဓေပြောင်းနေတာပါလို့ ပြောလိုက်ရှာတယ်။ ပြီးတော့ မချိတင်ကဲ တစ်ချက်ပြုံးကာ–

"သန္ဓေပြောင်းတာ လူမြင်သွားရင် မအောင်မြင်တော့ဘူး"လို့ ပြောလိုက်တယ်။

ဒီတော့မှ လင်းသျှန်ဖူ သဘောပေါက်သွားပြီးတော့ ကိုယ့်ခေါင်း ကိုယ် လက်သီးနဲ့ တစ်ချက်ထုပြီး စိတ်မရှင်မသာ နောင်တရစွာ တစ်ချက် အော်လိုက်မိတယ်။ အဲဒီအချိန်မှာ ရှောင်မေက ပြုံးလာတယ်။ လင်းသျှန်ဖူ ရဲ့လက်ကို ဖမ်းဆွဲကာ ရေတွင်း အုတ်ခုံမှာ ထိုင်ချလိုက်ပြီး သူ့ကို ပြောတယ်။

"တကယ်တော့ သန္ဓေပြောင်းတာက ကိုယ်ဝန် သုံးလမပြည့်ခင် လုပ်မှ ထိရောက်တာပါ၊ သန္ဓေအစအဦးလို့ ခေါ်တဲ့ ကိုယ်ဝန်သုံးလမှာ သန္ဓေသား ပုံသဏ္ဌာန်က အတည်မဖြစ်သေးတာကြောင့် မိခင်လောင်းမြင်ရတဲ့အရာဝတ္ထုကိုလိုက်ပြီး ပုံပေါ်လာတတ်တယ်၊ ကျွန်မကိုယ်ဝန်က ခုနစ်လနီးပါးတောင် ရှိနေပြီမို့ ရှင် မတွေ့မိရင်တောင်မှ ဒီသန္ဓေက ပြောင်းရခက်နေပါပြီ။ ကျွန်မက လင်းမျိုးရိုးရဲ့ အမွေးတိုင်မီး ပြတ်မသွားအောင် သားယောကျ်ားလေး မွေးပေးချင်တဲ့စိတ် မကုန်သေးလို့ လက်မလျှော့ဘဲ လုပ်ကြည့်နေတာပါ"

လင်းသျှန်ဖူက စိတ်မရှင်မသာ နောင်တရနေဆဲ၊ အေးအေးဆေးဆေး အိပ်မနေဘဲ ဘာကိစ္စ ထလာရတာလဲလို့ ကိုယ့်ကိုယ်ကို အပြစ်တင်နေတယ်။ ရှောင်မေက မတ်တတ်ထပြီး လင်းသျှန်ဖူကို ကပျာကယာ မေးလိုက်တယ်။

"ရှင် စောစောက ကျွန်မကို လှမ်းခေါ်တော့ ကျွန်မက ဘယ်ဘက် လှည့်ကြည့်တာလား၊ ညာဘက် လှည့်ကြည့်တာလား"

လင်းသျှန်ဖူ အကြိမ်ကြိမ် စဉ်းစားပြီးတော့မှ ချီတုံချတုံ ပြော လိုက်တယ်။

"ညာဘက်လှည့်ကြည့်တာနဲ့ တူတယ်"

ရှောင်မေ ခေါင်းငိုက်စိုက်ကျသွားတယ်။ သူက လင်းသျှန်ဖူကိုယ်ကို မှီကာ ရေတွင်းအုတ်ခုံမှာ တစ်ဖန် ပြန်ထိုင်လိုက်တယ်။

"ဘယ်ဘက် လှည့်ကြည့်ရင် ယောကျ်ားလေး၊ ညာဘက် လှည့်ကြည့်ရင် မိန်းကလေး။ ဒီတစ်ခါတော့ ကျွန်မ လက်လျှော့လိုက်ပါပြီ၊ ကျွန်မ လွယ်ထားတာ

mgyoe.com

mgyoe.com SAMPLE BOOK
သမီးလေးပါပဲ။ ရှင့်အတွက် ကျွန်မ သားယောကျ်ားလေး မွေးပေးပြီး လင်းမျိုးရိုး အတွက် အမွေးတိုင်မီး ရှည်ကြာတည်တံ့အောင် လုပ်မပေးနိုင်တာ နှမြောစရာပဲ”

လင်းသျှန်ဖူ တုံ့ဆိုင်းသွားပြီး သေချာပြန်စဉ်းစားပြီးတော့မှ “ဘယ်ဘက်လှည့် ကြည့်တာနဲ့လည်း တူတယ်နော်”လို့ ပြောလိုက်တယ်။

ရှောင်မေ ပြုံးတယ်။ လင်းသျှန်ဖူက ရှောင်မေ့လက်ကို ဖမ်းဆုပ်ပြီး ပြောတယ်။

“သမီးလေးလည်း ကောင်းတာပါပဲ၊ သမီးလေးလည်း တို့ လင်းမျိုးရိုးရဲ့ မျိုးဆက်ပဲလေ၊ နောက်ပြီး မင်းလည်း နောင်ကျရင် သားယောကျ်ားလေး မွေးနိုင်သေး တာပဲဟာ၊ နောက်တစ်ယောက်ကျမှ သားလေးမွေးလည်း နောက်မကျပါဘူး။ ထျန် မိသားစုကိုပဲ ကြည့်ပါလား၊ သူတို့မှာ ညီအစ်ကို ငါးယောက်ကြီးများတောင် ရှိတာနော်၊ မင်းလည်း နောင်ကျရင် ညီအစ်ကို ငါးယောက် မွေးနိုင်သေးတာပဲ”

ရှောင်မေက နားထောင်ပြီးတော့ ခေါင်းငုံ့ကာ အသံတိတ်နေတယ်။ နှစ်ယောက် သား ရေတွင်းအုတ်ခုံမှာ တစ်အောင့်ကြာလောက် ထိုင်နေပြီးတော့မှ လင်းသျှန်ဖူက ရှောင်မေ့လက်ကို ဆွဲကာ အိမ်ထဲ ပြန်ဝင်ကြတယ်။ မီးလှုံခုတင်ပေါ်မှာ လှဲပြီးတဲ့နောက် ရှောင်မေက လင်းသျှန်ဖူရဲ့ လက်ကို ရင်ခွင်ထဲ ပွေ့ထားလိုက်တယ်။ အဲဒါ သူ အိပ်တဲ့အခါ ကိုယ်နေဟန်ထားပဲ၊ လင်းသျှန်ဖူက ရှောင်မေကို ပြောတယ်၊ ခုန သူ နိုးလာတုန်းက ရှောင်မေ့ ကို မီးလှုံခုတင်ပေါ်မှာ မတွေ့တော့ ရှောင်မေ တစ်ယောက် ထွက်သွားပြီး တစ်ဖန် ပြန်မလာတာမျိုး လုပ်ပြန်ပြီလား ထင်လို့ လန့်ဖျပ်ပြီး တစ်ကိုယ်လုံး ဇောချွေး ပြန်သွား တယ်တဲ့၊ ရှောင်မေ့ လက်နှစ်ဖက် တစ်ချက် လှုပ်လိုက်တာကို လင်းသျှန်ဖူ ခံစားမိတယ်။ သူက ရှောင်မေကို ပြောတယ်။

“မင်းက လူတော့ပြန်လာပါရဲ့၊ ရွှေချောင်းတော့ တစ်ချောင်းမှ ပြန်ပါမလာ ဘူး၊ ရွှေချောင်းတွေ ဘယ်ရောက်သွားတယ် ဆိုတာ ပြောမပြတာလည်း မင်းအကြောင်း နဲ့မင်း ရှိမှာပါလေ၊ ငါလည်း မင်းကို ထပ်မမေးတော့ပါဘူး၊ မင်း နောက်ထပ် ထွက်သွား မှာကိုပဲ တစ်ခါတလေ စိုးရိမ်မိတာ တစ်ခုပါပဲ...”

လင်းသျှန်ဖူ ခဏ ရပ်လိုက်ပြီး ခိုင်မာပြတ်သားတဲ့ လေသံနဲ့ ပြောလိုက်တယ်။

“တကယ်လို့ မင်း နောက်တစ်ခါ နှုတ်မဆက်ဘဲ ထွက်သွားခဲ့ရင် ငါက မင်းကို တွေ့အောင် လိုက်ရှာမှာ။ ကလေးချီပြီး မင်းကို လိုက်ရှာမှာ၊ ကမ္ဘာမြေဆုံးအထိ လိုက်ရှာ ရလည်း မင်းကို တွေ့အောင် လိုက်ရှာမှာပဲ”

လင်းသျှန်ဖူက ဒီစကားကို ပြောပြီးချိန်မှာ သူ့လက်ကို ရှောင်မေက မျက်နှာ ပေါ် တင်ထားလိုက်ပြီ။ ရှောင်မေ့မျက်ရည်တွေ သူ့လက်ကြားထဲ စီးကျလာတယ်။
mgyoe.com

mgyoe.com SAMPLE BOOK
မျက်ရည်တွေက သူ့လက်ကြားထဲ စီးဆင်းချိန်မှာ ဦးတည်ရာ ရှာနေသယောင် တုံ့ဆိုင်း တုံ့ဆိုင်း ဖြစ်နေခဲ့တယ်လို့ သူ ခံစားမိတယ်။

အဲဒီနေ့ မွန်းလွဲပိုင်းမှာ လင်းသျှန်ဖူက တံစဉ်တစ်လက်နဲ့ ဂျုံခင်းထဲ မတ်တတ်ရပ်ကာ နေရောင်ထဲက မိမိရဲ့အရိပ် တဖြည်းဖြည်း ရှည်ထွက်လာတာကို ကြည့်နေခဲ့တယ်။ သူက အချိန်တွက်နေတယ်။ မွန်းလွဲချိန် ရောက်လောက်ပြီ ဆိုတာနဲ့ လက်ထဲက တံစဉ်ကို ပစ်ချပြီးတော့ ခြေလှမ်းကျဲကြီးနဲ့ ကန်သင်းပေါ်တက်ပြီး အိမ်ပြန်လာခဲ့တယ်။

အိမ်ထဲရောက်တာနဲ့ သူက ရှောင်မေကို သုတ်သုတ်ပျာပျာ မေးလိုက်တယ်။

"ဒီတစ်မနက်လုံး အိမ်မှာ ဘာမှ မဖြစ်ပါဘူးနော်။ ပန်းကန်လုံးတွေ ဘာတွေ ကျမကွဲပါဘူးနော်။ ရက်ကန်းစင်က ကြိုးတွေ ဘာတွေ မပြတ်ပါဘူးနော်"

ရှောင်မေက အူကြောင်ကြောင်ဖြစ်ကာ ခေါင်းခါတယ်။

"ပန်းကန်လုံးလည်း ကျမကွဲပါဘူး၊ ရက်ကန်းစင်ကလည်း ကြိုးမပြတ်ပါဘူး"

ဒီတော့မှ လင်းသျှန်ဖူလည်း စိတ်အေးသွားတယ်။ သူက မီးဖို အုတ်ခုံပေါ်က ဇာတာစာကို သွားယူပြီး တစ်လ ဆိုတဲ့ အချိန် ပြည့်ပြီလို့ ရှောင်မေကို ပြောပြလိုက်တယ်။ ဒီတစ်လအတွင်း အိမ်မှာ ဘာတစ်ခုမှ မဖြစ်တာကိုပဲ ကျေးဇူးတင် မဆုံးတော့ပါဘူးကွာလို့ သူက ပြောတယ်။ သူက ရှောင်မေကို ပြောတယ်။

"ကြည့်ရတာ ငါတို့နှစ်ယောက်က ဇာတာစပ် ကံစပ်ပြီ ထင်တယ်"

ရှောင်မေလည်း ဘယ်ဘက်လက်နဲ့ ဗိုက်ကို ပင့်ကာ ခွေးခြေကနေ ဖြည်းညင်းစွာ မတ်တတ်ထ၊ ရက်ကန်းစင်ကနေ လင်းသျှန်ဖူရှေ့ လျှောက်လာပြီး သူ့လက်ထဲက ဇာတာစာကို လှမ်းယူပြီးတော့ မျက်လုံးနဲ့ တစ်ချက် ဝေ့ကြည့်လိုက်တယ်။ ဦးခေါင်းထက်မှာ မြည်ဟည်းလာတဲ့ လင်းသျှန်ဖူရဲ့ ဝန်ထုပ်ကြီး ကျသွားသလို အသံကို သူ ကြားလိုက်ရတယ်။

"ဒီတစ်လလုံးလုံး ငါ့မှာ စိုးရိမ်ထိတ်လန့်လိုက်ရတာကွာ"

❦

mgyoe.com

mgyoe.com SAMPLE BOOK

## (၁၃)

ယာထဲက ဂျုံတွေကို ရိတ်သိမ်းပြီးနောက် စတင် အခြောက်လှန်းတယ်။ လင်းသျှန်ဖူနဲ့ ထျန်ညီအစ်ကိုတွေက အနှံထွက်ညီညာ၊ အနှံကြီးအစေ့များတဲ့ ကောက်ပင်တချို့ကို ရွေးထုတ်ပြီး အစေ့ချွတ်ပြီးနောက် အိမ်ဝင်းထဲမှာ အခြောက်လှန်းတယ်။ ရှောင်မေက အိမ်တံခါးဝမှာ ကလေးအင်္ကျီ ချုပ်လုပ်ရင်း ဝင်းထဲမှာ ထျန်ညီအစ်ကိုငါးယောက်နဲ့အတူ အလုပ်များနေတဲ့ လင်းသျှန်ဖူကို မကြာမကြာ မော့မော့ကြည့်တယ်။ သူက ထျန်ညီအစ်ကိုတွေနဲ့အတူ ကောက်ရိုးမီးရှို့လို့ရတဲ့ ဖွဲပြာကို ဂျုံမျိုးစေ့နဲ့ ရောနယ်ပြီး စဥ့်အိုးတစ်လုံးချင်းစီထဲ ထည့်ပြီးတော့ မတ်တတ်ထပြီး နှင်းဖြူရာသီချိန်[၁၃] လွန်ရင် ဂျုံမျိုးစေ့တွေကို ယာထဲ ကြဲမယ်လို့ ရှောင်မေကို ပြောတယ်။ ရှောင်မေလည်း ချုပ်လို့ ပြီးပြီဖြစ်တဲ့ ကလေးအင်္ကျီကို မြှောက်ပြကာ လင်းသျှန်ဖူကို ပြောလိုက်တယ်။

"အဲဒီအချိန်ကျရင် ဒီအင်္ကျီထဲမှာ ရှော်ညင်တစ်ယောက် ရှိနေပြီ"

လင်းသျှန်ဖူလည်း အနားရောက်လာပြီး သူ့ကလေးကိုပဲ လှမ်းချီနေရသလို ကလေးအင်္ကျီကို ဂရုတစိုက် လှမ်းယူလိုက်ပြီးတော့ လက်နှစ်ဖက်ပေါ်တင်ကာ ကြည့်ပြီးရင်း ကြည့်၊ တဟဲဟဲနဲ့ ရယ်လို့ မပြီးနိုင် ရှိနေခဲ့တယ်။

လင်းသျှန်ဖူနဲ့ ထျန်ညီအစ်ကိုတွေက စဥ့်အိုးတွေကို မျက်နှာချင်းဆိုင် အဆောင်ထဲ ရွှေ့ပြီး ညီညီညာညာ စီထားလိုက်တယ်။ တစ်ဖန် ယာထဲမှာ ဆန်ပြောင်းနဲ့

---

၁၃။ တရုတ်ရိုးရာ စန္ဒရသူရိယပြက္ခဒိန်ရှိ ရာသီချိန် ၂၄ ခု အနက် တစ်ခု။ စက်တင်ဘာလ ၇ ရက်၊ သို့မဟုတ် ၈ ရက်၊ သို့မဟုတ် ၉ ရက် တစ်ရက်ရက်တွင် ကျရောက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK
ပြောင်းဖူးတွေကို စိုက်ပြန်တယ်။ ပြီးတဲ့နောက်မှာ လင်းသျှန်ဖူလည်း အားလုံး အဆင်ပြေသွားပြီ၊ နောက်ရက်တွေမှာ မင်္ဂလာပွဲအတွက် ပြင်ဆင်ရတော့မယ်လို့ အောက်မေ့လာမိတယ်။

လင်းသျှန်ဖူက အိမ်ဝင်းထဲမှာ သူ့ရဲ့ ထူးချွန်တဲ့ သစ်သားလက်မှုပညာကို ပြသလိုက်တယ်။ သူက ထျန်ညီအစ်ကိုတွေကို လက်သမား အလုပ်ရုံထဲက ရုပ်လုံးပေါ်ပြီးသား ပရိဘောဂတွေကို သယ်ထုတ်လာစေပြီး တစ်ဖန် နဂိုရှိပြီးသား စားပွဲ ထိုင်ခုံ မြင်းခုံ၊ အဝတ်ဗီရို၊ သေတ္တာ အစရှိတဲ့ ပစ္စည်းဟောင်းတွေကို ဟိုထုဒီရိုက် လုပ်ကာ အသစ်လိုဖြစ်အောင် ပြန်ပြင်လိုက်တယ်။ အဲဒါတွေကို မြင်သွားလို့ အိမ်တံခါးဝမှာ ကလေးအင်္ကျီ ထိုင်ချုပ်နေတဲ့ ရှောင်မေတောင်မှ-

"ဟောတော့" ဆိုပြီး အံ့ဩတကြီး အသံပြုမိလိုက်သေးတယ်။

လင်းသျှန်ဖူက ဟိုဘက်ရွာကြီးကနေ ဆေးသုတ်သမား နှစ်ယောက် သွားခေါ်လာခဲ့ပြီး အဲဒီ ပရိဘောဂတွေ တောက်တောက်ပြောင်ပြောင် ဖြစ်လာအောင်လို့ကော်ဖတ်တွေ တစ်ပြန်ပြီးတစ်ပြန် စား၊ ဆေးတွေ တစ်ထပ်ပြီး တစ်ထပ် သုတ်ခိုင်းလိုက်တယ်။ ပရိဘောဂတွေက မှန်လို ပြောင်လက်နေတာပဲလို့ ရှောင်မေက ပြောတယ်။

နှင်းဖြူရာသီချိန် ရောက်တော့မယ် ဆိုတော့ လင်းသျှန်ဖူလည်း ဂျုံမှုန့် မကြွခင် မင်္ဂလာပွဲကိစ္စကို စီစဉ်လိုက်ချင်ပြီ။ သူက အပ်ချုပ်သမားတစ်ယောက် ခေါ်လာပြီး ရှောင်မေ့အတွက် အင်္ကျီအနီ၊ ဘောင်းဘီအနီ၊ ခါးဝတ်အနီ၊ ပန်းထိုးပိုးဖိနပ်အနီတို့ကို ချုပ်လုပ်ခိုင်းလိုက်တယ်။ အပ်ချုပ်သမားလည်း ကိုးလဗိုက်ကြီးနဲ့ ရှောင်မေကို မြင်ပြီး ခေါင်းတယမ်းယမ်း လုပ်လာတယ်။ သူက ပြောတယ်။ ပန်းထိုးပိုးဖိနပ်အနီတော့ ချုပ်လုပ်ပေးလို့ ရပါတယ်၊ အင်္ကျီ အနီ ဘောင်းဘီအနီ ခါးဝတ်အနီတို့တော့ ချုပ်လို့ မရနိုင်ဘူး၊ ချုပ်လို့ရခဲ့ရင်လည်း ဒီလို ဝတ်ဆင်တာ ထုံးစံနဲ့ မကိုက်ညီဘူးတဲ့။ ရှောင်မေလည်း အင်္ကျီအနီ ဘောင်းဘီအနီ ခါးဝတ်အနီ မချုပ်တော့ဘူး၊ ဝတ်ရုံအနီတစ်စုံပဲ ချုပ်ပေးပါ၊ ခပ်ပွပွပဲ ဝတ်ပါမယ်လို့ ပြောလိုက်တယ်။

ဝတ်ရုံအနီ၊ ဖိနပ်အနီ ချုပ်လုပ်ပေးပြီး အပ်ချုပ်သမား ပြန်သွားတော့ လင်းသျှန်ဖူက ရှောင်မေကို ပြောတယ်။

"ဒီတစ်ခါတော့ မင်းကို ဗီရိုဝေါ ပေးစီးရမယ်"

လင်းသျှန်ဖူက ထျန်ညီအစ်ကိုတွေကို ခေါ်လာပြီး ခြောက်ယောက်သား လေးထောင့်စားပွဲတစ်လုံးကို ဖောက်ထိုးလှန်ပြီးတော့ ဗီရိုဝေါတစ်စီး ဖြစ်အောင် ပြုပြင်လိုက်ကြတယ်။ စားပွဲခြေထောက်လေးချောင်းက ဗီရိုဝေါရဲ့ တိုင်တွေ ဖြစ်လာတယ်။
mgyoe.com

mgyoe.com SAMPLE BOOK

စားပွဲမျက်နှာပြင်က ဇီရိုဝေါကြမ်းပြင် ဖြစ်လာတယ်။ ဘေးတစ်ဖက်တစ်ချက်စီမှာ ဝါးလုံးချည်လိုက်ပြီး ဝါးလုံးထိပ်မှာ ထမ်းပိုး နှစ်ချောင်း ထပ်ချည်လိုက်တော့ ဇီရိုဝေါ ထမ်းပိုး ဖြစ်လာတာပေါ့။ စားပွဲ ခြေထောက်တွေကို ပိတ်အနီနဲ့ ပတ်ပြီး အမိုးနီတစ်ခုကို စားပွဲခြေထောက်တွေထိပ်မှာ တင်လိုက်တယ်။ နောက်ဆုံး ဇီရိုဝေါကြမ်းပြင်မှာ ဂျုံ ကောက်ရိုးတွေ ခင်းလိုက်ပြီး ကောက်ရိုးပေါ်ကနေမှ ဂွမ်းကပ်စောင်တစ်ထည် ထပ်ခင်း လိုက်တယ်။ တစ်နာရီ မကြာတဲ့ အချိန်အတွင်းမှာပဲ လေးယောက်ထမ်း မင်္ဂလာ ဇီရိုဝေါ တစ်စီး ရှောင်မေ့ရှေ့မှာ ထွက်ပေါ်လာတော့တယ်။

လင်းသျှန်ဖူက နေ့ကောင်းရက်သာ ရွေးပြီး ရှောင်မေကို လေးထောင့် စားပွဲနဲ့ လုပ်ထားတဲ့ မင်္ဂလာဇီရိုဝေါထဲ ဝင်ထိုင်စေတယ်။ အထဲမှာ ခွေးခြေတစ်လုံး ထားပေး ထားတယ်။ ရှောင်မေလည်း လင်းသျှန်ဖူ တွဲထူပေးတာကို ခံယူရင်း ဇီရိုဝေါထဲကို ခက်ခဲစွာ ဝင်ပြီးတော့ ခွေးခြေမှာထိုင်လိုက်တယ်။ ထျန်ညီအစ်ကိုထဲက လေးယောက်က မင်္ဂလာဇီရိုဝေါကို လင်းသျှန်ဖူ အိမ်ဝင်းထဲကနေ ထမ်းထုတ်သွားကြတယ်။

အဲဒီနေ့က နေသာတာနဲ့ လင်းသျှန်ဖူက ရွာပြင်လမ်းမကြီးပေါ် တက်ကြမယ်၊ နည်းနည်း ခပ်ဝေးဝေး သွားကြမယ်လို့ ပြောလိုက်တယ်။ ထျန်တက ရှေ့ကနေ လမ်းပြ တယ်။ မင်္ဂလာဇီရိုဝေါက တကျွီကျွီမြည်ကာ လမ်းကလေးအတိုင်း ထွက်သွားတယ်။ လင်းသျှန်ဖူက မင်္ဂလာဇီရိုဝေါနောက်က လိုက်တယ်။ ရွာက လူတွေလည်း လင်းသျှန်ဖူ နောက်က လိုက်ကြတယ်။ မင်္ဂလာဇီရိုဝေါနောက်က လိုက်လာတဲ့ လူအုပ်ကြီး လမ်းမ ကြီးပေါ် ရောက်လာတော့ လမ်းမကြီးလည်း ဖုန်တထောင်းထောင်းထလာတော့တယ်။ သူတို့က ရှေ့က လီကြွမ်းရွာဆီကို ဦးတည်သွားကြတယ်။ ရွာက လူတွေ အယောက် တစ်ရာကျော်လောက် ဝန်းရံလိုက်ပါလာကြတာမို့ လမ်းသွားလမ်းလာတွေလည်း ထူးဆန်း တာနဲ့ မေးကြတယ်။

"ဇီရိုဝေါထဲ စီးလာသူက ဘယ်သူလဲဟ"

ထျန်ညီအစ်ကိုတွေလည်း-

"ဇီရိုဝေါထဲစီးလာသူကအလှကေရီတျောင်းချန်[၁၄]ပဲ"လို့ပြောလိုက်ကြတယ်။

လီကြွမ်းရွာ ရောက်ခါနီးမှာ ဇီရိုဝေါထဲက ရှောင်မေ 'အိုက်ယို အိုက်ယို' နဲ့ အော်လာတာကြောင့် ဇီရိုဝေါထမ်းတဲ့ ထျန်ညီအစ်ကိုလေးယောက်လည်း ချက်ချင်း ရပ်တန့်လိုက်ကြတယ်။ သူတို့နောက်က နောက်မှာ ပါလာတဲ့ လင်းသျှန်ဖူကို အော်ပြော လိုက်တယ်။ သခင်လေးကတော် မရတော့ဘူး၊ သခင်လေးကတော် မွေးတော့မယ်၊ ကလေးမွေးတော့မဲ့ မိန်းမတွေအားလုံး 'အိုက်ယို အိုက်ယို' လို့ အော်ကြတာချည်းပဲ။

---

၁၄။ သုံးပြည်ထောင်ဝတ္ထုထဲက ဇာတ်ကောင်။ တရုတ်ရှေးခေတ် အလှကေရီ လေးပါးအနက် တစ်ဦး၊ အပါအဝင် ဖြစ်သူ။

mgyoe.com

mgyoe.com SAMPLE BOOK
ဘေးက ဖြတ်သွားတဲ့ လူက၊ မဟုတ်ဘူး ထင်တယ်နော်၊ မွေးတော့မဲ့အချိန်မှာ 'အာယာ' လို့ပဲ အော်ကြတာပါလို့ ပြောတယ်။ ထျန်တက "ခင်ဗျားက ဘာသိလို့လဲ၊ မွေးပြီး တော့မှ 'အာယာ' လို့ တစ်ချက် အော်တာဗျ" လို့ ပြန်ပြောလိုက်တယ်။

လင်းသျှန်ဖူလည်း ရှေ့ကို ကမန်းကတန်း ပြေးတက်သွားတယ်။ နီရဲတွတ် နေတဲ့ မျက်နှာကြီးနဲ့ ဗီရိုဝေါထဲ ခေါင်းတိုးဝင်ပြီး ပြန်ထွက်လာချိန်မှာတော့ မျက်နှာ တစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေပြီ။ သူက ကတုန်ကယင် ပြောလိုက်တယ်။

"မွေးတော့မယ်"

ထျန်ညီအစ်ကို လေးယောက်လည်း ဗီရိုဝေါကို ထမ်းကာ လမ်းမကြီး တစ်လျှောက် ဒုန်းစိုင်းပြေးလာကြတော့တယ်။ ထျန်တနဲ့ လင်းသျှန်ဖူက ရှေ့ဆုံးကနေ ပြေးတယ်။ သူတို့က ရှေ့မှာရှိတဲ့ လီကြွမ်းရွာဆီ အပြေးသွားနေကြတာ။ အဲဒီမှာ ဒီနယ် တစ်ခွင်က နာမည်ကြီး ဝမ်းဆွဲသည်တစ်ယောက် ရှိတယ်။

ရှောင်မေကဗီရိုဝေါထဲမှာညည်းညူသံမတိတ်။ယောကျာ်းကြီးခြောက်ယောက် ကလည်း လမ်းမပေါ်မှာ ချွေးဖြိုင်ဖြိုင်ကျတဲ့အထိ ပြေးလွှားနေကြတယ်။ လင်းသျှန်ဖူ က ရှေ့ဆုံးက ပြေးရင်း လောဆော်နေတယ်။ နောက်က ဗီရိုဝေါထမ်းတဲ့ လေးယောက် ကို လိပ်လိုပဲ နှေးလိုက်တာ ဆိုပြီး အော်ပြောနေတယ်။ ဟိုလေးယောက်ကလည်း အသံ မထွက်ရဲဘဲ မျက်နှာကြီးတွေ ရှုံ့မဲ့ကာ တဟောဟော တဟဲဟဲ ပြေးလာကြတယ်။ နှစ်လီ ခရီး ပြေးလာပြီးတဲ့နောက် အပူမီးတောက်နေတဲ့ လင်းသျှန်ဖူလည်း ဗီရိုဝေါထမ်းသမား တွေကို ရပ်တန့်ခိုင်းပြီးတော့ ဗီရိုဝေါထဲက ရှောင်မေကို ဆွဲခနဲ ပွေ့ချီ ထုတ်ကာ လမ်းမကြီး တစ်လျှောက် သုတ်ခြေတင် ပြေးသွားတော့တယ်။ ထျန်တလည်းသူ့ညီလေးယောက်ကို နောက်ကနေ ဗီရိုဝေါခါလီကြီး ထမ်းပြီး လိုက်လာ ခိုင်းလိုက်တယ်။ သူကတော့ သခင်လေး ကိုယ်စား အစားထိုးဝင်မယ် ဆိုပြီး ပြေးလိုက်သွားတယ်။

ထျန်တဟာ လင်းသျှန်ဖူကို ပြေးလိုက်တာ မမီခဲ့ပါဘူး။ ရှောင်မေကို ပွေ့ချီ ထားတဲ့ လင်းသျှန်ဖူဟာ ပြေးသွားစဉ်မှာ ခြေထောက်မှာ တောင်ပံတပ်ထားသလား အောက်မေ့ရတယ်။ ထျန်တ နောက်ကနေ ကိုယ်လွတ်နဲ့ လိုက်တာတောင် လိုက်လို့ မမီခဲ့ဘူး။ ဗီရိုဝေါထမ်းသမား လေးယောက် ဆိုရင် ဟိုးအဝေးကြီးမှာ ပြတ်ကျန်ခဲ့ပြီ။ လင်းသျှန်ဖူဟာ တောအုပ်တစ်ခုကို ဖြတ်ပြေးပြီး ချိုးကွေ့လိုက်ပြီးနောက်မှာ အရိပ် အယောင် မမြင်ရတော့ဘူး။

ထျန်ညီအစ်ကိုငါးယောက် လီကြွမ်းရွာကို ရောက်လို့ ဝမ်းဆွဲသည် အိမ်ရှေ့ ရောက်လာချိန်မှာ လင်းသျှန်ဖူက အဲဒီမှာ ရောက်နှင့်လို့ ရပ်စောင့်နေတယ်။ သူ့တစ်ကိုယ်
mgyoe.com

mgyoe.com SAMPLE BOOK

လုံး ချွေးတွေ ရွှဲနစ်နေတယ်။ ခုလေးတင်မှ ရေထဲကနေ ဆယ်လာခဲ့သလား အောက်မေ့ရလောက်အောင် ခြေနှစ်ဖက်အောက်မှာ ရေ နှစ်ကွက် အိုင်ထွန်းနေတယ်၊ ထျန့်ညီအစ်ကို ငါးယောက် အပြေးရောက်လာပြီး ဗီရိုဝေါကို အောက်ချပြီးတာနဲ့ တစ်ယောက်ပြီး တစ်ယောက် မြေကြီးပေါ် ပစ်လှဲကာ ဖားဖိုဆွဲသလို ဟောဟဲဟောဟဲ ဖြစ်နေကြတာကို သူက ကြောင်တောင်တောင် ကြည့်နေတယ်။ အဲဒီအချိန်မှာပဲ အိမ်ထဲကနေ ကလေး ငိုသံ ထွက်လာတယ်။ လင်းသျှန်ဖုရဲ့မျက်နှာက အလိုအလျောက် အကြောတစ်ချက် နှစ်ချက်ဆွဲသွားတယ်။ ပုံစံက ရယ်နေသလိုလို၊ ငိုနေသလိုလို။ တစ်အောင့်နေတော့မှ ဝမ်းဆွဲသည်က ပြုံးပြုံးရွှင်ရွှင် ထွက်လာပြီး ပြောလိုက်တယ်။

"မွေးပြီတော်ရေ၊ သမီးလေးတဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

(၁၄)

ရှောင်မေ မီးဖွားပြီးတဲ့ သုံးရက်မြောက်နေ့မှာ ဝမ်းဆွဲသည်က ဒေါနရွက်နဲ့ ဟွားကျောင်းစေ့တွေ ယူပြီး လင်းသျှန်ဖူအိမ်ကို ရောက်လာတယ်။ သူက ဒေါနရွက်နဲ့ ဟွားကျောင်းစေ့တွေကို အိုးထဲထည့်ပြီး မီးဖိုမှာ မီးမွှေးကာ ဆေးဖက်ဝင်အပင်တွေနဲ့ ဆေးရည်ကျိုချက်တယ်။ ပြီးတဲ့နောက်မှာ ဆေးရည်ပူကို သစ်သားဇလုံထဲ သွန်ပြီး အဲဒီထဲကိုမှ မြေပဲတို့၊ ဆီးသီးတို့ ထည့်လိုက်တယ်။ ပြီးတဲ့နောက်မှာ ကလေးငယ်ကို ဆေးရည်ပူထဲမှာ ရေချိုး ပေးတယ်။ အညစ်အကြေးတွေကို ဆေးကြောပစ်မှ ဘေးအန္တရာယ်တွေကင်းရှင်းလိမ့်မယ်လို့ ဝမ်းဆွဲသည်က ပြောတယ်။

တစ်လပြည့်တဲ့နေ့မှာ ဝမ်းဆွဲသည် ရောက်လာပြန်တယ်။ ဒီတစ်ခေါက်ကျတော့ သူ့နောက်မှာ ဆတ္တာသည်တစ်ယောက်ပါ ပါလာတယ်။ ရွာက လူတွေ အများကြီးလည်းရောက်လာကြတယ်၊ဆတ္တာသည်ကပြောင်လက်နေတဲ့သင်တုန်းဓားနဲ့ ကလေးငယ်ရဲ့ မွေးဆံပင်ကို ရိတ်လိုက်တယ်။ ကလေးငယ်ရဲ့ မျက်ခုံးမွေးကိုလည်း ရိတ်လိုက်တယ်။ ရှောင်မေက မွေးဆံပင်နဲ့ မျက်ခုံးမွေးတို့ကို အနီရောင် ပိတ်စတစ်စနဲ့ သေချာထုပ်လိုက်တယ်။ လင်းသျှန်ဖူက မွေးဆံပင်နဲ့ မျက်ခုံးမွေးတို့ မရှိတော့တဲ့ ကလေးငယ်ကို ဝင်းထဲ ပွေ့ချီလာတယ်။ ကလေးငယ်ရဲ့ ဦးခေါင်းက နေရောင်အောက်မှာ ပြောင်လက်နေလိုက်တာ ဖန်ဂေါ်လီကြီးတစ်လုံးလို ဖြစ်နေလို့ ရွာက လူတွေလည်း ကြည့်ပြီး ရယ်မဆုံးနိုင် ဖြစ်ခဲ့ကြတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

နွေရာသီဟာ ကုန်လွန်မှန်းမသိ ကုန်လွန်သွားပြီး ဆောင်းကူးရာသီကတော့ ခပ်သုတ်သုတ် ရောက်လာခဲ့တယ်။ ဆယ်လပိုင်းရဲ့ အဲဒီနေ့ မိုးမသောက်မီအချိန်မှာ လင်းသျှန်ဖူဟာ မတိတ်နိုင်ဘဲ တောက်လျှောက်ငိုနေတဲ့ ကလေးငိုသံကြောင့် လန့်နိုးလာခဲ့တယ်။ သူက ရှောင်မေကို အကြိမ်ကြိမ် ခေါ်တာ ပြန်မထူးတာနဲ့ အိပ်ရာကထပြီး ရေနံဆီ မီးအိမ်ထွန်းလိုက်တော့မှ မီးလှုံခုတင်ထက်မှာ ရှောင်မေ မရှိတော့တာကို တွေ့လိုက်ရတယ်။ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားပြီး ရေနံဆီမီးအိမ်ကိုင်ကာ အပြင်ထွက်ပြီး ရှောင်မေကို အကြိမ်ကြိမ် ခေါ်ပြန်တော့လည်း ပြန်မထူးဘူးပဲ။

အရင်ဖြစ်ဖူးတဲ့ အဖြစ်မျိုး ထပ်ဖြစ်ပြန်ပြီလို့ သူ ရိပ်စားမိသွားပြီ။ သူက အဝတ်ဗီရိုကို ဖွင့်ကြည့်တယ်။ အထဲမှာ ရှောင်မေ့အဝတ်အစားတွေ မရှိတော့ဘူး။ မီးလှုံခုတင်အောက်မှာလည်း ရှောင်မေ့ဂွမ်းကပ်ဖိနပ် မရှိတော့ဘူး။ သူက ချက်ချင်းပဲ နံရံအကန့်ထဲက သစ်သားဘူးကို ထုတ်ယူ ဖွင့်ကြည့်လိုက်တော့ ငါးသင်ဝါကြီး ဆယ်ချောင်းရော၊ ငါးသင်ဝါလေး သုံးချောင်းရော၊ အနီရောင် အဝတ်ထုပ်ထဲမှာ ရှိနေသေးတာကို တွေ့လိုက်ရတယ်။ ဒီတစ်ခါတော့ ရှောင်မေက ရွှေချောင်း တစ်ချောင်းမှ ယူမသွားဘူး။

သမီးလေးရဲ့ ငိုသံဟာ ပြင်းထန်လွန်းအားကြီးလို့ ဆို့နင့်လာတာနဲ့ လင်းသျှန်ဖူလည်း ကပျာကယာ အပြေးသွားကြည့်လိုက်တာ အနှီးထုပ်ထဲက သမီးလေးကိုယ်ပေါ်မှာ "ဇာမဏီနှင့် ပျိုနီ" ခေါင်းစည်းပဝါကို ခြုံပေးထားတာ တွေ့လိုက်ရတယ်။ သမီးလေးဘေးမှာလည်း ဆန်ပြုတ်တစ်ခွက် ထားပေးထားတယ်။ လင်းသျှန်ဖူလည်း သမီးလေးကို ကောက်ချီပြီး ဆန်ပြုတ် တစ်လုတ်ကို ပါးစပ်ထဲ ငုံလိုက်တယ်။ ပြီးတော့မှ သမီးလေး ပါးစပ်ထဲကို ပါးစပ်ချင်းတေ့ကာ ဖြည်းဖြည်းချင်း တိုက်လိုက်တယ်။

သမီးလေး ပြန်အိပ်ပျော်သွားတော့မှ လင်းသျှန်ဖူလည်း အိမ်ပြင်ထွက်လာပြီး ရေတွင်းအုတ်ခုံမှာ မနက်မိုးလင်းတဲ့အထိ ထိုင်နေမိတယ်။ သူက ရှောင်မေရဲ့ အတိတ်က အကြောင်းကို ပြန်စဉ်းစားနေမိတယ်။ သူ့အဝတ်အစားတွေ ဝတ်ပြီး လရောင်အောက်မှာ သန္ဓေပြောင်းဖို့အတွက် ရေတွင်းကို ပတ်လျှောက်နေခဲ့တဲ့ ရှောင်မေ့အကြောင်းကို ပြန်စဉ်းစားမိတယ်။ မီးလှုံခုတင်ပေါ်မှာ ထိုင်ကာ ဆတ္တာသည်ဆီကနေ သမီးလေးရဲ့ မွေးဆံပင်နဲ့ မျက်ခုံးမွေးတို့ကို ဂရုတစိုက် လက်ခံယူခဲ့တဲ့ ရှောင်မေ့အကြောင်းကို ပြန်စဉ်းစားမိတယ်... အစောဆုံး နေရောင်ခြည် မျက်နှာပေါ် ကျရောက်လာတော့မှ သူလည်း အိမ်ထဲ ထပြန်ဝင်လာပြီး မီးလှုံခုတင်ပေါ်က သမီးလေးကို ပွေ့ချီကာ နောက်ဖေးတံခါးက တစ်ဆင့် ထျန်တအိမ်ကို ကူးသွားပြီးတော့ သူ့အိမ်က လူတွေဆီမှာ သမီးလေးကို ခဏ ထိန်းပေးဖို့ အပ်ထားခဲ့တယ်။ ပြီးတဲ့နောက်မှာ အိမ်ပြန်လာပြီး သစ်သားဘူးထဲကနေ ရွှေချောင်း ထုပ်ထားတဲ့ အနီရောင် အဝတ်ထုပ်ကို ထုတ်ယူကာ မနက်နေရောင်ထဲမှာ ခြေလှမ်းကျဲကြီးနဲ့ မြို့ကို တက်သွားတော့တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

မြို့ရောက်တော့ လင်းသျှန်ဖူက ကျွဲပဲဟိုဘဏ်တိုက်ကို သွားပြီး လယ်ယာမြေလေးရာခုနစ်ဆယ့်ခြောက်မူစလုံးကို အပေါင်ထားပြီး ငွေလက်မှတ်တွေ လဲယူလိုက်တယ်။ ငါးသင်ဝါကြီးတွေ၊ ငါးသင်ဝါလေးတွေကိုလည်း ငွေလက်မှတ်နဲ့ လဲလှယ်လိုက်တယ်။ ငါးသင်ဝါလေး တစ်ချောင်းကိုတော့ ငွေဒင်္ဂါးတွေနဲ့ လဲလိုက်တယ်။ တစ်ဖန် အပ်ချုပ်ဆိုင် တစ်ဆိုင်ကို သွားပြီး ကလေးအတွက် လေးရာသီစာ အတွင်းခံရော အပြင်ဝတ်ပါ ပါဝင်တဲ့ အဝတ်အစား နှစ်စုံစီကို နည်းနည်းကြီးကြီး ချုပ်ပေးဖို့ မှာပြီး အပ်လိုက်တယ်။ ပိတ်ရင်သိုင်းအိတ်တစ်လုံးနဲ့ ဂွမ်းကပ် ရင်သိုင်းအိတ် တစ်လုံးလည်း ချုပ်ပေးဖို့ အလုပ်အပ်ပြီး နောက်နှစ်ရက်နေရင် လာယူမယ်လို့ မှာလိုက်တယ်။ သူရွာပြန်ရောက်တော့ ညဥ့်နက်နေပြီ။ သူက ထျန်တတို့အိမ်မှာ သမီးလေးကို ပြန်သွား ပွေ့ချီလာခဲ့ပြီး ထျန်တကို နောက်က လိုက်လာစေတယ်။ နှစ်ယောက်သား လင်းသျှန်ဖူရဲ့ အိမ်ထဲ ဝင်လာပြီး ရေနံဆီမီးအိမ်ရဲ့ခပ်မှိန်မှိန် အလင်းရောင်ထဲမှာ ထိုင်လိုက်ကြတယ်။ လင်းသျှန်ဖူက ထျန်တကို ဖြစ်ကြောင်း ကုန်စင် ပြောပြလိုက်တယ်။ ထျန်တလည်း အံ့သြလွန်းလို့ ပါးစပ်ကြီး အဟောင်းသား ဖြစ်ကာ တော်တော်နဲ့ ပြန်မစေ့နိုင်ဘဲ ရှိနေခဲ့တယ်။

လင်းသျှန်ဖူက သူ နောက်သုံးရက်နေရင် သမီးလေးကို ခေါ်ပြီး ရှောင်မေနောက် အမီလိုက်မယ်လို့ ပြောတယ်။ လယ်ယာမြေတွေကိုလည်း ပေါင်နှံထားလိုက်ပြီ။ သုံးနှစ်အတွင်း ပြန်ရွေးရမယ်။ အိမ်ကိုတော့ မပေါင်ထားဘူး။ သူက အိမ်စောင့်ပေးဖို့ ထျန်တတို့ မိသားစုကို ပြောင်းလာနေခိုင်းတယ်။ သူက ထျန်တကို ပြောပြတယ်။ ရှောင်မေ့ကို ရှာတွေ့လို့ရှိရင် သူ စာတစ်စောင် ရေးပို့လိုက်မယ်။ အကယ်၍ နှစ်နှစ်အတွင်းမှာမှ သူ့ဆီက စာရောက်မလာခဲ့လို့ ရှိရင် အဲဒါ သူ တစ်နယ်တစ်ကျေးမှာ သေသွားပြီလို့ပဲ မှတ်လိုက်တော့။ ဒီအိမ်ကြီးကိုလည်း ထျန်တတို့ ညီအစ်ကိုတွေပဲ အပိုင်ယူလိုက်တော့။ လယ်ယာမြေတွေကတော့ အပေါင်သက်တမ်းပြည့်ရင် ပိုင်ရှင်သစ်ပေါ်လာလိမ့်မယ်။ ပြောပြီးတော့ လင်းသျှန်ဖူက အိမ်ပိုင်ဆိုင်မှုလက်မှတ်ကို ထျန်တလက်ထဲ အပ်လိုက်တယ်။

တစ်ချိန်က လင်းသျှန်ဖူကို ကုန်းပိုးကာ ရွာထဲ လျှောက်သွားခဲ့တဲ့ ထျန်တလည်း လင်းသျှန်ဖူ ပြောတာတွေကို မျက်ရည်စက်လက်နဲ့ နားထောင်ပြီးတဲ့အခါ အိမ်ပိုင်ဆိုင်မှုလက်မှတ်ကို လက်ထဲ ဆုပ်ကိုင်ထားရင်း ပြောလိုက်တယ်။

"သခင်လေး၊ ကျုပ်လည်း လိုက်ခဲ့မယ်ဗျာ၊ လမ်းမှာ စောင့်ရှောက်လို့ ရတာပေါ့"

လင်းသျှန်ဖူက ခေါင်းခါတယ်။

"ခင်ဗျားက ကျုပ်ကိုယ်စား အိမ်နဲ့ လယ်ယာမြေတွေကိုပဲ စောင့်ရှောက်ပေးထားပါ"

mgyoe.com

mgyoe.com
SAMPLE BOOK

ထျန်တရဲ့ မျက်ရည်တွေ အိမ်ပိုင်ဆိုင်မှု လက်မှတ်ပေါ် ကျသွားလို့ သူက ဆွေးမြည့်စုတ်ပြဲနေပြီဖြစ်တဲ့ အင်္ကျီလက်နဲ့ တရိုတသေ သုတ်လိုက်ပြီး လင်းသျှန်ဖူကို နောက်တစ်ကြိမ် ထပ်တောင်းပန်တယ်။

"သခင်လေး၊ ကျုပ်လည်း လိုက်ခဲ့မယ်ဗျာ၊ ကျုပ်တို့ညီအစ်ကိုတွေ သခင်လေး ကို တစ်ယောက်တည်း စိတ်မချလို့ပါ"

လင်းသျှန်ဖူက လက်ကာပြပြီး "ခင်ဗျား ပြန်ပါတော့" လို့ ပြောလိုက်တယ်။

"ဟုတ်ကဲ့ပါ သခင်လေး" ထျန်တက တရိုတသေ ပြန်ထပြီး မျက်ရည်သုတ်ကာ ထွက်သွားတယ်။

သုံးရက်နေတော့ လင်းသျှန်ဖူက အိပ်မောကျနေတဲ့ သမီးလေးကို ဂွမ်းကပ် ရင်သိုင်းအိတ်ထဲ ထည့်ပြီး ဟိုရောမ အဝတ်ထုပ်ကြီးကို ကျောမှာ လွယ်ကာ မိုးမလင်း ခင်မှာပဲ အိမ်က ထွက်လာခဲ့တယ်။ သူက မြည်းကို ဆွဲကာ ရွာအရှေ့ပိုင်း မိဘသင်္ချိုင်းဂူ ရှိရာဆီကို အရင်ဦးဆုံး ရောက်လာပြီး သူ့မိဘတွေကို ဒူးထောက် ပြောတယ်။

"အဖေ... အမေ... အဖေတို့ အမေတို့အပေါ် ကျုပ် တာဝန်မကျေခဲ့ဘူး၊ ဘိုးအေ တွေအပေါ် တာဝန်မကျေခဲ့ဘူး။ ဘိုးဘပိုင် လယ်ယာမြေတွေကို ကျုပ် ပေါင်လိုက်ပါပြီ၊ ကျုပ် ရှောင်မေ့ကို တွေ့အောင်ရှာပြီး ပြန်ခေါ်လာခဲ့မယ်။ အဖေ... အမေ... အဖေတို့၊ အမေတို့ရဲ့ မြေးမလေး နို့စို့ရဖို့ လိုတယ်၊ သူ့မှာ မအေ မရှိလို့ မဖြစ်ဘူး၊ ကျုပ် ရှောင်မေ့ကို တွေ့အောင်ရှာပြီးပြန်ခေါ်လာခဲ့မယ်။အဖေ...အမေ...ကျုပ်ကေန်မုချ ပြန်လာခဲ့ပါ့မယ်လို့ ဒီနေရာမှာ ကျုပ် သစ္စာ ဆိုပါတယ်..."

mgyoe.com

mgyoe.com SAMPLE BOOK

## (၁၅)

လင်းသျှန်ဖူက တောင်ဘက်ကို ထွက်လာခဲ့တယ်။ သူက သမီးလေးကို ရင်ခွင်ထက်က ဂွမ်းကပ်ရင်သိုင်းအိတ်ထဲ ထည့်၊ အဝတ်ထုပ်ကို မြည်းကုန်းနှီးပေါ် တင်ထားပြီးတော့ မြည်းဇက်ကြိုးကို ဆွဲကာ ဖုန်တထောင်းထောင်း လမ်းမကြီးထက် ခြေကျင် ခရီးနှင်လာခဲ့တယ်။ သူက တစ်လမ်းလုံး ရှောင်မေ့ကို စုံစမ်းတယ်။ နက်ပြာရောင်ပိတ်အင်္ကျီ၊ နက်ပြာရောင်ပိတ်ခါးဝတ် ဝတ်ဆင်ထားတဲ့ အမျိုးသမီးငယ်တစ်ယောက်ကို တွေ့မိသလားလို့ မေးမြန်းတယ်။ တစ်ချိန်တည်းမှာ နို့တိုက်မိခင်တွေကိုလည်း လိုက်ရှာပြီး ဆာလောင်နေတဲ့ သမီးလေးအတွက် နို့ချို တောင်းခံခဲ့တယ်။

နှစ်ရက်အကြာမှာ လင်းသျှန်ဖူဟာ မြစ်ဝါမြစ်ကမ်းနားကို ရောက်လာတယ်။ အသက်ကြီးပိုင်း ဖောင်သမား တစ်ယောက်က လင်းသျှန်ဖူကို ပြောတယ်။ လူကတော့ မြစ်ကူးလို့ရတယ်။ မြည်းတော့ မြစ်ကူးလို့ မရဘူးတဲ့။ ဖောင်သမားက ပြောတယ်။ လေကလည်းထန်၊ လှိုင်းကလည်းကြီးနေတာကြောင့် ဆိတ်သားရေ ဖောခံဖောင်ပေါ်မှာ မြည်းက ငြိမ်ငြိမ် မရပ်နိုင်ဘဲ ရေထဲ ပြုတ်ကျသွားလိမ့်မယ်တဲ့။ လင်းသျှန်ဖူလည်း တဝေါဝေါ စီးနေတဲ့ မြစ်ရေရယ်၊ မြစ်ညာဘက်က စီးဆင်းလာတဲ့ ရေခဲတုံးတွေ မြစ်မျက်နှာပြင်ထက်မှာ တွန်းတိုက်နေကြတာရယ်၊ လှိုင်းတံပိုးထက်မှာ ပေါ်ချည်တစ်ခါ ပျောက်ချည် တစ်လှည့် လူးခါနေတဲ့ ဆိတ်သားရေ ဖောခံဖောင်တစ်စီးရယ်ကို မြင်လိုက်ရတယ်။ လင်းသျှန်ဖူက ရင်ခွင်ထဲက သမီးလေးကို တစ်ချက်ငုံ့ကြည့်တယ်။ အဲဒီအခိုက်

mgyoe.com

mgyoe.com SAMPLE BOOK

မှာ သမီးလေးက အိပ်ပျော်နေပြီး နှုတ်ခမ်းထောင့်မှာ သွားရည်တစ်စက် တွဲလောင်း ကျနေတယ်။ လင်းသျှန်ဖူက ခေါင်းပြန်မော့ပြီး ဖောင်သမားကို မြည်းသမားတွေရဲ့ ကြားစခန်း ဘယ်နားမှာ ရှိသလဲလို့ မေးလိုက်တယ်။ ဖောင်သမားက နီးနီးလေးပဲ၊ မြစ်ကြောင်းတစ်လျှောက် အရှေ့ဘက်ကို တစ်လီလောက် သွားလိုက်ရင် အဲဒီမှာ ကြားစခန်း တစ်ခု ရှိတယ်လို့ ပြောလိုက်တယ်။

လင်းသျှန်ဖူက မြည်းကို ကြားစခန်းက ယောကျ်ားတစ်ယောက်ဆီမှာ ရောင်း လိုက်တယ်။ ပြီးတော့ မြည်းစာ နည်းနည်း ဝယ်ချင်တယ်လို့ ပြောတယ်။ ဟိုယောကျ်ား လည်းသူ့ကိုထူးဆန်းစွာကြည့်ရင်းမြည်းတောင်ရောင်းလိုက်ပြီပဲဟာ၊မြည်းစာထပ်ဝယ် ပြီး ဘာလုပ်ဖို့တုံးလို့ မေးလိုက်တယ်။ လင်းသျှန်ဖူက ဒီမြည်းက သူ့ဆီမှာ နေလာခဲ့တာ ငါးနှစ် ရှိပြီ၊ သူ့အဖော်ပဲ၊ သူ့အနေနဲ့ နောက်တစ်ကြိမ်လောက် အစာကျွေးချင်လို့ပါလို့ ပြောတယ်။ ဟိုယောကျ်ားက ဂျုံကောက်ရိုးတချို့ ယူပေးတော့ လင်းသျှန်ဖူက ခေါင်းခါပြီး ဒီလို အစာကြမ်းတွေ မလိုချင်ဘူး၊ အစာချောပဲ လိုချင်တယ်လို့ ပြောလိုက်တယ်။ ဟို ယောကျ်ားလည်း သူ့ကို နောက်တစ်ကြိမ် ထူးဆန်းတဲ့ အကြည့်နဲ့ ကြည့်ပြီး ဘယ်လို အစာချောမျိုး လိုချင်တာလဲ၊ မြက်စိုလား၊ မြက်ခြောက်လား၊ ဂျုံဖွဲလားလို့ မေးလိုက်တယ်။ လင်းသျှန်ဖူက သူ့ကို ကြေးစေ့တစ်စေ့ ထုတ်ပေး ပြီး တစ်မျိုးနည်းနည်းစီ ယူလာခဲ့ပေးပါ လို့ ပြောလိုက်တယ်။

နေဝင်ချိန်မှာ လင်းသျှန်ဖူက သမီးလေးကို ချီကာ မြေကြီးပေါ် ဆောင့်ကြောင့် ထိုင်ချပြီး မြည်းစာတွေကို နှံ့အောင် မွှေတယ်။ ဟိုယောကျ်ားက ဘေးတစ်ဖက်မှာ ရပ်ကာ တဟဲဟဲရယ်လျက် မြည်းစာကို ဒီလောက်အကြာကြီး မွှေနေတာ တစ်ခါမှ မမြင်ဖူးပါ ဘူးလို့ ပြောတယ်။

လင်းသျှန်ဖူကလည်း ရယ်ပြီး "အစာရှိချင်ရှိ မရှိချင်နေ၊ ထောင့်လေးထောင့် စလုံး အကုန်မွှေ ဆိုတဲ့ ဆိုရိုးစကား ရှိတယ်လေ"လို့ ပြောလိုက်တယ်။

ပြီးတဲ့နောက်မှာ လင်းသျှန်ဖူက မြည်းနဲ့ စကားပြောတယ်။

"နဂိုကတော့ မင်းကို ရောင်းပစ်ဖို့ အစီအစဉ်မရှိပါဘူးကွာ၊ မင်းက မြစ်မကူးနိုင် တော့ ဒီမှာပဲ နေရစ်ခဲ့ပါကွာ၊ မင်းလည်း ငါ့ဆီမှာ ငါးနှစ်တောင် နေခဲ့တာပဲ၊ ဒီငါးနှစ်မှာ ထွန်ယက်တာပဲဖြစ်ဖြစ်၊ ကြိတ်ဆုံလှည့်တာပဲဖြစ်ဖြစ်၊ လူစီးတာပဲဖြစ်ဖြစ်၊ လှည်းဆွဲ တာပဲဖြစ်ဖြစ်၊ ကုန်သယ်တာပဲဖြစ်ဖြစ် မင်း အကုန်ကျွမ်းပါတယ်၊ ဒီနေ့ကစလို့ မင်းဟာ သူများဆီမှာနေရတော့မယ်၊ဒီနောက်ပိုင်း နေ့ရက်တွေမှာ မင်းကောင်းကောင်းနေပါကွာ"

mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှန်ဖူက ကြားစခန်းက ထွက်လာပြီး ဆိတ်သားရေ ဖောခံ ဖောင်စီးကာ မြစ်ဝါမြစ်ကို ဖြတ်ကူးတော့ ညအမှောင် ကျရောက်လာနေပြီ။ သူ့လက်တစ်ဖက်က ရင်ခွင်ထက်မှာ ရှိတဲ့ ဝွမ်းကပ်ရင်သိုင်းအိတ်ထဲက သမီးလေးကို တင်းတင်းရင်းရင်း ပွေ့ထားပြီး ကျန်လက်တစ်ဖက်က အဝတ်ထုပ်ကို ဆုပ်ကိုင်ထားကာ လှိုင်းတံပိုးထဲမှာ လူးခါနေခဲ့တယ်။ ဖောင်သမားက ရှေ့မှာ ဒူးထောက်ကာ လှော်တက်နဲ့ လှော်ခတ်နေတယ်။ လှိုင်းခေါင်းပုတ်လို့ လင်းသျှန်ဖူရဲ့ အဝတ်အစားတွေ စိုရွှဲကုန်တယ်။ လင်းသျှန်ဖူရဲ့ မျက်လုံးက ရေစက်တွေကတစ်ဆင့် ညအမှောင်ထဲ နစ်မြုပ်သွားနေတဲ့ မြစ်ဝါမြစ်ကမ်း နှစ်ဖက်က အနားသတ်မဲ့သော မြေကြီးကို မြင်လိုက်ရတယ်။ တိမ်ကင်းစင်တဲ့ ကောင်းကင်ထက်မှာ လခြမ်းကွေးတစ်စင်း လွင့်မျောနေတယ်။ သမီးလေးရဲ့ တအင်းအင်း ငိုသံက တော့ လှိုင်းတံပိုးသံကြားထဲမှာ ပြတ်တောင်း ပြတ်တောင်း။

မြစ်ဝါမြစ်ကို ကူးလာပြီးတော့ လင်းသျှန်ဖူက တောင်ပိုင်းကို တောက်လျှောက် ဆင်းလာခဲ့တယ်။ အဲဒီနောက်ပိုင်း ခရီးတစ်လျှောက်လုံးက မြင်းခွာသံတွေချည်းပဲ။ သူက မြင်းဆယ့်နှစ်ကောင်ကတဲ့ မြင်းလှည်းကနေ မြင်းသုံးကောင်ကတဲ့ မြင်းလှည်းအထိ မြင်းလှည်းတွေ တစ်စီးပြီးတစ်စီး ပြောင်းစီးလာခဲ့တယ်။ သူ့နားနားမှာ မြင်းလှည်းဆရာ ကျာပွတ်ဝှေ့ယမ်း မြင်းမောင်းသံ "ကျ... ဖြန်း... ဟိုး..." တွေ တစ်လျှောက်လုံး မြည်ဟည်း နေခဲ့တယ်။ မြင်းလှည်းဆရာက "ဝူးဝူး" အော်လို့ရှိရင် အဲဒါ ဘယ်ကွေ့ဖို့ပဲ ဆိုတာ သူ မကြည့်တဲ သိနိုင်တယ်။ "အော့အော့" အော် လို့ ရှိရင် ညာချိုးတာ၊ "ယွဲ့ယွဲ့" အော်လို့ ရှိရင် ကုန်းတက်၊ "တိုက်တိုက်" အော်လို့ရှိရင် အဲဒါ မြို့တွင်းလမ်းမပေါ်က ကျောက်တုံး တံခါးခုံ ကို ကျော်လာခဲ့တာပဲ။

သူ တည်းဖူးတဲ့ လှည်းရထား တည်းခိုဆိုင်တွေလည်း မနည်းဘူး။ မြင်ဖူးတဲ့ ပိတ်ဆိုင်းဘုတ်တွေလည်း မျိုးစုံပါပဲ။ ဆန်ခါခွက်နဲ့ ပိတ်ဆိုင်းဘုတ် ချိတ်ထားတဲ့ ကြက်တောင်မွေးခင်း အိပ်ရတဲ့ တည်းခိုဆိုင်ကလေးမှာ သူက ပခုံးထမ်းဈေးသည်တွေ နဲ့ တစ်အိပ်ရာတည်း အတူအိပ်ခဲ့တယ်။ ဆန်ကောတစ်လုံး ချိတ်ထားပြီး အောက်မှာ ပိတ်စ ရှည်တွေ လွင့်နေတဲ့ ပိတ်ဆိုင်းဘုတ်နဲ့ တည်းခိုဆိုင်ကလေးမှာ သူက တွန်းလှည်းသမား တွေ၊ အထမ်းသမားတွေနဲ့ တင်ပျဉ်ခွေ ဝိုင်းဖွဲ့ထိုင်ခဲ့တယ်။ သစ်တော်သီးတောင်းနဲ့ ပိတ်ဆိုင်းဘုတ် ချိတ်ထားတဲ့ တည်းခိုဆိုင်မှာ သူက လားမြည်းငှားစားသူတွေနဲ့ လေကန် ခဲ့တယ်။ ဆန်ကောခုနစ်ခု ချိတ်ထားပြီး အောက်မှာ အနီရောင် ပိတ်စရှည်တွေ တွဲလောင်းနဲ့ ပိတ်ဆိုင်းဘုတ် ချည်ထားတဲ့ လှည်းရထား တည်းခိုဆိုင်ကြီးမှာ သူက ရွှေသွား စွပ်ထားတဲ့ စီးပွားရေးသမားနဲ့ အာလူးဖုတ်ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှန်ဖူဟာ ကြိုးတံတားတွေ၊ ဆိပ်ခံတံတားတွေ၊ ရက်မတံတားတွေ၊ ကျောက်ခုံးတံတားတွေအများကြီးဖြတ်လာခဲ့ပြီးတူးမြောင်းတစ်လျှောက် တောင်ဘက်ကို ခရီးဆက်လာခဲ့တယ်။ သူက ဆောင်းတွင်းနဲ့အတူ ယန်စီ မြစ်ကြီးကို ဖြတ်ကူးခဲ့တယ်။ အဲဒီနောက်မှာ သူ့ခရီးစဉ်က တောင်ဘက်တည့်တည့်သွားတဲ့ မျဉ်းဖြောင့် မဟုတ်တော့ဘဲ တဝဲလည်လည်နဲ့ ရှေ့မဆက်တော့တဲ့ ကန့်လန့်ဖြတ်မျဉ်း ဖြစ်လာခဲ့တယ်၊ သူက "ကျန်းနန်" ဒေသ ရေပေါ် မြို့ကလေးတွေမှာ လွန်းပြန်ထိုးနေခဲ့တယ်၊ မြို့ကလေးပေါင်း နှစ်ဆယ်ကျော်မှာ လွန်းပြန်ထိုးနေခဲ့သလို ဆောင်းတွင်းနဲ့ နွေဦးထဲမှာလည်း လွန်းပြန်ထိုးနေခဲ့တယ်။ သူကတွေ့တဲ့လူတိုင်းဆီမှာဝန်းချိန်လို့ခေါ်တဲ့နေရာကိုစုံစမ်းတယ်။ အဲဒါရှောင်မေ့ဇာတိပဲ၊ ဒါပေမဲ့ အားလုံးရဲ့ မျက်နှာမှာ ပေါ်လာတာက ယောင်ဝါးဝါး အမူအရာတွေချည်းပဲ။

နွေဦးလွန်လို့ နွေရာသီ ရောက်ပြီ။ အဲဒီနေ့မှာ သူက ရှန်တျန့်လို့ ခေါ်တဲ့ မြို့တစ်မြို့ကို ရောက်လာတယ်။ မြို့တွင်းက ကျောက်ပြားခင်းလမ်းအတိုင်း ဦးတည်ရာမဲ့ လျှောက်သွားရင်း ရုတ်တရက် လမ်းဆုံးသွားတဲ့အခါမှာ သူက လှေဆိပ်ကို ရောက်လာခဲ့တယ်။

ရယ်သံလွင်လွင်နဲ့ လူငယ်လှေသမားတစ်ယောက် လှေပဲ့ပိုင်းမှာ မတ်တတ်ရပ်ကာ ကမ်းပေါ်က မိန်းမပျိုလေးတစ်ယောက်နဲ့ စကားပြောနေတယ်။ သူတို့ရဲ့ မြန်ဆန်တဲ့ လေယူလေသိမ်းက လင်းသျှန်ဖူကို စိတ်လှုပ်ရှား လာစေခဲ့တယ်။ သူတို့ ဘာပြောနေမှန်း လင်းသျှန်ဖူ နားမလည်ပေမဲ့ သူတို့ရဲ့ လေသံကိုတော့ လင်းသျှန်ဖူ ကောင်းကောင်း သိနေတယ်။ရှောင်မေနဲ့ အားချန် သူ့အိမ်ရှေ့တံခါးဝမှာ ပထမဆုံးအကြိမ် ထွက်ပေါ်လာစဉ်တုန်းက အဲဒီလေသံမျိုးနဲ့ပဲ စကားပြောခဲ့ကြတာ။ လင်းသျှန်ဖူလည်း မိမိကိုယ်ကို ဝန်းချိန် ရောက်နေပြီလို့ ခံစားမိတယ်။ လူငယ်လှေသမားက လင်းသျှန်ဖူကို မြင်တော့ လှေစီးမလို့လားလို့ မေးတယ်။ လင်းသျှန်ဖူလည်း လှေပေါ်ကို ဒယိမ်းဒယိုင် တက်သွားပြီး နှီးပေါင်းမိုးထဲ ကုန်းကွကွ တိုးဝင်ပြီးတော့ လှေဝမ်းထဲမှာ ထိုင်ချလိုက်တယ်။ ဆေးနီသုတ်ထားတဲ့ လှေကုန်းပတ်ပေါ်မှာ ဖျာခင်းထားပြီး နှီးခေါင်းအုံးနှစ်လုံးလည်း ရှိတာကို သူ တွေ့လိုက်ရတယ်။ လူငယ်လှေသမားက သူ့ကို ဘယ်သွားမလို့လဲလို့ မေးတော့ လင်းသျှန်ဖူက–

"ဝန်းချိန် သွားမယ်"လို့ ပြောလိုက်တယ်။

"ဝန်းချိန်"

လှေသမား မျက်နှာပေါ်မှာ ယောင်တိယောင်တောင် အမူအရာ ထွက်ပေါ် လာတယ်။ ဒါဟာ လင်းသျှန်ဖူ ရင်းနှီးပြီးသား မျက်နှာအမူအရာ ဖြစ်နေပြီ။ သူ ပြောတဲ့

mgyoe.com

mgyoe.com SAMPLE BOOK
နေရာကို လှေသမား မကြားဖူးမှန်း သူ သိလိုက်ပြီ။ လှေသမား ခုနက စကားပြောတဲ့ လေသံက လင်းသျှန်ဖူအတွက် မျှော်လင့်ချက် ကောက်ရိုးတစ်မျှင် ကျန်နေစေသေးတယ်။ သူက လှေသမားကို အိမ်က ဘယ်မှာလဲလို့ မေးတော့ လှေသမားက–

"သျှီးကြန့်မှာ"လို့ ပြန်ဖြေတယ်။

သျှီးကြန့် ဆိုတာ ဘယ်လိုနေရာမျိုးလဲလို့ လင်းသျှန်ဖူက မေးတော့ လှေသမားက အဲဒါ အိမ်ပြင်ထွက်လိုက်တာနဲ့ ရေကိုတွေ့ရပြီး ခြေထောက် လှမ်းလိုက်တာနဲ့ လှေပေါ် ရောက်သွားတဲ့ အရပ်ပဲလို့ ပြန်ဖြေလိုက်တယ်။ ဒီစကားက လင်းသျှန်ဖူကို နောက်တစ်ကြိမ် စိတ်လှုပ်ရှားလာစေပြန်တယ်။ အားချန်လည်း မိမိဇာတိအကြောင်းကို ဒီလို ပြောခဲ့ဖူးတယ်လို့ သူ ပြန်သတိရလာတယ်။ အဲဒါနဲ့ သူလည်း–

"သျှီးကြန့် သွားမယ်"လို့ ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

(၁၆)

ညနေစောင်းချိန်ခါ ရေပြင်ထက်မှာ လင်းသျှန်ဖူဟာ သမီးလေးကို ရင်ခွင်ပွေ့လျက် လှေပေါ် ထိုင်စီးလာခဲ့တယ်။ အစတော့ သူက ကျောမှာ လွယ်ထားတဲ့ အဝတ်ထုပ်ကို အောက်ချဦးမလို့ပဲ။ ဒါပေမဲ့ ကိုယ်ကို နောက်မှီလိုက်ချိန်မှာ အဝတ်ထုပ်က ကျောမှီပမာ သူ့ကိုသက်သောင့်သက်သာရှိလာစေလို့ သူလည်းအဝတ်ထုပ်ကို အောက်မချတော့ဘဲ ရင်ခွင်ထက်က ပိတ်ရင်သိုင်းအိတ်ကိုသာ ဖြုတ်ချပြီး ပိတ်ရင်သိုင်းအိတ်ထဲက သမီးလေးကို သူ့ပေါင်ပေါ်မှာ လှဲနေစေလိုက်တယ်။ သူက အပေါ်က နှီးပေါင်းမိုးကို လက်နဲ့ လှမ်းဆွဲ ဖွင့်လိုက်တယ်။ နွေရာသီရဲ့ ညလေ သူ့ကိုယ်ပေါ် တိုက်ခတ်လာတယ်။

လှေသမားက ပဲ့ပိုင်းမှာ ထောင်မတ်ထားတဲ့ ပျဉ်ပြားတစ်ချပ်ပေါ် ကျောမှီထိုင်ရင်း ဘယ်ဘက်ချိုင်းကြားမှာလှော်တက်တစ်ချောင်းညှပ်ကာပဲ့ကိုင်ထိန်းနေတယ်။ ခြေဗလာအစုံ ကွေးလိုက် ဆန့်လိုက် လုပ်ကာ လှော်တက်ကို ခတ်နေတယ်။ လင်းသျှန်ဖူလည်း တအိအိ တကျွိကျွိ လှော်ခတ်သံကို နားထောင်ရင်း ရေပြင်ထက်က နှီးပေါင်းမိုး လှေကလေးတွေ တစ်စင်းပြီး တစ်စင်း ဆန်တက်သွားကြတာကို ကြည့်နေခဲ့တယ်။ လှေသမားက ညာဘက်လက်မှာ အရက်အိုးကလေး တစ်လုံး ဆုပ်ကိုင်ထားပြီး ခြေအစုံရဲ့ အကွေးနဲ့ အဆန့်ကြားမှာ အရက်ဝါတစ်ငုံ စုပ်တယ်။ ဘယ်ဘက်လက်ကတော့ လှေပေါင်ပေါ် တင်ထားတဲ့ ပန်းကန်ထဲကနေ ပဲကလေးတစ်စေ့ နှိုက်ပြီး ပါးစပ်ထဲ ပစ်ထည့်ကာ အရသာရှိရှိ ဝါးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တိမ်တောက်လို့ မိုးသားကင်းစင်တဲ့ ကောင်းကင်ကြီးဟာ ပုစွန်ဆီရောင် ဟပ်လာတယ်။ ကုန်းပေါ်က လယ်ယာမြေတွေဆီကနေ ခိုင်းနွား အိမ်ပြန်တဲ့ ဘွတ်အဲ အော်သံတွေ လွင့်ပျံလာတယ်။ မီးဖိုချောင်ခေါင်းတိုင်က မီးခိုးငွေ့တွေ တလူလူ တက်လာပြီ။ တစ်ချိန်တည်း တက်လာတဲ့ အထဲမှာ လင်းသျှန်ဖူရဲ့ မြင်ယောင်ခြင်း လည်း ပါတယ်။ သူ ရှောင်မေ့ကို မြင်ရပြီ။ ရှောင်မေက သမီးလေးကို ရင်ခွင်ပွေ့ကာ မြောက်ပိုင်းက အိမ်ဝင်းရဲ့ တံခါးခုံမှာ ထိုင်နေတယ်။ တိမ်တောက်ချိန်မှာ ညနေခင်း ဆည်းဆာ ပုစွန်ဆီရောင် ဟပ်လာသလို ရှောင်မေ့ကိုယ်ပေါ်က နက်ပြာရောင် ဝိတ် အဝတ်အစားနဲ့ အနီးထုပ်ထဲက သမီးလေးတို့မှာလည်း ပုစွန်ဆီရောင် ဟပ်လာတယ်။ မြို့ကနေ ပြန်လာတဲ့ လင်းသျှန်ဖူက လက်တစ်ဖက်က မြည်းဆွဲထားပြီး ကျန်လက် တစ်ဖက်က ထန်ဟူလူ တစ်ချောင်းထောင်ကာ ရှောင်မေ့ရှေ့ကို ရောက်လာတယ်။ သူက ထန်ဟူလူကို ရှောင်မေ့ကို ပေးလိုက်တယ်။ ရှောင်မေက တစ်ဖန် အဲဒီ ထန်ဟူလူကို သမီးလေးရဲ့ နှုတ်ခမ်းနားမှာ တေ့ပေးထားလိုက်တယ်။ အဲဒါဟာ လင်းသျှန်ဖူအတွက် ရှောင်မေ ထားရစ်ခဲ့တဲ့ နောက်ဆုံး ဇာတ်ကွက်ပဲ။ မိုးမလင်းခင်မှာပဲ သူက နောက်တစ်ကြိမ် ထွက်သွားပြီး ပြန်မလာတော့ဘူး။

မြည်သံကြီးတစ်ခုက လင်းသျှန်ဖူကို မြင်ယောင်ခြင်းကနေ ဆွဲထုတ်လာခဲ့တယ်။ ခုနကမှ မိုးသားကင်းစင်ကာ ညနေဆည်းဆာ ရောင်ခြည်ဖြာနေသေးတဲ့ ကောင်းကင်ကြီး ဟာ ခုချိန်မှာတော့ တစ်မိုးလုံး မှောင်လာပြီး လျှပ်စီးတွေလက်၊ မိုးကြိုးတွေပစ်ကာ မိုးရေ လေရော သည်းထန်လာတယ်။ မိုးရေထဲမှာ ဘေးဘီဝဲယာ ကျီးကန်းတောင်းမှောက် ကြည့်နေတဲ့ လှေသမားကို လင်းသျှန်ဖူ မြင်လိုက်ရတယ်။ လင်းသျှန်ဖူ မော့ကြည့် လိုက်တော့ ကတော့ပုံသဏ္ဍာန် လေပွေကြီးက အရှိန်နဲ့ ဝှေ့ယမ်း တိုက်ခတ်လာနေပြီ။ မိုးကြီး မုန်တိုင်းက မြေကြီးထဲကနေ ကောင်းကင်ထဲကို သွန်းရွာနေသလား ထင်မှတ် မှားရလောက်အောင် ဖုန်မှုန့်တွေ အပိုင်းအစတွေ ကတော့ထိုး ရစ်လည် ပျံတက်လာ တယ်။ အဲဒီအချိန်မှာ နှစ်ခုထပ်ထားတဲ့ နီးပေါင်းမိုးလည်း လှေကလေးထဲကနေ ကျွတ်ပြီး ကြွကြွရွရွ ကခုန်သလို လွင့်ပျံထွက်သွားတယ်။ လှေသမားလည်း "လေဆင်နှာမောင်း"လို့ တစ်ချက် မြည်တမ်းပြီးတာနဲ့ ရေထဲ ခုန်ချသွားတယ်။ ခုန်ချစဉ်မှာ ညာဘက်လက်က ဟိုအရက်အိုးကလေးကို ဆုပ်ကိုင်ထားဆဲ။

လှေသမားက ကိုယ်လွတ်ရုန်းသွားပေမဲ့ လင်းသျှန်ဖူကတော့ ရေထဲ ခုန်ချလို့ မဖြစ်ဘူး။ သမီးလေးက ရင်ခွင်ထဲမှာမို့ သူက လှေပေါ်မှာပဲ ထိုင်ကာ သမီးလေးကို

mgyoe.com

mgyoe.com SAMPLE BOOK

လက်နှစ်ဖက်နဲ့ တင်းတင်းရင်းရင်း ပွေ့ဖက်ထားဖို့သာ တတ်နိုင်တယ်။ ကိုယ်ပေါ်ကအင်္ကျီ တဟူးဟူးနဲ့ လွင့်ပျံတက်နေတာကို သူ ခံစားမိတယ်။ အင်္ကျီက သူ့ကိုယ်က ခွာပြီး လွင့်ပျံသွားတော့မတတ် ဖြစ်နေပြီ၊ သူလည်း တင်ပျဉ်ခွေထိုင်လိုက်ပြီး မျက်စိကိုမှိတ်၊ ကိုယ်ကို ကွေးကာ သမီးလေးကို ရင်ခွင်ထဲ ဝှက်ထားရင်း အင်္ကျီရဲ့ လွင့်ပျံမှုကို အန်တုခုခံနေခဲ့တယ်။ နောက်ကျောမှာ လွယ်ထားတဲ့ အဝတ်ထုပ်ကလည်း ဒီအခိုက်မှာ လွင့်ပျံမှုကို သူနဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း အန်တုခုခံတယ်။

လှေကလေးဟာ လေးညှို့တင် ပစ်လွှတ်လိုက်တဲ့ မြှားတစ်စင်းပမာ ပျံတက်သွားတယ်။ တစ်အောင့်လောက် ပျံတက်ပြီးတော့ ရေပေါ်ပြန် ပြုတ်ကျကာ တရှူးရှူး ရှပ်တိုက်ပြေးတယ်။ သမီးလေးဟာ သူ့ရင်ခွင်ထက်က ပိတ်ရင်သိုင်းအိတ်ထဲမှာ အငို မတိတ်ဘဲ ဖြစ်လာခဲ့တယ်။ လေဆင်နှာမောင်းရဲ့ ကျယ်လောင်တဲ့ မြည်သံကြီးထဲမှာ သမီးလေးရဲ့ ငိုသံဟာ သူ့နှလုံးခုန်သံလိုပဲ ငုပ်လျှိုးနေခဲ့တယ်။

ဆက်လက်ပြီး လှေကလေးဟာ တရှူးရှူးနဲ့ သွားနေတာ မဟုတ်တော့ဘဲ တကျွိကျွိနဲ့ ရွေ့ဆက်လာခဲ့တယ်။ သူ မျက်စိဖွင့်ကြည့်တော့ ကျောက်ခဲတွေ ကခုန် ပျံဝဲနေပြီ။ သစ်ပင်တွေ အမြစ်ကနေ ကျွတ်ထွက်ကုန်ပြီ။ ရေထဲက နီးပေါင်းမိုးလှေကလေး တွေ ကုန်းပေါ်ကို လျှောတိုက်တက်ကုန်ပြီ။ ကုန်းပေါ်က အိမ်ခေါင်မိုးတွေ ရေထဲကို လွင့်ပျံလာကုန်ပြီ။ လှေကလေးကတော့ အစိတ်စိတ် ကွဲထွက်သွားပြီ။ လှေကုန်းပတ် လည်း လေပြင်းထဲမှာ အချင်းချင်း အိုးစားကွဲသွားပြီ။ သူလည်း လှေကလေးပေါ်မှာ ထိုင်နေတာ မဟုတ်တော့ဘဲ ပျဉ်ပြားတစ်ချပ်ပေါ်မှာ ထိုင်နေတာမှန်း မိမိကိုယ်ကို သိလိုက်ရပြီ။ ဆက်ပြီးတော့ အဲဒီပျဉ်ပြားလည်း ကွဲထွက်သွားလို့ သူ့ကိုယ်လုံး ကြွပျံ တက်လာတယ်။ အင်္ကျီက ရွက်တိုက်သလို ဖောင်းကားလာတယ်။ သူ့ကိုယ်လုံးက ပျံဝဲနေသလား၊ တဟုန်ထိုး ချီနေသလား မကွဲပြားတော့ဘဲ အိမ်နံရံထက် လမ်းလျှောက်၊ အိမ်ခေါင်မိုးပေါ် ပျံသန်းသလို လေဟုန်စီးသွားတော့တယ်။ နောက်မှ ဘယ်ပေါ်မှာ သွားတိုက်မိသလဲ မသိဘဲ ပြုတ်ကျလာပြီး သတိမေ့မြောသွားတယ်။

လေဆင်နှာမောင်းတိုက်ပြီးလို့ နွေရာသီရဲ့ အမှောင်ည တဖြည်းဖြည်း ကုန်လွန် သွားချိန်မှာ လင်းသျှုန်ဖူဟာ မြေကြီးပေါ် ပြန့်ကျဲနေတဲ့ ကောက်ရိုးပုံထဲမှာ သတိပြန်ရ လာခဲ့တယ်။ သူက မဟာပထဝီမြေကြီးနဲ့အတူ နိုးထလာခဲ့တာ ဖြစ်တယ်။ ကောင်းကင် အရောင် လင်းထိန်လာလျက်ရှိတာကို သူ မြင်ရတယ်၊ တိမ်ရောင်စုံ ယှက်သန်းနေတဲ့ ကောင်းကင်ကြီးဟာ အားမာန် တက်ကြွလို့ နေတယ်။

လင်းသျှုန်ဖူဟာ လန့်နိုးလာတဲ့ပမာ ရင်ဘတ်ကို စမ်းကြည့်တယ်။ ပိတ်ရင်သိုင်း အိတ်ကို စမ်းလို့ မမိတော့ဘူး။ သမီးလေးကိုလည်း စမ်းလို့ မမိတော့ဘူး။ လင်းသျှုန်ဖူ အလန့်တကြား တစ်ချက် အော်ပြီး ထလာတယ်။ နောက်ကျောရဲ့ လေးလံခြင်းက သူ့ကို

mgyoe.com

mgyoe.com SAMPLE BOOK

မြေကြီးပေါ် တစ်ဖန်ပြန်၍ ထိုင်ကျသွားစေတယ်။ သူက နောက်ကို လှမ်းစမ်းကြည့်တော့ ဟိုဧရာမ အဝတ်ထုပ်ကြီးက ကိုယ်မှာ ရှိနေသေးတယ်။ သူ လက်နှစ်ဖက်ထောက်ပြီး ထလာတယ်။ ဘေးပတ်လည်ကို ကျိုးကန်းတောင်းမှောက် လျှောက်ကြည့်တယ်။ ပိတ်ရင်သိုင်းအိတ်ကို မတွေ့တော့ဘူး။ သမီးလေးကို မတွေ့တော့ဘူး။ စပါးခင်းထဲ တစောင်းထိုးစိုက်နေတဲ့ လှေကုန်းပတ် အပိုင်းအစ တစ်ခုကိုပဲ တွေ့ရတယ်။ လယ်ထဲက စပါးပင်တွေဟာ တောထနေတဲ့ ပေါင်းမြက်ပမာ။ ဘေးက သစ်ပင်တွေ ကျွတ်ထွက် လွင့်ပျံကုန်ပြီ။ ကျန်ရစ်ခဲ့တဲ့ ရွှံ့အိုင်တချို့က သူတို့ရဲ့ ဟာတာတာ ဖြစ်သော ကံအကြောင်းမလှခြင်းကို ပြောပြလို့ နေတယ်။

လင်းသျှန်ဖူလည်း အလန့်တကြား လူးလာခေါက်တုံ့ ပြေးလွှားရင်း ဝူးဝူးဝါးဝါး အော်ဟစ်ကာ သမီးလေးကို လိုက်ရှာတယ်။ ရေမျက်နှာပြင်ဟာ ခရီး နှစ်လီ၊ သုံးလီ အဝေးမှာ ကျန်ရစ်ခဲ့ပြီ ဆိုတာကို သူ တွေ့ရတယ်။ လေပြင်း က သူ့ကို ဒီခေါ်လာခဲ့တာ။ လုံးပတ်တုတ်ခိုင်တဲ့ သစ်ပင်ကြီးတချို့နဲ့ အိမ်ခေါင်မိုးဟောင်းလောင်း တစ်ခုလည်း ဒီကို ရောက်လာခဲ့တယ်။

လင်းသျှန်ဖူ သမီးလေးကို ရှာမတွေ့ဘူး။ သူ အကျယ်ကြီး အော်ငိုတယ်။ ဘယ်က ရောက်လာမှန်းမသိတဲ့ သစ်ပင်ကြီးတချို့နားက ဖြတ်လာခဲ့တယ်။ သူတို့က တစ်ပင်ကိုတစ်ပင် ယှက်လျက် ဟိုအိမ်ခေါင်မိုးဟောင်းလောင်းကြီးကို ထောက်ကန်ပေးထားတယ်။ အဝေးက ရေပြင်ဆီကို သူ လျှောက်သွားတယ်။ တောင်ကြည့်မြောက်ကြည့် ကြည့်နေပေမဲ့ ပုံစံက ဘာမှမမြင်ရတဲ့ မျက်မမြင်တစ်ယောက်ပမာ ဖြစ်နေတယ်။ သူ အော်ငိုကာ ထပြေးလာတယ်။ ရေစပ်နားအထိ ပြေးသွားပြီး အဲဒီမှာ မတ်တတ်ရပ်ကာ ဆည်းဆာရောင်ခြည်အောက်က ကျယ်ပြောတဲ့ ရေပြင်ကို ငေးကြည့်နေခဲ့တယ်။ ရေပြင်ထက်မှာ ပေါလောမျောနေတဲ့ သစ်ပင်တွေ၊ လှေကုန်းပတ်တွေ၊ အိမ်ထောင်ပရိဘောဂတွေ၊ အဝတ်အစားတွေ... သူက ရေပြင်ကို မျက်နှာမူကာ အကျယ်ကြီး အော်လိုက်ပေမဲ့ သူ့အော်သံရဲ့ ပဲ့တင်သံကိုသာ ပြန်ကြားခဲ့ရတယ်။ အဝတ်အစားတွေ ရေထဲနစ်သွားပေမဲ့ သစ်ပင်တွေ၊ လှေကုန်းပတ်တွေကတော့ ပေါလောမျောနေဆဲ ဖြစ်တာကို သူ မြင်တွေ့ရတယ်။

လင်းသျှန်ဖူ အတော်ကြာအောင် မတ်တတ် ရပ်နေခဲ့တယ်။ အကျယ်ကြီး အော်ငိုသံဟာ ခပ်တိုးတိုး ရှိုက်ငိုသံ ဖြစ်လာခဲ့ပြီ။ သူက မျက်ရည်သုတ်ကာ လှည့်ပြန်လာတယ်။ အဲဒီအခိုက်မှာ သူက သမီးလေးကို ဆုံးရှုံးလိုက်ရပြီလို့ ခံစားမိတယ်။ သူ

mgyoe.com

mgyoe.com
SAMPLE BOOK

ကြောက်လာတယ်။ တစ်ကိုယ်လုံး တုန်ယင်လာတယ်။ လမ်းလျှောက်တာ ယိုင်တိုင်တိုင် ဖြစ်လာတယ်။ သူက တောင်ကြည့် မြောက်ကြည့် ဆက်ကြည့်တယ်။ သူ့မျက်လုံးက မျက်ရည်တွေနဲ့ ပိတ်ကွယ်နေပြီ။ သူ အကျယ်ကြီး ဆက်အော်တယ်။ ပါးစပ်ဟပြီး နောက်မှာ အသံက ထွက်မလာခဲ့ဘူး။ သူ ခလုတ်တိုက် လဲကျတယ်။ ပစ္စည်းတင်စင် တစ်ခုပေါ် လဲကျသွားသလို ခံစားမိတယ်။ သူ ပြန်ထပေမဲ့ လက်နှစ်ဖက်က လေကို ထောက်မိလို့ ထပ်တစ်ကြိမ် လဲကျတယ်။ သူက လက်နှစ်ဖက်နဲ့ လိုက်စမ်းရင်း အတော် တုတ်တဲ့ သစ်ပင်ပင်စည်တစ်ခုကို စမ်းမိတော့မှ ထောက်မှီကာ ပြန်ထလာနိုင်ခဲ့တယ်။ သူက မတ်တတ်တစ်ဖန် ရပ်လာပြီး မျက်ရည်သုတ်တယ်။ မျက်တောင် သုံးလေးချက် ခတ်တယ်။ နဂိုနေရာကို ပြန်ရောက်လာခဲ့မှန်း သိလိုက်ရတယ်။ ပြိုလဲကျသွားတဲ့ သစ်ပင်တွေ ထောက်ကန် ပေးထားတဲ့ အိမ်ခေါင်မိုးရှေ့ဆီကို လျှောက်သွားတယ်။ သူ ခုနက ချော်လဲကျတဲ့ အဲဒီအိမ်ခေါင်မိုးဟောင်းလောင်းပေါ်မှာပဲ။

အဲဒီအချိန်မှ လင်းသျှန်ဖူက ပိတ်ရင်သိုင်းအိတ်ကို ပြန်တွေ့တယ်။ ပြိုလဲသွားတဲ့ သစ်ပင်ရဲ့ သစ်ကိုင်းမှာ ချိတ်နေတာ။ အပေါ်မှာက ဟိုအိမ်ခေါင်မိုး ဟောင်းလောင်း ပေါက်။ လင်းသျှန်ဖူလည်း အားစိုက်ပြီး မျက်တောင် သုံး လေးချက် ခတ်လိုက်တယ်။ ဟိုပိတ်ရင်သိုင်းအိတ်က အဲဒီမှာပဲ ရှိနေသေးတယ်။ လေတစ်ချက် တိုက်ခတ်လာလို့ အိမ်ခေါင်မိုးပေါ်မှာ ကျန်ရစ်တဲ့ သက်ငယ်တွေ လွင့်ပျံတက်လာပြီး ပိတ်ရင်သိုင်းအိတ် အထက်ကနေ လွင့်သွားတယ်။ လင်းသျှန်ဖူလည်း စိတ်လှုပ်ရှားစွာ ပြုံးလိုက်မိတယ်။ တခြားလူဆီက သဘောထားအမြင်ကို တောင်းခံတဲ့အလား လည်ပြန်တစ်ချက်လှည့် ကြည့်လိုက်တယ်။ ပြီးတော့မှ အိမ်ခေါင်မိုး ဟောင်းလောင်းပေါက်ထဲကို သတိကြီးစွာ တက်နင်းလိုက်တယ်။ မျှော်လင့်ချက်တို့ ပြည့်နှက်နေတဲ့ သစ်ကိုင်းဆီကို ဖွဖွတစ်ချက်၊ နက်နက်တစ်ခါ နင်းလျှောက်သွားပြီး အဲဒီပေါ်က ပိတ်ရင်သိုင်းအိတ်ကို ရင်ခွင်ထဲသို့ ဖြုတ်ယူ ပွေ့ချီလိုက်တယ်။

သမီးလေးတစ်ယောက် ပိတ်ရင်သိုင်းအိတ်ထဲမှာ မျက်လုံးအစုံ တင်းတင်းရင်းရင်း မှိတ်ထားတာကို သူ တွေ့လိုက်ရတယ်။ သမီးလေးရဲ့ နှာခေါင်းပေါက်ဆီကို တုန်ယင်နေတဲ့ သူ့လက်ချောင်းနဲ့ လှမ်းစမ်းလိုက်တယ်။ အဲဒီအချိန်မှာ သမီးလေးက အိပ်မောကျနေတဲ့ ကြားကနေ တစ်ချက် ထသမ်းလာမှ သူလည်း ငိုမလိုဖြစ်နေရာကနေ ပြုံးရယ်လာနိုင်ရှာ တော့တယ်။

သူက ပိတ်ရင်သိုင်းအိတ်ကို ရင်ဘတ်မှာ ပြန်လွယ်လိုက်ပြီး လက်နှစ်ဖက်နဲ့ ဂရုတစိုက် ထိန်းထားလိုက်တယ်။ သူ့ခြေထောက်နှစ်ဖက်က ခေါင်မိုးထဲ တက်နင်းထား ကာ မျက်စိက ဘေးဘီဝဲယာကို လျှောက်ကြည့်နေတယ်။ လေးဖက်လေးတန်မှာ ခုလေး

mgyoe.com

mgyoe.com SAMPLE BOOK
တင်မှ ဆေးကြောထားသလို ရှင်းလင်းနေတယ်။ အဲဒါ ဝမ့်မူတန့်လို့ ခေါ်တဲ့ ကျယ်ပြောသော မြေကြီးကို သူ ပထမဆုံးအကြိမ် မျှော်ကြည့်မိခြင်းပဲ။ ရောင်နီဦးရဲ့ လင်းရောင်ခြည်က ပျက်စီးနေတဲ့ ဝမ့်မူတန့်ကို အနီရောင်တစ်ပြင် ရှုခင်းဖြစ်လာအောင် ထွန်းလင်းပေးလိုက်တယ်။

လင်းသျှန်ဖူက အိမ်ခေါင်မိုးဟောင်းလောင်းပေါက်ကနေ လမ်းကလေး တစ်ခုဆီသို့ ထွက်လာပြီး ခြေလှမ်းကျယ်ကြီးနဲ့ ရှေ့ဆက်လျှောက်သွားတယ်။ သူ့မျက်နှာက အပြုံးပန်းဆင်လျက် ပါးစပ်ကလည်း အလိုလိုနေရင်း ရွာက ဟိုအောင်သွယ်မကြီးလေသံမျိုး ထွက်လာကာ အိပ်ပျော်နေတဲ့ သမီးလေးကို ပြောလိုက်မိတယ်။

"လောကကြီးမှာ ဒီလို ထူးဆန်းအံ့ဖွယ်တွေလည်း ရှိသေးပါကလားနော်၊ အိပ်ပျော်နေတာတောင် သမ်းနိုင်သေးတယ်"

လင်းသျှန်ဖူက ရောမ အဝတ်ထုပ်ကြီးကို ကျောမှာ လွယ်ထားတယ်။ ရင်ခွင်မှာ လွယ်ထားတဲ့ ပိတ်ရင်သိုင်းအိတ်ထဲက သမီးလေးကို လက်နှစ်ဖက်နဲ့ ကာကွယ်ထားတယ်။ ခြေထောက်နှစ်ဖက်ကတော့ မြေကြီးမှာ လဲကျနေတဲ့ ကောက်ရိုးတွေ၊ ကျူပင်တွေ၊ မြက်ပင်တွေပေါ် တက်နင်းကာ အဝေးက အိမ်ခြေ သိပ်သည်းတဲ့ နေရာဆီကို လျှောက်သွားတယ်။

လင်းသျှန်ဖူက သစ်ရွက် မရှိတဲ့ သစ်ပင်တွေ၊ အုတ်ကြွပ် မရှိတဲ့ ခေါင်မိုးတွေရှိရာ သျှီးကြန့်မြို့ကို ဝင်လာခဲ့တယ်။ သူက ရှောင်မေ ချန်ထားခဲ့တဲ့ "ဇာမဏီနှင့်ပျိုနီ" ခေါင်းစည်းပဝါကို သမီးလေးခေါင်းမှာ ပေါင်းပေးထားတယ်။ သျှီးကြန့်မှာ သူ ပထမဆုံးတွေ့တဲ့လူက ချန်ယုန်လျန်။ အဲဒီတုန်းက သူဟာ သမီးပျောက် ပြန်ရှာတွေ့တဲ့ အပျော်ထဲမှာ ရှိနေတုန်းပဲ။ ဒါကြောင့်မို့လည်း ချန်ယုန်လျန် တွေ့လိုက်ရတဲ့ သူဟာ ကပ်ဘေးထဲက ထွက်လာသူ တစ်ယောက် မဟုတ်ဘဲ ဆည်းဆာရောင်ထဲက ထွက်လာတဲ့ ပျော်ရွှင်ကြည်နူးနေတဲ့ ဖခင်တစ်ယောက် ဖြစ်နေခဲ့တာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

(၁၇)

လင်းသျှန်ဖူဟာ ပိတ်ရင်သိုင်းအိတ်ထဲက သမီးလေးကို လက်နှစ်ဖက်နဲ့ ကာကွယ်ထားရင်း အပျက်အစီးကြားထဲက သျှီးကြန့်မြို့တွင်း လျှောက်သွားနေခဲ့တယ်။ သူက လူတွေ စကား ပြောတဲ့ လေသံကို ဂရုတစိုက် နားစွင့်လိုက်တဲ့အခါ ရှောင်မေနဲ့ အားချန် အပြန်အလှန် စကားပြောတဲ့ လေသံဟာ နားနားမှာ ထွက်ပေါ်လာတော့တယ်။

အပြာရောင်ပွင့်ရိုက်ထည် ခေါင်းစည်းပဝါတွေကို တွေ့ရပြီ။ တစ်လမ်းလုံး ခုံဖိနပ်စီးထားတာတွေကို တွေ့ရပြီ။ အဲဒီ မိန်းမပျိုလေးတွေက ရေစပ်မှာ ခြေဆေး ပြီးတော့ ခြေညှပ်ခုံဖိနပ်စီးကာ ကျောက်ပြားခင်းလမ်းပေါ် လမ်းလျှောက်လို့ ထွက်ပေါ် လာတဲ့ အသံကြောင့် သူလည်း ရှောင်မေ ခြေညှပ် ခုံဖိနပ်စီးပြီး မြောက်ပိုင်းက သူ့ အိမ်ထဲမှာ လမ်းလျှောက်နေတဲ့ အဖြစ်ကို ပြန်သတိရလာခဲ့တယ်။ ပတ္တလား တီးနေ တဲ့အတိုင်းပဲလို့ ရှောင်မေက ပြောခဲ့တယ်။ သျှီးကြန့်ရဲ့ ညနေခင်းမှာ လင်းသျှန်ဖူဟာ ပတ္တလားသံလို အသံတွေ အမြဲကြားလာရတယ်။

လင်းသျှန်ဖူလည်း ဒီနေရာဟာ အားချန်ပြောတဲ့ ဝန်းချိန်နဲ့ တော်တော်တူတာပဲ လို့ အောက်မေ့မိတယ်။ သူက "ဒီနေရာက ဝန်းချိန်လား"လို့ လူတွေ ကို လိုက်မေးဖူး တယ်။

ပြန်ရတဲ့ အဖြေကတော့ "ဒါက သျှီးကြန့်"ချည်းပဲ။

လင်းသျှန်ဖူက "ဝန်းချိန်က ဘယ်မှာလဲ"လို့ ဆက်မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှန်ဖူ မြင်ရတာက ယောင်တိယောင်တောင် အကြည့်ရယ်၊ ပြတ်သားတဲ့ ခေါင်းခါခြင်းရယ်ပဲ ဖြစ်တယ်။ ဒီမှာ ဝန်းချိန်ကို ဘယ်သူမှ မသိကြဘူး။ ယန်စီမြစ်ကို ဖြတ်ကူးလာပြီးနောက် သူ ရှောင်မေ့ကို လိုက်ရှာတဲ့ ခရီးလမ်းတစ်လျှောက်၊ သူ သွားဖူးတဲ့ မြို့တွေမှာလည်း ဒီလို ယောင်တိယောင်တောင် အကြည့်မျိုး၊ ဒီလို ပြတ်သား တဲ့ ခေါင်းခါခြင်းမျိုး အလားတူ မြင်ခဲ့ရဖူးတယ်။ အလားတူပဲ ဝန်းချိန်ကိုလည်း ဘယ်သူမှ မသိကြဘူး။ သျှီးကြန်ရဲ့ မြို့တွင်းလမ်းမပေါ်မှာ ရပ်နေရင်း သူဟာ လမ်းပျောက်သွား သလို ဖြစ်လာတယ်။ စိတ်ပျက် အားလျော့မှု ခံစားချက်တွေက သူ့ကို စိုးမိုးလာတယ်။

မြင်ဖူးသလိုရှိတဲ့ အရိပ်ကောက်ကြောင်းတစ်ခု တခြားအရိပ်ကောက်ကြောင်း တွေကြားကနေ လွင့်ခနဲ ဖြတ်သွားတယ်။ ချုံပုတ်ကြားထဲ လေနဲ့အတူ လွင့်သွားတဲ့ သစ်ရွက်တစ်ရွက်ပမာပဲ။ တစ်အောင့်နေတော့မှ လင်းသျှန်ဖူဟာ အိပ်မက်ထဲက နိုးလာခါစလိုမျိုး ဖြစ်လာတယ်။ ခုနက ဖြတ်သွားတဲ့ အရိပ်ကောက်ကြောင်းက ရှောင်မေနဲ့ တူသလိုလို။ သူက လှည့်ထွက်ပြီး ခပ်သုတ်သုတ် လိုက်သွားတယ်။ ခုနက အရိပ်ကောက်ကြောင်းကို လိုက်ရှာတယ်။ ပိတ်ရင်သိုင်းအိတ်ထဲက သမီးလေးရဲ့ ဦးခေါင်းက သူ့ရင်ဘတ်ကို ခပ်ဖွဖွ လာဆောင့်မိတော့မှ သူလည်း ခြေလှမ်းကို နှေး လိုက်ပြီး ပိတ်ရင်သိုင်းအိတ်ထဲက သမီးလေးရဲ့ဦးခေါင်းကို ညာဘက်လက်နဲ့ ကာကွယ် ပေးကာ သတိထားပြီး လျှောက်လာခဲ့တော့တယ်။

ဟိုအရိပ်ကောက်ကြောင်းက ရှေ့မှာ သွားလာနေတဲ့ အရိပ်ကောက်ကြောင်း တွေကြားထဲ ပေါ်လိုက် ပျောက်လိုက် ဖြစ်နေတယ်။ လင်းသျှန်ဖူကို ဟိုက တစ်ကြိမ် ထက်မနည်း လှည့်ကြည့်ခဲ့ပေမဲ့ လင်းသျှန်ဖူကတော့ သူ့ရဲ့ရုပ်သွင်ကို သေချာ မမြင်လိုက်ရဘူး။ သေချာမြင်လိုက်ရတာက သူ့ကိုယ်မှာ အပွင့်ဆင်ချီဖောင် ဝတ်ထား တယ် ဆိုတာကိုပဲ။ ချီဖောင်ရဲ့ အဆင်နဲ့ အရောင်ကတော့ ရှောင်မေ့ချီဖောင်ကဟာနဲ့ မတူပေမဲ့ သူ့အရိပ်ကောက်ကြောင်းကတော့ ရှောင်မေ့အရိပ်ကောက်ကြောင်းနဲ့ ဆင်တူနေတယ်။ ရှောင်မေ့ထက်တောင် ပိန်ပိန်သွယ်သွယ် ရှိသလို ထင်ရတယ်။ လင်းသျှန်ဖူလည်း နောက်က အမီလိုက်ရင်း ရှောင်မေ ပိန်သွားတယ်လို့တောင် စိတ်ထဲ တွေးနေမိသေးတယ်။

လေ့ဆိပ်ဘက်ကို လင်းသျှန်ဖူ ရောက်လာပြီး ရှည်လျား ကျဉ်းမြောင်းတဲ့ လမ်းကြားတစ်ခုထဲ ဝင်သွားမိချိန်မှာ ဟိုအရိပ်ကောက်ကြောင်းကို မတွေ့ရတော့ဘူး။ ဒီလမ်းကြားထဲကို ချိုးဝင်သွားတာ သူ့မျက်စိနဲ့ တပ်အပ်မြင်ခဲ့ပေမဲ့ ဒီရောက်တော့ ရုတ်တရက် မတွေ့ရတော့ဘူး။ သူလည်း လမ်းကြားထိပ်မှာ တစ်အောင့်လောက် ရပ်နေ ပြီးမှ လမ်းကြားထဲ ဝင်တယ်။ စေ့ထားတဲ့ တံခါးတစ်ချပ်နားက ဖြတ်သွားချိန်မှာ ကျွီခနဲ တစ်ချက်မြည်လာပြီး တံခါး ပွင့်လာတယ်။ အပွင့်ဆင်ချီဖောင် ဝတ်ထားသူက

mgyoe.com

mgyoe.com SAMPLE BOOK

တံခါးအတွင်း မှောင်ရိပ်ထဲမှာ လင်းသျှန်ဖူကို ပြုံးပြုံးကလေး ရပ်ကြည့်နေတယ်။ လင်းသျှန်ဖူကို ဘာလဲမသိ တစ်ခွန်း ပြောလိုက်တယ်။ လင်းသျှန်ဖူလည်း သူ့ရဲ့ မြန်လွန်းလှတဲ့ လေယူလေသိမ်းနဲ့ ပြောတဲ့စကားကို နားမလည်ပေမဲ့ သူ့ကို ဟိုအရိပ်ကောက်ကြောင်း မှန်းတော့ သိလိုက်တယ်။ ရှောင်မေ မဟုတ်ဘူး ဆိုတာလည်း သိလိုက်တယ်။

လင်းသျှန်ဖူ စိတ်မသာမယာ ဖြစ်နေချိန်မှာပဲ သူက ခုနက စကားကိုပဲ ထပ်ပြောလိုက်တယ်။

"ဝင်ခဲ့လေ"

လင်းသျှန်ဖူက ဒီတစ်ခါတော့ နားလည်သွားပြီ။ အိမ်ထဲကနေ ပြုံးပြနေတဲ့ သူ့ကို မှင်တက်မိသလို ငေးကြည့်နေခဲ့တယ်။ သူက ထပ်ပြောလိုက်တယ်။

"ဝင်ခဲ့လေ"

လင်းသျှန်ဖူက သူ ဘာလို့ ဒီလောက် နွေးထွေးဖော်ရွေနေရတယ် ဆိုတာကို သဘောမပေါက်ပေမဲ့ အထဲကိုတော့ ဝင်သွားလိုက်တယ်။ နံဟောင်လှတဲ့ ငါးညှီနံ့တွေကြားက လင်းသျှန်ဖူဟာ သူ့နောက်ကနေ လှေကားပေါ် လိုက်တက်သွားပြီး အခန်းတစ်ခန်းထဲ ဝင်တယ်။ သူက အခန်းတံခါးကို ချက်ထိုးပြီးတော့ လင်းသျှန်ဖူကို ထိုင်ခုံပေါ်မှာ ထိုင်ခိုင်းလိုက်တယ်။

လင်းသျှန်ဖူလည်း ကိုယ့်ကိုယ်ကို ဖိမ်ပုန်းအိမ်ထဲ ဝင်လာမိလို့ ဝင်လာမိမှန်း မသိသေးဘဲ ထိုင်ခုံပေါ်ကနေ သူ့ကို ဇဝေဇဝါ ဖြစ်တဲ့ မျက်လုံးနဲ့ ထိုင်ကြည့်နေမိတယ်။ သူက လင်းသျှန်ဖူ ရင်ခွင်ထက်မှာ လွယ်ထားတဲ့ ပိတ်ရင်သိုင်းအိတ်ထဲက ကလေးငယ်ကိုကြည့်ပြီး မခို့တရို့ ပြုံးတယ်။ ကလေးခေါ်ပြီး ဖိမ်ပုန်းဆီလာတာ ဒါ သူ ပထမဆုံး တွေ့ဖူးတာပဲ။ သူက အဝတ်ဗီရိုထဲကနေ ဂွမ်းကပ်စောင်တစ်ထည် ထုတ်ပြီး စားပွဲပေါ်မှာ သပ်သပ်ရပ်ရပ် ခင်းလိုက်တယ်။ ပြီးတော့ လင်းသျှန်ဖူကို ပြုံးပြီး ပြောလိုက်တယ်။

"ရှော်ညင်ကို ကျွန်မ ပေး"

သူက အူတူတူ ဖြစ်နေတဲ့ လင်းသျှန်ဖူရဲ့ ကိုယ်ပေါ်ကနေ ပိတ်ရင်သိုင်းအိတ်ကို ချွတ်ပြီးတော့ အထဲက ကလေးငယ်ကို စားပွဲပေါ်က ဂွမ်းကပ်စောင်ခင်းပေါ် ပွေ့ချီတင်ထားလိုက်တယ်။ ပြီးတဲ့နောက်မှာ သူက လင်းသျှန်ဖူကို မျက်နှာမူကာ အပွင့်ဆင်ချီဖောင်ကို ပြုံးပြုံးကလေး ချွတ်ပြီး သေချာခေါက်ပြီးတော့ ခုတင်နားက ဗီရိုပေါ်မှာ တင်ထားလိုက်တယ်။ သူ အတွင်းခံ အင်္ကျီကို ချွတ်လာတော့မှ လင်းသျှန်ဖူလည်း ကိုယ့်ကိုယ်ကို ဘယ်ရောက်နေမှန်း သိလာတော့တယ်။ အဲဒီအချိန်မှာပဲ ကလေးငယ်က ထငိုတယ်။ ကလေးငယ် ဆာနေပြီလေ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆက်လက်ပြီး အဲဒီ ရှောင်မေနဲ့ အရိပ်ကောက်ကြောင်းချင်း ဆင်တူတဲ့ အမျိုးသမီးငယ်ဟာ ယောက်ယက်ခတ်နေတဲ့ ယောကျ်ားတစ်ယောက်ကို တွေ့လာရတယ်။ လင်းသျှန်ဖူက ထိုင်ခုံကနေ ထလာချိန်မှာ အပြင်ကိုပဲ ခုန်ထွက်တော့မယောင် စားပွဲပေါ်မှာ ငိုကြွေးနေတဲ့ ကလေးငယ်ကို ချီကာ ခြေနှစ်လှမ်းနဲ့ တံခါးဝဆီ အရောက်လှမ်းတယ်။ သူက အခန်းတံခါးကို သုံး လေးချက်လောက် ဆွဲကြည့်ပြီးတော့မှ ချက်မဖွင့်ရသေးမှန်း သိလိုက်ရတယ်။ တံခါးချက်ဖွင့်ပြီး ထွက်သွားပြီးနောက်မှာ သူ့ရဲ့မြန်ဆန်တဲ့ ခြေသံဟာ လှေကားတစ်လျှောက် ဝုန်းဒိုင်းကြဲဆင်းသွားတယ်။ ဆက်ပြီးတော့ မြန်ဆန်တဲ့ ခြေသံဟာ လှေကားတစ်လျှောက် ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ တက်လာပြန်တယ်။ သူက ကလေးငယ်ကို ရင်ခွင်ပွေ့ကာ နီမြန်းတဲ့မျက်နှာကြီးနဲ့ အခန်းထဲ ပြန်ဝင်လာပြီး ကြေးစေ့တချို့ကို ခုနက ထိုင်ခဲ့တဲ့ ထိုင်ခုံပေါ်မှာ တင်ခဲ့ပြီးတော့ ချာခနဲ ပြန်လှည့်ထွက်သွားတယ်။ မြန်ဆန်တဲ့ ခြေသံဟာ လှေကားတစ်လျှောက် တစ်ကြိမ်ထပ် ဝုန်းဒိုင်းကြဲ ဆင်းသွားပြီး အပြင်က လမ်းကြားထဲမှာ ပျောက်ကွယ်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

(၁၈)

အဲဒီနောက်ပိုင်း ရက်တွေမှာ လင်းသျှန်ဖူဟာ သျှီးကြန်ရဲ့ မြို့တွင်းလမ်းမှာ ဆက်ပြီး လျှောက်သွားနေခဲ့တယ်။ သူ့မျက်လုံးတွေက မလျှော့သောဇွဲနဲ့ လိုက်ရှာနေခဲ့တယ်။ မြင်ဖူးသလိုရှိတဲ့ အရိပ်ကောက်ကြောင်း တချို့ကို တွေ့ခဲ့ရပေမဲ့ ရှောင်မေရဲ့ ရုပ်သွင်ကို တော့ မတွေ့ခဲ့ရဘူး။

သျှီးကြန့် အိမ်တွေရဲ့ တံခါးမကြီးအပျက်တွေ အပြင်မှာ ခါးအမြင့်လောက် သာရှိတဲ့ ခါးပန်းတံခါးပျက်တွေ ပြောက်တိပြောက်ကျား ရှိနေတယ်။ အဲဒါ လေဆင် နှာမောင်းက ပေးခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေပဲ။ ခါးပန်းတံခါးအကြောင်း ရှောင်မေ ပြောပြတာ ကြားဖူးလို့ အဲဒါဟာ ခွေးတွေ၊ ဝက်တွေ မဝင်အောင် ကာကွယ်ထားတဲ့ အရာမှန်း လင်းသျှန်ဖူ သိတယ်။ အိမ်အတော်များများရဲ့ တံခါးအပြင်ဘက်မှာ ရေ ပန်းကန်လုံး တစ်ခွက် ချထားတယ်။ တချို့အိမ်တွေ ဆိုရင် တံခါးပေါင်မှာ ဓါနက် တွဲလောင်း ချိတ်ထားတယ်။ အဲဒါ အဲဒီအိမ်က လူတစ်ယောက်ယောက် လေဆင်နှာမောင်း တိုက်တဲ့ လေဘေးထဲမှာ အသက်ဆုံးရှုံးသွားလို့ ဆိုတာ လင်းသျှန်ဖူ သိတယ်။

အိမ်ပြင်မှာ ရေပန်းကန်လုံး တစ်ခွက် ချထားတာ မြင်တော့ လင်းသျှန်ဖူလည်း မိဘနှစ်ပါးကို ကြေကွဲစွာ သတိရလာမိတယ်။ သူ့အိမ်ရှေ့မှာလည်း ရေပန်းကန်လုံး နှစ်ခွက် ချထားခဲ့ဖူးတယ်။ တစ်ခွက်က အဖေ့အတွက် အမေ ချထားပေးခဲ့တာ။ တစ်ခွက်က အမေ့အတွက် သူ ချထားပေးခဲ့တာ။

ကပ်ဘေးအလွန် သျှီးကြန့်မှာ လူတွေရဲ့ ဘဝကတော့ ခါတိုင်းလိုပါပဲ။ မိန်းမ တွေရဲ့ တီးတိုးငိုရှိုက်သံနဲ့ ယောကျ်ားတွေရဲ့ သက်ပြင်းချသံတို့ကို ကြားရတတ်ပေမဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ရဲ့ ကြေကွဲမှုက လေပြည်ပမာ အေးအေးဆေးဆေး ရှိနေတယ်။ သျှီးကြန့်ကလူတွေ သဘောကောင်းတယ်လို့ လင်းသျှန်ဖူ အောက်မေ့မိတယ်။ သမီးလေး ဆာလောင်လို့ ငိုကြွေးတဲ့အခါ အကူအညီ မတောင်းရဘဲ တစ်ယောက်ယောက်က သူ့ကို နို့တိုက်မိခင်ရှိတဲ့ အိမ်ဆီ ခေါ်သွားတတ်တယ်။ လင်းသျှန်ဖူ သျှီးကြန့်က ထွက်လာချိန်မှာ နှီးခြင်းတောင်း တစ်လုံး လက်မှာ ချိတ်ထားတဲ့ သူစိမ်း အမျိုးသမီးငယ်တစ်ယောက် နောက်က အမီလိုက်လာပြီး သူ့ကို အနီရောင် ပိုးသားနဲ့ ချုပ်လုပ်ထားတဲ့ ကလေးဝတ် အဝတ်အစားတို့၊ ဖိနပ်တို့၊ ဦးထုပ်တို့ လက်ဆောင်ပေးတယ်။ လင်းသျှန်ဖူ အံ့အားသင့်ပြီးနောက် စကားပြောချိန်မှာတော့ သူစိမ်းအမျိုးသမီးငယ်က ခပ်သုတ်သုတ် လှည့်ထွက်သွားပြီ။ အဲဒီ သူစိမ်းအမျိုးသမီးငယ်ရဲ့ လည်ပြန် လှည့်မကြည့်လိုတဲ့ နောက်ကျောပုံရိပ်ကို ကြည့်နေရင်း လင်းသျှန်ဖူက စိတ်ထဲမှာ ဒီလို ကြေကွဲစွာ စဉ်းစားမိတယ်။ လေဆင်နှာမောင်းတိုက်တဲ့ထဲမှာ ကလေးလေးတစ်ယောက် သေဆုံးသွားလို့ အဲဒီကလေးလေးရဲ့ အဝတ်အစားတွေ သူ့လက်ထဲ ရောက်လာတာပဲလို့ တွေးနေမိတယ်။

မြို့ပြင်က လူတွေက လယ်ယာမြေထဲမှာ ကြွင်းကျန်ရစ်တဲ့ ကောက်ပဲ သီးနှံတွေကို ဂရုတစိုက် ရိတ်သိမ်းကြတယ်။ သစ်ပင်တွေကို ရွှံ့မြေထဲ အသစ်တစ်ဖန် ပြန်စိုက်ကြတယ်။ သစ်သားလှေတွေကို ရေထဲ ပြန်တွန်းပို့လိုက်ကြတယ်။ တဲအိမ်တွေကို အသစ်တစ်ဖန် ပြန်လည် ထူထောင်ကြတယ်။ မြို့တွင်းက အုတ်ကြွပ်မိုး တိုက်အိမ်တွေကတော့ လေဆင်နှာမောင်းထဲမှာ ပြိုမကျခဲ့ပေမဲ့ အိမ်ခေါင်မိုးက အုတ်ကြွပ်တွေတော့ လွင့်ပျံထွက်ကုန်တယ်။ ဒီလိုနဲ့ပဲ မြို့ပြင်မှာ အုတ်ဖိုတွေ အများကြီး ထွက်ပေါ်လာပြီး အုတ်ဖုတ်တဲ့ မီးခိုးခေါင်းတိုင်တွေ မိုးပေါ်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ထိုးထိုးထောင်ထောင် ဖြစ်လာပုံဟာ ထင်းရှူးတော တစ်ခုပမာ ဖြစ်လို့ နေတယ်။

ဆောင်းကူးရာသီလေ တိုက်လို့ရော်ရွက်ဝါတွေ ကြွေစပြုလာချိန်မှာ လင်းသျှန်ဖူဟာ သမီးလေးကို ရင်ခွင်ပွေ့ကာ သျှီးကြန့်ကနေ ထွက်လာခဲ့တယ်။ အဲဒီနောက်ပိုင်း သုံးလကျော်ကာလအတွင်း လင်းသျှန်ဖူဟာ တောင်ဘက်ကို ထွက်လာပြီး ဝန်းချိန်လို့ အမည်ရတဲ့ မြို့ကို ရှာတော်ပုံ ဆက်ဖွင့်ခဲ့တယ်။ ခရီးလမ်းတစ်လျှောက် သူက စုံစမ်းခဲ့ပေမဲ့ ဝန်းချိန်ကို ဘယ်သူမှ မသိကြဘူး။ ဝန်းချိန်ဟာ လင်းသျှန်ဖူ ရင်ထဲမှာ မှုန်ရီဝေဝါးလာတယ်။ သူက တောင်ဘက်ကို ခရီးဆက်နေဆဲ။ တောင်ဘက်ကို ရောက်လေလေ ကြားရတဲ့ စကားလေသံက ထူးဆန်းလေလေ ဖြစ်လာပြီး ရှောင်မေနဲ့ အားချန် စကားပြောစဉ်က လေသံမျိုးနဲ့ မတူလေလေ ဖြစ်လာတယ်။ အဲဒါနဲ့ သူလည်း ခရီးစဉ်ကို အဆုံးသတ်လိုက်ပြီး တံတားတစ်စင်းပေါ်မှာ အချိန်အကြာကြီး ထိုင်ကာ သေချာပြန် စဉ်းစားသုံးသပ်ကြည့်တယ်။ သူ ရောက်ဖူးတဲ့ မြို့တွေထဲမှာ သျှီးကြန့်ဟာ အားချန်

mgyoe.com

mgyoe.com SAMPLE BOOK
ပြောတဲ့ ဝန်းချိန်နဲ့ အတူဆုံး ဖြစ်တယ်လို့ အောက်မေ့လာမိတယ်။ အားချန်ပြောတဲ့ ဝန်းချိန် ဆိုတာ အတုမှန်း၊ အားချန်နဲ့ ရှောင်မေရဲ့ နာမည်တွေဟာလည်း အတုပဲ ဖြစ်လောက်မယ်မှန်း သူ ရိပ်စားမိလာတယ်။

အခက်အခဲပေါင်း သောင်းခြောက်ထောင် ကျော်ဖြတ်လာခဲ့လည်း ရှောင်မေ့ကို ရှာမတွေ့တာကြောင့် သူ့စိတ်ထဲ ကြေကွဲလာမိတယ်။ အဲဒီအခိုက်မှာ သူ အိမ်ပြန်ချင်ပြီ။ ပန်းဖွားနီ တလွင့်လွင့်၊ ခြုံသံတချွင်ချွင်နဲ့ မြည်းကို သူ လွမ်းလာပြီ။ ဇာတိက လယ်ယာမြေတွေနဲ့ အိမ်ဝင်းတို့ကို လွမ်းလာပြီ။ သူက သမီးလေးအင်္ကျီထဲက ငွေလက်မှတ်နဲ့ မိမိကိုယ်ပေါ်က ငွေလက်မှတ်တို့ကို စမ်းကြည့်ပြီး မြစ်ဝါမြစ်ကို ဖြတ်ကူးပြီးတဲ့အခါ ဟိုမြည်းကုန်သည်ဆီမှာ သူ့မြည်းကို ပြန်သွားရွေးရမယ်၊ အိမ်ပြန်ရောက်တဲ့အခါ ပေါင်ထားတဲ့ လယ်ယာမြေတွေကို ပြန်ရွေးရမယ်လို့ စဉ်းစားနေခဲ့တယ်။

သို့သော်ငြားလည်း လင်းသျှန်ဖူရဲ့ စိတ်ကူးကို သမီးလေးက ပြောင်းလဲပစ်လိုက်တယ်။ အဲဒီတုန်းက သူက တံတားတစ်စင်းပေါ်မှာ ရပ်နေပြီး သမီးလေးကို သူ့ဘယ်ဘက်လက်ပေါ် မတ်တတ်ရပ်နိုင်အောင်လို့ ညာဘက်လက် နဲ့ ထိန်းပေးထားတယ်။ သမီးလေးရဲ့ ခြေထောက်နှစ်ဖက်စလုံးက အားပြုနေပြီး မတ်တတ်ရပ်နိုင်တော့မလို ဖြစ်လာပြီလို့ သူ ခံစားမိတယ်။ တံတားပေါ်မှာ သူ အသံထွက် ရယ်မိတယ်။ အဲဒါ သူ အိမ်ကနေ တောင်ပိုင်းကို ဆင်းလာပြီးနောက်ပိုင်း ဒုတိယမ္ဘ အသံထွက် ရယ်မိခြင်းပဲ။ ပထမအကြိမ် အသံထွက် ရယ်မိတာက လေဆင်နှာမောင်းတိုက်အပြီး သမီးပျောက် ပြန်ရှာတွေ့ချိန်တုန်းက ဖြစ်တယ်။

လင်းသျှန်ဖူက သျှီးကြန့်ကို ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ သမီးလေးမှာ မိခင်လိုအပ်နေတယ်။ သူက ရှောင်မေ့ကို လိုအပ်နေတယ်။ သူက အားချန်ပြောတဲ့ ဝန်းချိန်ဆိုတာ သျှီးကြန့်ပဲလို့ ယုံကြည်တယ်။ ခုချိန်မှာ သူတို့ ဘယ်ရောက်နေမှန်း မသိရပေမဲ့ တစ်နေ့ကျရင်တော့ သျှီးကြန့်ကို ပြန်လာကြရမှာပဲလို့ သူ ထင်မိတယ်။ သူက သျှီးကြန့်မှာ ရှောင်မေ ထွက်ပေါ်လာတဲ့အထိ တစ်ရက်ပြီး တစ်ရက် စောင့်နေမယ်။

လင်းသျှန်ဖူ မြောက်ဘက်ကို ပြန်လှည့်ကာ ခရီးဆက်လာတယ်။ ဆောင်းတွင်းရဲ့ လွင့်ပျံနေတဲ့ နှင်းပွင့်တွေထဲမှာ သျှီးကြန့်ကို နောက်ထပ် တစ်ကြိမ် ပြန်ရောက်လာခဲ့တယ်။

❀

mgyoe.com

mgyoe.com SAMPLE BOOK

## (၁၉)

အဲဒီ ဆယ့်ရှစ်ရက် ကြာခဲ့တဲ့ နှင်းမုန်တိုင်းကြီး ရောက်လာခါစတုန်းက သျှီးကြန့်က လူတွေဟာ အဲဒါကို ကပ်ဘေးတစ်ခု ကျရောက်လာတာလို့ မအောက်မေ့ခဲ့ကြဘူး။ ဆောင်းဝင်ပြီးနောက် ပထမဆုံးကျတဲ့ နှင်းလို့ပဲ အောက်မေ့ခဲ့ကြတာ။ ငန်းမွေးပမာ နှင်းပွင့်တွေက အိမ်ခေါင်မိုးတွေနဲ့ မြို့တွင်းလမ်းတွေ ဖွေးဖြူသွားအောင် လျင်မြန်စွာ ဖုံးအုပ်လိုက်ပေမဲ့ လူတွေက နောက်တစ်နေ့ မိုးမလင်းမီ ရပ်သွားမှာပါလို့ ယုံကြည်နေကြဆဲ ဖြစ်တယ်။ နေထွက်လာရင် နှင်းပုံကြီးက ဖြည်းဖြည်းချင်း ပျော်သွားမှာပါပေ့။ သို့သော်ငြားလည်း နှင်းမုန်တိုင်းကြီးက မရပ်ခဲ့ဘူး။ နေရောင်ခြည်ကလည်း သျှီးကြန့်ကို အလင်းဆောင် မပေးခဲ့ဘူး။ အဲဒီနောက်ပိုင်း ဆယ့်ရှစ်ရက်ကြာကာလအတွင်း နှင်းပွင့်တွေ မပြတ်လွင့်ပျံနေခဲ့တယ်။ ကြီးလိုက် သေးလိုက်ပဲ။ ခဏတစ်ဖြုတ် ရပ်တန့်သွားတာမျိုး ရှိခဲ့ပေမဲ့ ကောင်းကင်ကတော့ မှိုင်းပျပျအရောင်ကနေ တစ်ချက်ကလေးမှ မပြောင်းခဲ့ဘူး။ မှိုင်းပျပျ ကောင်းကင်ကြီးက သျှီးကြန့်အထက်မှာ တောက်လျှောက် အုံ့ဆိုင်းနေခဲ့တယ်။

လင်းသျှန်ဖူက သမီးလေးကို ရင်ခွင်ပွေ့ကာ နှင်းပုံကြီး ထူသည်ထက် ထူလာတဲ့ မြို့တွင်းလမ်းမှာ ခက်ခဲစွာ လှမ်းလျှောက်ရင်း သမီးလေးအတွက် နို့ချို လိုက်ရှာနေခဲ့တယ်။ ထိုစဉ်က လင်းသျှန်ဖူက ဂွမ်းကပ်ဝတ်ရုံရဲ့ အောက်စကို လိပ်တင်ပြီး ရင်ဘတ်ရှေ့ ဂွမ်းကပ်ရင်သိုင်းအိတ်ထဲက သမီးလေးကို ထုပ်ထားတယ်။ လမ်းလျှောက်တဲ့အခါ ခြေသလုံးအထိ နှင်းပုံကြီးထဲ နစ်နေတယ်။ လွင့်ပျံနေတဲ့ နှင်းပွင့်တွေက သူ့ဆံပင်

mgyoe.com

mgyoe.com SAMPLE BOOK
ကို အဖြူရောင်ဆိုးလိုက်သလို သူ့အဝတ်အစားကိုလည်း အဖြူရောင် ဆိုးပစ်လိုက်ပြီး သူ့ကို အဖြူရောင် ဆိတ်ငြိမ်မှုထဲမှာ နစ်မြုပ်နေစေခဲ့တယ်။

လင်းသျှန်ဖူဟာ လူရိပ်လူယောင် မမြင်ရတဲ့ မြို့တွင်းလမ်းမှာ ခရီးဆက်လာခဲ့တယ်။ သမီးက ရင်ခွင်ထဲမှာ ငိုကြွေးနေပြီ။ အဲဒါ ဆာလောင်ခြင်းရဲ့အသံပဲ။ သူက ခက်ခက်ခဲခဲ လမ်းလျှောက်ရင်း ဘေးနှစ်ဖက်က အိမ်တွေထဲမှာ ကလေးငိုသံ ရှိ မရှိသေချာနားစွင့် လာခဲ့တယ်။ အကယ်၍ အဲဒီလိုမျိုး ငိုသံကြားရလို့ ရှိရင် သူက အဲဒီ အိမ်တံခါးကို သွားခေါက်တယ်။

အိမ်တွေထဲ ဝင်မိတာနဲ့ သူက ညာဘက်လက်ကို ဖြန့်ပြလိုက်တယ်။ လက်ဖဝါးပေါ်မှာ ကြေးစေ့တစ်စေ့ တင်ထားပြီး နို့တိုက်နေတဲ့ အမျိုးသမီးတွေကို အသနားခံတဲ့ အကြည့်နဲ့ ကြည့်တယ်။ သူတို့အမျိုးသားတွေက သူ့လက်ထဲက ကြေးစေ့ကို လာယူသွားတယ်။ ကြေးစေ့ကို ယူသွားတယ် ဆိုတဲ့ သဘောက သူ့တောင်းဆိုမှုကို သဘောတူလိုက်တာပဲ ဖြစ်လို့ သူ့မျက်နှာပေါ်မှာ ချက်ချင်းပဲ ကြည်နူးနှစ်သိမ့်တဲ့ အမူအရာ တစ်ချက်ဖြစ်ပေါ်လာတော့တယ်။ သူက ရင်ခွင်ထက်က ဂွမ်းကပ်ရင်သိုင်းအိတ်ကို ဖြုတ်ပြီး သမီးလေးကို လက်လွှဲပေးလိုက်တယ်။ ဟိုအမျိုးသမီးတွေရဲ့ နွေးထွေးတဲ့ ရင်ခွင်ထဲ သမီးလေး ရောက်သွားတာကို မြင်ရတော့မှ သူ့ကိုယ်တွင်းမှာ အနွေးစီးကြောင်းတစ်ခု ဖြစ်ပေါ်လာတော့တယ်။ သမီးလေးရဲ့ လက်ကလေး သူတို့ရင်ဘတ်ပေါ်မှာ လှုပ်ရှားနေတဲ့အခါ သူက မျက်ရည်ဝဲလာတတ်တယ်။ သမီးလေးဟာ မြေကြီးပေါ် ခြေထောက်နင်းထားနိုင်သလို အမိအရ ဆုပ်ကိုင်မိပြီ ဆိုတာ သူ သိလိုက်ရပြီလေ။

နှင်းခဲနေတဲ့ သျှီးကြန့်ရဲ့ နေ့စဉ်မိုးသောက်ချိန်ဟာ မှိုင်းပျပျကောင်းကင်ထဲမှာ စတင်လာခဲ့ပြီး နေ့စဉ် ညနေစောင်းချိန်ဟာလည်း မှိုင်းပျပျ ကောင်းကင်ထဲမှာ အဆုံးသတ်ခဲ့ရတယ်။ ညဘက်ရောက်ရင် ကြယ်ရောင်လည်း မရှိ၊ လရောင်လည်း မရှိတာမို့ သျှီးကြန့်ဟာ ချောက်နက်ကြီးထဲ ကျရောက်နေသလို ပိန်းပိတ်အောင် မှောင်နေခဲ့တယ်။

သျှီးကြန့်က လူတွေလည်း အဲဒီ ဆီးနှင်းက မပြီးနိုင်မစီးနိုင် ဆက်လက်တည်ရှိသွားတော့မယ်၊ သူတို့ဘဝတွေလိုပဲ ဆက်လက် တည်ရှိသွားတော့မယ်လို့ အောက်မေ့မိလာလို့ စိတ်ပျက်လက်ပျက်ဖြစ်ခြင်း ခံစားချက်ဟာလည်း ခါးပန်းတံခါးကို ကျော်ပြီး တံခါးမကို ဖြတ်ပြီး သူတို့အပေါ် သက်ရောက်လာပါတော့တယ်။ အသက်ရှင်တုန်းလေး နေရောင်ကိုတောင် မြင်သွားရပါတော့မလားလို့ သူတို့က အမြဲလိုလို မယုံကြည်တဲ့စိတ်နဲ့ ပြောလာကြတယ်။ ဒီလို စိတ်ခံစားချက်ဟာ ကပ်ရောဂါလိုပဲ ပြန့်ပွားလာခဲ့တယ်။ လင်းသျှန်ဖူ အိမ်တံခါး တွန်းဖွင့်ပြီး ဝင်လာတိုင်း သျှီးကြန့်က ယောက်ျားတွေက သနားစဖွယ် လေသံနဲ့ သူ့ကို မေးလာတတ်ကြတယ်။
mgyoe.com

mgyoe.com SAMPLE BOOK

"ဒီနှင်းမုန်တိုင်းက ဘယ်တော့များမှ ရပ်မှာလဲဗျာ"

လင်းသျှန်ဖူ ခေါင်းခါတယ်။ သူလည်း မသိဘူးလေ။ သမီးလေးကို ရင်ခွင် ပွေ့ထားတဲ့ လင်းသျှန်ဖူဟာ သျှီးကြန့် တစ်မြို့လုံး အနှံ့သွားပြီး အိမ်တံခါးတွေ တစ်ချပ်ပြီး တစ်ချပ်ကို လက်ချောင်းနဲ့ လိုက်ခေါက်ခဲ့တယ်။ နှင်းခဲစဉ်မှာ သျှီးကြန့်က မိန်းမတွေဟာ ယောကျ်ားတွေထက် ပိုပြီး စိတ်ဓာတ်ကြံ့ခိုင် တည်ငြိမ်ကြတယ်။ သူတို့မျက်နှာမှာ ခံစားချက်မဲ့တဲ့ အမူအရာတွေ ရှိနေတယ်ဆိုပေမဲ့ သူတို့ကတော့ ခါတိုင်းလိုပဲ အိမ်အလုပ်တွေ ဆက်လုပ်နေခဲ့ကြတယ်။ သူတို့တစ်တွေ အိမ်ထဲ လှုပ်ရှားသွားနေတာကြောင့်မို့လို့လည်း လင်းသျှန်ဖူဟာ နှင်းခဲနေတဲ့ သျှီးကြန့်မှာ လူ့ပြည်ရဲ့ အငွေ့အသက် ရှိနေသေးပါလားလို့ ခံစားမိနိုင်ခဲ့တာ ဖြစ်တယ်။

အဲဒီနေ့က လင်းသျှန်ဖူဟာ သျှီးကြန့် ကုန်သည်အသင်း ဥက္ကဋ္ဌ ကုယိမင်းအိမ်ကို ရောက်လာခဲ့တယ်။ ကုယိမင်းရဲ့ စီးပွားရေးလုပ်ငန်းတွေက စုံတယ်။ သူဟာ နယ်ခံဘဏ်တိုက်ပိုင်ရှင် ဖြစ်သလို ပစ္စိမတောင်ရွှေတွင်းပိုင်ရှင်လည်း ဖြစ်တယ်။ သျှီးကြန့်၊ ရှန်တျန့်တို့မှာလည်း ပိုးထည်တိုက်တွေ အများကြီး ဖွင့်လှစ်ထားပြီး ရှန်ဟိုင်း၊ စူးကျိုး၊ ဟန်ကျိုး အနီးတစ်ဝိုက်က ပိုးထည်ပွဲစားတွေနဲ့ ဆက်သွယ် ရောင်းဝယ်တယ်။ တခြား ပိုးထည်တိုက်တွေလို မသမာနည်းနဲ့ အမြတ်ထုတ်တာမျိုး မလုပ်ဘဲ သူ့ဆိုင်ဝန်ထမ်းတွေက အမြဲလိုလို ပစ္စည်းတွေ သယ်ကာ အရပ်တကာလှည့်ပြီး ဖောက်သည်ဆွယ်၊ မိတ်ဆွယ်တတ်ကြတယ်။

အဲဒီ အသက်သုံးဆယ်ကျော် ယောကျ်ားကို လင်းသျှန်ဖူ ပထမဆုံးအကြိမ်တွေ့ရစဉ်က သူ့ကို သျှီးကြန့်က တစ် ပြောပြီးရင် နှစ် မပြင်တဲ့ ပုဂ္ဂိုလ်မှန်း မသိခဲ့ဘူး။ အဲဒီ ခမ်းနားကြီးကျယ်တဲ့အိမ်ဝင်းကြီးထဲကိုကလေးငိုသံကြားရလို့ပဲသူကရောက်သွားခဲ့တာ။ မြင့်မားရှည်လျားတဲ့ တံတိုင်းတစ်ဖြတ်ကို လျှောက်လာခဲ့ပြီးသကာလ အတွင်းက သစ်ပင်ကြီးမှာ နှင်းတွေ ပုံနေတာကို လင်းသျှန်ဖူ တွေ့လိုက်ရတယ်။ အနီရောင် တံခါးမကြီးကို အပြည့်ပိတ်မထားဘဲ နည်းနည်းဟထားတာကြောင့် သူလည်း အတွင်းဝင်းထဲက နှင်းပုံကြီးကို ရှင်းလင်းထားပြီးဖြစ်တာ တွေ့လိုက်ရတယ်။ ကလေးငိုသံဟာ အဲဒီထဲကနေပဲ ရှီးတိုးရိပ်တိပ် ပျံ့လွင့်လာခဲ့တာ ဖြစ်တယ်။ လင်းသျှန်ဖူလည်း ချီတုံချတုံ ဖြစ်ပြီးနောက် ဝင်သွားလိုက်တယ်။

ကျယ်ဝန်းတဲ့ ခန်းမကြီးထဲ သူ ဝင်သွားတယ်။ တုတ်ခိုင်လှတဲ့ ပွတ်လုံးတိုင်ကြီး နှစ်တိုင်က အထက်က ရက်မကို ထောက်ပေးထားတယ်။ ဘေးနှစ်ဖက်က ထိုင်ခုံတွေမှာ လူဆယ်ယောက်ကျော် ထိုင်နေတယ်။ သူတို့တစ်တွေ မီးကင် အနွေးလှုံဖို့အတွက် မီးအိုးကင်းခြောက်လုံးကို နှစ်တန်းခွဲပြီး စီပေးထားတယ်။ ရှေ့တည့်တည့် အိမ်ရှင်နေရာမှာ

mgyoe.com

mgyoe.com SAMPLE BOOK

အသားညိုညို ပိန်ပိန်ပါးပါး ယောကျာ်းတစ်ယောက် ထိုင်နေတယ်။ သူတို့က ကိစ္စတစ်ခုခု ဆွေးနွေးနေဟန် ရှိပြီး လင်းသျှန်ဖူ ဝင်လာတာမြင်တော့ စကားပြောရပ်လိုက်ကြပြီး အဲဒီ မဖိတ်ဘဲ ရောက်လာသူကို ထူးဆန်းစွာ ကြည့်နေကြတယ်။ လင်းသျှန်ဖူလည်း ကြေးစေ့တစ်စေ့ တင်ထားတဲ့ ညာဘက်လက်ကို ဖြန့်ပြပြီး မိမိလာရင်းအကြောင်းကို ပြောပြလိုက်ပြီးနောက် ကုယိမင်း ဆိုတဲ့ ပိန်ပိန်ပါးပါး ယောကျာ်းက အစေခံတစ်ယောက်ဘက် လှည့်ပြီး ပြောလိုက်တယ်။

"နို့ထိန်းကို သွားခေါ်လာခဲ့လိုက်"

အစေခံ ဝင်သွားပြီးနောက် နို့ထိန်း ထွက်လာတယ်။ ပြည့်ပြည့်ဖြိုးဖြိုး မိန်းမတစ်ယောက် လင်းသျှန်ဖူရှေ့ ရောက်လာတယ်။ သူက လင်းသျှန်ဖူ လက်ထဲက ကြေးစေ့ကို အေးတိအေးစက် တစ်ချက်ကြည့်လိုက်ပြီး သမီးလေးကို ပွေ့ချီကာ အတွင်းက အခန်းထဲ ပြန်လှည့်ဝင်သွားတယ်။ လင်းသျှန်ဖူရဲ့ လက်က ဖြန့်ထားဆဲ။ နို့ထိန်းက သူ့လက်ထဲက ကြေးစေ့ကို ယူမသွားဘူး။ ဧည့်ခန်းထဲက လူတွေလည်း သူ့ကို ဂရုမစိုက်ကြတော့ဘဲ ဆွေးနွေးလက်စ အကြောင်းအရာကို ဆက်ဆွေးနွေးကြတယ်။ သူတို့ရဲ့ အလွန်မြန်တဲ့ စကားပြောသံကို နားထောင်ရင်း ဆယ့်ငါးရက်ဆက်တိုက် ကြာပြီ ဖြစ်တဲ့ နှင်းခဲမုန်တိုင်းအကြောင်းကို ဆွေးနွေးနေကြတာမှန်း သိလိုက်ရတယ်။

အဲဒီခန်းမထဲမှာ ထိုင်နေသူတွေ အားလုံးက သျှီးကြန့်ရဲ့ မြို့မိမြို့ဖတွေ ဖြစ်တယ်။ သူတို့က ကောင်းကင်ကို ယဇ်သုံးမျိုးနဲ့ ပူဇော်ရမယ်လို့ ဆိုတယ်။ သူတို့ပုံစံက ယုံကြည်စိတ်အပြည့် ရှိတဲ့ ပုံစံ။ ကောင်းကင်ကို ပူဇော်လိုက်တာနဲ့ ဒီနှင်းမုန်တိုင်းကြီး ရပ်သွားလိမ့်မယ်လို့ အောက်မေ့နေကြတာ။ တစ်ချိန်တည်းမှာလည်း သူတို့က ယဇ်ပူဇော်ဖို့ တိရစ္ဆာန်တွေ အားလုံး အေးခဲပြီး သေကုန်ပြီ၊ ဘယ်သူ့ဆီမှာ တိရစ္ဆာန်အရှင်ရှိသေးလဲ မသိဘူး ဆိုပြီး သက်ပြင်းချ ညည်းတွားနေကြတယ်။

အဲဒီယောကျာ်းတွေ စကားပြောနေချိန်မှာ အားလုံးက မီးအိုးကင်းပေါ် ကိုယ်ကို ကိုင်းညွတ်ထားကြတယ်။ ပိန်ပိန်ပါးပါး ကုယိမင်းတစ်ယောက်သာ ထိုင်ခုံမှာ မတ်မတ်ထိုင်နေခဲ့တာ။ သူ့လက်နှစ်ဖက်က မီးအိုးကင်းဘက်ကို ဆန့်မထားဘဲ ထိုင်ခုံလက်ရန်းပေါ်မှာသာ တင်ထားခဲ့တယ်။ ပါးစပ်ထဲက မှုတ်ထုတ်လိုက်တဲ့ အပူငွေ့က သူ့မျက်နှာပေါ်မှာ လွင့်ပြယ်သွားတယ်။ သူက တစ်လျှောက်လုံး အာရုံစိုက်ပြီး တိတ်ဆိတ်စွာ နားထောင်နေခဲ့တယ်။

အဲဒီအချိန်မှာ နို့ထိန်း ပြန်ထွက်လာတယ်။ လင်းသျှန်ဖူလည်း သူ့ လက်ထဲကနေ နို့ဝလို့ အိပ်ပျော်နေပြီဖြစ်တဲ့ သမီးလေးကို ပြန်ယူလိုက်တယ်။ နို့ထိန်း ပြန်ထွက်သွားချိန်မှာ ဟိုကြေးစေ့က လင်းသျှန်ဖူ လက်ဖဝါးပေါ်မှာ ရှိနေဆဲ။ အဲဒီအတွက် သူ

mgyoe.com

mgyoe.com SAMPLE BOOK

နည်းနည်း ဦးနှောက်စားသွားတယ်။ ကုယိမင်းက လင်းသျှန်ဖူရဲ့ အခြေအနေကို ရိပ်မိသွားပြီး သူ့ကို အသာအယာ ခေါင်းညိတ်ပြလိုက်တယ်။ လင်းသျှန်ဖူလည်း ကြေးစေ့ကို အိတ်ထဲပြန်ထည့်သင့်ပြီလို့ သဘောပေါက်လိုက်တယ်။

ကုယိမင်း စကားပြောပြီ။ အဲဒီ တည်ကြည်ခံ့ညားတဲ့ ယောကျ်ား စကားပြောတဲ့ လေသံက ဘယ်သူမှ မယုံသင်္ကာဖြစ်စရာ အကြောင်းမရှိတဲ့ လေသံမျိုး။ သူက ပြောတယ်။ "ကောင်းကင်ပူဇော်ဖို့ ပစ္စည်းတွေရော ယဇ်ကောင်သုံးမျိုးရော ကျူပ် အကုန်ပြင်ဆင်ပြီးပြီ၊ မြို့စောင့်နတ်ဗိမာန်က တာအို ကိုယ်တော်ကိုလည်း ကျူပ် သွားလျှောက်ပြီးပြီ၊ မနက်ဖြန်ဆို ပူဇော်လို့ရပြီ၊ ဘယ်လောက်ကြာ ပူဇော်နိုင်မလဲပဲ ကြည့်ရမယ်။ ဒီတစ်ကြိမ် ပူဇော်တာက ခါတိုင်းလို နေမင်းပူဇော်တာ၊ လမင်းပူဇော်တာ၊ ဘိုးဘေးပူဇော်တာ၊ မြေကြီးပူဇော်တာမျိုးနဲ့ မတူဘူး၊ တစ်ရက်ပဲ ပူဇော်လိုက်တာနဲ့ အကျိုးထူးလာမှာ မဟုတ်ဘူး၊ နေ့ရက်ကြာညောင်း လူ့အကြောင်းသိ ဆိုသလို ကောင်းကင်သည်လည်း ထိုနည်းလည်းကောင်းပဲ"

အဲဒီနောက်ပိုင်း သုံးရက်စလုံးမှာ လင်းသျှန်ဖူဟာ ဆာလောင်နေတဲ့ သမီးလေးကို ရင်ခွင်ပွေ့ကာ ဆီးနှင်းဖြူသာ ရှိပြီး လူသူကင်းမဲ့တဲ့ မြို့တွင်းလမ်းမတစ်လျှောက် လျှောက်လာလိုက်တာ မြို့စောင့်နတ်ဗိမာန်ရှေ့က ကွက်လပ်ကိုရောက်တော့မှပဲ သျှီးကြန့်ရဲ့ သက်ဝင်အားကို မြင်တွေ့လာခဲ့ရတယ်။

ပထမရက်မှာ လေးထောင့်စားပွဲရှည် တစ်လုံးအနားမှာ လူနှစ်ဆယ်၊ သုံးဆယ်လောက် ဝိုင်းနေကြတယ်။ သူတို့က ဆီးနှင်းထဲမှာ ခိုက်ခိုက်တုန်လျက် ဆိတ်တစ်ကောင်ကို စားပွဲပေါ် တင်လိုက်ကြတယ်။ ဆိတ်ရဲ့မျက်လုံးကို လင်းသျှန်ဖူ မြင်လိုက်ရတယ်။ အသတ်မခံရမီ မျက်လုံးတွေ ကြည်လင်တောက်ပနေသေးပေမဲ့ ခန္ဓာကိုယ်ကို ထက်မြတဲ့ ဓားတစ်လက်နဲ့ ထိုးသွင်းလိုက်ချိန်မှာတော့ မျက်လုံးတွေဟာ နောက်ကျိလာတော့တယ်။ ဆက်လက်ပြီး သူတို့က ဝက်ထီးတစ်ကောင်ကို စားပွဲပေါ် တင်လိုက်ကြတယ်။ စားပွဲပေါ်မှာ ရေခဲပါးပါးတစ်လွှာ ခဲနေပြီမို့ ဝက်ထီးဟာ ဒီဘက်က တင်လိုက်ပြီးတာနဲ့ ဟိုဘက်ကို လျှောကျသွားတယ်။ ဒီလိုနဲ့ ထပ်ခါတလဲ ဖြစ်ပြီးတဲ့နောက် ဝက်ထီးရဲ့ ရှန်းကန်တဲ့ အော်မြည်သံဟာ မချိတင်ကဲ ရယ်သံလို ခပ်တိုးတိုး ဖြစ်လာလို့၊ အလုပ်ရှုပ်နေတဲ့ လူအုပ်ကြီးဆီကနေ ရယ်သံတွေ တစ်ချက်တစ်ချက် ထွက်ပေါ်လာတယ်။ ဒါဟာ နှင်းခဲလာပြီးနောက်ပိုင်း သျှီးကြန့်ဆီက လင်းသျှန်ဖူ ပထမဆုံးအကြိမ် ကြားရတဲ့ ရယ်သံပဲ။ နောက်တော့ အားကောင်းမောင်းသန် ယောကျ်ားရှစ်ယောက်က ဝက်ထီးရဲ့ခြေလေးချောင်းကို ဝိုင်းချုပ်ထားလိုက်ကြတော့မှ သားသတ်ဓားနဲ့ အောင်မြင်စွာ ခုတ်သတ်နိုင်ခဲ့တယ်။ ဝက်သွေးတွေ ပန်းထွက်လာပြီး လူအုပ်ထဲကို စဉ်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆီးနှင်းပြင်ပေါ်ကိုလည်း စဉ်သွားတယ်။ နောက်ဆုံးမှာ သူတို့က နွားတစ်ကောင်ကို စားပွဲပေါ် သယ်လာကြတယ်။ စောင့်ရတာ ကြာလွန်းသွားတဲ့ အတွက်ကြောင့် နွားဟာ အေးခဲနေပြီ။ သူ့မျက်လုံးက တစ်ဝက်ပွင့်၊ တစ်ဝက်ပိတ်။ မျက်လုံးအမူအရာမှာ အိပ်ပျော်တော့မလို နာခံမှုမျိုး ရှိနေတယ်။ နွားရင်ကို သားသတ်ဓား ထိုးသွင်းလိုက်တော့မှ နွားလည်း လန့်နိုးလာသလို အကြောဆွဲလာပြီး ရှည်လျားလေးပင်လှတဲ့ သက်ပြင်းချသံတစ်ချက် ထွက်လာခဲ့တယ်။

ဒုတိယရက် လင်းသျှန်ဖူ မြို့စောင့်နတ်ဗိမာန်ရှေ့က ဖြတ်သွားတော့ အထဲမှာ ဒူးထောက် ရှိခိုးနေကြသူတွေ ပြည့်ကျပ်နေတာကို မြင်တွေ့လိုက်ရတယ်။ ဗိမာန်ထဲမှာ ယဇ်ပလ္လင်ကြီးတစ်ခု ခင်းထားပြီး ယဇ်ကောင်သုံးမျိုး ပူဇော်ထားလို့ မွှေးရနံ့တွေ တစ်ချက်တစ်ချက် ပျံ့လွင့်လာတယ်။ နတ်ဗိမာန်ထဲက တာအိုကိုယ်တော်တွေက ဗိမာန်ထက်မှာ ဘယ်ညာနှစ်ဖက် ခွဲရပ်နေကြတယ်။ လက်ထဲမှာ တီပလွေ[၁၅] တို့၊ ရှောင်းပလွေ[၁၆] တို့၊ နဲတို့၊ မုယ္စိတို့ ကိုယ်စီကိုင်ထားကြတယ်။ မုယ္စိခေါက်တဲ့ စည်းချက်နဲ့အတူ တီပလွေသံ၊ ရှောင်းပလွေသံ၊ နဲသံတို့ ငြိမ့်ညောင်းစွာ ထွက်လာပြီး ရက်မတွေ၊ တိုင်လုံးတွေကြားထဲ ပဲ့တင်ထပ်သွားတယ်။ နှင်းပွင့်တွေကြားထဲ လွင့်ပျံ့သွားတယ်။ အထဲမှာ ဒူးထောက်နေသူတွေ ဦးခိုက်ပူဇော်ကြတယ်။ သူတို့ကိုယ်တွေဟာ ဂီတသံထဲမှာ ရေလှိုင်းသဖွယ် ညီညာစွာ ငုံ့ချည်ပေါ်ချည် ဖြစ်နေကြတယ်။

တတိယရက်မှာ ပူဇော်သူတွေ များသည်ထက် များလာတယ်။ မြို့စောင့်နတ်ဗိမာန် အပြင်ဘက်က ကွက်လပ်မှာ ကောင်းကင်ပူဇော်တဲ့ ယောက်ျား မိန်းမ အယောက်တစ်ရာကျော် ဒူးထောက်နေကြတယ်။ ဗိမာန်ထဲက သံပြိုင် တီးမှုတ်လာတဲ့အခါ သူတို့ကိုယ်တွေက ငုံ့ချည်ပေါ်ချည် ဖြစ်လာတယ်။ အဲဒီက နှင်းပုံကြီးကို မပူဇော်ခင်ကတည်းက ရှင်းလင်းထားပြီး ဖြစ်ပေမဲ့ သုံးရက် မပြည့်တတ်ခင်မှာပဲ ဆီးနှင်းတွေ ပြန်ပုံလာတယ်။ သူတို့ ခြေသလုံးတွေကို လင်းသျှန်ဖူ မမြင်ရဘူး။ နှင်းပုံကြီးက သူတို့ဒူးတောင် ကျော်နေပြီမို့ ခြေသလုံးတွေကို ဖျောက်ထားသလို ဖြစ်နေတယ်။ သူတို့ ပါးစပ်ထဲက မှုတ်ထုတ်လိုက်တဲ့ အပူငွေ့တွေက တလူလူတက်နေတဲ့ မီးခိုးငွေ့ပမာ စုစည်းသွားပြီး မှိုင်းပျပျလေထုထဲမှာ မီးဖိုချောင်က ထွက်တဲ့ မီးခိုးငွေ့တွေလို လွင့်ပြယ်သွားတော့တယ်။

❦

---

၁၅။ အောတိုက်မှုတ်ရသည့် တရုတ် ဝါးပလွေတစ်မျိုး။
၁၆။ အတည့်မှုတ်ရသည့် တရုတ် ဝါးပလွေတစ်မျိုး။

mgyoe.com

mgyoe.com SAMPLE BOOK

(၂၀)

အဲဒီနေ့မှာ လင်းသျှန်ဖူက ချန်ယုန်လျန်နဲ့ သိကျွမ်းလာခဲ့တယ်။ ထိုစဉ်က ချန်ယုန်လျန်ရဲ့ ဒုတိယသား ဖွားမြင်တာ သုံးလ ရှိပြီ။ အဲဒီကလေးရဲ့ ငိုသံကပဲ လင်းသျှန်ဖူကို ချန်ယုန်လျန့်ဆီ ခေါ်ဆောင်လာခဲ့တာ ဖြစ်တယ်။ အဲဒီ အခန်းနှစ်ခန်းပါ အိမ်ထဲမှာ လင်းသျှန်ဖူဟာ နွေးထွေးတဲ့ အငွေ့အသက်ကို ခံစားမိခဲ့တယ်။ ပါးမြိုင်းမွေးကောင်းကောင်းနဲ့ ချန်ယုန်လျန်က နှစ်နှစ်အရွယ် သားကြီးကို ရင်ခွင်ပွေ့ထားတယ်။ သူ့မိန်းမ လီမေလျဲန်က သုံးလအရွယ် သားငယ်ကို နို့တိုက်နေတယ်။ တစ်အိမ်သားလုံး မီးအိုးကင်းအနားမှာ ဝိုင်းဖွဲ့ထိုင်နေကြတယ်။

လင်းသျှန်ဖူက သူတို့အလယ်ကို ဝင်လာတယ်။ ချန်ယုန်လျန်က သူ့ကို မီးအိုးကင်းအနားမှာ ခွေးခြေတစ်လုံးနဲ့ ပေးထိုင်လိုက်တယ်။ သျှီးကြန့်က တခြားမိန်းမတွေရဲ့ ခံစားချက်မဲ့ အမူအရာနဲ့မတူဘဲ လီမေလျဲန် သမီးလေးကို ရင်ခွင်ထဲ ပွေ့ချီလိုက်ချိန်မှာ သူ့ထံကနေ မိခင်တို့ရဲ့ အမူအရာတစ်မျိုး လင်းသျှန်ဖူ မြင်တွေ့လိုက်ရတယ်။ လီမေလျဲန်က သမီးလေးကို လှလိုက်တာလို့ ချီးကျူးအားကျမိသလို သမီးလေးကိုယ်ပေါ်က အနီရောင်တောက်တောက် ပိုးသားအဝတ်အစားတို့၊ ဦးထုပ်တို့ကိုလည်း ချီးကျူးအားကျမိတယ်။ လက်ရာသေသပ်လိုက်တာလို့ ချီးကျူးအားကျမိတယ်။ သူက သမီးလေးရဲ့ ပိုးဦးထုပ်ကို ချွတ်ပြီး သမီးလေးရဲ့ ဆံပင်ကို မပြတ် ငုံနမ်းနေတယ်။ အဲဒီအချိန်မှာ ချန်ယုန်လျန်က သားနှစ်ယောက်ကို ချီလာပြီး မယားဖြစ်သူကို ပြုံးပြုံးကြီး

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်နေမိတယ်။ မိသားစုအငွေ့အသက်ကို မခံစားရတာ ကြာပြီဖြစ်တဲ့ လင်းသျှန်ဖူလည်း ဒီအဖြစ်ကို မြင်တော့ ရင်ထဲမှာ ထူးဆန်းတဲ့ အတွေးတစ်ခု ဖြစ်ပေါ်လာခဲ့တယ်။ အဲဒါက တော့ မိမိသာ တစ်ခုခု ဖြစ်သွားခဲ့ရင် သမီးလေးကို ဒီမိသားစုထဲမှာ ထားရစ်ခဲ့နိုင်မလား ဆိုတဲ့ အတွေးပဲ။

သျှီးကြန့် စကားဝဲသံကို နည်းနည်းပါးပါး နားလည်တဲ့ လင်းသျှန်ဖူဟာ သူတို့ စကားပြောတဲ့ လေယူလေသိမ်းကို နားထောင်ခြင်းကတစ်ဆင့် သူတို့သည်လည်းပဲ တစ်နယ်သားတွေ ဖြစ်မှန်း သိလာခဲ့တယ်။ ချန်ယုန်လျှန်က လင်းသျှန်ဖူကို ပြောပြတယ်။ သူတို့ဇာတိက ဒီကနေ မြောက်ဘက် လီငါးရာမှာ ဖြစ်ကြောင်း၊ မိုးတွေ ဆက်တိုက်ခေါင်တဲ့ အတွက်ကြောင့် သူတို့လည်း ဇာတိရွာကို စွန့်ခွာ၊ တောင်ဘက်ကို ဆင်းလာပြီးတော့ ကြံရာကျပန်း လုပ်ကိုင် အသက်မွေးခဲ့ရကြောင်း၊ အထမ်းထမ်း၊ အထုပ်သယ်၊ ဂါလီ ဆွဲတဲ့ အလုပ်တွေအပြင် လှေသမားလည်း လုပ်ခဲ့သေးကြောင်း ပြောပြတယ်။ လှေလှော် ရာမှာ သူက ဝမ့်မူတန့်ရေပြင်ထက်က လှေသမားတွေလို ခြေထောက်နဲ့ လှော်ခတ်တာ မျိုး မဟုတ်ဘဲ လက်နဲ့ လှော်ခတ်တာဖြစ်ကြောင်း ချန်ယုန်လျှန်က ပြောပြတယ်။ လွန်ခဲ့တဲ့နှစ်နှစ် ကုယိမင်းနဲ့ တွေ့ပြီးတဲ့ နောက်ပိုင်းကျမှသာ ခြေသလုံးအိမ်တိုင်ဘဝ ကို အဆုံးသတ်နိုင်ခဲ့ပြီး သျှီးကြန့်မှာ အခြေချလာနိုင်ခဲ့တာဖြစ်ကြောင်း ပြောပြတယ်။ သူတို့လင်မယား မွေးခါစ သားဦးလေးနဲ့အတူ လမ်းဘေးမှာအိပ်၊ လမ်းဘေးမှာစား၊ နေ့ ဘာဖြစ်မယ်၊ ည ဘာဖြစ်မယ် မရေရာတဲ့ နေ့ရက်တွေကို ဘယ်လိုဘယ်ပုံ ခက်ခက် ခဲခဲ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရတဲ့ အကြောင်းတွေကို ချန်ယုန်လျှန်က လေအေးကလေးနဲ့ ပြောပြခဲ့တယ်။

ချန်ယုန်လျှန်တို့ မိသားစုက ကုယိမင်းနဲ့ ရှန်တျန့်မှာ စတွေ့ခဲ့တာ ဖြစ်တယ်။ အဲဒီတုန်းက ကုယိမင်းက ရှန်တျန့်ကနေ သျှီးကြန့်ကို ပိုးထည်တွေ ပြန်သယ်သွားဖို့ ရှိလို့ အထမ်းသမားလေးယောက်ကို ငှားခဲ့တာ ချန်ယုန်လျှန်က အဲဒီထဲက တစ်ယောက် ဖြစ်နေခဲ့တယ်။ ချန်ယုန်လျှန်က အခြား ကျပန်း အလုပ်သမား သုံးယောက်နဲ့အတူ သျှီးကြန့်ဆီ ပိုးအုပ်တွေ ထမ်းသွားချိန်မှာ သူ့မယားလည်း နောက်က ပါလာခဲ့တယ်။ ချန်ယုန်လျှန်လိုပဲ လီမေလျှံလည်း အထမ်းတစ်ထမ်း ထမ်းထားတယ်။ အထမ်းရဲ့ တစ်ဖက်မှာက အဝတ်အစားတွေ၊ ဂွမ်းကပ်စောင်တွေ ပါလာပြီး နောက်တစ်ဖက်မှာက သူတို့ရဲ့ သားလေး ဖြစ်တယ်။ မူလက ချန်ယုန်လျှန် ထမ်းရမယ့် အထမ်းဟာ လီမေလျှံ့ ပခုံးပေါ် ရောက်လာခဲ့တယ်။ ဗီရိုဝေါပေါ်က ကုယိမင်းဟာ ချန်ယုန်လျှန်နဲ့ တစ်လမ်းလုံး စကားပြောခဲ့ရာက သူတို့အကြောင်းကို သိလာခဲ့တယ်။ ချန်ယုန်လျှန်ရဲ့ မယား အတူ လိုက်ပါလာရခြင်း အကြောင်းရင်းက သူတို့မှာ နေစရာ မရှိတဲ့အတွက်ကြောင့် ဖြစ် ကြောင်း သိလာခဲ့တယ်။ ကုယိမင်းလည်း လင်ယောကျ်ားနောက်ကနေ အထမ်းကို

mgyoe.com

mgyoe.com SAMPLE BOOK
ပင်ပန်းကြီးစွာ ထမ်းလိုက်လာနေတဲ့ လီမေလျဲန်ကို ကြည့်နေခဲ့တယ်။ အဲဒီ သေးသေးညှပ်ညှပ် မိန်းမဟာ ယောကျ်ားတွေရဲ့ မြန်ဆန်တဲ့ ခြေလှမ်းကို လိုက်မီအောင်လို့ တစ်လမ်းလုံး ရှုရှုကလေး ပြေးလာခဲ့ရတယ်။ လမ်းခုလတ်မှာ သူ့သား ငိုတဲ့အခါ သားကို ပွေ့ချီရသေးတယ်။ အထမ်းဟန်ချက်ညီအောင်လို့ သူက ဝွမ်းကပ်စောင်ကို ဒီဘက် ရွှေလိုက်တယ်။ ပြီးတဲ့နောက်မှာ အင်္ကျီရင်ဘတ်ဟကာ ညာဘက်လက်နဲ့ သားကို ချီပြီး နို့တိုက်တယ်။ ဘယ်ဘက်လက်ကတော့ အထမ်းကို ထိန်းကာ ရှုရှုကလေး ဆက်ပြေးလာခဲ့တယ်။ သူ မောနေတဲ့အသက်ရှူသံက ဖားဖိုဆွဲတဲ့ အသံအတိုင်းပဲ။ သူ့ဆံပင်တွေ ချွေးစိုရွှဲနေပြီ။ မျက်နှာပေါ်က ချွေးစက်တွေကလည်း ပြေးလာစဉ်မှာ လေတိုက်လို့ အဆက်မပြတ် လွင့်စဉ်နေတယ်။ သို့ထက်တိုင် သူက တစ်လမ်းလုံး ပြုံးပြုံးပဲ။ သျှီးကြန့် ရောက်တော့ ကုယိမင်းက ကျန်တဲ့ အထမ်းသမားသုံးယောက်ကို လုပ်အားခ ပေးချေပြီး ပြန်လွှတ်လိုက်တယ်။ ချန်ယုန်လျှန်တို့ မိသားစုကိုတော့ ခေါ်ထားလိုက်တယ်။

ချန်ယုန်လျှန်ရဲ့ ပြောပြချက်ကတစ်ဆင့် သူပြောတဲ့ ကုယိမင်း ဆိုတာ လွန်ခဲ့တဲ့ လေးရက်က တွေ့ခဲ့တဲ့ ဟိုပိန်ပိန်ပါးပါးယောကျ်ားပဲ ဆိုတာ လင်းသျှန်ဖူ သိလိုက်ရတယ်။ လင်းသျှန်ဖူလည်း ကုအိမ်တော်က မြင့်မားရှည်လျားတဲ့ တံတိုင်းကြီးကို ပြန်သတိရလာတာနဲ့ အိမ်ဝင်းက ဘယ်လောက်ကြီးသလဲလို့ ချန်ယုန်လျှန်ကို မေးလိုက်တယ်။ ချန်ယုန်လျှန်က ခေါင်းခါတယ်။ သူက ကုယိမင်းအိမ်ကို မကြာခဏ သွားရတယ် ဆိုပေမဲ့ အမြဲလိုလို ခန်းမအထိပဲ ရောက်ဖူးတာ ဖြစ်တယ်၊ စာကြည့်ခန်းကိုတော့ ရံဖန်ရံခါ ရောက်ဖူးပါတယ်၊ အဲဒီထက် အတွင်းကျတဲ့ အပိုင်းမှာတော့ ဘယ်လိုကမ္ဘာမျိုးလဲ ဆိုတာ သူ မသိတော့ပါဘူးလို့ ပြောတယ်။ ချန်ယုန်လျှန်က ပြောပြပြီးနောက် လင်းသျှန်ဖူကို ငြိမ်သက်စွာ ကြည့်နေတယ်။ လင်းသျှန်ဖူလည်း မိမိအကြောင်းကို ပြောပြဖို့ သူ စောင့်နေတာမှန်း ရိပ်မိသွားလို့ ခပ်ပါးပါးပဲ တစ်ခွန်းပြောလိုက်တယ်။

"ကျုပ်လည်း မြောက်ပိုင်းက လာခဲ့တာပါ"

ပြောပြီးနောက် ချန်ယုန်လျှန် မျက်နှာမှာ နားမလည်သလို အရိပ်အယောင် ပေါ်လာတာကြောင့် လင်းသျှန်ဖူလည်း အရင်က သူ သစ်သားလက်မှုပညာ သင်ဖူးပါတယ်လို့ တစ်ခွန်း ထပ်ဖြည့် ပြောလိုက်တယ်။ ချန်ယုန်လျှန်က ဘယ်လို သစ်သားလက်မှုပညာ သင်ခဲ့တာပါလဲလို့ မေးတော့ လင်းသျှန်ဖူက–

"သစ်မာ ပါ"လို့ ပြန်ဖြေလိုက်တယ်။

ချန်ယုန်လျှန် မျက်လုံးထဲမှာ အားကျတဲ့ အမူအရာ ထွက်ပေါ်လာတယ်။ သူက သူလည်း သစ်သားလက်မှုပညာ သင်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ သူ့ဟာက အဆင့်နိမ့်တဲ့ လွှတိုက်တာတို့၊ ထမ်းပိုးလုပ်တာတို့ပဲ သင်ခဲ့ဖူးတာပါလို့ ပြောတယ်။
mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှန်ဖူက ခေါင်းခါပြီး "သစ်သားလက်မှုပညာမှာ အမျိုးအစားပဲ ခွဲခြားတာ ရှိတယ်၊ အဆင့်အတန်း အနိမ့်၊ အမြင့်ဆိုပြီး ခွဲခြားမထားဘူး။ လွှသမား လက်ရာကောင်းလို့ ရှိရင် လွှတိုက်ရာ စပ်ကြောင်းကို မျဉ်းတစ်ဖြောင့်တည်းပဲ၊ သစ်သား ကုန်ကြမ်းတွေ အလဟဿ မဖြစ်ဘူး။ ထမ်းပိုးလုပ်သားမှာလည်း သူ့ပညာနဲ့သူပဲ အထမ်းသမားတွေရဲ့ပခုံး မခံနိုင်တဲ့ဟာမျိုး မဖြစ်စေရဘူးလေ"လို့ ပြောတယ်။

လီမေလျဲန်က နို့တိုက်ပြီးပြီးချင်း ကလေးကို လင်းသျှန်ဖူ လက်ထဲ ချက်ချင်း ပြန်ထည့်မပေးသေးဘူး။ ယောက်ျားနှစ်ယောက် စကားပြောနေချိန်မှာ သူက ကလေး ကို မိမိပေါင်ပေါ်မှာ မတ်တတ်စမ်း ရပ်ကြည့်စေတယ်။ ကလေးခြေထောက်က အားပြု လာတာကို ခံစားမိလို့ သူက ဝမ်းသာအားရဖြစ်ကာ ဒီကလေး မကြာခင် မတ်တတ်ရပ် လမ်းလျှောက်တတ်တော့မယ်လို့ အော်ပြောလိုက်တယ်။ လီမေလျဲန်ရဲ့ ရင်ထဲ အသည်း ထဲက လာတဲ့ အပျော်တွေက လင်းသျှန်ဖူထံ ကူးစက်သွားတာကြောင့် ဒီမှာ ထိုင်နေ ရတာ သူစိမ်းတွေလို မခံစားမိတော့ဘူး။

ခြေသလုံးအိမ်တိုင် အတွေ့အကြုံရှိဖူးတဲ့ ချန်ယုန်လျန်လည်း သူ့ရှေ့ရောက် နေတဲ့ ဒီယောက်ျားကို သဘောကျမိတယ်။ လင်းသျှန်ဖူဟာ အပြင်ပန်းက အထီးကျန် ဆန်ပြီး စကားပြောတဲ့ လေသံက နှိမ့်ချဖော်ရွေမှု ရှိတယ်။ လောကအတွေ့အကြုံရှိသူ တစ်ယောက် ဖြစ်ပါပေတယ်။သူစကားပြောတဲ့အခါမျက်လုံးကအရောင်တလက်လက် ဖြစ်လာပြီး ကိုယ်ထဲမှာလည်း သက်ဝင်အားတို့ အညွန့်တလူလူ ဖြစ်နေခဲ့တယ်။

လင်းသျှန်ဖူဟာ ခါတိုင်းလို ကလေးနို့ဝတာနဲ့ ထပြန် မသွားဖြစ်ခဲ့ဘူး။ ချန်ယုန်လျန်ရဲ့ သဘောရိုးဖြောင့်မှုနဲ့ လီမေလျဲန်ရဲ့ စိတ်အားထက်သန်မှုတို့က သူ့ကို အကြာကြီး ဆက်ထိုင်ဖြစ်စေခဲ့တယ်။ ဒါဟာ သျှီးကြန့် နှင်းခဲချိန်မှာ သူ ဒီလို စိတ်ခံစားမှု မျိုး ပထမဆုံးအကြိမ် ခံစားဖူးခဲ့တာပဲ။ သူက အိမ်တွေ တော်တော်များများ ရောက်ဖူး တယ်။ သေချင်စော်နံနေတဲ့ အငွေ့အသက်ကြောင့် လင်းသျှန်ဖူလည်း နှင်းခဲခြင်းက လူတိုင်းရဲ့ အိမ်ထဲအထိ ထိုးဖောက်စိမ့်ဝင်လာခဲ့တာပါလားလို့ အောက်မေ့မိခဲ့တယ်။ ဒါပေမဲ့ ချန်ယုန်လျန်ရဲ့အိမ်ကို ရောက်တဲ့အခါမှာတော့ နှင်းခဲခြင်းဟာ တံခါးခြားလို့ အိမ်အပြင်ဘက်မှာ ကျန်ရစ်ခဲ့ပြီ။

ဒီမှာက နီရဲတောက်နေတဲ့ မီးအိုးကင်းရယ်၊ ရောက်တဲ့အရပ်မှာ အေးချမ်း အောင် နေတတ်တဲ့ ယောက်ျားတစ်ယောက်ရယ်၊ တင်းတိမ်ရောင့်ရဲကာ ပျော်ရွှင်အောင် နေတတ်တဲ့မိန်းမတစ်ယောက်ရယ်၊နောက်ပြီး လူ့လောကကိုရောက်လာခါစ ယောက်ျား လေးနှစ်ယောက်ရယ် ရှိနေတယ်။ လင်းသျှန်ဖူ ခွေးခြေကနေ ပြန်မထချင်သေးဘူး။ ကာလရှည်ကြာ အထီးကျန်ဘဝက သူ့ကို ဒီအခိုက်အတန့်မှာ နွေးထွေးမှုကို ဆတိုး ခံစားမိနေစေခဲ့တယ်။ လီမေလျဲန်က သူ့အတွက် အပူငွေ့တထောင်းထောင်း ထနေတဲ့

mgyoe.com

mgyoe.com SAMPLE BOOK
ဆန်ပြုတ်တစ်ခွက် ယူလာပေးလို့ ပန်းကန်လုံးကို လက်ခံယူချိန်မှာ သူ့လက်တွေ နည်းနည်း တုန်ယင်နေခဲ့တယ်။ နှင်းခဲချိန်မှာ ဒီဆန်ပြုတ်တစ်ခွက်ရဲ့ တန်ဖိုး အနှစ်သာရကို သူ နားလည်တယ်။ သူတို့က အဲဒါ ကိုယ့်အသက်ကို သူ့ကို တချို့တစ်ဝက် ခွဲပေးလိုက်တာပဲ။ သူက သူတို့သားကြီးကို မိမိပေါင်ပေါ် ပွေ့ချီပြီး ဆန်ပြုတ်မှုတ်တိုက်တယ်။ သူကိုယ်တိုင်တော့ တစ်လုတ်မှ မသောက်ခဲ့ဘူး။ ချန်ယုန်လျန်နဲ့ လီမေလျဲန်က သူ့ကို တိတ်ဆိတ်စွာ ကြည့်နေခဲ့တယ်။ သူတို့က စကားမပြောဘဲ ကိုယ့်လက်ထဲက ဆန်ပြုတ်ကိုသာ ဖြည်းဖြည်းချင်း သောက်နေခဲ့ကြတယ်။ အဖြူရောင် ဆန်ပြုတ်အရည်တွေ ချန်ယုန်လျန်ရဲ့ မုတ်ဆိတ်မှာ ပေကျံကုန်တယ်။ ချန်ယုန်လျန်ရဲ့သားကြီး ဆန်ပြုတ်သောက်လို့ ကုန်တော့မှ လင်းသျှန်ဖူလည်း ထပြန်ဖို့ နှုတ်ဆက်တယ်။ ကြေးစေ့တစ်စေ့မဟုတ်တော့ဘဲ ကြေးစေ့နှစ်စေ့ကို ခွေးခြေပေါ်မှာ အသာကလေး တင်ထားလိုက်တယ်။ သူက ရုတ်တရက် ရက်ကြောက်လာတယ်။ ရှေ့ပိုင်းတွေတုန်းကလို ညာဘက်လက်ဖြန့်ပြီး ကြေးစေ့ပေးတာမျိုး မလုပ်တော့ဘူး။

လီမေလျဲန်က သူ့ကို မေးတယ်။

"ကလေး နာမည်ပေးပြီးပြီလား"

လင်းသျှန်ဖူက ခေါင်းညိတ်ပြီး "ပေးပြီးပါပြီ၊ သူက အိမ်ပေါင်းရာချီဆီက ရာအိမ်နဲ့ စိုခဲ့တဲ့အတွက် သူ့ကို 'ရာအိမ်' အနက် ဆောင်တဲ့ လင်းပိုကြာလို့ နာမည်ပေးထားပါတယ်"လို့ ပြောလိုက်တယ်။

လင်းသျှန်ဖူရဲ့စကားက ချန်ယုန်လျန်နဲ့ လီမေလျဲန်တို့ရဲ့ စိတ်နှလုံးကို ကိုင်လှုပ်လိုက်သလို ဖြစ်သွားတယ်။ သူတို့က လင်းသျှန်ဖူကို ခေါ်ထားချင်တာနဲ့ ဒီမှာပဲ နေလိုက်ပါတော့လား၊ အပြင်မှာ ဆီးနှင်းက နှစ်ပေလောက် ရှိနေပြီ၊ ကလေး အအေးမိပြီး နေမကောင်းဖြစ်ရင် ဘယ်လိုလုပ်မတုံးလို့ ပြောလိုက်တယ်။ လင်းသျှန်ဖူက ခေါင်းခါတယ်။ တံခါးဖွင့်ပြီး အိမ်ပြင်က ချမ်းအေးလှတဲ့ မှုန်ပျပျ အဖြူရောင် တစ်ခွင်တစ်ပြင်ကို မြင်ရတော့ ချီတုံချတုံ ဖြစ်လာပြန်တယ်။ ဒါပေမဲ့ သူတို့နဲ့က ခုလေးတင်မှ သိကျွမ်းတာဖြစ်တာကို စဉ်းစားမိပြန်တော့ သူ့ခြေထောက်က အပြင်ကို လှမ်းလိုက်မိပြီး ဆီးနှင်းထဲမှာ နစ်မြုပ်သွားခဲ့တယ်။ ချန်ယုန်လျန် တံခါးပိတ်ချိန်မှာ နှင်းပုံကြီးက လင်းသျှန်ဖူ ဒူးခေါင်းအထိ မြုပ်နေတာကို တွေ့လိုက်ရတယ်။ သမီးလေးကို ရင်ခွင်ပွေ့ကာ လျှောက်သွားတဲ့ သူ့ပုံစံက ဒူးထောက်ပြီး သွားနေတာနဲ့ တူနေခဲ့တယ်။

လင်းသျှန်ဖူ ခက်ခဲစွာ ရှေ့ဆက်လာချိန်မှာ သစ်ပင်ထက်ပေါ်က အေးခဲသွားတဲ့ ငှက်ကလေးတွေ ရုတ်တရက် ပြုတ်ပြုတ်ကျလာပြီး နှင်းပုံထက်မှာ တွင်းကလေးတွေ တစ်ခုပြီးတစ်ခု အသံတိတ် ဖြစ်ပေါ်လာခဲ့တယ်။ ဘေးနှစ်ဖက် သစ်ပင်တွေလည်း နှင်းခဲတဲ့ ဒုက္ခဘေးက ပြေးမလွတ်ခဲ့ဘူး။ အအေးထဲမှာ သစ်ပင်တွေ တပြတ်ပြတ်
mgyoe.com

mgyoe.com SAMPLE BOOK

အက်ကွဲတဲ့အသံကို လင်းသျှန်ဖူ မပြတ်ကြားခဲ့ရတယ်။ အဲဒီအသံက သစ်သားတွေ မီးထဲ လောင်ကျွမ်းစဉ် ကွဲအက်တဲ့ အသံနဲ့ တစ်ထပ်တည်းနီးပါးပဲ။ သူ့အသံက နည်းနည်း ပိုရှည်၊ နည်းနည်း ပိုစူးတာ တစ်ခုပဲ။

ချန်ယုန်လျှန်နဲ့ လီမေလျှဲန်က နေရစ်ဖို့ ဆွဲထားခြင်းက ကံကြမ္မာရဲ့ အရိပ်ပြခြင်း အလား ဖြစ်လာခဲ့တယ်။ အဲဒီနေ့က လင်းသျှန်ဖူဟာ မိမိနေတဲ့ နေရာဆီကို ပြန် မရောက်ခဲ့ဘူး။ သူက သစ်ပင်တွေ အေးခဲ အက်ကွဲတဲ့အသံနဲ့ ငှက်ကလေးတွေ ပြုတ်ကျတဲ့ တုန်ခါမှုတို့ကြားကနေ သူတို့အိမ်ကို တစ်လှမ်းချင်းစီ လှမ်းကာ ပြန်ရောက်သွားပြီး အဲဒီကစလို့ သူတို့ဆီမှာပဲ နေဖြစ်လာခဲ့တော့တယ်။

ထိုစဉ်က သမီးလေးက အငိုမတိတ်ဘဲ ရှိနေခဲ့တယ်။ သူက တံခါးခေါက်လို့ ချန်ယုန်လျှန်တို့ အိမ်တံခါး ပွင့်လာပြီး ဘာမှမပြောရသေးခင်မှာပဲ ချန်ယုန်လျှန်က လင်းသျှန်ဖူကို အထဲဆွဲခေါ်သွားတော့တယ်။ လီမေလျှဲန်က ကလေးကို ချီပြီး နို့တိုက်ဖို့ လုပ်တယ်။ ချန်ယုန်လျှန်နဲ့ လီမေလျှဲန်က ဘာမှ မပြောကြဘူး။ လင်းသျှန်ဖူအနေနဲ့ ဒီကိုပဲ ပြန်လာရမှာလို့ ယူဆထားသယောင်။

ညရောက်တော့ လင်းသျှန်ဖူရဲ့ သမီးလေးက ငိုပဲငိုနေတယ်။ နို့နည်းနည်း စို့ပြီးတာနဲ့ ချက်ချင်း ပြန်အန်တယ်။ လီမေလျှဲန်လည်း ကလေးနဖူးကို စမ်းကြည့် လိုက်တော့မှ ကလေးနဖူးက ပူချစ်တောက်နေတာပဲလို့ အသံဝင်မတတ် ထအော်တယ်။ လီမေလျှဲန့် စကားကြောင့် လင်းသျှန်ဖူ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။ ဘာလုပ်ရမှန်း မသိတော့ဘူး။ ချန်ယုန်လျှန်က စဉ့်အိုးထဲကနေ ရေအေးတစ်ဇလုံ ခပ်လာ ပြီး အဝတ်တစ်စကို ရေစိမ်ညှစ်ပြီးတော့ ကလေးနဖူးပေါ်မှာ တင်ထားလိုက်တယ်။

အဲဒီနေ့ ညက ချန်ယုန်လျှန်နဲ့ လီမေလျှဲန်ဟာ အိမ်က တစ်လုံးတည်းသော ခုတင်ကို လင်းသျှန်ဖူတို့ သားအဖ အိပ်ဖို့အတွက် ဖယ်ပေးလိုက်ကြတယ်။ ချန်ယုန်လျှန် က လင်းသျှန်ဖူကို ပြောတယ်။ အဲဒါ သူတို့ဇာတိက ထုံးစံပဲတဲ့၊ ဧည့်သည်ကို ခုတင်မှာ ပေးအိပ်ပြီး သူတို့ကတော့ ကြမ်းပေါ်မှာပဲ အိပ်မယ်တဲ့။

လင်းသျှန်ဖူ ဘာမှမပြောဘူး။ ခေါင်းပဲခါတယ်။ သူက သမီးလေးကို ပွေ့ချီကာ မီးအိုးကင်းနားမှာ ထိုင်လိုက်တယ်။ မျက်လုံးကတော့ နီရဲတောက်နေတဲ့ မီးတောက် ကို တင်းတင်းချည်ထားတဲ့ ကြိုးပမာအကြည့်နဲ့ ကြည့်နေခဲ့တယ်။ သမီးလေးရဲ့ ချစ်ချစ်တောက် ကိုယ်ပူရှိန်က ဂွမ်းကပ်ရင်သိုင်းအိတ်ကို ဖောက်ကာ သူ့လက်ဝါးအထိ ရောက်လာတယ်။ မကောင်းတဲ့ အတိတ်နိမိတ်က သူ့ကို စတင်တိုက်ခိုက်လာပြီ။ သမီးလေးသာ မရှိတော့ရင် လူ့လောကကြီးမှာ သူ ဆက်နေရမယ့် နေ့ရက်တွေဟာ လည်း လက်ချိုးရေရတော့မယ်လို့ ကြေကွဲစွာ ခံစားနေမိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီကြားထဲမှာကလေးဆီကနေခပ်ပျော့ပျော့ငိုသံတချို့ထွက်လာခဲ့သေးတယ်။ အတွင်းခန်းမှာ အိပ်နေတဲ့ လီမေလျဲန်လည်း အသံကြားတာနဲ့ ချက်ချင်း အဝတ်ခြုံကာ အပြင်ခန်းကို ထွက်လာခဲ့ပြီး လင်းသျှန်ဖူလက်ထဲကနေ ကလေးကို လက်လွှဲယူပြီးတော့ နို့တိုက်တယ်။ ဒါပေမဲ့ ကလေးက နို့တွေကို ပြန်အန်ထုတ်တယ်။ လင်းသျှန်ဖူလည်း လီမေလျဲန် ရင်ဘတ်ပေါ်က နို့ပေကျံတဲ့ အကွက်တွေကို ကြည့်ရင်း မျက်လုံးထဲမှာ ရတက်မအေးတဲ့ အမူအရာတွေ ပြည့်နှက်နေခဲ့တယ်။ လီမေလျဲန်က သူ့ကို နှစ်သိမ့်တယ်။ ကလေးတိုင်း ဖျားနာတာတွေ၊ ဘေးအန္တရာယ်တွေ ကြုံတတ်ကြတာပါပဲ။ တစ်ကြိမ်ဖျားနာတာဟာ အခက်အခဲ အတားအဆီးတစ်ခုကို ဖြတ်သန်းရတာဖြစ်ပြီး ဘေးအန္တရာယ် တစ်ကြိမ်ကြုံတာဟာ တောင်တစ်လုံးကို ကျော်လွှားရတာပဲ ဖြစ်ပါတယ်။

ညဉ့်နက်ချိန်မှာ သမီးလေး အိပ်ပျော်သွားသလို ရှိလာတယ်။ လင်းသျှန်ဖူလည်း သမီးလေးကို ရင်ခွင်ပွေ့ကာ မိုးလင်းခါနီးအထိ တစ်ညလုံး ထိုင်နေခဲ့တယ်။ တစ်လျှောက်လုံး အသံတိတ်လာတဲ့ သမီးလေးက ရုတ်တရက် ထငိုလာတယ်။ ဒီတစ်ခါ ငိုသံက တော်တော်ကျယ်လို့ အတွင်းခန်းထဲက လီမေလျဲန်နဲ့ ချန်ယုန်လျန်တို့ပါ လန့်နိုးလာကြပြီး နှစ်ယောက်သား အဝတ်ခြုံကာ ထွက်လာကြတယ်။ လီမေလျဲန်က ကလေးငိုသံ နားထောင်ရတာ အဖျားကျသွားပြီ ထင်တယ်လို့ ပြောတယ်။ လီမေလျဲန်က ကလေးကို ပွေ့ချီပြီး စမ်းကြည့်လိုက်တော့ တကယ်ပဲ အဖျားကျသွားပြီတဲ့။ လီမေလျဲန်က ကလေးကို နို့တိုက်တယ်။ ဆာလောင်နေတဲ့ ကလေးငယ်ဆီကနေ ကျယ်လောင်တဲ့ နို့စို့သံ ထွက်လာခဲ့တယ်။ လင်းသျှန်ဖူလည်း မျက်ရည်တွေ အလိုလို စီးကျလာတော့တယ်။

ပြတင်းပေါက်အပြင်က လင်းရောင်ခြည်ကိုလီမေလျဲန် မြင်ရပြီ။ လင်းရောင်ခြည်က တံခါးကြားထဲကနေ ညီညီညာညာ ဖောက်ဝင်လာခဲ့ပြီး အိမ်တံခါးကို လွှနဲ့ တိုက်ဖွင့်တော့မလား အောက်မေ့ရလောက်တာကြောင့် လီမေလျဲန်လည်း အလန့်တကြား ထအော်မိပြီး ချန်ယုန်လျန်ကို အဲဒါ နေရောင်ခြည်လားလို့ မေးလိုက်မိတယ်။ အဲဒီတော့မှ သူတို့လည်း အိမ်ပြင်မှာ လူသံတွေ ဆူညံနေတာကို သတိထားလာမိတယ်။ ချန်ယုန်လျန်က အိမ်တံခါးကို ဖွင့်လိုက်တော့ တက်နေဝန်းရဲ့ လင်းရောင်ခြည်ဟာ မျက်နှာတည့်တည့်ကို လှိုင်းတံပိုးပမာ ရိုက်ခတ်လာပါတော့တယ်။

❀

mgyoe.com

mgyoe.com SAMPLE BOOK

(၂၁)

ဆောင်းထွက်ခွာလို့ နွေဦးရောက်လာပြီ။ လင်းသျှန်ဖူကတော့ သျှီးကြန့်မှာပဲ နေရစ်ခဲ့ပြီး ဆောင်းနဲ့အတူ ထွက်ခွာမသွားခဲ့ဘူး။ သစ်ပင်တွေရဲ့ အက်ကွဲရာကနေ အစိမ်းရောင်အညှောင့်တွေ ပေါက်လာချိန်မှာ လင်းသျှန်ဖူက သျှီးကြန့်မှာ အမြစ်တွယ် အခြေချလိုက်ပြီ။

လေဆင်နှာမောင်း တိုက်ပြီးတဲ့နောက်မှာ နှင်းခဲတယ်။ သျှီးကြန့်ရဲ့ ပျက်စီးမှုရှုခင်းကို ပြတင်းပေါက်ကနေ အကုန်မြင်နေရတယ်။ လင်းသျှန်ဖူလည်း သူ့ရဲ့ သစ်သားလက်မှုပညာကို ပြသလာခဲ့တယ်။ ချန်ယုန်လျန်အိမ်က ပုံပျက်ယိုယွင်းသွားတဲ့ တံခါးပြတင်းကို အသစ်ဖြစ်အောင် ပြန်ပြင်ပေးလိုက်တယ်။ တစ်ဖန် ဘေးအိမ်က အိမ်နီးချင်းရဲ့ ပုံပျက်ယိုယွင်းသွားတဲ့ တံခါးပြတင်းကိုလည်း ပြင်ပေးလိုက်ပြန်တယ်။ လင်းသျှန်ဖူရဲ့ သစ်သားလက်မှုပညာလည်း တစ်မုဟုတ်ချင်း ကျော်ကြားလာခဲ့တယ်။ တခြားအိမ်တွေကလည်း သူတို့ဆီမှာ လိုက်ပြင်ပေးဖို့ လာပင့်ကြတာ လမ်းတစ်လမ်းလုံး ပြည့်လုမတတ်ဖြစ်သွားတယ်။ လင်းသျှန်ဖူလည်း တစ်ယောက်တည်း မနိုင်တော့တာနဲ့ ချန်ယုန်လျန်ပါဝင်ကူပေးလာရတယ်။ ချန်ယုန်လျန်က လွှသမားပညာကို ပြသခွင့် ရလာခဲ့တယ်။ ပေတံမသုံးဘဲ လက်ဝါးနဲ့ပဲ တိုင်းထွာတာနဲ့ လင်းသျှန်ဖူ လိုချင်တဲ့ အတိုင်းအတာကို လွှနဲ့တိုက်ဖြတ်ပေးနိုင်တယ်။ လွှတိုက်ရာ စပ်ကြောင်းက ဖြောင့်လည်းဖြောင့် စေ့လည်းစေ့တယ်။ ချန်ယုန်လျန်က ဟိုတုန်းက ထမ်းပိုးလုပ်တဲ့ ပညာကိုပါ တံခါးပြတင်းပြင်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK
နေရာမှာ ထည့်သုံးလိုက်သေးတယ်။ နှစ်ယောက်တွဲလုပ်တော့ အလုပ်တွင်ကျယ်တယ်။ အိမ်တစ်အိမ်ရဲ့ တံခါးပြတင်းကို တစ်ရက်တည်းနဲ့ အသစ်ပြန်ပြင်ပေးနိုင်တယ်။ အိမ်နီးနားချင်းတွေက လက်ခ ဘယ်လောက်ပေးရမလဲ မေးလာတဲ့အခါ နှစ်ယောက်သား တစ်ပုံစံတည်းပဲ အူတူတူ ဖြစ်လာတယ်။ ဘယ်လောက်သိမ်းရမှန်း မသိကြဘူးလေ။ လီမေလျဲန် စီစဉ်ပေးမှပဲ အဆင်ပြေသွားတယ်။ သူက နီးခြင်းတောင်း တစ်လုံးကို အိမ်ရှေ့တံစက်မြိတ်မှာ ချိတ်ပေးထားပြီး သူတို့ဘာသာ အဲဒီထဲကို ကြေးစေ့တွေ ပစ်ထည့်စေတယ်။ စေတနာရှိသလောက်သာ ပစ်ထည့်သွားကြ၊ တစ်ပြားမှ ပစ်မထည့်ဘဲ နားဝင်ချိုတဲ့ စကားတစ်ခွန်း၊ နှစ်ခွန်းပြောသွားလည်း ဖြစ်တယ်။ အိမ်နီးနားချင်းတွေက နီးခြင်းတောင်းထဲ ကြေးစေ့တွေ ပစ်ထည့်ပေးကြတယ်။ နားဝင်ချိုတဲ့ စကားတွေလည်း မနည်းကြီး ပြောပေးသွားကြတယ်။

သျှီးကြန့်တစ်မြို့လုံးမှာ ပုံပျက်ယိုယွင်းနေတဲ့ တံခါးပြတင်းတွေချည်း ဖြစ်နေတာ သိရတော့ လင်းသျှန်ဖူလည်း ချန်ယုန်လျန်နဲ့ ဆက်လုပ်သွားဖို့ တိုင်ပင်တယ်။ ချန်ယုန်လျန်က ပြောတယ်။ ပစ္ဆိမတောင် ရွှေတွင်းက ရွှေသိပ်မထွက်တော့ဘူး၊ နှင်းခဲမှု မတိုင်မီက လေဆင်နှာမောင်းကြောင့် စက်ယန္တရားတွေ ပျက်စီးသွားခဲ့ပြီ၊ အခု ရွှေတွင်းမှာလည်း အလုပ်သမား မရှိတော့ဘူး၊ အဖော်မဲ့အလုပ်ကြပ်သူ တစ်ယောက်ပဲ ကျန်တော့တယ်၊ သူ့မှာ တခြားအလုပ်အကိုင် မရှိတာကို ထောက်ထားလို့သာ ကုယိမင်းက သူ့ကို အလုပ်ဖြုတ်မပစ်သေးတာ၊ ခုတော့ သူလည်း ကုယိမင်းဆီမှာ အလုပ်ထွက်ခွင့် သွားတင်နိုင်ပြီလို့ ပြောတယ်။

နှစ်ယောက်သား တစ်အိမ်တက်ဆင်း အလုပ်စတင်တယ်။ လွှသမားနဲ့ ထမ်းပိုး လုပ်သား လုပ်ခဲ့ဖူးတဲ့ ချန်ယုန်လျန်က သူ့လက်မှုပညာကို ချဲ့ထွင်ပြီး ဂါလီလှည်းတစ်စီး လုပ်လိုက်တယ်။ လုပ်ထားတာလည်း တောင့်မှတောင့်၊ ခိုင်မှခိုင်။ မြို့တွင်းလမ်းမပေါ် ဆွဲပြီးသွားတဲ့အခါ ထူးထူးဆန်းဆန်း အသံတွေ ထွက်တာ တစ်ခုပဲ။ ဂါလီပေါ်မှာ သစ်သားကုန်ကြမ်းတွေ အပြည့်တင်လိုက်တဲ့အခါ ဂါလီမြည်သံက သူတို့ရဲ့ အော်ဟစ်သံ ဖြစ်လာခဲ့တယ်။ သစ်သားတံတားတစ်စင်း ပြိုကျနေသလား အောက်မေ့ရတဲ့ တကျွီကျွီ အသံကို ကြားတာနဲ့ အဲဒါ တံခါးပြတင်းပြင်တဲ့ ဟိုနှစ်ယောက်ပဲ ဆိုတာ လူတိုင်း သိကြတယ်။

သူတို့က မီးသွေးထည့်ဖူးတယ်လို့ ထင်ရတဲ့ ညစ်ပတ်ပေတူးနေတဲ့ ဆန်အိတ် တစ်လုံးကို ယူလာပြီး ရသမျှ လုပ်အားခ အကုန်လုံး အဲဒီထဲ ပစ်ထည့်တယ်။ ညနေစောင်း အိမ်ပြန်ရောက်တဲ့အခါ ပထမဆုံးအလုပ်က အဲဒီ ဆန်အိတ်ထဲက ကြေးစေ့တွေကို ဟိုနီးခြင်းတောင်းထဲ သွန်ထည့်ရတဲ့ အလုပ်ပဲ။ လီမေလျဲန်က နီးခြင်းတောင်းကို
mgyoe.com

mgyoe.com
SAMPLE BOOK

အိမ်ရှေ့က မက်မွန်ပင်တစ်ပင်အောက်ကို ရွှေ့ထားလိုက်ပြီ။ နှီးခြင်းတောင်းထဲမှာ ကြေးစေ့တွေ ပုံလာချိန်မှာ တောက်လွင်တဲ့ ပွင့်ချပ်တွေလည်း ကြွေကျလာပြီ၊ မက်မွန်ပန်းနဲ့ ကြေးစေ့တို့ ရောနှောသွားပြီ။ အဲဒီကြေးစေ့တွေထဲမှာ မင်္ဂလာရှိတဲ့ အနံ့အသက်တစ်ခု ရှိနေတယ်လို့ လီမေလျဲန်က ပြောတယ်။

သူတို့နှစ်ယောက် ဂါလီဆွဲကာ တံခါးပြတင်းတွေ တစ်အိမ်တက်ဆင်း လိုက်ပြင်ပေးတဲ့ တစ်ချိန်တည်းမှာ လင်းသျှန်ဖူက ရှောင်မေကိုလည်း လိုက်လံရှာဖွေနေခဲ့တယ်။ သူက အားချန် လို့ခေါ်တဲ့ ယောကျ်ားငါးယောက်နဲ့ ရှောင်မေ လို့ခေါ်တဲ့ မိန်းမခုနစ်ယောက်ကို တွေ့ခဲ့ပေမဲ့ သူ ရှာနေတဲ့ ရှောင်မေနဲ့ အားချန်ကိုတော့ မတွေ့ခဲ့ဘူး။ သူရယ်၊ ချန်ယုန်လျှန်ရယ်ဟာ သျှီးကြန့်တစ်မြို့လုံးက အိမ်တွေ အားလုံးနီးပါးဆီ ရောက်ခဲ့ပေမဲ့ ရှောင်မေရဲ့ အရိပ်အယောင်ကိုတော့ ရှာမတွေ့ခဲ့ဘူး။ လူမနေတဲ့ အိမ်အလွတ်တွေထဲကိုပဲ သူတို့ မဝင်ဖူးသေးတာ။ အိမ်အလွတ်တွေက အားလုံး တံခါးပြတင်းတွေ ပိတ်ထားတယ်လေ။

သူများအိမ်အတွက် တံခါးပြတင်းတွေ ပြင်ပေးနေတုန်း ချန်ယုန်လျှန် သတိမထားမိချိန်မှာ လင်းသျှန်ဖူက သျှီးကြန့်က လူတွေဆီမှာ ဟိုအိမ်အလွတ်တွေ ဘာလို့ လူမနေဘဲ လွတ်နေရတာလဲလို့ စုံစမ်းကြည့်တယ်။ သူတို့ ပြန်ဖြေတာက တချို့ အိမ်ရှင်တွေက တစ်နယ်တစ်ကျေး ထွက်သွားပြီး ပြန်မလာကြသေးတာတဲ့၊ တချို့လည်း အိမ်ရှင်က သေဆုံးသွားပြီမို့လို့တဲ့။ လင်းသျှန်ဖူက အိမ်ရှင် တစ်နယ်တစ်ကျေး ထွက်သွားပြီး ပြန်မလာသေးတဲ့ အိမ်အလွတ်တွေကို မေ့မရနိုင်ဘဲ ဖြစ်နေခဲ့တယ်။ အဲဒီ အိမ်အလွတ်တွေထဲက အိမ်တစ်လုံးလုံးမှာ ရှောင်မေရဲ့ ခြေရာလက်ရာတွေ ကျန်နေနိုင်တယ်လို့ ထင်နေမိတယ်။ သူက အထဲဝင်ကြည့်ချင်တယ်။ သူတို့နှစ်ယောက် သျှီးကြန့်က အိမ်တွေရဲ့ တံခါးပြတင်းတွေ အားလုံးနီးပါး ပြင်ပေးပြီးချိန်မှာ လင်းသျှန်ဖူက ချန်ယုန်လျှန်ကို ပြောတယ်။

"ဟိုအိမ်အလွတ်တွေရဲ့ တံခါးပြတင်းတွေလည်း ပုံပျက်ယိုယွင်းနေတာပဲ၊ အိမ်ရှင်မရှိဘူး ဆိုပေမဲ့ ကျုပ်တို့ ကူညီပြီး ပြင်ပေးဖို့ မသင့်ပေဘူးလား"

ချန်ယုန်လျှန်လည်း နားထောင်ပြီးတော့ ခေါင်းညိတ်တယ်။ လင်းသျှန်ဖူရဲ့ အကြံကို သူ မသိဘူး။ လင်းသျှန်ဖူ ကောင်းမှုကုသိုလ် လုပ်ချင်တာလို့ပဲ သူက ထင်မိတယ်။ သူတို့နှစ်ယောက် တကျွီကျွီမြည်တဲ့ ဂါလီကို ဆွဲကာ ပထမဆုံး အိမ်အလွတ်ရှေ့ကို ရောက်လာခဲ့ကြတယ်။ တံခါးမှာ သံသော့ခလောက် ခတ်ထားတာ မြင်တော့ ချန်ယုန်လျှန် ချီတုံချတုံ ဖြစ်လာတယ်။ သူက လင်းသျှန်ဖူကို ပြောတယ်။

"သူများကို တံခါးတွေ၊ ပြတင်းတွေ ပြင်ပေးတာကတော့ ကောင်းပါတယ်၊ သူများအိမ်တံခါး သော့ဖျက်ဖို့ကျတော့ မသင့်တော်ဘူးနော်"

mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှန်ဖူလည်း ချီတုံချတုံ ဖြစ်နေတယ်။ သူက အိမ်အလွတ်ထဲ သိပ်ကို ဝင်ကြည့်ချင်ပေမဲ့ သူများအိမ်တံခါးသော့ကို ဖျက်ဖို့ကျတော့ တကယ်ကို မသင့်တော်ဘူးလေ။ သူက ခေါင်းညိတ်ပြီး ချန်ယုန်လျန်ကို ပြောတယ်။

"ကျုပ်တို့ နောက်တစ်အိမ် သွားကြည့်ကြတာပေါ့ဗျာ"

သူတို့ နောက်ထပ်အိမ်အလွတ်တချို့ဆီ ရောက်သွားပြန်တယ်။ အားလုံး တံခါးမှာ သံသော့ခလောက် ခတ်ထားတာချည်းပဲ။ ချန်ယုန်လျန်က ဘာမှ မပြောဘူး။ လင်းသျှန်ဖူကိုပဲ ကြည့်နေတယ်။ လင်းသျှန်ဖူက ပြောတယ်။

"ကျုပ်တို့ တခြား ထပ်သွားကြည့်ကြရအောင်ဗျာ"

နှစ်ယောက်သား ဂါလီဆွဲကာ သျှီးကြန့်တစ်မြို့လုံးက အိမ်အလွတ်တွေ အကုန်လိုက်ကြည့်ကြတယ်။ လင်းသျှန်ဖူဟာ အိမ်တံခါးမှာ သံသော့ခလောက် ခတ်ထားသလား၊ ခတ်မထားဘူးလားကို အာရုံမစိုက်တော့ဘဲ အိမ်ရဲ့ ရှေ့နောက်ဝဲယာကို ပတ်ကြည့်ကာ အိမ်အလွတ်ရဲ့တည်နေရာကိုပဲ အာရုံစိုက်လာတယ်လို့ ချန်ယုန်လျန် အောက်မေ့မိတယ်။ ကြည့်ရတာ လင်းသျှန်ဖူဟာ အိမ်ရှင်ပြန်အလာကို စောင့်ပြီးမှ တံခါးပြတင်းတွေကို လာပြီး ကူညီပြုပြင်ပေးတော့မှာလို့ သူက ထင်မိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## (၂၂)

လင်းသျှန်ဖူနဲ့ ချန်ယုန်လျန်ရဲ့ သစ်သားလက်မှုပညာ လက်ရာမြောက်တဲ့ ဂုဏ်သတင်းက သျှီးကြန့်တစ်မြို့လုံး ပြန့်လာခဲ့တယ်။ တချို့က သစ်သားထည် အဟောင်းအပြတ်တွေ သယ်လာပြီး အဲဒါတွေကို လင်းသျှန်ဖူ အသစ်ဖြစ်အောင် ပြင်ပေးနေတာကို ကြည့်နေခဲ့ကြတယ်။ ပန်းသတင်း လေညင်းဆောင် လူသတင်း လူချင်းဆောင် ဆိုသလို သစ်သားထည် အဟောင်းအပျက်တွေ ချန်ယုန်လျန်တို့ အိမ်ရှေ့ ရောက်လာပြီးရင်း ရောက်လာကြတော့တယ်။ အများဆုံး ရောက်လာတဲ့နေ့က ဆိုရင် အဝတ်ဗီရိုတို့၊ စားပွဲတို့၊ ထိုင်ခုံတို့၊ သစ်သားဇလုံတို့ ဘာတို့ ညာတို့ဟာ ကပ်ဘေးရှောင်လာကြတဲ့အလား တန်းအရှည်ကြီး စီထားကြတယ်။ ဒီလောက်များတဲ့ သစ်သားထည် အဟောင်းအပျက်တွေ တစ်နေရာတည်းမှာ လာစုမိမှတော့ သျှီးကြန့်ရဲ့ ထောင့်ပေါင်းစုံ၊ ချောင်ပေါင်းစုံက ပိုးဟပ်တွေလည်း ဒီမှာ လာစုမိကြပြီပေါ့။ ပိုးဟပ်တွေက အဲဒီ သစ်သားထည် အဟောင်းအပျက်တွေထဲကနေ ကြော့ကြော့မော့မော့ ထွက်လာကြပြီးတော့ လမ်းရဲ့ တစ်ဖက်တစ်ချက်စီက အိမ်တွေထဲ ထွက်ပြေးပျောက်ကွယ်သွားတော့တယ်။

ပိုးဟပ်တွေဟာ ချန်ယုန်လျန် အိမ်ထဲမှာ နတ်တစ္ဆေတွေလို ပေါ်လိုက်ပျောက်လိုက် ဖြစ်လာကြတယ်။ ဒီကောင်တွေက နံရံထက်မှာ လျှောက်သွားတယ်။ အိမ်ခေါင်မိုးပေါ်ကနေ ပြုတ်ကျလာတယ်။ စောင်ကြားထဲကနေ တိုးထွက်လာတယ်။ အဝတ်ဗီရို ဖွင့်ကြည့်တဲ့အခါ ဒီကောင်တွေက အထဲမှာ ခုန်ပေါက် တိုးဝှေ့နေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK
ထမင်းချက်တဲ့အခါ ဒီကောင်တွေက မီးဖိုအုတ်ခုံပေါ်မှာ ကမူးရှူးထိုး လုပ်နေတယ်။ ညဦးနက်သန်းခေါင်အချိန်မှာ လူတွေမျက်နှာပေါ် တက်လာတယ်။ လီမေလျဲန်လည်း ကယောင်ချောက်ချား ဖြစ်လာတယ်။ အိမ်ထဲ သွားလာတဲ့အခါ ခြေဆောင့်လက်ခါ တောင်ကြည့် မြောက်ကြည့် လုပ်လာရတယ်။ ပိုးဟပ်တွေကို ခြေရောလက်ပါ အသုံးပြုပြီး နင်းသတ် ရိုက်သတ်လာရတယ်။ သူက အမြဲလိုလို သန်းခေါင်ကျော် တိတ်တိတ်ကလေး ထလာပြီးတော့ ပိုးဟပ်တွေ စုဝေးရာ မီးဖိုချောင်ကျဉ်းကျဉ်းလေးထဲမှာ ပိုးဟပ်စစ်ဆင်ရေး သွားဆင်နွှဲရတယ်။

နောက်တော့ အိမ်ထောင်ပရိဘောဂ အသစ်လုပ်ဖို့ လာအပ်သူတွေ ရှိလာတယ်။ လင်းသျှန်ဖူက ချန်ယုန်လျန်ကို ပြောတယ်။ သစ်သားလက်မှုပစ္စည်း ဆိုင်တစ်ဆိုင် ဖွင့်လိုက်လို့ရှိရင် လုပ်ငန်းကိုင်ငန်းတွေ ပိုတိုးတက်လာလိမ့်မယ်လို့ ပြောတယ်။ ချန်ယုန်လျန်လည်း ခေါင်းညိတ်ပြီး သစ်သားလက်မှုလုပ်ငန်း လုပ်ရမယ့် အချိန်တန်ပြီလို့ ပြောတယ်။ ယောက်ျားကြီးနှစ်ယောက် သစ်သားထည်အသစ်တွေ လုပ်တော့မယ်လို့ ပြောနေတာ ကြားရတော့ လီမေလျဲန် ဝမ်းသာမိတယ်။ သစ်သားထည် အသစ် ဆိုရင် ပိုးဟပ် မရှိတော့ဘူးလို့ သူက ပြောတယ်။

စကားပြောနေစဉ် လီမေလျဲန်ဟာ အိမ်ရှေ့မှာ အဝတ်လျှော်နေပြီး ယောက်ျားကြီးနှစ်ယောက်က အိမ်ထဲမှာ ထိုင်နေတယ်။ ချန်ယုန်လျန်ရဲ့ သားနှစ်ယောက်က ဖအေ့ပေါင်တစ်ဖက်စီမှာ ထိုင်နေကြတယ်။ လင်းသျှန်ဖူက သမီးလေးကို လက်နှစ်ဖက်နဲ့ ပင့်ထောက်ထားတယ်။ လင်းသျှန်ဖူက ဒီလမ်းရဲ့ အရှေ့ဘက်က မြေကွက်မှာ အိမ်တန်းနှစ်ဆောင် အပြိုင်ဆောက်လို့ ရတယ်၊ အောက်ထပ်ကို အလုပ်ရုံအနေနဲ့ သုံးပြီး အပေါ်ထပ်ကို လူနေဖို့ လုပ်လို့ရတယ်၊ ထိပ်နှစ်ဖက်ကို တံတိုင်းခတ်လိုက်တာနဲ့ ဝင်းဖြစ်သွားပြီ၊ အဲဒီ မြေကွက်ကို အသုံးပြုလို့ ရ မရ မသိတာ တစ်ခုပဲလို့ ပြောတယ်။ ချန်ယုန်လျန်က သျှီးကြန့်မှာ ရှိတဲ့ မြေကွက်မှန်သမျှ အားလုံး ကုယိမင်းအပိုင်တွေချည်းပဲ၊ ဒီကိစ္စ မခက်ဘူး၊ သူ ကုယိမင်းကို သွားမေးကြည့်မယ်၊ ကုယိမင်းက စျေးတစ်ခု ဖွင့်ပေးပြီး ခွင့်ပြုမှာပါလို့ ပြောတယ်။ အိမ်ဆောက်ဖို့က အိမ်တန်းနှစ်ဆောင်တောင် အပြိုင်ဆောက်မှာ ဆိုတော့ တစ်ရက် နှစ်ရက်နဲ့ ပြီးမှာ မဟုတ်ဘူး၊ ခြောက်လ တစ်နှစ်လောက် ကြာမှာ၊ အိမ်ဆောက်တဲ့ ဆူညံသံကြောင့် ဘေးအိမ်တွေ အနှောင့်အယှက် ဖြစ်နိုင်တယ်၊ ဒါလည်း မခက်ပါဘူး၊ သူတို့က လမ်းထဲမှာနေထိုင်သူတွေရဲ့ တံခါးပြတင်းတွေအကုန်လုံးအသစ်ပြင်ပေးပြီးပြီ၊ ဆေးတော့ မသုတ်ရသေးဘူး၊ ငွေကုန်ခံ ဆေးသုတ်သမား ခေါ်ပြီးတော့ သူတို့တံခါးပြတင်းတွေကို အခမဲ့ ဆေးသုတ်ပေးလိုက်လို့ရှိရင် သူတို့လည်း အိမ်ဆောက်တဲ့ ဆူညံသံကို လက်ခံလာနိုင်မှာပါ။ ချန်ယုန်လျန်က ပြောတယ်။ ခက်တာက အိမ်ဆောက်ဖို့ ငွေကို ဘယ်မှာ သွားရှာရမှာတုံး၊ သူတို့မှာ နည်းနည်းပါးပါး စုမိဆောင်းမိပြီဆိုပေမဲ့ အိမ်ဆောက်ဖို့အထိကျတော့ အများကြီး လိုနေသေးတယ်လေ။
mgyoe.com

mgyoe.com SAMPLE BOOK

လင်းသျှန်ဖူက သမီးလေးရဲ့ အင်္ကျီထဲကနေ အဝတ်ထုပ်တစ်ထုပ်ကို သတိကြီးစွာ နှိုက်ထုတ်လိုက်တယ်။ အဝတ်ထုပ်ထဲကနေ လယ်ယာမြေတွေ ရွှေချောင်းတွေ အပေါင်ထားပြီး လဲလာခဲ့တဲ့ ငွေလက်မှတ် ဆယ့်နှစ်စောင်ကို ချန်ယုန်လျှန်ကို ထုတ်ပေးလိုက်တယ်။ ချန်ယုန်လျှန်လည်း အဲဒီ ပမာဏ များပြားလှတဲ့ငွေလက်မှတ် အထပ်လိုက်ကြီးကို ရင်သပ်ရှုမော ဖြစ်နေခဲ့တယ်။ ဇာတိရပ်ရွာကို စွန့်ခွာ လာခဲ့တဲ့ ယောကျ်ားတစ်ယောက်မှာ ဒီလောက်များတဲ့ ဥစ္စာပစ္စည်းတွေ ကိုယ်နဲ့အတူ သယ်လာလိမ့်မယ်မှန်း သူ မထင်မိဘူး။ သူက ငွေလက်မှတ်တွေကို ပြန်ပေးလိုက်ပြီး လင်းသျှန်ဖူ သူ့သမီးလေးရဲ့ အင်္ကျီထဲ ဂရုတစိုက် ပြန်ထည့်နေတာကို ကြည့်ရင်း လင်းသျှန်ဖူကို ဘာဖြစ်လို့ ငွေလက်မှတ်တွေကို သမီးလေးအင်္ကျီထဲ ထည့်ထားရတာလဲလို့ မေးလိုက်တယ်။ လင်းသျှန်ဖူက ပြောတယ်။ ငွေလက်မှတ်ပျောက်သွားရင် သူရော၊ သူ့သမီးလေးရော အသက်ဆက်မရှင်နိုင်တော့ဘူးတဲ့။ ဒါဖြင့်ရင် သမီးလေး ပျောက်သွားရင်ကော ငွေလက်မှတ်ပါ ဆုံးမသွားပေဘူးလားလို့ ချန်ယုန်လျှန်က မေးတော့ လင်းသျှန်ဖူက-

"သမီးလေး ပျောက်သွားမှတော့ ငွေလက်မှတ်တွေကို ကျုပ် ဘာလုပ်ရတော့မှာလဲဗျာ"လို့ ပြောလိုက်တယ်။

လမ်းထဲက အိမ်တွေရဲ့ တံခါးပြတင်းတွေကို ဆေးအသစ် သုတ်ပေးပြီးတဲ့နောက် လင်းသျှန်ဖူနဲ့ ချန်ယုန်လျှန်လည်း အလုပ်စတော့တယ်။ သူတို့က ပန်းရန်သမားနဲ့ ဆေးသုတ်သမား ငှားလိုက်တယ်။ တိုင်တို့ ရက်မတို့ တံခါးတို့ ပြတင်းတို့လို လက်သမား အလုပ်တွေကိုတော့ ကိုယ်တိုင်ပဲ လုပ်လိုက်တယ်။ သူတို့က ဟိုမြေကွက်မှာ မနက်နေထွက်ကနေ ညနေဝင်တဲ့အထိ အလုပ်လုပ်ကြတယ်။ ခြောက်လနေတော့ မီးခိုးရောင်အုတ်နက် တိုက်အိမ်တန်းနှစ်ဆောင် ဆောက်လုပ်ပြီးစီးလို့ တံတိုင်းပါ ခတ်ပြီးသွားပြီ။ အပေါ်ထပ်တွေမှာ မိသားစုနှစ်စု ကိုယ်စီ နေထိုင်ကြတယ်။ အောက်ထပ်တွေကျတော့ တစ်ဆောင်ရဲ့ အောက်ထပ်မှာ သစ်သားလက်မှု ပစ္စည်းဆိုင်ဖွင့်ပြီး၊ နောက်တစ်ဆောင်ရဲ့ အောက်ထပ်မှာကျတော့ လီမေလျဲန်ရဲ့ မီးဖိုချောင်နဲ့ စတိုခန်းနှစ်ခန်းတို့အပြင် ဂိုဒေါင်အဖြစ် ပြုလုပ်ထားတဲ့ အကြီးဆုံး အခန်းတစ်ခန်းတို့ ပါရှိတယ်။

၉

ချန်ယုန်လျှန်က သစ်သားလက်မှုပစ္စည်းဆိုင် စတင်ဖွင့်လှစ်မဲ့နေ့၊ တစ်နည်းအားဖြင့် သူတို့မိသားစုနှစ်စု အိမ်ပြောင်းမဲ့နေ့အတွက် နေ့ကောင်းရက်သာရွေးဖို့ ဖုန်းရွှေဆရာတစ်ယောက် ပင့်လာခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီနေ့က အိမ်နီးနားချင်း အယောက်နှစ်ဆယ်ကျော် တဖွဲဖွဲ ရောက်လာကြတယ်။ အဲဒီ စကားပြော လေယူလေသိမ်း မြန်ဆန်လှတဲ့ ယောကျာ်းတွေ၊ မိန်းမတွေဟာ အိမ်ထဲကို ပြုံးပျော်ရွှင်စွာ တိုးကြိတ်ဝင်လာကြပြီး ချန်ယုန်လျန် တစ်အိမ်လုံးက ပစ္စည်းတွေကို လေနှင်ရာ တိမ်လွင့်သလို ပြောင်စင်အောင် သိမ်းကျုံး သယ်ရွှေ့ပေးလိုက်ကြတယ်။သူတို့ကတစ်ယောက်ကိုပစ္စည်းတစ်ခုစီသယ်ကြတယ်။ကလေးသုံးယောက်ကိုလည်း သူတို့က ပွေ့ချီလိုက်ကြတယ်။ နောက်မှ ရောက်လာသူတချို့က သယ်စရာမရှိတော့တာ တွေ့ရတော့ အမီပြေးလိုက်ကာ ကူသယ်ပေးကြတယ်။ အဲဒီလူတွေလမ်းပေါ်မှာ အလုံးအရင်းနဲ့ ချီတက်လာကြရင်း နောက်မှာလည်း ကလေးတွေ အများကြီးလိုက်ပါလာကြကာ လမ်းအရှေ့ဘက်က အသစ်ဆောက်ထားတဲ့ နှစ်ဆောင်ပြိုင်အိမ်တန်းသစ်ဆီကို ရောက်လာကြတယ်။ နောက်ဆုံးက ပါလာတဲ့ လီမေလျဲန်ကတော့ မျက်ရည်ဝဲနေတယ်။ ခြေသလုံးအိမ်တိုင် လေလွင့်ခဲ့ရတဲ့ ဒီအမျိုးသမီးဟာနောင်လာမဲ့ နေ့ရက်တွေမှာ အခြေတကျ နေထိုင်စရာ ရှိလာခဲ့ပြီလို့ အဲဒီနေ့ကျမှပဲအောက်မေ့နိုင်ခဲ့တယ်။ သူက ရှေ့က သွားနေတဲ့ ချန်ယုန်လျန်ကို ပြောတယ်။

"ဒီလောက် လူတွေအများကြီး လာကူညီကြတာ တော်တော်ကို ကျေးဇူးတင်စရာပါပဲ"

ကုယိမင်းလည်း ရောက်လာတယ်။ သူက ဖြောက်အိုးအတွဲတွေ ယူလာပြီးအစေခံနှစ်ယောက်ကို အိမ်ဝင်းတံခါးရှေ့မှာ ဖြောက်အိုး ဖောက်ခိုင်းလိုက်တယ်။ ဖြောက်အိုးသံတွေကြားထဲမှာ ကုယိမင်းဟာ အဲဒီ နှစ်ဆောင်ပြိုင် တိုက်အိမ်တန်းအသစ်ကျပ်ချွတ်ကို ကြည့်လိုက်၊ လာကူညီတဲ့ လူတွေအများကြီးကို ကြည့်လိုက်လုပ်ပြီးမှ လင်းသျှန်ဖူနဲ့ ချန်ယုန်လျန်တို့ကို ပြောလိုက်တယ်။

"ခင်ဗျားတို့ ဒီမှာ အခြေတကျ ဖြစ်သွားပြီပေါ့"

လင်းသျှန်ဖူရဲ့ သမီးလေး စားပွဲတစ်လုံးအောက်မှာ မတ်တတ်ရပ်ကာ စားပွဲခြေထောက်ကို ဖအေ့ခြေထောက်ဖက်သလို ဖက်ထားပြီး တခိခိ ရယ်နေတာကိုကုယိမင်း တွေ့လိုက်ရတယ်။ ကုယိမင်းက ဒီကလေးမလေးနာမည် ဘယ်လိုခေါ်သလဲလို့ လင်းသျှန်ဖူကို မေးတယ်။ လင်းသျှန်ဖူက ကုယိမင်းကို ပြောပြတယ်။

"သူက အိမ်ပေါင်းရာချီဆီက ရာအိမ်နို့ စို့ခဲ့တဲ့အတွက် သူ့ကို 'ရာအိမ်' အနက်ဆောင်တဲ့ လင်းပိုကြာ်လို့ နာမည်ပေးထားပါတယ်"

ကုယိမင်းက ခေါင်းညိတ်ပြီး "ဒီနာမည် ကောင်းတယ်၊ ဒီနာမည် မင်္ဂလာရှိတယ်"လို့ ပြောတယ်။

ဘေးတစ်ဖက်မှာ ရပ်နေတဲ့ လီမေလျဲန် ကြားရတော့ နည်းနည်း စိတ်မကောင်းဖြစ်မိတယ်။ လူတွေ ရှင်းသွားတော့မှ သူက လင်းသျှန်ဖူကို သင့်တော်တဲ့ မိန်းမတစ်ယောက်လောက် ရှာယူသင့်ပြီလို့ တီးတိုး ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

“ရှင့်အတွက် မဟုတ်လည်း ကလေးအတွက် အမေတစ်ယောက်လောက်တော့ ရှာပေးသင့်ပါတယ်”လို့ သူက ပြောတယ်။

လင်းသျှန်ဖူက တစ်ချက်ပြုံးကာ သူကတော့ ဒီလို မမြင်ကြောင်း လက်ကာပြပြီးတော့ လီမေလျှံကို ပြောလိုက်တယ်။

“ကလေးရဲ့ အမေက ခင်ဗျားပဲလေ”

mgyoe.com

mgyoe.com SAMPLE BOOK

## (၂၃)

လင်းသျှန်ဖူက ထျန်တဆီ စာတစ်စောင် ရေးတယ်။ စာထဲမှာ မိမိအိမ်က ထွက်လာခဲ့တဲ့ နှစ်နှစ်အတွင်း အတွေ့အကြုံကို အကျဉ်းချုံး ပြောပြပြီး လောလောဆယ် သူ အိမ်ပြန်လာဖြစ်ဦးမှာ မဟုတ်သေးကြောင်း၊ သူ ဒီမှာ ရှောင်မေ ပြန်လာတဲ့အထိ စောင့်နေဦးမှာဖြစ်ကြောင်း၊ ဝန်းချိန် ဆိုတာ တကယ်တော့ သျှီးကြန့်သာ ဖြစ်တယ်လို့ သူ ထင်မြင်ကြောင်း ပြောပြတယ်။ သူက သူ့မိဘနဲ့ ဘိုးဘေးတွေရဲ့ သင်္ချိုင်းဂူကို မကြာမကြာ သွားပြီး ပေါင်းမြက်ရှင်းလင်း၊ မြေကြီးဖို့ပေးဖို့ ထျန်တကို မှာတယ်။

ညရောက်တော့ လင်းသျှန်ဖူဟာ ခုတင်ပေါ်မှာ လဲလျောင်းရင်း လတ်လတ်ဆတ်ဆတ် သစ်သားအနံ့နဲ့ သုတ်ဆေးအနံ့တို့ကို ရှူရှိုက်ရင်း နေ့ခင်းတုန်းက လီမေလျဲန် ပြောခဲ့တဲ့ စကားကို ပြန်စဉ်းစားလာမိတော့ ရှောင်မေဟာ မျက်စိရှေ့ ဘွားခနဲ ပေါ်လာတယ်။ သူက ရှောင်မေ့ ကိုယ်လုံးအကြောင်း အတိုအထွာတွေကို ပြန်ပြောင်း အောက်မေ့လာမိတယ်။သူ့ရဲ့ ပြန်ပြောင်းအောက်မေ့ခြင်းက လက်တစ်ချောင်းပေါက်လာတဲ့အလား ရှောင်မေ့တစ်ကိုယ်လုံးကို သေချာနှံ့စပ်အောင် ကိုင်စမ်းမိတယ်။ ဟိုပူလောင်ခဲ့တဲ့ ညတွေက သူတို့နှစ်ယောက် မီးလှုံခုတင်ထက်မှာ ကိုယ်ချင်း ပူးကပ်နေခဲ့တယ်။ သူ့ကိုယ်လုံးက ရှောင်မေ့ကို တအားဆောင့်တဲ့အခါ ရှောင်မေ့ကိုယ်လုံးကတော့ ညင်သာစွာ လက်ခံကြိုခဲ့တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

လင်းသျှန်ဖူလည်း ဟိုစိတ်မလာတော့တာ တော်တော်ကြာပြီလို့ အောက်မေ့မိတယ်။ ဒီလို ဘယ်တုန်းက စပြီး ဖြစ်လာခဲ့တာလဲ ဆိုတာ ကြိုးစားပြီး ပြန်စဉ်းစားကြည့်တယ်။ သျှီးကြန့်ရဲ့ နှင်းခဲမှုအတွင်းမှာလား၊ ဒါမှမဟုတ် ကိုယ်ရောစိတ်ပါ နွမ်းလျခဲ့တဲ့ ခရီးရှည်ကြီး အတွင်းမှာလား၊ လင်းသျှန်ဖူ မမှတ်မိတော့ဘူး။ ဒီရက်ပိုင်းတွေမှာသာ မနက် အိပ်ရာနိုးလာတဲ့အခါ သစ်သားတိုင်လို မာကျောတောင့်ခိုင် မနေတော့ဘဲ ရေညှိစိထားတဲ့ မျက်နှာသုတ်ပဝါလို ပျော့တွဲတွဲဖြစ်နေသယောင် ခံစားလာမိတာပဲ သိတော့တယ်။

လင်းသျှန်ဖူဟာ မြင်ဖူးသလိုရှိတဲ့ အရိပ်ကောက်ကြောင်းကို ပြန်သတိရလာတယ်။ လေဆင်နှာမောင်း တိုက်ပြီးနောက် မြို့တွင်းလမ်းမှာ ထွက်ပေါ်လာပြီး ရှည်လျား ကျဉ်းမြောင်းတဲ့ လမ်းကြားတစ်ခုထဲမှာ ပျောက်ကွယ်သွားပြီးတော့ နောက်တစ်ကြိမ် ထွက်ပေါ်လာခဲ့တာက မှောင်ရီရီ အိမ်ခန်းတစ်ခန်းထဲမှာ ဖြစ်တဲ့ အရိပ်ကောက်ကြောင်း တစ်ခု။ သူ ချီတုံချတုံ ဖြစ်ပြီးတဲ့နောက် ဆတ်ခနဲ ထပြီး နေအိမ်သစ်ကနေ ထွက်လာခဲ့တယ်။ လရောင်အောက်မှာ သျှီးကြန့်ရဲ့ လှေဆိပ်ကို ရောက်လာခဲ့ပြီး ဟို ရှည်လျားကျဉ်းမြောင်းတဲ့ လမ်းကြားကို တွေ့တော့ ချိုးကွေ့ဝင်လိုက်တယ်။ ဘယ်တံခါး ပေါက်က ဝင်ရမယ်မှန်း မမှတ်မိတော့လို့ သူ့ခြေလှမ်းတွေ သတိကြီးစွာ လှမ်းလာခဲ့တယ်။ စေ့ထားတဲ့ တံခါးတစ်ချပ်နားက ဖြတ်သွားတဲ့အခါ ငါးညှီနံ့ ရလိုက်တယ်။ အဲဒီ အနံ့ကို သူ မှတ်မိတာနဲ့ တံခါးကို သတိကြီးစွာ တွန်းပြီး ဝင်သွားလိုက်တယ်။

စားပွဲရှေ့မှာ ထိုင်နေတဲ့ မိန်းမငယ်တစ်ယောက် ပြုံးပြုံးကလေး ထလာပြီး ချွေ့ဖိန် ပါလို့ မိမိကိုယ်ကို မိတ်ဆက်တယ်။ ပြီးတာနဲ့ ရေနံဆီမီးအိမ် ကိုင်မြှောက်ကာ သူ့ကို အပေါ်ထပ် ခေါ်သွားပြီး အခန်းတစ်ခန်းထဲ သွင်းလိုက်တယ်။ အခန်းတံခါးပိတ် ချက်ထိုးပြီးတော့ မိန်းမငယ်က မီးအိမ်ကို ခုတင်ခေါင်းရင်းက ဗီရိုပေါ် တင်လိုက်ပြီး လင်းသျှန်ဖူကို ပြုံးပြုံးကလေး ကြည့်ကာ အကျႌစချွတ်တယ်။

မီးအိမ်အလင်းရောင် အားကိုးနဲ့ ဒီတစ်ကြိမ်မှာတော့ လင်းသျှန်ဖူက သူ့မျက်နှာကို သဲသဲကွဲကွဲ မြင်ရပြီ။ ရှေ့တစ်ကြိမ်တုန်းက သူ့ကို ရှောင်မေ မဟုတ်မှန်း သိလောက်အောင်ပဲ မြင်ခဲ့တာ။ သူ့မှာ ကော့ပျံတဲ့ နှုတ်ခမ်းနဲ့ ပြူးကျယ်တဲ့ မျက်လုံးအစုံတို့ ပိုင်ဆိုင်မှန်း သဲသဲကွဲကွဲ မမြင်ခဲ့ရဘူး။

သူက အရင်ဦးဆုံး အပွင့်ဆင်ချိဖောင်ကို ချွတ်ပြီး ခုတင်နားက ခွေးခြေပေါ်မှာ သေချာခေါက်ပြီး တင်ထားလိုက်တယ်။ ဆက်ပြီးတော့ အစင်းဆင် ဖျင်ကြမ်း အတွင်းခံ အကျႌနဲ့ အတွင်းခံဘောင်းဘီတို့ကို ချွတ်တယ်။ တစ်ထည် ချွတ်ပြီးတိုင်း သူက ခွေးခြေပေါ်မှာ သပ်သပ်ရပ်ရပ် ခေါက်ပြီး တင်ထားတတ်တယ်။ သူ အတွင်းခံ ဘောင်းဘီ ခေါက်ဖို့ ခါးကုန်းလိုက်စဉ်မှာ ပေါ်လွင်လာတဲ့ အရိုးအိမ်ကောက်ကြောင်းကို လင်းသျှန်ဖူ

mgyoe.com

mgyoe.com SAMPLE BOOK

တွေ့လိုက်ရတယ်။ ဒီတော့မှ မိမိရှေ့က ဒီမိန်းမငယ်ဟာ ပိန်သွယ်သွယ်ဖြစ်ကြောင်း လင်းသျှန်ဖူ သိလိုက်ရတယ်။ ကိုယ်ဗလာနဲ့ ခုတင်ပေါ် လှဲအိပ်လိုက်စဉ်မှာ သူ့ရဲ့ ပြားချပ်နေတဲ့ ဆီးချိုက် မသိမသာ ချိုင့်ဝင်သွားတာကို လင်းသျှန်ဖူ တွေ့လိုက်ရတယ်။

လင်းသျှန်ဖူက မလှုပ်မယှက် မတ်တတ် ရပ်နေခဲ့တယ်။ သူ့ရင်တွေ ဗုံတီး သလို တဒုန်းဒုန်း ခုန်နေပြီး အသက်ရှူလည်း မြန်လာပြီလို့ ခံစားမိတယ်။ ဒါပေမဲ့ ဟိုနေရာက ပျော့တွဲတွဲ ရေစိုမျက်နှာသုတ်ပဝါတစ်ထည် ဖြစ်နေဆဲပဲ။

အဲဒီအချိန်မှာ မိန်းမငယ်က ပြုံးပြုံးကလေး ထထိုင်လာပြီး လင်းသျှန်ဖူကို "ကူချွတ်ပေးရမလား"လို့ မေးလိုက်တယ်။

လင်းသျှန်ဖူက ခေါင်းခါပြီး ကိုယ့်ဘာသာချွတ်မယ်လို့ ပြောတယ်။ လင်းသျှန်ဖူ ဟာ မိမိအဝတ်အစားကို ကပျာကယာ ချွတ်မိခဲ့တာ ဖြစ်တယ်။ ပြီးတဲ့နောက်မှာ မီးအိမ် အလင်းရောင် အားကိုးနဲ့ ခုတင်ပေါ် တက်သွားတယ်။ ခုတင်ပေါ် တက်သွားချိန်မှာ မိန်းမငယ်ရဲ့ ဆီးခုံမွေးပါးပါးကို မြင်လိုက်ရတယ်။ အဲဒီအခိုက်မှာ သူ့စိတ်တွေ နည်းနည်း ထလာပြီလို့ ခံစားမိတယ်။ သူလည်း မိန်းမငယ်ကိုယ်ပေါ် ကတုန်ကယင် တက်လိုက် တယ်။ မိန်းမငယ်က မျက်စိမှိတ်ထားလိုက်တယ်။ မသိမသာ မို့တက်နေတဲ့ သားမြတ်ရဲ့ ထိပ်က နီညိုရောင် ရှိတယ်။ သူ့လက်က သားမြတ်ထိပ်ကို အသာအယာ ပွတ်သပ်လိုက် တယ်။ မိန်းမငယ်ရဲ့ အသက်ရှူသံ ပြင်းသည်ထက် ပြင်းလာတာကို သူ ကြားလိုက် ရတယ်။

သို့သော်ငြားလည်း မိန်းမငယ်ရဲ့ စွဲမက်ဖွယ်ကောင်းတဲ့ သားမြတ်ထိပ်က လင်းသျှန်ဖူရဲ့ ထကြွမှုကို ကြာရှည်ခံအောင် ထိန်းမထားပေးနိုင်ခဲ့ဘူး။ သူ့ရာဂမီးဟာ မီးဖိုချောင်က ထွက်လာတဲ့ မီးခိုးငွေ့ပမာ တဖြည်းဖြည်း လွင့်ပြယ်သွားတာကို သူ ခံစားမိခဲ့တယ်။ သူ့လက်က သားမြတ်ထိပ်ကနေ ခွာပြီး မိန်းမငယ်ရဲ့ အောက်ပိုင်းကို ကိုင်စမ်းမိတဲ့အထိ ပြောင်ချောတဲ့ ကိုယ်လုံးတစ်လျှောက် အောက်ဘက်ကို ဆင်းသွား တယ်။ အဲဒီအချိန်မှာ သူ့အောက်ပိုင်းကိုလည်း မိန်းမငယ်ရဲ့လက်က လာကိုင်စမ်းမိ နေပြီ။ တစ်အောင့်နေတော့ သူ့လက်က မိန်းမငယ်ရဲ့ အောက်ပိုင်းကနေ ခွာပြီးတော့ ပခုံးပေါ်တင်ကာ သူ မရတော့ဘူးလို့ အားတုံ့အားနာ ပြောလိုက်တယ်။

အဲဒီ ကော့ပျံတဲ့ နှုတ်ခမ်းပိုင်ရှင် မိန်းမငယ်က မျက်လုံးဖွင့်ပြီး သူ့နဖူးကို လက်နဲ့ ကိုင်စမ်းကာ ချွေးထွက်နေတာကိုးလို့ ပြောတယ်။ ပြီးတော့ သူ့ကို နှစ်သိမ့်တယ်။ မလောပါနဲ့၊ ဖြည်းဖြည်းပေါ့၊ တချို့ညေ့်သည်တွေဆို သူ့ထက်တောင် အထနှေးသေး တယ်တဲ့။

လင်းသျှန်ဖူရဲ့ လက်က မိန်းမငယ်ရဲ့ အောက်ပိုင်းက စွတ်စိုပြီးနောက် ဝါးတားတား ဖြစ်လာတဲ့ ဟိုနေရာကို တစ်ဖန် ပြန်သွားကိုင်စမ်းတယ်။ သူက ပျော့တဲ့ ဟာလည်း ဝင်နိုင်တယ် မဟုတ်လားလို့ တိုးတိုးလေး မေးလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မိန်းမငယ်က အသာအယာ တစ်ချက်ပြုံးပြီး မသိဘူးလေ၊ စမ်းကြည့်ပေါ့လို့ ပြောတယ်။

သူက ပေါင်နှစ်ဖက် ဟပေးလိုက်တယ်။ လင်းသျှန်ဖူလည်း နောက်ဆုံး မျှော်လင့်ချက်ကို ပွေ့ပိုက်ကာ တစ်ကြိမ်ပြီး တစ်ကြိမ် ကြိုးစားတယ်။ သူကလည်း လက်နဲ့ ကူသွင်းပေးပေမဲ့ ဘယ်လိုမှ မဝင်ဘဲ ရှိနေခဲ့တယ်။

လင်းသျှန်ဖူ ချွေးတလုံးလုံး ဖြစ်နေပြီ။ သူ့ယုံကြည်ချက်တွေဟာလည်း ချွေးနဲ့ အတူ စီးမျော ပျောက်ကွယ်သွားပြီ။ သူက မိန်းမငယ်ရဲ့ ကိုယ်ပေါ်ကနေ ခုတင်အောက် ဆင်းလာပြီး အဝတ်အစား ကပျာကယာ ပြန်ဝတ်လိုက်တယ်။ သူက မှောင်ရိပ်ထဲက ထိုင်ခုံတစ်လုံးမှာ သွားထိုင်နေလိုက်တယ်။ ရှက်စိတ်ကြောင့် မျက်နှာတစ်ခုလုံး နီရဲနေတဲ့ သူက မိန်းမငယ် အဝတ်အစားကို တစ်ခုချင်း သေချာပြန်ဝတ်နေတာကို ထိုင်ကြည့်နေခဲ့တယ်။ လင်းသျှန်ဖူက ထိုင်ခုံက ထလာပြီး ငွေဒင်္ဂါးတစ်ပြားကို နှိုက်ယူ ကာ မှောင်ရိပ်ထဲမှာ သူ့ကို ပေးလိုက်တယ်။ သူက လက်ခံယူပြီးနောက် အံ့သြသွားပြီး ရှင် မှားပေးမိပြီ၊ အဲဒါ ငွေဒင်္ဂါးကြီးနော်၊ ကြေးစေ့ မဟုတ်ဘူးလို့ ပြောတယ်။

လင်းသျှန်ဖူက မှားမပေးပါဘူးလို့ ပြောတော့မှ သူလည်း ငွေဒင်္ဂါးကို ကျေးဇူး တင်စွာ သိမ်းလိုက်တယ်။ သူက မီးအိမ်ဆွဲကာ လင်းသျှန်ဖူကို အခန်းအပြင် လိုက်ပို့ တယ်။ တကျွီကျွီမြည်တဲ့ လှေကားမှာ နံဟောင်တဲ့ ငါးညှီနံ့ တစ်ချက်တစ်ချက် တိုးဝင် လာတယ်။ လင်းသျှန်ဖူက သူ့ယောကျ်ားဟာ ငါး၊ ပုစွန်တွေ ရောင်းတဲ့လူလားလို့ မေးတော့ သူက ဟုတ်တယ်တဲ့၊ သူ့ယောကျ်ား စူးကျိုး သွားနေပါတယ်လို့ ပြောတယ်။ လင်းသျှန်ဖူက ငါးသည်အလုပ်က သူ့ကို ထမင်းဝအောင် မကျွေးနိုင်လို့ ဒီလို ဇိမ်ပုန်း အလုပ် လုပ်ရသေးတာလားလို့ မေးပြန်တယ်။ သူက သူ့ယောကျ်ားက ဘိန်းစားတယ်၊ ရှာလို့ရတဲ့ ငွေတွေနဲ့ မိမိကိုယ်ကို ထမင်းဝဖို့တောင် အနိုင်နိုင်ပါပဲလို့ ပြောတယ်။

လင်းသျှန်ဖူလည်း အဲဒီကော့ပျံတဲ့ နှုတ်ခမ်းပိုင်ရှင်ဆီကနေ ထွက်လာခဲ့ပြီး လူသူကင်းရှင်းတဲ့ လမ်းတစ်လျှောက် ရှေ့ဆက်လာခဲ့ချိန်မှာ တစ်ခါမှ မဖြစ်ဖူးတဲ့ ပင်ပန်းနွမ်းလျှမှုမျိုး ဖြစ်လာမိတယ်။ ခြေလှမ်းတွေက ကျောက်တုံးတမျှ လေးလံလာပြီး တောင့်နေတဲ့ ကိုယ်လုံးက လဲကျတော့မတတ် ဖြစ်လာခဲ့တယ်။ နေအိမ်သစ်ရဲ့ အခန်း ထဲကို ပြန်ရောက်တော့ အကျႌတောင် မချွတ်နိုင်ဘဲ အိပ်ပျော်သွားတော့တယ်။

လင်းသျှန်ဖူဟာ နောက်တစ်နေ့ မွန်းလွဲပိုင်းအထိ အိပ်ပျော်နေခဲ့တယ်။ လီမေလျှံက နေ့လယ်စာ ယူလာပေးတော့ စားပွဲပေါ်မှာ လင်းသျှန်ဖူရဲ့ မနက်စာ ဒီအတိုင်း ရှိနေသေးတာကို တွေ့ခဲ့ရတယ်။ သူက ချန်ယုန်လျှန်ကို အပေါ်ထပ် တက်ပြီး အခန်းထဲ တစ်ချက်ဝင်ကြည့်ပါဦးလို့ ပြောတော့ ချန်ယုန်လျှန်က ဝင်ကြည့်ဖို့ မလိုပါဘူး၊ အောက်ထပ်ကနေတောင် သူ့ဟောက်သံကို ကြားနေရတာပဲ၊ သူ ပင်ပန်းလွန်းလို့ နေမှာပါ၊ အိပ်ပါစေလို့ ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီ ရှည်လျားတဲ့ အိပ်စက်ခြင်းက လင်းသျှန်ဖူရဲ့ ရက်ရှည်လများ အောင်းလာခဲ့တဲ့ ပင်ပန်းနွမ်းလျမှုကို ဆေးကြောပစ်လိုက်တယ်။ သူ နိုးလာချိန်မှာ အောက်ထပ်က သမီးလေးရဲ့ ရယ်သံကို ကြားရတယ်။ သူလည်း အိပ်ရာထပြီး အောက်ထပ်ဆင်းလာတယ်။ လီမေလျဲန်က လင်းပိုကြံ့ာကို ကျစ်ဆံမြီး ကျစ်ပေးနေတယ်။ နှစ်နှစ်သမီး လင်းပိုကြံ့ာဟာ လီမေလျဲန် ပေါင်ပေါ်မှာ ထိုင်နေတယ်။ လက်တစ်ဖက်က မုန့်ပိုင်းကလေးတစ်ချပ် ကိုင်ထားပြီး မှန်ထဲကတစ်ဆင့် မိမိရဲ့ ကျစ်ဆံမြီးကို မြင်ရလို့ တခိခိနဲ့ ရယ်လို့မဆုံးနိုင် ဖြစ်နေတယ်။

ညစာစားပြီးနောက် လင်းသျှန်ဖူက သမီးလေးကိုခေါ်ပြီး သျှီးကြန့်ရဲ့ လမ်းကြီး၊ လမ်းငယ် ခုနစ်သွယ်တစ်လျှောက် ပတ္တမြားတောင်အထိ လျှောက်လာခဲ့ပြီး တစ်ဖန် အိမ်ကို ခြေကျင်ပြန်လာခဲ့တယ်။ နှစ်နှစ်သမီး လင်းပိုကြံ့ာဟာ ဖခင်ရဲ့တွဲလက်အောက်မှာ လမ်းတစ်လမ်းကိုပဲ ခြေကျင်လျှောက်ခဲ့ပြီး ကျန်ခြောက်လမ်းကိုတော့ ရှေးဦးစွာ ဖခင်ရဲ့ လက်မောင်းပေါ်မှာ ထိုင်လျက်၊ နောက်တော့ ဖခင်ရဲ့ကျောမှာ မှောက်လျက်၊ နောက်ဆုံးတော့ ဖခင်ရဲ့ပခုံးထက်မှာ ခွထိုင်လျက် လိုက်လာခဲ့တယ်။

လင်းသျှန်ဖူက လင်းပိုကြံ့ာကို တစ်လမ်းလုံး တတွတ်တွတ်ပြောလာခဲ့တယ်။ သူ နောက်မိန်းမ မယူပါဘူး၊ လင်းပိုကြံ့ာမှာလည်း မောင်တွေ ညီမတွေ ရှိလာမှာ မဟုတ်ပါဘူး၊ သူက လင်းပိုကြံ့ာအတွက်ပဲ ဖြစ်ရပါစေမယ်လို့ တတွတ်တွတ် ပြောလာခဲ့တယ်။ ငယ်ရွယ်တဲ့ လင်းပိုကြံ့ာဟာ ဖခင်က မိမိနဲ့ စကားပြောနေမှန်း နားလည်တာမို့ လင်းသျှန်ဖူ တစ်ခွန်းပြောတိုင်း သူက “အင်း”လို့ တစ်ခွန်းပြန်ထူးခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

(၂၄)

လင်းသျှန်ဖူနဲ့ ချန်ယုန်လျန်က သစ်သားလက်မှုပစ္စည်းဆိုင်ရဲ့ ဆိုင်းဘုတ်ကို အိမ်ဝင်းတံခါးဝမှာ ချိတ်ထားလိုက်တယ်။ သူတို့နှစ်ယောက် တစ်ညလုံးထိုင် ဆွေးနွေးပြီး သစ်သားထည်တစ်မျိုးချင်းစီရဲ့ အတိုင်းအထွာ ဈေးနှုန်းတွေကို သတ်မှတ်ပြီးတဲ့နောက် လင်းသျှန်ဖူက ရွှမ်းစက္ကူပေါ်မှာ "ရှောင်ခိုင်"ခေါ် စံပြုစာလုံးသေးနဲ့ ကူးရေးလိုက်တယ်။ တစ်ဖန် ရွှမ်းစက္ကူကို ပေါင်သွင်းပြီး သစ်သားလက်မှုပစ္စည်းဆိုင် ဝင်ပေါက်နံရံမှာ ချိတ်ဆွဲထားလိုက်တယ်။ ဈေးမှန်ပွင့်လင်း ဆိုတာ အဲဒါပဲလို့ လင်းသျှန်ဖူက ပြောတယ်။ ဝယ်သူတွေက ဆိုင်ထဲ ဝင်လာတာနဲ့ ဈေးနှုန်းကို အထင်းသား မြင်ရတယ်။ ချန်ယုန်လျန်လည်း လင်းသျှန်ဖူရဲ့ "ရှောင်ခိုင်"စာလုံးတွေကို ကြည့်ရင်း ချီးကျူး အားကျမိတယ်။ လင်းသျှန်ဖူရဲ့ လက်ရေးဟာ သူ့ဖခင်က အိမ်ကျောင်းဆရာရဲ့ လက်ရေးထက်တောင် ပိုလှနေပါလားလို့ ချီးကျူးတယ်။

သစ်သားလက်မှုပစ္စည်းဆိုင်က တစ်နေ့တခြား စီးပွားတက်လာလို့ နှစ်ယောက်သား မအားမလပ်နိုင်အောင် ရှိခဲ့ကြတယ်။ လင်းသျှန်ဖူလည်း အလုပ်သမားငှားသင့်ပြီလို့ ချန်ယုန်လျန်နဲ့ တိုင်ပင်တယ်။ ပြီးတဲ့နောက်မှာ လင်းသျှန်ဖူက အလုပ်ခေါ်စာ အစောင်နှစ်ဆယ်ကျော် ရေးပြီး နှစ်ယောက်သား အဲဒီ "ရှောင်ခိုင်"စာလုံးနဲ့ အလုပ်ခေါ်စာတွေကို သျှီးကြန့်ရဲ့ လမ်းထောင့်တွေမှာ လိုက်ကပ်ကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သစ်ကိုင်းတစ်ချောင်းကို တောင်ဝှေးပြုထားတဲ့ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့ လူတစ်ယောက် သျှီးကြန့်ရဲ့ လမ်းထောင့်တစ်ခုမှာ ရပ်ကာ အလုပ်ခေါ်စာထဲက လက်ရေးကို အချိန်အကြာကြီး ဝေခွဲပိုင်းခြားနေပြီးမှ ဘေးက ဖြတ်သွားတဲ့ သျှီးကြန့်သားတစ်ယောက်ကို သူ စာမတတ်လို့ပါ၊ ဒါပေမဲ့ အဲဒီမှာ ရေးထားတဲ့ လက်ရေးကိုတော့ သိပါတယ်၊ အဲဒီစာလုံးတွေကို ရေးတဲ့ လက်ရေးပိုင်ရှင်က လင်းသျှန်ဖူးဟုတ်ပါသလားလို့ မြောက်ပိုင်း လေသံဝဲဝဲကြီးနဲ့ မေးလိုက်တယ်။

သေချာရေရာတဲ့ အဖြေကို ရရှိပြီးနောက် အဲဒီ အဝတ်ထုပ် ကျောမှာပိုး၊ မြက်ဖိနပ်တစ်ရန် ရင်ဘတ်မှာ ချိတ်ဆွဲထားတဲ့ လူဟာ နှစ်ဆောင်ပြိုင် အိမ်တန်းရှေ့ကိုရောက်လာပြီး အိမ်ဝင်းတံခါးဝမှာ မတ်တတ်ကြီးနဲ့ ချီတုံချတုံ ဖြစ်နေတယ်။ အဲဒီအချိန်မှာ လင်းသျှန်ဖူးနဲ့ ချန်ယုန်လျှန်တို့ မိသားစုနှစ်စု ညစာစားနေကြတယ်။ မီးဖိုချောင်က ထွက်လာတဲ့ လီမေလျှဲန်ဟာ အဲဒီ သစ်ကိုင်းတောင်ဝှေး တစ်ချောင်းထောက်ကာ ပန်းကန်လုံးစုတ် တစ်လုံး ကိုင်ထားတဲ့ လူကို မြင်တော့ သူတောင်းစားအမှတ်နဲ့ ထမင်းတစ်ပန်းကန်လုံး သွားခူးလာပြီး သူ့ပန်းကန်လုံးစုတ်ထဲ သွန်ထည့်ပေးလိုက်တယ်။ သူက ကျေးဇူးတင်စွာနဲ့ မိမိပန်းကန်လုံးထဲက ထမင်းကို ကြည့်ရင်း နေရာမှာပဲ ဆက်ရပ်နေပြီး ထွက်သွားမဲ့ အရိပ်အယောင် မရှိဘူး။ လီမေလျှဲန်လည်း ဟင်းနည်းနည်းပါးပါး ထပ်သွားယူလာပေးတယ်။ ဟင်းတွေကို သူ့ပန်းကန်လုံးထဲ ထည့်ပေးပြီးတဲ့နောက်မှာလည်း သူက နေရာမှာပဲ မတ်တတ်ရပ်နေတယ်။ လီမေလျှဲန်လည်း သူ့မျက်လုံးတွေ အိမ်ထဲကိုပဲ လှမ်းလှမ်းကြည့်နေတာ သတိထားမိတာနဲ့ နောက်ထပ် ဘာလိုချင်သေးသလဲလို့ မေးလိုက်တယ်။

အဲဒီအခါကျမှ သူက စကား စပြောတယ်။ "အထဲမှာ စကားပြောနေတဲ့ လူဟာ ကျုပ်သခင်လေးနဲ့ တူတယ်"လို့ သူက ပြောတယ်။

လီမေလျှဲန်လည်း ပြုံးပြီး "ရှင့်သခင်လေးက ဘယ်သူတုံး"လို့ မေးလိုက်တယ်။

သူက "စကားပြောနေတဲ့ တစ်ယောက်ဟာပဲ"လို့ ပြောလိုက်တယ်။

လီမေလျှဲန်လည်း အိမ်ထဲမှာ လင်းသျှန်ဖူး စကားပြောနေတာကို ကြားရတော့ အထဲဝင်ပြီး လင်းသျှန်ဖူးကို "အပြင်က လူတစ်ယောက် ရှင့်ကို သိတယ် ထင်တယ်"လို့ ပြောလိုက်တယ်။

လင်းသျှန်ဖူးလည်း အပြင်ကို ထထွက်လာပြီး အဲဒီအဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့ လူကို ထူးဆန်းစွာ ကြည့်နေခဲ့တယ်။ အဲဒီလူက လင်းသျှန်ဖူးကို မြင်တာနဲ့ လက်ထဲက သစ်ကိုင်းတောင်ဝှေးကို ထောက်ကာ တဟီးဟီး ငိုပါတော့တယ်။ သူက ငိုယိုပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"သခင်လေး၊ သခင်လေး ထွက်သွားပြီးတော့ သတင်းမကြားရတာ နှစ်နှစ်၊ နှစ်လနဲ့ လေးရက်တောင် ရှိသွားပြီနော်၊ ကျုပ်တို့ အားလုံး သခင်လေး မရှိတော့ဘူးလို့ ထင်နေကြတာ"

လင်းသျှန်ဖူလည်း အဲဒီလူကို ထျန်တမှန်း မှတ်မိလာတာနဲ့ တစ်ချက် အော်ခေါ်ကာ ထျန်တကို လာတွဲထူပြီးတော့ သေချာကြည့်လိုက်တယ်။ နှစ်နှစ်ကျော် မတွေ့ရပြီးတဲ့နောက် အသက်လေးဆယ်ကျော် ထျန်တဟာ ဆံပင်တွေ ဖြူနေပြီး မျက်နှာပေါ်မှာလည်း ပါးရေတွေ တွန့်နေပြီ။

လင်းသျှန်ဖူက "ခင်ဗျား ဘယ့်နှယ် ရောက်လာတာလဲ"လို့ မေးတယ်။

ထျန်တက ဆို့နင့်စွာ ပြောတယ်။ "ဇွေဦးတုန်းက သခင်လေးဆီက စာရတာနဲ့ ကျုပ်လည်း ချက်ချင်း လိုက်လာခဲ့တာပဲ"

ပြောရင်း ထျန်တက ရင်ဘတ်ထဲကနေ ပိတ်နီတစ်စ နှိုက်ထုတ်ပြီး လက်နှစ်ဖက်နဲ့ ကတုန်ကယင် ဖွင့်ပြီးတော့ လင်းသျှန်ဖူကို ပေးလိုက်တယ်။ သူက "သခင်လေး၊ ဒီမှာ အိမ်ပိုင်ဆိုင်မှုလက်မှတ်၊ ကျုပ် တစ်ပါတည်း ယူလာခဲ့တယ်"လို့ ပြောတယ်။

လင်းသျှန်ဖူလည်း ပိတ်နီကို လက်ခံယူပြီး အထဲက အိမ်ပိုင်ဆိုင်မှုလက်မှတ်ကို ကြည့်နေခဲ့တယ်။ အိမ်ပိုင်ဆိုင်မှု လက်မှတ်ပေါ်မှာ သူ့အဘိုးနာမည် ရေးထားတာ မြင်ရတော့ ခံစားချက်ပေါင်းစုံ ရောပြွမ်းသွားတော့တယ်။ ထျန်တက ရင်ဘတ်ထဲကနေ အိတ်ရှုံ့ကလေးတစ်ထုပ် ထပ်နှိုက်ထုတ်ပြီး လင်းသျှန်ဖူကို ပေးလိုက်ပြန်တယ်။ လင်းသျှန်ဖူ ဖွင့်ကြည့်တော့ အထဲမှာ ရွှေချောင်းအသေးနှစ်ချောင်း ဖြစ်နေတယ်။ သူက နားမလည်တဲ့ အကြည့်နဲ့ ထျန်တကို ကြည့်နေတယ်။ ထျန်တက ပြောတယ်။

"အဲဒါ လယ်ယာမြေက ရတဲ့ နှစ်နှစ်စာ ဝင်ငွေပဲ၊ ကျုပ် မြို့က ဘဏ်တိုက်မှာ ငါးသင်ဝါလေးနဲ့ သွားလဲပြီး သခင်လေးအတွက် ယူလာပေးတာ"

လင်းသျှန်ဖူလည်း မိမိရှေ့က အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နဲ့ ထျန်တကို ကြည့်ရင်း ရင်ထဲ လှိုက်ဆူသွားတယ်။ တစ်အောင့်လောက် ငူငူကြီး ရပ်နေပြီးမှ အိမ်ပိုင်ဆိုင်မှုလက်မှတ်နဲ့ အိတ်ရှုံ့ကလေးကို သိမ်းပြီး ထျန်တကို အိမ်ထဲ တွဲခေါ်လာခဲ့တယ်။ အိမ်တံခါးဝရောက်တော့ ထျန်တက တံခါးခုံပေါ် ထိုင်ပြီး ခြေထောက်မှာ စီးလာတဲ့ မြက်ဖိနပ်စုတ်ကို ချွတ်ကာ ရင်ဘတ်မှာ ချိတ်လာတဲ့ မြက်ဖိနပ်သစ်ကို စီးလိုက်တယ်။ မျက်ရည်သုတ်ပြီးတော့ လင်းသျှန်ဖူကို ပြုံးပြကာ သူထွက်လာတုန်းက မြက်ဖိနပ်ငါးရန် ယူလာခဲ့ကြောင်း၊ လေးရန်က စီးလို့ပျက်သွားပြီဖြစ်ကြောင်း၊ အဲဒါ နောက်ဆုံး တစ်ရံ ဖြစ်ကြောင်း ပြောပြတယ်။ အဲဒီ နောက်ဆုံး တစ်ရန်ကို တော်တော်နဲ့ ထုတ်မစီးရဲဘူး၊ အခု သခင်လေးကို တွေ့ပြီဆိုတော့ ထုတ်စီးလို့ရပြီလို့ သူက ပြောတယ်။

mgyoe.com

mgyoe.com ထျန်တာက မြက်ဖိနပ်သစ်ကို စီးကာ တံခါးခုံကို ခွကျော်ပြီး အိမ်ထဲ ဝင်လာခဲ့တယ်။ အိမ်ထဲ ရောက်တာနဲ့ ထမင်းစားနေတဲ့ လင်းပိုကြာကို မြင်မြင်ချင်း မှတ်မိလို့ မျက်ရည်ဝဲလာပြန်တယ်။ သူက လင်းသျှန်ဖူကို မေးတယ်။

"အဲဒါ မမလေး မဟုတ်လား"

ထျန်တက လင်းပိုကြာကို ငိုယို ပြေးချီမလို့ လုပ်တယ်။ သူ့ရဲ့ ဆံပင်စုတ်ဖွား၊ မျက်နှာပေတူးနေတဲ့ ပုံစံကြောင့် လင်းပိုကြာ လန့်ဖျပ်ကာ နောက်ဆုတ်သွားတယ်။ ထျန်တလည်း ရပ်တန့်လိုက်ပြီး လင်းသျှန်ဖူကို ပြောတယ်။

"မမလေးတောင် ဒီအရွယ် ရှိပြီနော်၊ မမလေးက သခင်လေးကတော်နဲ့ တူတယ်"

နောက်တစ်နေ့မှာ လင်းသျှန်ဖူက ဆတ္တာသည်ခေါ်ပြီး ထျန်တကို ဆံပင်ညှပ်၊ မုတ်ဆိတ်ရိတ်ပေးလိုက်တယ်။ အပ်ချုပ်သမားတစ်ယောက် ခေါ်ပြီး သူ့အတွက် အင်္ကျီပါးတစ်ထည်နဲ့ ဂွမ်းကပ်အင်္ကျီတစ်ထည် ချုပ်ပေးလိုက်တယ်။ လင်းသျှန်ဖူက အိမ်ပြန်ချင်ဇောကြီးနေတဲ့ ထျန်တကို ပြောတယ်။

"ရောက်လာမှတော့ ရက်နည်းနည်းကြာကြာ နေလိုက်ပါ"

ထျန်တဟာ သုံးရက်နေပြီးတဲ့နောက် အပြင်ကနေ ကောက်ရိုးတစ်စည်း သယ်ပွေ့လာပြီး တံခါးခုံမှာ ထိုင်ကာ မြက်ဖိနပ် ရက်လုပ်တယ်။ ဒါကို မြင်တော့ လင်းသျှန်ဖူလည်း သူ ပြန်တော့မယ် ဆိုတာ သိလိုက်ပြီမို့ လီမေလျှဲန်ကို သူ့အတွက် လမ်းမှာစားဖို့ စားစရာတွေ များများပြင်ဆင်ပေးဖို့ မှာလိုက်တယ်။ ကိုယ်တိုင်လည်း ဈေးထဲမှာ ထျန်တအတွက် တုတ်ကောက်တစ်လက် သွားဝယ်လာပေးလိုက်တယ်။

ထျန်တ ငါးရန်ခြောက် မြက်ဖိနပ်ကို ရက်လုပ်ပြီးတာနဲ့ လင်းသျှန်ဖူကို သူ့ကို မှာစရာရှိတယ် ဆိုပြီး မိမိအခန်းထဲ လာဖို့ ခေါ်လိုက်တယ်။ လင်းသျှန်ဖူက ထျန်တကို ငွေလက်မှတ် ခြောက်စောင် ပေးလိုက်တယ်။ အိမ်ပြန်ရောက်တဲ့အခါ ပေါင်နှံထားတဲ့ လယ်ယာမြေတွေအရင်ဦးဆုံးပြန်ရွေးဖို့လို့ဆိုတယ်။အိမ်ပိုင်ဆိုင်မှုလက်မှတ်ကိုလည်း ထျန်တကို ပေးလိုက်တယ်။ လင်းသျှန်ဖူက သူ့ကို ပြောတယ်။

"ခင်ဗျား ကျုပ်ကိုယ်စား လယ်ယာမြေတွေနဲ့ အိမ်ကြီးကို ကောင်းကောင်း စောင့်ရှောက်ပေးပါ၊ ကျုပ်တို့မိသားစုရဲ့ မိဘ ဘိုးဘေးသင်္ချိုင်းဂူကို ကောင်းကောင်း စောင့်ရှောက်ပေးပါ၊ အိမ်ကြီးပေါ်မှာ ခင်ဗျားတို့ ခဏတက်နေနှင့်ပါ၊ လယ်ယာမြေက ရတဲ့ ဝင်ငွေကိုလည်း ခင်ဗျားတို့ ညီအစ်ကိုငါးယောက်ပဲ အရင်ယူထားလိုက်ပါ၊ တစ်နေ့သောအခါ ကျုပ်ပြန်လာတော့မှ အိမ်ကြီးနဲ့လယ်ယာမြေတွေကို ကျုပ်ကို ပြန်ပေးပေါ့"

ထျန်တက လက်နှစ်ဖက် တွန့်ဆုတ်ကာ လက်ခံမယူရဲဘူး ဖြစ်နေတယ်။ လင်းသျှန်ဖူက "ယူထားလိုက်"လို့ အသံမာမာ ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီတော့မှ ထျန်တလည်း ငွေလက်မှတ်နဲ့ အိမ်ပိုင်ဆိုင်မှု လက်မှတ်ကို လက်ခံယူလိုက်ပြီး မျက်ရည်သုတ်ကာ "သခင်လေး ဘယ်တော့ ပြန်လာမှာလဲ"လို့ မေးတယ်။

လင်းသျှန်ဖူက ခေါင်းခါတယ်။ "ခုတော့ မသိသေးဘူး၊ တစ်နေ့နေ့တော့ ကျုပ်ပြန်မှာပါ"

နောက်တစ်နေ့ မနက်ခင်းမှာ ထျန်တဟာ မြက်ဖိနပ်ငါးရန် ရင်ဘတ်မှာ ချိတ်ဆွဲကာ ခရီးစတင်ထွက်ခွာတယ်။ သူက အင်္ကျီအသစ် ဝတ်ထားတယ်။ အပြာရောင်ပွင့်ရိုက်ထည် အဝတ်ထုပ် အသစ်နှစ်လုံးကို ကျောမှာ လွယ်ထားတယ်။ တစ်လုံးမှာ အဝတ်အစားတွေ ထည့်ထားပြီး နောက်တစ်လုံးမှာ လီမေလျှံ သူ့အတွက် ပြင်ဆင်ပေးလိုက်တဲ့ စားစရာတွေ ထည့်ထားတယ်။ အိမ်က ထွက်ခါနီးမှာ သူက ချန်ယုန်လျှန်နဲ့ လီမေလျှံကို ဦးညွှတ်ပြီး သူ့သခင်လေးကို ကောင်းကောင်း စောင့်ရှောက်ပေးပါလို့ တောင်းပန်တယ်။ ဒီလောကကြီးမှာ သူ့သခင်လေးက စိတ်ကောင်းအရှိဆုံးပါလို့လည်း ပြောတယ်။ ပြီးတဲ့နောက်မှာ သူက လီမေလျှံရဲ့ အင်္ကျီစကို ဆွဲနေတဲ့ လင်းပိုကြိုကို တွေ့တာနဲ့ ကုန်းကုန်းကွကွ အနားကပ်သွားပြီး လင်းပိုကြိုရဲ့ မျက်နှာကလေးကို အသာအယာ ထိစမ်းလိုက်တယ်။ မမလေးတောင် ဒီအရွယ် ရှိပြီနော်၊ မမလေးက သခင်လေးကတော်နဲ့ တူတယ်လို့လည်း ပြောပြန်တယ်။

လင်းသျှန်ဖူက ထျန်တကို သျှီးကြန့်လှေဆိပ်အထိ လိုက်ပို့တယ်။ သျှီးကြန့်မြို့ထဲ လမ်းမှာ လျှောက်လာခဲ့စဉ် ထျန်တက ဟိုတုတ်ကောက် အသစ်စက်စက်ကို ရင်ဘတ်မှာ တစ်လမ်းလုံး ပွေ့လာခဲ့တယ်။ တုတ်ကောက် ဘာလို့ မသုံးတာလဲလို့ လင်းသျှန်ဖူက မေးတော့ ထျန်တက တဟဲဟဲရယ်ကာ ဒီလောက်ကောင်းတဲ့ တုတ်ကောက်ကြီးကို မသုံးရက်လို့ပါလို့ ပြောတယ်။ ထျန်တ နှီးပေါင်းမိုး လှေကလေးပေါ် မတက်ခင်မှာ လင်းသျှန်ဖူက လမ်းမှာသုံးဖို့ ဆိုပြီး သူ့အဝတ်ထုပ်ထဲ ငွေဒင်္ဂါးငါးပြား ထိုးထည့်ပေးလိုက်တယ်။ ဒီတစ်ကြိမ်မှာတော့ ထျန်တက ဘာမှ မပြောတော့ဘူး။ နှီးပေါင်းမိုး လှေကလေးထဲ ကုန်းကွကွ ဝင်ထိုင်လိုက်ပြီး လှေကလေးလည်း ထွက်ရော သူလည်း ငိုလာပြီး ကမ်းပေါ်က လင်းသျှန်ဖူကို လှမ်းပြောတယ်။

"သခင်လေး၊ စောစောပြန်ခဲ့နော်"

ᪿ

mgyoe.com